www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၀၉၅-၀၃

ကြည်စန္ဒ
သွေးစားဘီလူး/ကြည်စန္ဒ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၃၁-စာ၊ ၁၂.၅ x ၁၈.၃ စင်တီ၊
(၁) ကြည်စန္ဒ

ဖြန့်ချီရေး အောင်မြင်စာပေ၊ ၂၀၁၅ခုနှစ်(ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်၊



# ဒဿနလက်ဆောင်

❖ ခေါင်းလောင်းဆိုလျှင် အသံမြည်ရပါတယ်။
ပျားရည်ဆိုလျှင် ချိုသောအရသာရှိရပါတယ်။
ချစ်ခြင်းမေတ္တာဆိုတာ
အခြားသူကို ဝေမျှမပေးခဲ့ရင်
ချစ်ခြင်းမေတ္တာ မခေါ်ဆိုထိုက်ပါဘူး။

❖ လူတစ်ယောက်အတွက်
မျက်နှာတစ်ခုသာပါကြတယ်။
မျက်နှာနှစ်ခုဖြစ်နေရင်တော့
ဟန်ဆောင်လိမ်ညာခြင်းပညာကို
သင်ယူစရာလိုတော့မည် မဟုတ်ပေ။

❖ လူတစ်ယောက်အတွက်
လက်မတစ်ချောင်းဆိုတာ သာမန်ပါပဲ။
ဒါပေမယ့် အဲဒီလက်မတစ်ချောင်းမရှိရင်
သူ့ထံမှ အသုံးပြုလို့ရတဲ့ အလုပ်(၂၅၇)မျိုးကို
ပြုလုပ်၍ မရနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ဥဃုနလက်ဆောင်

❖ ဘဝရဲ့ နောက်ဆုံးနေ့ရက်က သိပ်မဝေးလှပါဘူး။
ဘဝတစ်လျှောက်လုံး...
သင့်ဘေးမှာပဲ ရှိနေပါလိမ့်မယ်။
သတိပြုကြည့်ရင် မြင်တွေ့နိုင်ပါတယ်။

❖ ချစ်ခြင်းမေတ္တာအကြောင်းကို
များများပြောဆိုနေလျှင်တော့
ထိုအကြောင်းကို များများမသိသေးသူ
ဖြစ်ပါလိမ့်မယ်။
ချစ်ခြင်းမေတ္တာအကြောင်းကို သိလာလေ
စဉ်းစားတွေးတောနေရလေ ဖြစ်ပါတတ်ပါတယ်။

❖ အနုပညာသည် လည်းကောင်း၊
အချစ်သည် လည်းကောင်း၊
ဦးနှောက်မှ ပျိုးထောင်ပေးပြီး
နှလုံးသားမှ ပေါက်ဖွားကြရပါတယ်။
မဟုတ်ရင်တော့
မျိုးစေ့မှန် အပင်မသန်နိုင်ပါဘူး။

# ဥဃုနလက်ဆောင်

❖ ပျောက်ဆုံးသွားတဲ့ ပျော်ရွှင်မှုတွေကို
ပြန်လည်တမ်းတမနေပါနဲ့။
ဝေဒနာဖြစ်ရုံကလွဲပြီး အခြားဘာမှမရနိုင်ပါဘူး။
ဝေဒနာများလေလေ..
ပျော်ရွှင်မှုအသစ်ကို တွေ့ရခဲလေ
ဖြစ်တတ်ပါတယ်။

❖ အချစ်သည်
ရှင်သန်တိုးတက်ခြင်းကိုသာ အလိုရှိ၏
ရပ်တန့်သွားခြင်း၊ လျော့ပါးသွားခြင်းကို အလိုမရှိပေ။
သို့ကြောင့်...ချစ်သူနှင့်လက်တွဲပြီး
ရှင်သန်နိုင်အောင်သာ ကြိုးစားပါ။

❖ မိမိတာဝန်ယူထားသော အလုပ်ကို
တာဝန်ကျေရုံမျှသာ
ဝတ်ကျေတမ်းကျေလုပ်နေလျှင်တော့။
သင်ကြားထားသမျှ လုပ်ပြတတ်သည့်
ဖျဲတစ်ကောင်နှင့် ဘာမှခြားနားမည်မဟုတ်တော့ပေ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အောင်မြင်ခြင်းများနှင့် မိမိကိုယ်ကို
ဖျက်ဆီးသောအရာများတွင် အဆိုးဆုံးမှာ
ကတိဖျက်ခြင်းနှင့်
သစ္စာဖျက်ခြင်းတို့ပင် ဖြစ်ပေ၏။

❖ လူလူချင်း တူကြသော်လည်း…
သဘောခြင်း တူသော်လည်း…အပြောချင်းမတူ၊
အပြောခြင်း တူသော်လည်း…မနေချင်းမတူ၊
မနေခြင်းတူသော်လည်း…အယူအဆမတူနိုင်သဖြင့်
တစ်ထပ်တည်းကျဖို့ရန် မရှိပေ။

❖ မီးသွေးတွင်းကို ဆင်းကြည့်လိုက
ဆင်းကြည့်နိုင်ပါတယ်။
သို့သော် မိမိကိုယ်သာမက၊
အဝတ်အစားတို့ပါ စွန်းပေခြင်းခံရပေလိမ့်မည်။
မိုက်မဲသူတစ်ဦးကြောင့်..
ခံရတော့ အားလုံးဖြစ်ကြရသည်။


## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ဦးစာရာနှင့် ဗေဒင်ဆရာတို့အကြောင်း
အခန်း(၂) လောကပါလ ဂမ္ဘီရစံအိမ်
အခန်း(၃) ဘဝဟောင်းမှ ချစ်သူ၏ဝိညာဉ်
အခန်း(၄) မမြင်ရသော အန္တရာယ်များ
အခန်း(၅) ရှင်ငါးရှင် ဆင်ငါးဆင် အစ်ဌာန်
အခန်း(၆) နန်းမြဝတီနှင့် တွေ့ကြရခြင်း
အခန်း(၇) အန္တရာယ်ကျော့ကွင်း၊
အခန်း(၈) ဝိညာဉ်လောကမှ ကလဲ့စားချေရန်လာသူ
အခန်း(၉) မြေအောက်ခန်းမှ သင်္ချိုင်းဟောင်း
အခန်း(၁၀) ဝိညာဉ်ခန်းထဲမှ သေရွာပြန်ဝိညာဉ်
အခန်း(၁၁) ဘူတာဝါဟန (သို့မဟုတ်) ဖုတ်သွင်းသောပညာ
အခန်း(၁၂) နန်းမြကြည် ဝိညာဉ်နှင့်ပြန်တွေ့ရခြင်း၊
အခန်း(၁၃) နန်းမြဝတီနှင့် လျှို့ဝှက်ချက်များ
အခန်း(၁၄) ဦးစိုင်းဒီပနှင့် နာနာရုပ်ဆေးတော်
အခန်း(၁၅) သွေးစားဘီလူး အန္တရာယ်
အခန်း(၁၆) ဘဝဆက်ရှိသော ဆုတောင်းပက်ချစ်သူ


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁ ]

# ဦးတာရာနှင့် ဗေဒင်ဆရာတို့အကြောင်း

တစ်နေ့သ၌ ကျွန်ုပ်သည် အားလပ်သောနေ့တစ်နေ့တွင် ငါးထပ်ကြီးဘုရားတည်ရှိရာ ကုန်းတော်ပေါ်သို့ တက်လာလေ၏။ ငါးထပ်ကြီးဘုရား ကုန်းတော်တည်ရှိသောနေရာမှာ ကျွန်ုပ်နေနေသောနေရာနှင့် မဝေးလှဘဲတစ်ဆက်တည်းပင်ရှိလေသည်။ ကျွန်ုပ်ကရွှေခုံတိုင်ဘုရား အရှေ့ဘက်၌ရှိသော ကုန်းပေါ်တွင်ရှိသဖြင့် ငါးထပ်ကြီးဘုရားဘက်သို့သွားပါက မဝေးလှ



www.burmeseclassic.com

www.burmeseclassic.com



ပေ။

အချိန်ကာလမှာ (၁၉၃၅)ခုနှစ် ဝန်းကျင်ကာလဖြစ်သောကြောင့် ဘုရားကုန်းတော်တစ်ဝိုက်တွင် လူနေအိမ်ခြေမများလှသေးပေ။ ပန်းစိုက်သူများ၊ ရာသီထွက်သီးနှံစိုက်ပျိုးသူတို့သာ နေထိုင်ကြလေသည်။

အင်္ဂလိပ်များသိမ်းပိုက်ထားသော အချိန်ကာလမှာ နှစ်တစ်ရာကျော်ခန့် ကြာခဲ့သော်လည်း ပြည်သူပြည်သားများမှာ အေးအေးချမ်းချမ်းနေ၊ အေးအေးချမ်းချမ်းပင် လုပ်ကိုင်စားသောက်ခဲ့ကြရပေသည်။

လယ်ရှိသူက လယ်လုပ်ပြီး၊ ယာရှိသူက မိမိတို့ပိုင်ဆိုင်သောယာကို အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်ခွင့်ရကြလေသည်။

ယခုအချိန်ကာလကဲ့သို့ အာဏာရှိသူက သိမ်းပြီး သူတို့ပိုင်မြေလုပ်လိုက်၊ ချမ်းသာသူက မတရားသိမ်းပိုက်ပြီး လူချမ်းသာပိုင်မြေဟုပြောလိုက် လုပ်ကြခြင်းမျိုးလည်းမရှိပေ။

လယ်လုပ်သူကလည်း မိမိပိုင်သောလယ်ကို အေးအေးလုပ်ကြ၊ ယာပိုင်သူကလည်း ယာကိုအေးအေးလုပ်ကြ၊ ထန်းတောပိုင်သူက ထန်းတက်ပြီး အေးအေးနေကြရသည်။

ယခုတော့ ရှိသမျှသစ်တောတွေလည်း ပြောင်တလင်းခါခဲ့ကြပြီ။ တောင်တွေလည်း တစ်တောင်ပြီးတစ်တောင် ဖြိုချခံနေရပြီ။ မြစ်ကြီးတွေလည်း အပိတ်အဆို့ခံနေကြရပြီ။

လယ်သမားတွေ လုပ်ကိုင်စားသောက်နေကြသော





လယ်တွေလည်း အသိမ်းခံခဲ့ရပေပြီ။

ထို့ထက် နှစ်ပေါင်းများစွာကြာမှ အသုံးဝင်သော ထန်းတောများလည်း ဖြိုလှဲခံနေရပြီ။

အင်္ဂလိပ်များလက်အောက်မှာ နေခဲ့ရတာထက် အဆပေါင်းများစွာ ဆိုးဝါးသောဒုက္ခများကို ပြည်သူပြည်သားများ ကြုံတွေ့နေကြရပြီ ဖြစ်ပေသည်။

ဤသို့သောအဖြစ်ဆိုးများကိုသာ တိုင်းပြည်လွတ်လပ်ရေးရအောင် အသက်ပေးပြီးဆောင်ရွက်ပေးခဲ့ကြသော အာဇာနည်ခေါင်းဆောင်များ၊ ကိုယ်ကျိုးစွန့်ခဲ့ကြသည့် သူရဲကောင်းများ တွေ့မြင်ခွင့်ရမည်ဆိုပါက မည်သို့ပြောကြလေမည်မသိပေ။ စိတ်မကောင်းကြီးစွာ ဖြစ်နေကြလေမလား။ ဒါမှမဟုတ် ပြည်သူပြည်သားတွေ ဒီလိုဒုက္ခမျိုးတွေနဲ့သာ တွေ့မည်မှန်ကြိုသိပါက လွတ်လပ်ရေးအတွက် ဘယ်ပုံဘယ်နည်း စဉ်းစားကြလေမည်လဲ မပြောတတ်တော့ပေ။

အင်္ဂလိပ်လက်ထက်တုန်းကတော့ ရန်ကုန်မြို့မှာရော အခြားနေရာဒေသများမှာရော ယခုလိုနှိပ်စက်မှုမျိုး မရှိခဲ့ကြသဖြင့် ကိုယ်နေသောနေရာမှာ အေးအေးနေပြီး ကိုယ့်အလုပ်ကိုယ် အေးအေးပင် လုပ်ကိုင်စားသောက်နိုင်ခွင့် ရကြပေသည်။

ကျွန်ုပ်အနေနှင့် တိုင်းတစ်ပါးသားကို အထင်ကြီးသဖြင့် ထိုသို့ရေးသားပြောဆိုနေခြင်းတော့ မဟုတ်ပါချေ။

သို့သော် လက်ရှိမျက်မှောက်ကာလ အခြေအနေသည် ယခင်အင်္ဂလိပ်များ သိမ်းပိုက်အုပ်ချုပ်စဉ်ကထက် အဆပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာ၊ ကွာခြားနေသောကြောင့် နှိုင်းယှဉ်ပြီးစဉ်းစားမိခြင်းသာ ဖြစ်ပေသည်။

(၁၉၃၅)ခုနှစ် ဝန်းကျင်လောက် ငါးထပ်ကြီးဘုရားရှိသော ကုန်းတော်တစ်ပိုက်တွင် ဘုရား၊ တန်ဆောင်း၊ ကျောင်းနှင့် ပန်းစိုက်သူ၊ ခြံစိုက်သူတို့နေထိုင်ကြသည်။ တပ်ပိုင်မြေနှင့် အစိုးရပိုင် အဆောက်အဦးများ မရှိသေးသောကြောင့် နေရာအတော်များများမှာ လွတ်လပ်စွာပင် လုပ်ကိုင်စားသောက်ခွင့်ရကြလေသည်။

ငါးထပ်ကြီးဘုရားတည်ရှိသော ကုန်းမြေအား ရှေးအခါက 'အရှေ့တောရ'ဟု ခေါ်ဝေါ်ကြသည်။ အရှေ့တောရနှင့် အလယ်တောရ ကြားမှာရှိသောလမ်းကို ကြားတောရလမ်းဟု ခေါ်ဝေါ်ကြရာ ထိုလမ်းအမည်မှာ ယခုအချိန်အထိ ခေါ်ဝေါ်သုံးစွဲနေလျက်ရှိပေသည်။

(၁၈၅၇)ခုဝန်းကျင်လောက်တွင် အရှေ့တောရသို့ ဦးကေသရရောက်ရှိလာပြီး တရားကျင့်ကြံအားထုတ်ခဲ့သည်။

(၁၈၅၉)ခုနှစ်တွင် အညာဒေသမှ ဆရာတော်ဦးအာသဘ ကြွရောက်လာပြန်သည်။

(၁၉၀၀)ပြည့်နှစ်တွင် ဆရာတော်ဦးအာသဘ သီတင်းသုံးနေထိုင်သော အရှေ့တောရပရိဝုန်အတွင်း၌ ကုန်သည်ကြီး ဦးဘိုအောင်နှင့် ဒေါ်စိန်ရင်တို့က ဉာဏ်တော်အတောင်(၃၀)ရှိ ရုပ်ပွားတော်တစ်ဆူ သွန်းလုပ်ပူဇော်ကြလေသည်။

ဘွဲ့တော်မှာ 'မဟာသကျ အတုလမာရ်အောင်' ဟူ၍





ဖြစ်ပေသည်။ စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရား၏ ပုံတော်ကိုမှီငြမ်းကာ ပန်းပုဆရာဦးဉာဏ်ဆိုသူက သွန်းလုပ်ပေးခဲ့ခြင်းဖြစ်ပေသည်။

စစ်ကိုင်းငါးထပ်ကြီးဘုရားနှင့် ပုံစံတူထုလုပ်ကိုးကွယ်ခဲ့ခြင်းဖြစ်သဖြင့် 'ငါးထပ်ကြီးဘုရား'ဟုပင် ခေါ်ဝေါ်ခဲ့ကြသည်။ ဘုရားတည်ထားသောကုန်းမှာ အရှေ့တောရရှိသောနေရာဖြစ်သဖြင့် ယခင်ကတော့ အရှေ့တောရကုန်းဟုပင် ခေါ်ကြသည်။

ဘုရားတည်ပြီး နောက်ပိုင်းမှာတော့ ငါးထပ်ကြီးဘုရားကုန်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြရာမှ ထိုအမည်မှာ ယခုအချိန်အထိပင် ခေါ်ဝေါ်သုံးစွဲလျက်ရှိကြပေသည်။

ဘုရားကုန်းတော်နှင့် ဆက်စပ်လျက်ရှိသောနေရာတို့တွင် လမ်းမကြီးတစ်လမ်းနှင့် လမ်းသွယ်တစ်လမ်းရှိသည်။ လမ်းမကြီးမှာ ရွှေခုံတိုင်(ယခုရွှေဂုံတိုင်) လမ်းဖြစ်ပြီး ကျန်တစ်လမ်းမှာတော့ ငါးထပ်ကြီးဘုရားလမ်းတို့ပင် ဖြစ်ပေသည်။

ကျွန်ုပ်သည့် နံနက်စောစောထွက်လာခြင်း အကြောင်းရင်းမှာ ခင်မင်ရင်းနှီးလှသော မိတ်ဆွေတစ်ယောက်နှင့်တွေ့ရန် ရည်ရွယ်ပြီးလာခြင်းဖြစ်ပေသည်။

၎င်းအမည်မှာ ဦးတာရာဆိုသူဖြစ်ပြီး အသက်(၆၀) ကျော် ခန့်အရွယ်ရှိနေပေပြီ။

ဦးတာရာဟူသော နာမည်နှင့်လိုက်လျောညီထွေလှစွာ နက္ခတ်တာရာများအကြောင်းကို ကောင်းစွာနားလည်တတ်ကျွမ်းသူတစ်ဦးလည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဝတ္ထုရေးသားရာတွင် ဇာတ်လမ်း၊ ဇာတ်ကွက်ချည်း ရေးသားသည်မျိုးမဟုတ်ဘဲ မိမိရေးသားလိုသော ဇာတ်လမ်းအကြောင်းအရာထဲတွင် စာဖတ်သူတို့အတွက် တစ်စုံတစ်ခုသော ဗဟုသုတများရရှိပါစေရန် ရည်ရွယ်ချက်ဖြင့် သုတရသများ ထည့်သွင်းရေးသားလေ့ရှိသည်။

ထိုသို့ရေးသားရာတွင် အချို့သိလိုသော အကြောင်းအရာများရှိပါက ဦးတာရာကဲ့သို့ အသိအမြင်ဗဟုသုတကြွယ်ဝသော သူတို့ထံတွင် မေးမြန်းပြီးမှ ရေးသားလိုသောအကြောင်းအရာကို ထည့်သွင်းရေးသားလေ့ရှိသည်။

ဦးတာရာနေသောနေရာမှာ ချာချီလမ်း(ယခု ကိုယ့်မင်းကိုယ့်ချင်းလမ်း) တစ်နေရာ၌ဖြစ်သည်။ ၎င်းနေသောနေရာမှာ သစ်ပင်၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လှသည်သာမက သွားလာရေးခက်ခဲလှသောကြောင့် လာရောက်နေထိုင်သူ အတော်ပင်နည်းသောနေရာမျိုးပင် ဖြစ်ပေသည်။

ဦးတာရာနေသောနေရာနှင့် မနီးမဝေးမှာတော့ အိမ်ကြီးတစ်လုံးရှိသည်။ ခြံဝန်းကျယ်နှင့် ကြီးမားခန့်ထည်သော အိမ်ကြီးပင်ဖြစ်သော်လည်း နေထိုင်ဝံ့သူတော့မရှိပေ။

ထိုအိမ်ကြီးတွင် သီပေါဘုရင်၏ မိဖုရားခေါင်းကြီးနေထိုင်သွားခဲ့ဖူးသဖြင့် "မိဖုရားကြီး စံအိမ်တော်"ဟု ခေါ်ဝေါ်ကြလေသည်။

ရတနာဂီရိတွင် အကျဉ်းစံဘဝနှင့် နေခဲ့ရသော သီပေါမင်း နတ်ရွာစံလွန်သွားပြီးနောက် (၁၉၁၉)ခု ဧပြီလတွင် သီပေါ





မင်း၏ မိဖုရားခေါင်ကြီး စုဖုရားလတ်သည် ရန်ကုန်မြို့သို့ ရောက်လာခဲ့သည်။

၎င်းရောက်ရှိလာစဉ်က ဗြိတိသျှအစိုးရက မိဖုရားကြီးအား မန္တလေးသို့ပြန်လည်နေထိုင်ခွင့်မပေးဘဲ ရန်ကုန်မြို့၌သာထားလေသည်။

မိဖုရားကြီးကိုထားသောအိမ်တော်မှာ ချာချီလမ်း၊ ခြံအမှတ် (၂၃)ဘီပင်ဖြစ်ပေသည်။

ထိုစံအိမ်တော်ကြီးကို ဗြိတိသျှအစိုးရက တစ်လလျှင်ကျပ် (၅၀၀)ဖြင့် နှစ်နှစ်စာချုပ်ဖြင့်ချုပ်ပြီး ၎င်းအားရမ်းပေးခြင်းဖြစ်သည်။ မိဖုရားကြီးအား မန္တလေးကိုပြန်ခွင့်မပေးခြင်းမှာ လူသူစုံးမည်စိုးသဖြင့် ရန်ကုန်မြို့လူသူမသိသော ချောင်ထဲမှာထားခြင်းဖြစ်ပေသည်။

နောက်ပိုင်းတော့ မိဖုရားကြီးမှာပိုမိုကျယ်ဝန်းသော အိမ်တော်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ (ဒုတိယနေသောအိမ်တော်မှာ ယခုကီးတော်ကျန် စားသောက်ဆိုင်ရှိသော အတွင်းပိုင်း၌ဖြစ်ပြီး (၁၉၂၂)ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ယင်းစံအိမ်တော်မှာပင် (၁၉၂၂)ခုနှစ် နိုဝင်ဘာလတွင် နတ်ရွာစံလေသည်။)

မိဖုရားကြီး ပြောင်းရွှေ့နေထိုင်ခဲ့သော အိမ်နေရာမှာ ယခင်က စော်ဘွားတစ်ဦးပိုင်ဆိုင်သော အိမ်ဖြစ်သည်။

မူလပိုင်ရှင်ဖြစ်သော ရှမ်းစော်ဘွားနှင့်စော်ဘွားကတော်တို့နှစ်ဦးစလုံး သေဆုံးခဲ့ပြီး အခြားနေထိုင်သူများပါ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကြောင့် သေဆုံးခဲ့ကြရသဖြင့် ခိုက်သည်ဟုအယူရှိခဲ့ကြသည်။

အချို့ကလည်း ပုဏ္ဏကတိုက်သည်ဟုထင်ကာ မနေဝံ့ကြပေ။ ထိုအိမ်ကြီးသို့ပြောင်းရွှေ့ရန် စီစဉ်ပေးစဉ်က စတုတ္ထသမီးတော်က မနေလိုသဖြင့် ငြင်းဆန်ခဲ့သည်။ ထိုအခါ ဗြိတိသျှအစိုးရက မနေလိုပါက နှစ်နှစ်အတွက် အိမ်လခငွေ (၁၂၀၀ဝိ) ပေးလျော်ရမည်ဆိုသဖြင့် ရွှေ့ပြောင်းနေထိုင်ခဲ့ကြရခြင်းဖြစ်သည်။

ထိုအိမ်ရောက်ပြီး မကြာခင်မှာ မိဖုရားကြီးစုဖုရားလတ်နတ်ရွာစံခဲ့ရခြင်းဖြစ်ပေသည်။

(နောက်ပိုင်းရောက်တော့ သံယာ့ဆေးရုံ အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ရာမှာ ခိုက်သည်၊ ကြမ်းသည်ဟုနာမည်ကြီးသောအိမ်ကြီးအား ဖြိုဖျက်ပစ်ကြလေသည်။)

သီပေါမင်း၏ မိဖုရားခေါင်ကြီး ရတနာဂီရိမှ ရန်ကုန်မြို့သို့ စတင်ရောက်ရှိစဉ်က နေထိုင်ခဲ့သောအိမ်ကြီးမှာ ဗဟန်းမြို့နယ်၊ ချာချီလမ်း၊ ခြံအမှတ် (၂၃)ဘီ မှာရှိသည့် အိမ်ကြီးပင်ဖြစ်ပေသည်။

ကျွန်ုပ်၏မိတ်ဆွေကြီး ဦးတာရာနေသောအိမ်မှာ ထိုအိမ်ကြီးနှင့် မနီးမဝေးနေရာ၌ရှိသော သာမန်အိမ်တစ်လုံး၌ ဖြစ်လေသည်။ ဦးတာရာသည် ဗေဒင်နက္ခတ်ဟောပြောခြင်းဖြင့်အသက်မွေးသူတစ်ယောက်ဖြစ်ပြီး တစ်ကိုယ်ရည်တစ်ကာယနေထိုင်သူတစ်ဦးလည်းဖြစ်သည်။





နေ့လည်ဘက်တွင် ရွှေတိဂုံစေတီတော်ကြီး ကုန်းတော်ပေါ်သွားရောက်ကာ တန်ဆောင်းသို့မဟုတ် သစ်ပင်ရိပ်ကောင်းသောနေရာ၌ထိုင်ကာ ဗေဒင်ဟောပြောပေးလေ့ရှိသည်။

ထိုအချိန်လောက်က ရန်ကုန်မြို့တွင်ဗေဒင်ဟောခြင်းကို ပုဏ္ဏားများသာ ပြုလုပ်ပေးလေ့ရှိကြရာ သာမန်လူတို့က မလုပ်လိုကြပေ။ ဗေဒင်ဟောသောဝင်ငွေမှာ မိသားစုတစ်ခု စားလောက်သောက်လောက်အောင် ရသည်မျိုးမဟုတ်သဖြင့် မလုပ်လိုကြခြင်းလည်းဖြစ်ပေသည်။

အချို့ အရပ်တကာလှည့်ပြီး ဗေဒင်ဟောသော ပုဏ္ဏားအချို့ကတော့ ဗေဒင်မေးသူအား ကြောက်အောင်လန့်အောင် ခြောက်လှန့်ဟောပြောပြီးမှ ယတြာချေခြင်းဖြင့် ငွေကြေးများများရအောင်ယူလေ့ရှိကြသည်။

ဗေဒင်ဟောပြောခ တစ်မတ်၊ ငါးမူးသာရသော်လည်း ယတြာချေရန်အတွက်တော့ တစ်ကျပ်၊ နှစ်ကျပ်အထိရအောင်ယူကြသည်။ စီးပွားရေးအခြေအနေ ကောင်းသူများနှင့် တွေ့ပါကထို့ ထက်ပိုပြီးရအောင်ယူတတ်ကြပေသည်။

"ဗေဒင်မေးခ တစ်မတ်၊ ယတြာချေခ တစ်ကျပ်"

ဆိုသောစကားမှာ ပုဏ္ဏားများ စတင်ခဲ့ခြင်းဖြစ်ဟန် ရှိပေသည်။ ဦးတာရာကတော့ ထိုသို့ပြုလုပ်လေ့မရှိပေ။

ဗေဒင်မေးလျှင် သိလိုသောအကြောင်းအရာကိုသာ တွက်ချက်ပြီး ဟောပြောပေးသည်။

အပိုစကား၊ ကြွားဝါးပြီးဖြန်းသောစကားမျိုးလည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

ခွန်းမှမပြောပေ။ ကာယကံရှင်က ယတြာချေပေးရန်လိုလားပါက သင့်တော်သော ယတြာမျိုး ပြောပြပေးလေ့ရှိသည်။ ထိုအတွက် ငွေမယူတော့ပေ။

ထို့ကြောင့်ဦးတာရာမှာ အခြားသူများထက် ပညာကောင်းသော်လည်း ဝင်ငွေမကောင်းပဲရှိရလေ၏။ သို့သော်လည်း သူက တစ်ကိုယ်ရည်တစ်ကာယသမား ဖြစ်သောကြောင့် ပူပန်စရာမရှိပေ။ ရသည့်ငွေဖြင့် လောက်ငှအောင် သုံးစွဲနေထိုင်သူပင် ဖြစ်ပေသည်။

ကျွန်ုပ်ရောက်သွားသောအချိန်မှာ နံနက်(၉)နာရီခန့် ရှိနေပြီးဖြစ်သောကြောင့် ဦးတာရာမှာ ဘုရားရှိခိုးခြင်းကိစ္စ ပြီးနေပေပြီ။

"ဟာ. . စာရေးဆရာပါလား၊ စောစောစီးစီး ဘယ်က လှည့်လာတာလဲ"

"ဦးတာရာနဲ့တွေ့ချင်လို့ တမင်လာခဲ့တာပါပဲ၊ ဒီမနက် ဘာမှမစားရသေးဘူးမဟုတ်လား"

"မစားရသေးဘူးဗျ၊ အခုမှ ဘုရားရှိခိုးပြီးတာ. ."

"ဒါဖြင့်အတော်ပဲ. .၊ ငါးထပ်ကြီးထိပ်က အညာသား လက်ဖက်ရည်ဆိုင်ကနေ ပဲပြုတ်နံပြားနဲ့လက်ဖက်ရည် တစ်ခါတည်းဝယ်လာခဲ့တယ်၊ စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

"ကောင်းတာပေါ့ဗျာ. ."

ဟုပြောဆိုကာ ကျွန်ုပ်ဝယ်ယူလာသော လက်ဖက်ရည်





ပဲပြုတ်နံပြားတို့ကို စားသောက်ရင်းဖြင့် သိလိုသောအကြောင်းအရာကို မေးမြန်းရလေသည်။

"ဦးတာရာဆီလာတာ တခြားအကြောင်း မဟုတ်ပါဘူး၊ အခုတလော အတော်ကလေး နာမည်ကြီးနေတဲ့ ဆရာတစ်ယောက်ပေါ်နေတယ်၊ ဦးတာရာ ကြားမိတယ်မဟုတ်လား"

"ကုက္ကိုင်းဘက်က ဆရာကို ပြောတာမဟုတ်လား"

"ဟုတ်တယ်. . ဟုတ်တယ်"

"မျက်လှည့်၊ လက်လှည့်၊ အကြားအမြင်ဆိုတာတွေက လူတွေကို တစ်နည်းနည်းနဲ့ လိမ်တာပါပဲ၊ အလိမ်ခံချင်တဲ့သူတွေက သွားမှတော့ လိမ်တဲ့သူကလိမ်တာ ဘာဆန်းတော့မလဲ"

"ဘယ်လိုမျိုးတွေလည်း. . ကျွန်တော်သဘောပေါက်အောင် တဆိတ်လောက်ပြောပြပေးပါဦး"

"ဒီအကြောင်းတွေကို ပြောရင်ဆုံးမှာမဟုတ်ဘူး စာရေးဆရာရဲ့၊ ဗေဒင်ပညာ နက္ခတ်ပညာဆိုတာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့တာပဲ၊ မြတ်စွာဘုရားအလောင်းတော် ဖွားမြင်တော့ ဘယ်အချိန်မှာ ဘုရားဖြစ်ပြီး၊ ဘယ်အချိန်မှာ ပရိနိဗ္ဗာန်ပြုမယ်ဆိုတာ ကြိုတင်ပြီးဟောပြောခဲ့တာ နက္ခတ္တဗေဒပညာပဲပေါ့ဗျာ၊ ကောဏ္ဍညပုဏ္ဏားက အကြားအမြင်ရလို့ ဟောခဲ့တာမှမဟုတ်တာ"

"မှန်ပါတယ်"

ဦးတာရာက လက်ဖက်ရည်သောက်ရင်းနှင့် အချို့အကြောင်းများအား အတိုချုပ်ပြီးပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တဗေဒပညာရပ်နှင့် သက်ဆိုင်သည့်ကျောင်းတော်(၅)ကျောင်းရှိသည်။ ၎င်းတို့မှာ. . .

(၁) ပေါလိသ (ပေါလိသပိုင်ဆိုင်သည်။)

(၂) ရောမက (သိဒ္ဓန္တကျမ်း၊ ရောမတိုင်းပြည်မှ ဆင်းသက်လာသည်။)

(၃) ဝါသေဋ္ဌ (ဝါသေဋ္ဌနှင့် သက်ဆိုင်သည်။)

(၄) သောရ (သူရိယနှင့် သက်ဆိုင်သည်။)

(၅) ပိဏ္ဍာမဟာ (သို့မဟုတ် ဗြဟ္မသိဒ္ဓန္တ) ထိုဗြဟ္မသိဒ္ဓန္တကျမ်းကို ဗြဟ္မဂုပတရေးသားစီရင်ခဲ့ခြင်းဖြစ်ပြီး၊ နက္ခတ္တဗေဒပညာရှင်တို့ လေ့လာရသောကျမ်းများဖြစ်သည်။

အထက်ဖော်ပြသော ကျောင်းတော်များမှာ နက္ခတ္တဗေဒပညာနှင့် သက်ဆိုင်သည့်ပညာရပ်များကို အဓိကသင်ယူရသည့်ကျောင်းတော်များ ဖြစ်ကြလေသည်။

နက္ခတ္တဗေဒပညာကို ကောင်းစွာသင်ယူခြင်း မရှိဘဲ ဟောပြောသူတို့အကြောင်းကို ဗြိဟတ်သံဟိတကျမ်းနှင့် အာဒိကပ္ပကမ္မာဦးကျမ်းတို့တွင် အောက်ပါအတိုင်း အသီးသီးဖော်ပြထားသည်ကိုလည်း ပြောပြလေသည်။

'ဗေဒင်ပညာရှင်၊ နက္ခတ္တဗေဒပညာရှင်'ဟု အမည်ခံထားသော်လည်း ဗေဒင်ဆရာစစ်စစ် မဟုတ်သူများအကြောင်းကို "အာဒိကပ္ပ ကမ္မာဦးကျမ်း"၌ ဤသို့ဖော်ပြထားပေသည်။

(၁) အချို့သောသူတို့သည် သက်ရောက်၊ ဂြိုဟ်စားတတ်





ရုံမျှဖြင့် ဗေဒင်ဆရာပြုလုပ် ဟောပြောစားလေသည်။

(၂) အချို့သောသူသည် အင်္ဂဝိဇ္ဇာ၊ သုံးထပ်ကိန်း၊ စကြာကိန်း၊ မဟာအုတ်တိုင်များ တတ်နားလည်ရုံမျှဖြင့် ဗေဒင်ဆရာပြုလုပ် ဟောပြောစားလေသည်။

(၃) အချို့သောသူသည် ဆင်ကိန်း၊ မြင်းကိန်း၊ စက်လေးလုံး၊ ကာလကြီးများတတ်ရုံမျှဖြင့် ဗေဒင်ဆရာပြုလုပ် ဟောပြောစားလေသည်။

(၄) အချို့သောသူသည် ပဉ္စလက်၊ နဝလက်၊ လက္ခဏာကျမ်း၊ တိတ်နိမိတ်ကျမ်းများတတ်ရုံမျှဖြင့် ဗေဒင်ဆရာပြုလုပ် ဟောပြောစားလေသည်။

(၅) အချို့သောသူသည် သုဇာတ်၊ ဗျာဇ္ဇတားလက်ရိုးနှင့် ဇာတာဖွဲ့ပြီးတာလ အာယုစဉ်း၊ စားနဝင်း၊ ဖွားနဝင်း၊ တိုင်ဆယ်ပါး အဟောအပြောသင့်တော်စွာ တတ်ရုံမျှဖြင့် အင်မတန်တတ်ကျွမ်းလေဟန်ဆောင်ကာ ဗေဒင်ဆရာကြီးပြုလုပ် ဟောပြောစားလေသည်။

(၆) အချို့သောသူသည် မိမိနှုတ်ပါးစပ်က မကရန္တ၊ ဗာသုတိ၊ သိဒ္ဓန္တ၊ သရဟုဒ္ဓိ လက်ရိုးများနှင့်ဇာတာကို ကောင်းစွာတွက်ဖွဲ့နိုင်သည်။ အကြီးအကျယ်ဟောပြောခြင်းလည်း တတ်သည်ဟု ဝါးကားပြီးကာလ သုဇာတ်၊ ဗျာဇ္ဇတား၊ ပြက္ခဒိန်တို့နှင့်သာ မှန်ကန်စွာ မဟုတ်လှသော ဇာတာဖွဲ့၍ အာယုစဉ်း၊ စားန ဝင်း၊ ဂေါစာ (ကောဇာ) ဂြိုဟ်အစီးအနင်း တော်သင့်စွာတတ်သော်လည်း တတ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်သည်ထက်ပိုပြီး၊ အင်မတန် တတ်ယောင်ကား မော်ကြွားဟောပြောစားသော ဆရာလည်းရှိသည်။

(၇) အချို့သောသူသည် သုဓိမာတ်၊ ဗျာ္ဓတား၊ ဗုဒ္ဓိလေးပါး၊ သိဒ္ဓန္တ၊ မကာရန္တ၊ ဗာသုတိ၊ နေသရ၊ လသရ အစရှိသော ဗေဒင်ကျမ်းဂန်တို့ကို ကောင်းစွာတတ်မြောက်သည့်အတိုင်း၊ ဇာတာကောင်းမွန်မှန်ကန်စွာ ဖွဲ့လုပ်နိုင်သည်။ အသီတိမာတ်အဆန်းအပျက်၊ စုတ်၊ ကပ်၊ ကြိုပေဒ၊ အဆန်းအပျက်တို့နှင့်တကွ တိုင်ဦးပေါင်းနှစ်ရာကျော်၊ အာဒိ၊ မဇ္ဈ၊ အဝသာန်အားဖြင့် သုံးတန့်တိုင်ပေါင်း ခြောက်ရာကျော်တို့နှင့်လည်း တွက်ချက်ဟောပြောနိုင်သည်။

အမိပတိတိုင်၊ စစ္စလီကြီး၊ စစ္စလီကလေး၊ ကြိုယမင်္ဂ၊ ဒိဂုဏ၊ စဉ်းမီးရှူး၊ အာယုစဉ်း၊ ဂေါစာ(ကောဇာ) အာယုစဉ်း၊ ဓမ္မခန်း၊ ယမခန်း၊ ဆိန္နရိတ်၊ ဘိန္နရိတ်၊ ဥဒါသိန်၊ နမန္တာကိန်း၊ သက်ဆစ်၊ သက်ပိုင်း၊ စားနဝင်း၊ ဖွားနဝင်း၊ စုတ်၊ ဥပဒ်အစရှိသည်တို့နှင့်လည်း ရွေးချယ်ဟောပြောပေးနိုင်သည်။ နှစ်၊ သင်္ကြန်၊ လရက်အပိုင်းအခြားတို့ကိုလည်း သေချာမှန်ကန်အောင် တွက်ချက်သိနိုင်သည်။ သို့အရပ်ရပ် တတ်ကျွမ်းလိမ္မာသည်နှင့်အညီ ကြေးငွေလက္ခဏာအထိုက်အတန်မရသော်လည်း ပညာရှိလက္ခဏာ၊ သိက္ခာသီလ၊ အာစာရတန်ခိုးဖြင့်လုပ်ဆောင် ပေးကမ်းဟောပြောစားသော ဆရာလည်းရှိသည်။





(၈) အချို့သောသူသည် ပြဆိုခဲ့သမျှသာမက လွန်ကျူး၍ ဗေဒင်ကျမ်းဂန်တို့ကို အကြီးအကျယ်တတ်ကျွမ်းပြီးလျှင် ဟောပြောသင်ကြားပြသစားသောက်သော ဆရာလည်းရှိသည်။

ဤကဲ့သို့ ဆရာအမျိုးမျိုးအဖုံဖုံလည်း ရှိသည်ဖြစ်ကုန်၏။ ထိုအကြောင်းများကို မြို့ဟစ်သံဟိတာကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပေဦးမည်။

ကမ္ဘာသည် မိမိဝင်ရိုးပေါ်တွင် လည်နေသောအခြင်းအရာနှင့် နေကိုလှည့်ပတ်နေသော အခြင်းအရာတို့ကိုလည်း တတ်မြောက်ကျွမ်းကျင်ရပါမည်။

အာကာသတွင် နက္ခတ်စက်လှည့်ပတ်နေသော အခြင်းအရာကိုလည်း သိရှိရမည်။

ကမ္ဘာ၏ ပုံပန်းသဏ္ဌာန်၊ အရပ်ဒေသတို့၏ လတ္တီတွဒ်များနှင့် အဖြည့်ခံများ၊ နေ့တာ၊ ညတာတို့၏အတိုင်း အရှည်ပမာဏနှင့် ပြောင်းလဲချက်များ၊ ဒေသတို့၏စရကဏ္ဍ၊ အရပ်ဒေသအမျိုးမျိုးတွင် ရာသီများထွက်ပေါ်ချိန်၊ ကြာရှိချိန်၊ အရိပ်ဆာယာမှ အချိန်နာရီ၊ အချိန်နာရီမှ အရိပ်ဆာယာသို့ ပြောင်းလဲတွက်ချက်နည်း၊ နေထွက်ချိန်မှ ကျော်လွန်လာသော နာရီအချိန်အတိအကျ၊ နေဝင်ချိန်မှလွန်လာသော အချိန်အတိအကျတွက်ချက်နည်း၊ ဥန္နေဂြိုဟ် (သို့မဟုတ်) လဂ္ဂနုတို့မှလိုအပ်သောအချိန်ကာလ တွက်နည်းစသည့်တို့ကိုလည်း တတ်ကျွမ်းရပါမည်။

နက္ခတ္တဗေဒ သိပ္ပံပညာရပ်၏မှန်ကန်မှုကို ရှင်းလင်း

www.burmeseclassic.com



ပြတ်သားတိကျစွာ သဘောပေါက်ထား၍ ခြားနားသောအကြောင်းအရာများ၊ ကန့်ကွက်ဆန့်ကျင်သောအခြင်းအရာများကို ကောင်းစွာနားလည်သဘောပေါက်သူသည် စစ်မှန်သောနက္ခတ္တပညာရှင်တစ်ဦးဖြစ်သည်။

သျှုတ္တရကျမ်းတွင်ပါဝင်သော အကြောင်းအရာတို့ကို ကောင်းစွာနားလည်နိုင်စွမ်းမရှိသူ (မှားယွင်းစွာ ကောက်ချက်ချတတ်သူ)၊ မေးမြန်းလာသောမေးခွန်းများကို ဂရုမစိုက်သူ၊ မိမိအာဘော်ကို စာသင်သားတို့အား ရှင်းမပြသူကို နက္ခတ္တဗေဒသိပ္ပံပညာရပ်၏ အနှစ်သာရကို သဘောပေါက်သော နက္ခတ်ဗေဒင်ပညာရှင်ဟု မဆိုနိုင်ပေ။

ကျမ်းစာ၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သော အမှန်တရားနှင့် ဆန့်ကျင်ဟောပြောသူနှင့် မှားယွင်းစွာ တွက်ချက်တတ်သူသည် မလိမ္မာသူ၊ အသိနည်းသူတစ်ဦးသာလျှင်ဖြစ်မည်။

နက္ခတ္တဗေဒပညာရှင်သည် သင်္ချာတွက်ရိုးပိုင်းဆိုင်ရာတွင် ကောင်းစွာကျမ်းကျင်လိမ္မာတတ်မြောက်၍ အရိပ်ဆာယာ၊ ဖဝါး၊ ရေနာရီစသည့်တို့မှ လင်္ဂအမှန်ရရှိစေလျှင် ပညာရပ်အပေါ် အနိုင်အမာယုံကြည်ပါက သူ၏ဟောပြောသင်ကြားမှုတို့သည် မည်သည့်အခါမှ အကျိုးမဲ့မဖြစ်ပေ။

လူတစ်ဦးသည်လေတိုက်အားကို အကူအညီရယူ၍ သမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းသို့ ဖြတ်သန်းသွားလာမည်ဆိုလျှင် သူ၏ရည်မှန်းချက်အတိုင်း ရောက်ရှိနိုင်ပါသည်။ အကြောင်းမှာ





ထိုသူသည် ပညာရှင်ဖြစ်သောကြောင့်ပင်တည်း။

ပညာရှင်မဟုတ်သော သာမန်လူသားတစ်ဦးသည် ကျယ်ပြန့်လှစွာသော နက္ခတ္တကာလပုရိသ သမုဒ္ဒရာ၏ဟိုမှာဘက်ကမ်းဆီသို့ စိတ်ကူးဖြင့်ပင်ရောက်ရှိရန် ခဲယဉ်းလှပေသည်။

ဇာတာနှင့်သက်ဆိုင်သော ပညာရပ်တွင် အောက်ပါတို့ပါဝင်ကြလေသည်။

များပြားသော အစိတ်အပိုင်းများ ဖြစ်ကြသည့် ရာသီ၊ ဟောရာ၊ ဒြက္ကောန၊ နဝံသ၊ ဒွါဒသံသ၊ တိသံသ၊ ၎င်းတို့၏အားရှိ အားမဲ့ကိုတွက်ချက်ခြင်း၊ ဂြိုဟ်တို့၏ အားဗလအမျိုးမျိုးကို တွက်ချက်ခြင်း၊ ဝဂ္ဂအမျိုးမျိုးရှာဖွေခြင်း၊ ဂြိုဟ်တို့ပိုင်ဆိုင်သောဒေါသများ၊ ဂြိုဟ်တို့မှဖော်ပြသော ခန္ဓာကိုယ်တွင်ပါဝင်သည့် အရာဝတ္ထုများ၊ ဂြိုဟ်တို့မှဖော်ပြသောအရာဝတ္ထုများအမျိုးဇာတ်နွယ်များ၊ ထူးခြားချက်များ၊ သန္ဓေစွဲတည်ချိန်၊ မွေးဖွားချိန်၊ မွေးဖွားစဉ် ထူးခြားသောအကြောင်းအရာများ၊ မွေးပြီးစကလေးငယ်ချက်ချင်းသေဆုံးခြင်း၊ လူ့သက်တမ်းအတွက် ဂြိုဟ်တို့မှပေးသောအသက်များ၊ တူလဒသာနှင့်အန္တရဒသာသက်များ၊ အဌဝဂ္ဂ ရာဇယောဂ၊ စန္ဒြယောဂ၊ ဂြိုဟ်ပူးဂြိုဟ်ယှဉ်များ၊ နဘသနှင့် အခြားယောဂများ၊ ၎င်းတို့၏အကျိုးအပြစ်များ၊ ရာသီဘာဝတွင် ဂြိုဟ်များရပ်တည်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးအပြစ်များပါဝင်သည်။

ထို့ပြင် ဂြိုဟ်မြင်များနှင့် အကျိုးရလဒ်များ၊ ကမ္ဘာလောကမှထွက်ခွာခြင်း၊ မည်သည့်အရပ်ဒေသမှ လာရောက်ခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အရပ်ဒေသသို့ ရောက်ရှိသွားမည်။ ပြဿနာ အခါ မေးခွန်းများ၏ အကောင်းအဆိုးများ အတိတ်နိမိတ်အကောင်းအဆိုးများ၊ မင်္ဂလာအခမ်းအနားပြုလုပ်ခြင်းနှင့် အခြားသော အခမ်းအနားများ စသည့်တို့ပါဝင်သည်။

ရှေးမင်းတို့သည် နက္ခတ္တနှင့် ဇာတကပညာရပ်တို့တွင် ပြောင်မြောက်စွာတတ်ကျွမ်း၍နက္ခတ္တဗေဒသိပ္ပံ ပညာရပ်၏ အသေးစိတ်၊ အနုစိတ်အရာမှစ၍ အားလုံးကိုကျွမ်းကျင်တတ်မြောက်သည့် နက္ခတ္တဗေဒပညာရှင်ကို မြှောက်စားခဲ့ကြသည်။

တောတောင်များတွင်ပျော်မွေ့ပြီး သံယောဇဉ်ကင်းကင်း မာန်မာနဝင့်ကြွားခြင်း အလျဉ်းမရှိသော ရသေ့သူတော်စင်တို့သည်ပင်လျှင် ကျွမ်းကျင်လိမ္မာသော နက္ခတ္တဗေဒပညာရှင်နှင့် တွေ့ကြုံပါက ဤပညာရပ်ကို သင်ယူလိုကြသည်။

တိုင်းပြည်နိုင်ငံကိုအုပ်ချုပ်သည့် ရှေးမင်းများသည် နက္ခတ္တဗေဒသိပ္ပံအရာတွင် အလွန်ပင်ကျွမ်းကျင်တတ်မြောက်သော နက္ခတ်ဗေဒင်ဆရာ၏ အကြံဉာဏ်ကိုယူ၍ လောကီချမ်းသာစည်းစိမ်မှန်သမျှကို ခံစားကြသည်။

အောင်မြင်ကျော်ကြားခြင်းကို အလိုရှိသူသည် နက္ခတ္တဗေဒပညာရှင်၏ ကောင်းမွန်သော အကြံဉာဏ်ကိုရယူခြင်းဖြင့် မကောင်းမှုဒုစရိုက်များ မဝင်ရောက်အောင် ကာကွယ်နိုင်သည်။

နက္ခတ္တဗေဒသိပ္ပံပညာကို လေ့လာလိုက်စား၍ ဉာဏ်အမြင်ရရှိထားသူသည် ငရဲပြည်သို့ မည်သည့်အခါမှလားရလိမ့်မည်မဟုတ်ပေ၊ အမြဲတမ်းဗြဟ္မာပြည်၌သာ ကျင်လည်နေရလိမ့်





မည်။

သံဟိတကျမ်းကို အဖွင့်ဋီကာနှင့်တကွ လေ့လာတတ်မြောက်ပြီးသော ဗြဟ္မဏသည် လူအများ၏ အလေးအမြတ်ပြုမှု၊ ချီးကျူးဂုဏ်ပြုမှုကို ခံယူထိုက်သည်။

ယဝနတို့သည် အဆင့်အတန်းနိမ့်သူများ ဖြစ်ကြသည်။ ထိုယဝနများပင်လျှင် နက္ခတ္တဗေဒသိပ္ပံပညာရပ်ကို တတ်မြောက်ကြ၍ ပညာရှင်အဖြစ် ခံယူနေကြသည်။ သို့ဖြစ်၍ ဗြဟ္မဏတို့သည် ၎င်းတို့ထက်ပို၍နက္ခတ္တဗေဒပညာရှင် ဖြစ်သင့်လေသည်။

မှော်လိုလို၊ စုန်းလိုလို၊ နတ်လိုလို၊ ဗေဒင်ပညာကို မတောက်တခေါက်တတ်မြောက်၍၊ ခိုးကြောင်ခိုးဝှက် နားထောင်ပြီး သူအများပြောသံကိုကြားရသဖြင့် တစ်ဆင့်စကားမှ မှတ်သားဟောပြောနေသူများသည် နက္ခတ္တဗေဒပညာရှင် အစစ်အမှန်များမဟုတ်ပေ။

ကြယ်နက္ခတ်များကို ကြည့်တတ်ရုံမျှနှင့် နက္ခတ္တဗေဒသိပ္ပံပညာရပ်ကို မလေ့လာမဆည်းပူးပါဘဲနှင့် နက္ခတ်ဗေဒင်ဆရာဟု အမည်ခံနေကြသူများသည် လူမှုအဖွဲ့အစည်းအတွင်းက အစွန်းအထင်းများသာ ဖြစ်ကြသည်။

ရှေးအခါက ဆုလာဘ်ကိုမျှော်ကိုး၍ မြို့တံခါးဝတွင် မြေစိုင်ခဲတစ်ခုကိုတင်၍ ဆုတောင်းရွတ်ဆိုပသသူပင်လျှင် တစ်ခါတစ်ရံ၌ ကြက်ကန်းဆန်အိုးတိုးသည့်ပမာ ဆုတောင်းပြည့်တတ်ပါသည်။ မိုက်မဲတွေဝေသူတို့ပြောသည့် စကားနိမိတ် အတိတ်တို့သည် တစ်ခါတစ်ရံမှန်ကန်တတ်သည်ကို သတိပြုရ



www.burmeseclassic.com

www.burmeseclassic.com



မည်။

မိမိဟောပြောထား၍ ထိုအဖြစ်အပျက်တို့သည် တစ်သဝေမတိမ်းဖြစ်ပျက်လာသည်ဟုဆိုသော "ဇောတိသိက" နက္ခတ္တဗေဒသိပ္ပံပညာရပ်ကို မတောက်တစ်ခေါက် တတ်မြောက်၍ ဝင့်ဝါမာနကြီးပြီး ပညာရပ်နှင့်မသက်ဆိုင်သော အရာများကို သွတ်သွင်းလာသော "ဇောတိသိက"ကို လူအများတို့က အမြဲအစွဲ မတိုင်ပင်ကြပါ။ တစ်ခါတွေ့ဆုံပြီးက ရှောင်ကျဉ်တတ်ကြသည်။

ရှေးအခါက မင်းနှင့်တကွ လူအများသည် ဇာတက၊ နက္ခတ္တနှင့် သံဟိတတို့ကို ကောင်းစွာတတ်မြောက်ကျွမ်းကျင်သူကိုချဉ်းကပ်၍ မိမိမျှော်မှန်းထားသော အောင်မြင်မှုကို ရယူတတ်ကြသည်။

အချိန်ကို ကောင်းစွာသိသော နက္ခတ်ဗေဒင်ပညာရှင်တစ်ဦးသည် လောကအကျိုး လူသားများ၏အကျိုးကို အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းရှိသည်။

မကောင်းသောအိပ်မက်၊ မကောင်းသောအကြံအစည်၊ မကောင်းသောအဆင်းရူပါရုံနှင့် ယုတ်မာသောအပြုအမူတို့သည် နက္ခတ်များအပေါ် စန်းဖြတ်ကျော်သံကိုကြားရလျှင် လျင်မြန်စွာ ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။

ရှေးအခါကနန်းရင်ပြင်တွင် ယုံကြည်စိတ်ချစွာ ခန့်အပ်ထားခြင်းခံရသော နက္ခတ်ဗေဒင်ပညာရှင်သည် မင်းနှင့်တကွ နောက်လိုက်နောက်ပါ အခြွေအရံတို့၏ စိတ်ချမ်းသာခြင်း၊ ကိုယ်





ချမ်းသာခြင်းအတွက် ပူပန်ကြောင့်ကြသည်။ သို့ဖြစ်၍ မင်းနှင့်တကွ အခြွေအရံများကို ဖခင်သဖွယ်၊ မိခင်သဖွယ်၊ အမျိုးအဆွေ ခင်ပွန်းသဖွယ် စောင့်ရှောက်မှုပေးသည်။

နက္ခတ်ဗေဒင်ပညာရှင် စစ်မှန်သူသည် နာမည်ကောင်းနှင့် ကျော်ကြားမှုမှတစ်ပါး အခြားမည်သည့်ကိုမှ အလိုမရှိပေ။ ဟန်ပန်၊ လေသံ၊ အမူအယာများ ဝံ့ကြွား၍ မိမိကိုယ်ကျိုးစီးပွားအတွက် ရှာဖွေခြင်းမပြုပေ။

အထက်ပါအကြောင်းအရာတို့မှာ အာဒိကပ္ပကမ္ဘာဦးကျမ်းနှင့် မြို့ဟဇ်သံဟိတာကျမ်းတို့၌ ဖော်ပြထားသောအကြောင်းအရာအချို့ကို ကောက်နုတ်ရေးသားဖော်ပြခြင်းပင်ဖြစ်ပေသည်။

"လူတွေအလိမ်ခံရတယ်ဆိုတာ အသိအမြင်ဗဟုသုတနည်းလို့ ခံရတာကတစ်ကြောင်း၊ နောက်တစ်ချက်က အပူနဲ့ကြုံတွေ့ကြရတဲ့အခါ အားကိုးရှာကြတာ တစ်ကြောင်းကြောင့်ပဲ"

ဦးတာရာက လက်ဖက်ရည်သောက်ရင်းမှ ပြောပြနေခြင်းဖြစ်သည်။

"ဘယ်လိုအားကိုးရှာတာလဲ"

"ကမ္ဘာပေါ်မှာ လူမျိုးအသီးသီးရှိကြတယ်၊ လူမျိုးအလိုက် ယုံကြည်ကိုးကွယ်မှုတွေရှိကြတယ်၊ ကမ္ဘာတစ်ဝှမ်းမှာရှိကြတဲ့လူတွေရဲ့ ယုံကြည်ကိုးကွယ်မှုတွေကို ခွဲခြားကြည့်ရင် အများဆုံးက နတ်တွေကိုယုံကြည်ကိုးကွယ်တာပဲ၊ ဘာကြောင့်လဲဆိုတော့ နတ်ဒေဝတာတွေက ဒုက္ခအပေါင်းက ကယ်တင်ပေးနိုင်တယ်လို့ ယုံကြည်ကြလို့ပဲ၊ ဘုရားပွင့်တဲ့ ဒေသလိုနေရာမျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



တောင် နတ်ကိုယုံကြည်ကိုးကွယ်တဲ့ မျိုးနွယ်တွေအများကြီးရှိတယ်"

"မှန်ပါတယ်"

"ဗမာပြည်မှာလည်း ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်တယ်ဆိုပေမယ့် နတ်ကိုယုံကြည်ကိုးကွယ်မှုတွေကတော့ အများကြီးရှိနေတာပဲ၊ ဘုရားပွဲတော်တွေ ကျင်းပကြသလို နတ်ကိုပူဇော်တဲ့ပွဲတော်တွေလည်း ရှိကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"နတ်ကိုယုံကြည်တဲ့သူက ဘုရားပွဲသာမသွားဘဲနေချင်နေမယ်၊ နတ်ကန္နားပွဲကိုတော့ မသွားဘဲမနေကြဘူး၊ ဘာကြောင့်လည်းဆိုတော့ နတ်နှိပ်စက်မှာကိုကြောက်ရွံ့တာကတစ်ကြောင်း သူ့အတွက် နတ်ကတစ်ခုခုလုပ်ပေးနိုင်မယ်အထင်နဲ့ အားကိုးပြီးသွားကြတာကိုး၊ ဒါကြောင့် အသိပညာဗဟုသုတနည်းပြီး အားကိုးရှာထွက်ပေါက်ရှာချင်တဲ့သူမျိုးတွေ ရှိနေသရွေ့တော့ လူလိမ်လူညာတွေအတွက်ကတော့ ဟန်ကျနေကြဦးမှာပေါ့ဗျာ"

ဟုပြောလေသည်။

ကျွန်ုပ်လည်းသိချင်တာသိရပြီးသည့်နောက်မှာတော့ လက်ဖက်ရည်နှင့် ပဲပြုတ်နံပြားကို ပြည့်စုံအောင်စားသောက်ပြီးနောက် ဦးတာရာအားနှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့ပေတော့သည်။









## အခန်း [ ၂ ]

# လောကပါလ ဂန္ဓာရုံအိမ်

ကျွန်ုပ်သည် ချာချီလမ်းမှာနေသော ဗေဒင်ဆရာ ဦးတာရာနှင့်တွေ့ပြီးနောက် မိမိအိမ်သို့ပြန်ရောက်သောအခါ မိမိစာကြည့်ခန်းသို့ဝင်ကာ သက်ဆိုင်ရာစာအုပ်များ၊ မှတ်တမ်းမှတ်ရာများကိုထုတ်ယူပြီး ကြည့်ရှုခြင်း၊ မှတ်သားခြင်းများပြုလုပ်လျက်ရှိပေသည်။

ကျွန်ုပ်သည်စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်ရာ မိမိအလုပ်နှင့်ပတ်သက်ပြီး များစွာတန်ဖိုးထားရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ရေးသူက တစ်ယောက်တည်းသာဖြစ်သော်လည်း ဖတ်ရှုသူများက အမြောက်အများရှိကြသည်။

ထိုအထဲတွင် မိမိထက် ပညာ၊ ဗဟုသုတ ပြည့်စုံသော ရပ်ဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့လည်း အမြောက်အများပါကြလေသည်။

မိမိရေးသားသောစာ၊ အချက်အလက်များ၊ မှားယွင်းတိမ်းစောင်းမှုဖြစ်ပါက ဝေဖန်ထောက်ပြခြင်းများကို ခံယူရပေသည်။ ထို့ကြောင့် မိမိရေးသားလိုသော အကြောင်းအရာတို့နှင့် ပတ်သတ်ပြီး မှန်ကန်မှုရှိစေရန် မှတ်တမ်းများ၊ စာအုပ်စာတမ်းများကို များစွာအားကိုးရပေသည်။

ကျွန်ုပ်သည် သာမန်စာရေးသူတစ်ယောက်သာဖြစ်သည်။ ပညာရှင်တစ်ယောက်မဟုတ်ပါချေ။

ဝိဇ္ဇာမယသိဒ္ဓိ ရေးသားသော ပညာရှင်လောက် တတ်ကျွမ်းမှုမရှိပေ။

စရကသံဟိတာ ဆေးကျမ်းရေးသားပြုစုသော ပုဂ္ဂိုလ်လောက် တတ်ကျွမ်းမှုမရှိပေ။

ဗြို့ဟဇ်သံဟိတာကျမ်း ရေးသားပြုစုသော ပုဂ္ဂိုလ်လောက် တတ်ကျွမ်းမှုမရှိပေ။

အာဒိကပ္ပကမ္မာဦးကျမ်း ရေးသားသူလောက် နားလည်တတ်ကျွမ်းခြင်းမရှိပါချေ။

ထို့ကြောင့် ဆေးပညာအကြောင်း၊ ဗေဒင်ပညာအကြောင်းစသည့်တို့ကို ထည့်သွင်းရေးသားရမည်ဆိုပါက မလွဲ





သွေ ထိုကျမ်းစာအုပ်များကို ကြည့်ရှုလေ့လာရသည်သာဖြစ်ပေ၏။

ထို့ကြောင့် စာပေရေးသားသူတစ်ယောက်ဖြစ်ပါက ညီသည့်အကြောင်းအရာမျိုးကို ရေးသည်ဖြစ်စေ ဗဟုသုတပြည့်စုံရုံမကဘဲ သက်ဆိုင်ရာစာအုပ်စာတမ်းများ ပြည့်စုံဖို့ရန် များစွာလိုအပ်လှပေသည်။

ကျွန်ုပ်ရှာဖွေကြည့်ရှုသော စာအုပ်များမှာ ဗေဒင်နက္ခတ္တပညာများသာမကဘဲ ရှေးအခါကတည်းက ရှိခဲ့ဖူးသော လိမ်နည်းများ၏ လျှို့ဝှက်ချက်များကိုရေးသားထားသော စာအုပ်များကိုပါ ထုတ်ယူပြီး လေ့လာကြည့်ရှုရပေသည်။

ကျိုက်လတ်ဦးပြုံးချိုရေးသားသော 'နေလေိမ်နည်း' စာအုပ်ကဲ့သို့ မျက်လှည့်ဆရာ၊ ဘိုးတော်လိမ်၊ အကြားအမြင်ဆရာ စသော ရိုးသားသူတို့ကို နည်းအမျိုးမျိုးဖြင့် လိမ်လည်စားသောက်နေကြသူတို့၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရေးသားခဲ့သောစာအုပ်အချို့ ရှိပေသည်။

(ယခုနောက်ပိုင်းမှာတော့ နိုင်ငံတကာမှာရှိကြသော မျက်လှည့်ပညာရှင်တို့၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရေးသားသောစာအုပ်များ ထွက်လာခဲ့ပေသည်။)

ကျွန်ုပ်တို့ငယ်ရွယ်စဉ် နယ်မြို့တစ်မြို့တွင်နေစဉ်က သမ်းဘေးပြသော မျက်လှည့်ပွဲများ၊ ပွဲဈေးတန်းတွင် ရုံဖြင့်ပြသော မျက်လှည့်ပွဲ၊ ရုံတွင်းပြသော မျက်လှည့်ပွဲများကို ကြည့်ခဲ့ဖူးသည်။ လူတစ်ယောက်ကို အခံခါင်းထဲထည့်ပြီး လွှဖြင့် ထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဖြတ်ပြသောအခန်း၊ ပန်းအိုးထဲမှ ဦးခေါင်းထွက်လာပြီး စကားပြောသောပြကွက်၊ ကြက်ဥထဲမှ ရွှေလက်စွပ်ထွက်သော ပြကွက်၊ ငွေစက္ကူများမီးရှို့ပြီးမှ မူလငွေစက္ကူအတိုင်း ပြန်ရစေရန် ပြုလုပ်သောပြကွက်၊

ဦးထုပ်ထဲမှ ငှက်များ၊ ယုန်များ၊ ပုဝါအစရှိသည်တို့ တစ်မျိုးပြီးတစ်မျိုး ထုတ်ပြသောပြကွက်၊ မိန်းကလေးတစ်ယောက်ကို ခြင်းတောင်းနှင့်အုပ်၍ ပုဝါခြုံလိုက်ရုံဖြင့် လင်းတဖြစ်သွားပုံတို့ ကိုကြည့်ပြီး များစွာအံ့သြမှု ဖြစ်ခဲ့ရပေသည်။ သဘောကျနှစ်ခြိုက်မှုလည်း ရှိခဲ့ကြသည်။

နောက်ပိုင်းကာလ ကြာမြင့်လာသောအခါ မျက်လှည့် ပညာနှင့်ပတ်သက်သည့် လျှို့ဝှက်ချက်များစာအုပ် ထွက်လာသည်။ ထိုအခါမှာ ဘယ်ပုံဘယ်နည်း လိမ်လည်ပြသပုံများကို သိရပေတော့သည်။

ဦးပြုံးချို (မဟာဂီတ)၏ နေဇလိမ်နည်းစာအုပ်ထွက်လာတော့ လူလိမ်တို့အသုံးပြုခဲ့ကြသည့် လိမ်နည်းများကို သိခဲ့ရသည်။

နိုင်ငံတကာ မျက်လှည့်ပညာ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရေးသားသောစာအုပ်များ ထွက်လာသောအခါ မျက်လှည့်ပြသူတို့၏ လျှို့ဝှက်ချက်များကို သိခဲ့ရပေသည်။

ထိုအခါ အားလုံးလိမ်ညာ၊ လှည့်ဖြားပြီး ပြသခဲ့ကြောင်း သိရသောအခါမှာ မိမိကိုယ်ကိုယ် အံပြစ်မတင်မိသလို နောင်တလည်းမရမိပါချေ။





အဘယ်ကြောင့်ဆိုသော် ရှင်းရှင်းပြောရလျှင် အသိ ပညာဗဟုသုတ မရှိသေးသောအချိန်အရွယ်၌ ခံခဲ့ရသော ကြောင့်ဖြစ်ပေသည်။

လူလိမ်များကတော့ ရိုးသားသူတို့ထံမှ နည်းအမျိုးမျိုးဖြင့် လိမ်ညာယူခဲ့ကြရာ ရှေးကလည်းရှိခဲ့သည်။

ယခုခေတ်ကာလရောက်တော့လည်း လိမ်ညာစားသောက်နေကြဆဲပင်ရှိကြသေးသည်။

(ဖုန်းမဲပေါက်သည်။ ထီပေါက်သည်။ ကံစမ်းမဲပေါက်သည်။ မည်သည့်အခက်အခဲမဆို ဖြစ်အောင် ယတြာအစီအရင် လုပ်ပေးမည်။ အကြားအမြင်ဖြင့် ကယ်တင်ပေးမည်။)

ပြုလုပ်သူတွေကလည်း ပြုလုပ်နေကြဆဲ..

ခံသူတွေကလည်း ကျေကျေနပ်နပ်ဖြင့် ခံနေကြရဆဲပင် ရှိကြသေးသည်။

မျက်လှည့်၊ လက်လှည့် ပညာမှာလူအများ ပျော်ရွှင်မှုရအောင်ဖြေဖျော်ပေးသော ပညာရပ်တစ်ခုဖြစ်သည်။

တစ်ဖက်သား၏ အကျိုးစီးပွားမထိခိုက်ပါက ပျော်စရာကောင်းသောပညာရပ်မျိုး ဖြစ်ပေသည်။ ထိုပညာကိုအသုံးချပြီး တစ်ဖက်သားစီးပွားပျက်အောင် နစ်နာအောင် ပြုလုပ်လျှင်တော့ မကောင်းပေ။ နေဇလိမ်နည်း စာအုပ်ထဲ၌..

အရာရှိထံမှလိမ်လည်ပြီး အရက်သောက်ပုံမှာသာမန် လိမ်နည်းမျိုးဖြစ်သည်။

အလိမ်ခံရသူမှာ အောင့်သက်သက်ဖြစ်ရရုံမှလွဲပြီး ယို



www.burmeseclassic.com

www.burmeseclassic.com



နိုက်လှပေ။

မင်းသားလုပ်၍လိမ်ခြင်း၊ စကြာမင်းလုပ်၍လိမ်ခြင်း၊ ဆေးဆရာလုပ်၍လိမ်ခြင်းနှင့်၊ ထွက်ရပ်ပေါက်ရသေ့လုပ်၍လိမ်ခြင်းတို့မှာခံရသူတို့မှာ စီးပွားဥစ္စာ များစွာထိခိုက်မှုများရှိသောကြောင့် မကောင်းလှပေ။

ထိုစာအုပ်၌လိမ်နည်းများစွာတို့ကို ရေးသားဖော်ပြထားပေသည်။

ဦးလှရှိ ရေးသားပြုစုသော မျက်လှည့်၏လျှို့ဝှက်ချက်များ၊ ဦးပြုံးချို၏ 'နေဇလိမ်နည်း' စာအုပ်များထွက်လာခြင်းမှာ အတော်ပင်ကောင်းလှပေ၏။

(ယခုမျက်မှောက်ကာလတွင် မျက်လှည့်ဆရာ 'စက္ကောမ' မှ ထိုကဲ့သို့သော လျှို့ဝှက်ချက်များကို ဓာတ်ပုံများနှင့်တကွ ဖော်ထုတ်ရေးသားထုတ်ဝေသောအခါ သာ၍ပင် ကောင်းလှပေသည်။)

သို့သော် ထိုကဲ့သို့သောလိမ်နည်းများဖြင့် လုပ်စားနေကြသည့် လူလိမ်များအတွက်ကတော့ မကောင်းလှပေ။

၎င်းတို့၏ လိမ်နည်းလျှို့ဝှက်ချက်များကို သိသင့်သလောက် သိသွားကြပြီဖြစ်သဖြင့် ယခင်ကလောက် စားပေါက်မချောင်ကြသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

သို့သော် လူတွေကလည်း ခက်သည်။

အကျပ်အတည်း အရေးအကြောင်းနှင့် တွေ့ကြုံကြရသောအခါ အခြားဘာမှစဉ်းစားမနေတော့ပဲ အားကိုးရှာကြလေ





တော့သည်။

ထိုအခါ ကြော်ငြာကောင်းသော ဗေဒင်ဆရာ၊ အကြားအမြင်ဆရာ၊ ဘိုးတော်မယ်တော်၊ ဓါတ်စီးသူများထံသို့ သွားရောက်အကူအညီတောင်းကြလေသည်။

လိမ်နေမှန်းသိနေပါလျက်နှင့် "သူ့အရင်လိမ်ပါ ငါ့အရင်လိမ်ပါ"ဟူသောသဘောဖြင့် တိုးဝှေ့နေကြပြန်လေသည်။

ဘယ်နေရာမှာ ပျောက်စေဆရာတစ်ယောက် ပေါ်သည်ဆိုလျှင် ထိုနေရာသို့ ရောက်သွားကြသည်။

ဘယ်နေရာမှာ အကြားအမြင်ဆရာတစ်ဦး ပေါ်နေသည်ဆိုပါက ထိုနေရာသို့ရောက်သွားကြသည်။

ဘယ်နေရာမှာ ဘိုးတော်ပေါ်သည်။ အဓိဋ္ဌာန်ဝင်နေသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်ပေါ်သည်ဆိုလျှင် ခက်ခဲသောနေရာများကိုပင် ခက်ခက်ခဲခဲဖြင့် ရောက်အောင်သွားကြပေ၏။

အတုအယောင်ပုဂ္ဂိုလ်များကတော့ ထိုသို့ရောက်လာသူများထံမှ ရသမျှသိမ်းကျုံးယူသွားလေ့ရှိသည်။

စစ်မှန်သောပုဂ္ဂိုလ်များကတော့ လူများစွာတို့နှင့် မတွေ့လိုသောကြောင့် အဝေးသို့ရှောင်ပြေးတတ်ကြပေသည်။ သို့ကြောင့် တကူးတကလိုက်လံရှာဖွေသော်လည်း ထိုက်သူမှသာ တွေ့ခွင့်ရကြလေသည်။

ပြောချင်တာကတော့ လိမ်မည့်သူကတော့ နည်းအမျိုးမျိုးနှင့် လိမ်ခွင့်ရအောင် ကြိုးစားပေလိမ့်မည်။

အလိမ်ခံရမည့်သူကသာ မျက်စိမှိတ်ပြီး အလိမ်မခံရ



www.burmeseclassic.com

www.burmeseclassic.com



အောင် တွေးတောဆင်ခြင်တတ်ဖို့ လိုလေသည်။

ကျွန်ုပ်သည် ဦးတာရာအိမ်မှပြန်ရောက်လာကတည်းက စာကြည့်ခန်းထဲသို့ဝင်ရောက်ကာ စာအုပ်မျိုးစုံတို့ဖြင့် အလုပ်ရှုပ်နေလေသည်။

နေ့လည်ဘက်ရောက်တော့ ကျွန်ုပ်နေအိမ်သို့ဧည့်သည်တစ်ယောက် ရောက်လာသည်။

ဧည့်သည်မဟုတ်သော ဧည့်သည်ပင်ဖြစ်၏။

အခြားသူတော့ မဟုတ်ပေ။

ကျွန်ုပ်နှင့် များစွာခင်မင်ရင်းနှီးလှသော မိတ်ဆွေကြီး ဒေါက်တာမင်းထင်ကျော်ပင် ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော် ရောက်လာသဖြင့် ဧည့်ခန်းသို့ထွက်ကာ ဧည့်ခံရလေသည်။

"ဘယ်ကလှည့်လာတာလဲ မောင်ထင်ကျော်"

"ဆရာနဲ့ မတွေ့တာကြာလို့ တမင်လှည့်ဝင်လာတာပါ"

"လှည့်ဝင်လာတာဆိုတော့ ဘယ်သွားမှာလဲ"

"ကုက္ကိုင်းဘက်သွားမလို့ ဆရာ့ကိုဝင်ခေါ်တာပါ"

"ဘာကိစ္စအတွက် သွားမှာလဲ"

"ကုက္ကိုင်းဘက်မှာ နာမည်ကြီးနေတဲ့ မှော်ဆရာတစ်ဦးဆီသွားမလို့ပါ"

"အကြားအမြင်ဟောနေတဲ့ဆရာကို ပြောတာမဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။





"ဒါထက် မောင်ထင်ကျော်က ဒီကိစ္စမျိုးတွေအယုံအကြည်ရှိလို့လား"

"လေ့လာကြည့်ချင်လို့ပါ"

"သွားကြတာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်သိမ်တဲ့လူက ကိုယ်ဆီကလိမ်ရင် သူ့အပြစ်၊ ကိုယ်ကကျေကျေနပ်နပ်နဲ့ သူဆီတကူးတကသွားပြီး အလိမ်ခံရင်တော့ သူ့အပြစ်မဟုတ်တော့ဘူးနော်"

"ဒီတော့လည်း ဗဟုသုတရတာပေါ့ ဆရာရယ်"

ဟု အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။

ထို့နောက် အဝတ်အစားလဲလှယ်ပြီးနောက် ဒေါက်တာမင်းထင်ကျော်၏ကားနှင့်ပင် ထွက်လာကြလေသည်။

ကျွန်ုပ်နေထိုင်သောငါးထပ်ကြီးကုန်းနှင့် ကုက္ကိုင်းမှာ မဝေးလှပေ။ ဘောင်ဒရီလမ်းကျော်ပြီး ကမ္ဘာအေးဘုရားလမ်းအတိုင်း မြောက်ဘက်သို့မောင်းသွားပါက အချိန်အနည်းငယ်အတွင်းမှာ ရောက်သွားနိုင်ပေသည်။

ကုက္ကိုင်းမှာ ဗဟန်းမြို့နယ်အတွင်း၌ပါဝင်ကာ ကုန်းဘောင်ခေတ်ကာလကပင် လူနေသောရွာကလေးရှိသည်။

မွန်ဘာသာဖြင့် 'ကံကို'ဟု အသံထွက်ပြီး အဓိပ္ပာယ်မှာ "မရွေးပင်ကုန်း" ဟူ၍ဖြစ်သည်။

သို့သော်လည်း "ကုက္ကိုင်း"ဟုသာ အခေါ်များကြလေသည်။

အင်္ဂလိပ်မြန်မာစစ်ပွဲများအတွင်းကာလ၌ ကုက္ကိုင်းသည်



www.burmeseclassic.com

www.burmeseclassic.com



စစ်မြေပြင်ဖြစ်ခဲ့ရသောကြောင့် နေထိုင်သူများပင် အခြားသို့ ရွှေ့ပြောင်းပြေးခဲ့ရသဖြင့် ရွာပျက်ခဲ့ရသည်။

(၁၈၇၄)ခုနှစ်အထိ ကုက္ကိုင်းရပ်တွင် နေထိုင်သူမရှိတော့ပဲ သစ်ပင်သစ်တောများနှင့် ချုံနွယ်ပိတ်ပေါင်းများသာ ဖုံးလွှမ်းသောနေရာတစ်နေရာ ဖြစ်ခဲ့ပေ၏။

နောက်ပိုင်းမှာတော့ ချာတာဘက်မှ အမှုထမ်းတစ်ဦးဖြစ်သူ မစ္စတာအလက်ဇန္ဒားဝပ်ဆင် ဆိုသူက ထိုနေရာတွင် ဘန်ဂလိုတစ်လုံး ဆောက်လုပ်ကာ လာရောက်နေထိုင်ရာမှ တဖြည်းဖြည်းနှင့် လူနေအိမ်ခြေများလာပြီး စည်ကားလာခြင်း ဖြစ်သည်။

(၁၉၃၅)ခုနှစ်ရောက်သောအခါ ထိုနေရာတစ်ဝိုက်မှာ မြို့စွန်ရပ်ကွက်တစ်ခု ဖြစ်နေပေပြီ။

ကျွန်ုပ်တို့နှစ်ယောက်စီးလာသော မော်တော်ကားမှာ လမ်းဆုံသို့ရောက်သောအခါ ကုက္ကိုင်းလမ်းထဲသို့ ချိုးကွေ့ဝင် လိုက်လေသည်။

ကမ္ဘာအေးဘုရားလမ်းနှင့်နီးသော လမ်းမတစ်ဝိုက်မှာ တော့ ကိုယ့်ခြံကိုယ်ဝန်းဖြင့် နေထိုင်ကြသူများ ရှိနေကြပေသည်။

လမ်းထဲရောက်တော့ ကားကိုရပ်တံ့ပြီး မေးမြန်းစုံစမ်း ကြည့်သောအခါ အကြားအမြင်ဟောပြောပေးနေသည့် ဆရာ နေသောခြံမှာ မဝေးလှပေ။

ထိုနေရာသို့ရောက်အောင် ကားကိုမောင်းသွားပြီး နောက် ဖွင့်ထားသောတံခါးပေါက်ဝမှ အတွင်းသို့ ဝင်သွားလေ





သည်။

ခြံဝန်းထဲမှာတော့ မိမိတို့အရင်ရောက်နေသော ကားနှစ်စီး၊ သုံးစီးကိုလည်း တွေ့ရလေသည်။

ကျွန်ုပ်တို့သည် ကားကို သင့်တော်သောနေရာ၌ ရပ်ထားခဲ့ပြီး အိမ်ကြီးရှိရာဘက်သို့ လျှောက်သွားကြလေသည်။

ခြံဝန်းမှာ အတော်ကျယ်ဝန်းပြီး ခြံဝန်းတစ်ခုလုံးသစ်ပင် ဝါးပင်များဖြင့် မှိုင်းညို့နေသည်။

ခြံဝန်းအလယ်လောက်မှာ အိမ်ကြီးတစ်လုံးရှိနေသည်။ ဆင်ဝင်လေးပေါက်ပါသော အိမ်ကြီးမျိုးဖြစ်သည်။

ရှေးက ချစ်တီးသူဌေးများနေထိုင်ရန် ဆောက်ထားသော အိမ်မျိုးဖြစ်သည်။ အိမ်တစ်အိမ်လုံး၊ အစိမ်းရောင်နှင့် အညိုရောင်များ ရောနှောသုတ်ထားသည်။

အပေါ်မှာတော့ အုတ်ကျွပ်ပြားကြီးများမိုးထားပြီး နီညိုရောင်များ သုပ်ထားလေသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ တံခါးလေးပေါက် ရှိရာ မည်သည့်ဝင်ပေါက်မှဝင်သည်ဖြစ်စေ၊ အိမ်ကြီးအတွင်းမှာ ရှိသော ဧည့်ခန်းသို့ရောက်သည်သာဖြစ်၏။

ထူးခြားသောအချက်မှာ တံခါးလေးပေါက်တွင် ရုပ်တုကြီးလေးခု ရှိနေကြသည်။ တစ်ပေါက်လျှင် တစ်ရုပ်ချထားခြင်း ဖြစ်သည်။

နတ်ဝတ်တန်ဆာများ ဝတ်ဆင်ထားသော ရုပ်တုများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်အရွယ်အစား ပမာဏရှိပြီး ရွှေရောင်၊ ငွေရောင်၊ အစိမ်းရောင်၊ အနီရောင်၊ အနက်ရောင်များဖြင့် ရေးခြယ်ထားလေသည်။

လူတစ်ယောက်အရွယ်အစား ပမာဏရှိပြီး ထုလုပ်ထားပုံ လက်ရာခြောက်လှသောကြောင့် ရုတ်တရက်ကြည့်မည်ဆိုပါက လူတစ်ယောက်မတ်တပ်ရပ်နေသည်နှင့် များစွာတူလှပေသည်။

အရှေ့ဘက်တံခါးပေါက်ဝ၌ ချထားသောနတ်ရုပ်မှာ နတ်ဝတ်တန်ဆာ ခေါင်းဆောင်းတို့ဖြင့် ခရုသင်းကိုကိုင်ထားလေသည်။

အနောက်ဘက်တံခါးပေါက်မှာ ချထားသောနတ်ရုပ်မှာ ဘီလူးခေါင်းဆောင်းထားပြီး လက်ထဲ၌ သံလျက်ကိုကိုင်ထားသည်။

တောင်ဘက်တံခါးပေါက်မှာရှိသော နတ်ရုပ်၌ ဂဠုန်ဦးခေါင်းဆောင်းထားပြီး လက်ထဲမှာ ကြာပန်းများကို ကိုင်ထားသည်။

မြောက်ဘက်တံခါးပေါက်အနီး၌ ချထားသောနတ်ရုပ်၌ နဂါးဦးခေါင်းဆောင်းထားပြီး ရင်ခွင်ထဲမှာ ကလေးငယ်တစ်ယောက်ကို ပွေ့ပိုက်ထားလေသည်။

ထိုနတ်ရုပ်ကြီးလေးရုပ်တို့မှာ. . . ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟုခေါ်သော လောကပါလ နတ်မင်းကြီးလေးယောက်တော့ ဟုတ်ဟန်မတူပေ။





ပြုလုပ်ထားသောသူက သူ့အယူအဆနှင့်သူ အစီအရင်ပြုလုပ်ထားခြင်းဖြစ်ဟန်တူလေသည်။

ကျွန်ုပ်နှင့်ဒေါက်တာမင်းထင်ကျော်တို့ကတော့ အရှေ့ဘက်ဝင်ပေါက်မှပင် အိမ်ထဲဝင်သွားကြလေသည်။ အိမ်ထဲရောက်တော့ ကျွန်ုပ်တို့အရင်ရောက်နှင့်နေသော လူလေးငါးယောက်ကိုတွေ့ရသည်။

အားလုံး အမျိုးသမီးများ ဖြစ်ကြလေသည်။ အသက် (၂၀)ကျော်(၃၀)မှ (၄၀)-(၅၀) အရွယ်အထိ အရွယ်စုံရှိကြလေသည်။

ဧည့်ခန်းတွင်ဆိုဖာကုလားထိုင်များ ချထားသဖြင့် သင့်တော်သောနေရာ၌ ဝင်ထိုင်လိုက်ကြသည်။ ထိုအချိန်တွင် အသက်(၃၀)အရွယ်ခန့်ရှိပြီး အညိုရောင် အဝတ်အစားများဝတ်ဆင်ထားသည့်လူတစ်ယောက် အနားသို့ရောက်လာပြီး မေးသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ"

"ဗေဒင် မေးချင်လို့ပါ"

"ဒီမှာ ဗေဒင်ဟောတာမရှိပါဘူး"

"စကားပြောမှားသွားလို့ပါ၊ အရေးကြီးတဲ့ကိစ္စတစ်ခုရှိနေတာ ဆရာကြီးဆီမှာ မေးချင်လို့ပါ"

ဒေါက်တာမင်းထင်ကျော်က ထိုသို့ပြောလိုက်မှ မျက်နှာအမူအယာ ပြန်ပြင်သွားလေသည်။

"ဒီကနေ့တော့ ခင်ဗျားတို့အလှည့်ရောက်တော့မှာ



www.burmeseclassic.com

မဟုတ်ဘူး၊ ဆရာကြီးဆီမှာ သိချင်တာမေးဖို့ဆိုရင် အခုလာအခု ချက်ချင်းမေးလို့မရဘူး၊ ကြိုတင်ရက်ချိန်းယူရတယ်"

"ကောင်းပါပြီ၊ အခုရက်ချိန်းယူခဲ့ပါမယ် ဘယ်နေ့ဘယ် ရက်လာခဲ့ရမယ်ဆိုတာသာပြောပါ"

"ဒီကနေ့ရက်ချိန်းယူသွားရင် နောက်သုံးရက်လောက် ကြာရင်တော့ ခင်ဗျားတို့မေးချင်တာ မေးလို့ရနိုင်ပါတယ်၊ ဒါပေ မယ့် ဒီစာရွက်ပေါ်မှာ မေးမယ့်သူရဲ့အမည်၊ အသက်၊ အလုပ်အ ကိုင် နေရပ်လိပ်စာအပြည့်အစုံ ရေးပေးခဲ့ရမယ်၊ နောက်ပြီး အရေးတကြီးမေးချင်တဲ့ မေးခွန်းသုံးခုကိုပါ ရေးပေးခဲ့ပါ"

ဟုပြောပြီး စားပွဲပေါ်မှာရှိသော စာရွက်နှင့်ကလောင် တံကိုချပေးလေသည်။

"တစ်ခုတော့ကြိုပြောပါရစေ၊ ရေးတဲ့နေရာမှာလည်း မှန်ကန်တဲ့အကြောင်းအရာတွေပဲ ရေးပေးပါ၊ မမှန်တာတွေပါ လာရင်တော့ ဆရာကြီးက လက်ခံမှာမဟုတ်ဘူး"

ဟု ပြောသဖြင့် သူပြောသည့်အတိုင်းပင် ရေးသားပေး လိုက်လေသည်။

မေးခွန်းသုံးခုကတော့ သင့်တော်သည့်မေးခွန်းများသာ ရေးသည့်ပေးလိုက်လေသည်။

ထို့နောက်စာရွက်နှစ်ရွက်ကို ပေးလိုက်သောအခါ ထိုသူ က အသေအချာဖတ်ကြည့်ပြီး တစ်ယောက်ချင်းစီကို ကြည့်သေး သည်။ ပြီးမှ. .

"ခင်ဗျားတို့နေတဲ့နေရာတွေက မဝေးပါဘူး၊ နောက်သုံး





ရက်ကြာရင်သာ လာခဲ့ကြပါ၊ ဆရာကြီးနဲ့ တွေ့ခွင့်ရပါလိမ့်မယ်"

ဟု ပြောလေသည်။

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်လည်း အိမ်ကြီးအတွင်း မှ ပြန်ထွက်ခဲ့ကြလေသည်။ လမ်းရောက်တော့မှ ကျွန်ုပ်သိချင် သောအကြောင်းအရာကို မေးကြည့်ရသည်။

"မောင်ထင်ကျော် ဘယ်လိုမြင်သလဲ"

"သူတို့မှာ လျှို့ဝှက်ချက်တစ်ခုခုတော့ရှိမှာပါ၊ တကယ် အကြားအမြင်ရနေတဲ့လူက မှတ်တမ်းတွေ ရေးပေးစရာမှမလို တာ"

"အင်း. . . ဒါလည်းဟုတ်ပေသားပဲ"

"ဘာနဲ့တူသလဲဆိုတော့ မီးအပူကိုကိုင်နိုင်တယ် ပြောပြီး မီးညှပ်နဲ့ကိုင်တာမျိုးလို ဖြစ်နေတယ်၊ သုံးရက်အတွင်းမှာ ကျွန် တော်တို့နှစ်ယောက်ကို သိမှတော့ သူနည်းသူ့ဟန်နဲ့ စုံစမ်းကြည့် ရင်လည်း သိနိုင်တာပဲမဟုတ်လား"

"ဒါလည်းဟုတ်ပေသားပဲ ငါးကြင်းဆီနဲ့ငါးကြင်းကြော် တာမျိုးလည်းဖြစ်မှာပေါ့"

ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက်မှာတော့ စကားတပြောပြောနှင့် မောင်းလာ ရာ ကျွန်ုပ်နေအိမ်သို့ ပြန်ရောက်လာလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၃ ]

# ဘဝဟောင်းမှ ချစ်သူ၏ဝိညာဉ်

လောကပါလ ဂမ္ဘီရစံအိမ် . . ။

ထိုအမည်မှာ ကုက္ကိုင်းလမ်းတစ်နေရာ၌ရှိသော မော်ဆရာဟု ဘွဲ့အမည်တပ်ထားသော ဆရာကြီးနေသာရ နေထိုင်သောအိမ်ကြီး၏ အမည်ပင်ဖြစ်ပေသည်။

နာမည်ပေးထားပုံက ဆန်းကြယ်သလို ထိုအိမ်ကြီး၌ရှိသော နတ်ရုပ်ကြီးလေးရုပ်တို့၏ ပုံပန်းသဏ္ဌာန်ကလည်း တစ်မူထူးခြားနေလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြည့်မည်ဆိုပါက လောကပါလနတ်မင်းကြီးလေးပါးနှင့် တူလှပေသည်။

ထို့ကြောင့် ဂမ္ဘီရဆန်သော ထိုအိမ်ကြီးအား လောကပါလ ဂမ္ဘီရစံအိမ်ဟု အမည်ပေးထားခြင်းပင် ဖြစ်ပေသည်။

ထိုအိမ်ကြီး၏ အရှင်သခင်မှာ ဆရာကြီးနေသာရပင် ဖြစ်ပေသည်။ အသက်(၅၀)ကျော် အရွယ်ခန့်သာရှိသေးပြီး ဉပဓိရုပ်ကလည်း ခန့်ညားမှုရှိသည်။

ဦးခေါင်းပေါ်တွင် ပိုးပုဝါတစ်ထည် ပေါင်းထားပြီး နှုတ်ခမ်းမွေးမရှည်မတိုရှိသည်။

အဝတ်အစားကတော့ အပေါ်အောက်အညိုရောင်ဖြစ်ပြီး လည်ပင်းမှာ ကြီးမားသောပုတီးတစ်ကုံး ဆွဲထားသည်။

လက်မှာလည်း မဟူရာကျောက်ဖြင့်ပြုလုပ်ထားသော လက်စွပ်ကြီးတစ်ကွင်း ဝတ်ဆင်ထားသည်။

၄င်းဟောပြောသောအခန်းမှာ အိမ်ကြီးအပေါ်ထပ်တစ်နေရာ၌ဖြစ်သည်။ အိမ်ကြီးအပေါ်ထပ်၌ အခန်းလေးခန်းရှိသော်လည်း တံခါးများပိတ်ထားလေသည်။

အရှေ့ဘက်၌ရှိသော အခန်းကျယ်ကြီးကိုတော့ ဟောခန်းအဖြစ် အသုံးပြုထားလေသည်။

အခန်းပတ်လည်တွင် အလင်းရောင်ရစေရန် မှန်တံခါးချပ်ကြီးများ တပ်ဆင်ထားသော်လည်း အတွင်းမှအစိမ်းရင့်ရောင် အညိုရောင်ခန်းစည်းများဖြင့် ကာရံထားသည်။

အခန်းတွင်း၌မူ စားပွဲတစ်လုံးချထားပြီး ထိုစားပွဲနောက်





ဖက်မှာတော့ ဆရာကြီးထိုင်သောနေရာရှိသည်။

ထိုနေရာနှင့်မနီးမဝေးတွင် အမှတ်စဉ်များတပ်ထားသော ဖိုင်များရှိသည်။ ထိုဖိုင်များထားသော နေရာနောက်မှာတော့ နတ်ရုပ်များအပါအဝင် ရုပ်ထုမျိုးစုံတို့ရှိကြသည်။

ပုံပန်းသဏ္ဍာန်အမျိုးမျိုးဖြင့် ထုလုပ်ထားသောရုပ်တုများရှေ့မှာတော့ ကန်တော့ပွဲများ၊ ဖယောင်းတိုင်အမွှေးတိုင်များ ထွန်းသောပစ္စည်းများ၊ သစ်သီးမျိုးစုံ၊ နွားနို့၊ စားသောက်စရာ ထည့်ထားသောပွဲများ တင်ထားသည်။

ထိုပွဲများမှာထွန်းထားသော အမွှေးရနံ့များက ဝင်လာသူတို့စိတ်ကို ပြောင်းလဲသွားစေလောက်သော ရနံ့များဖြစ်ပေသည်။

စားပွဲပေါ်မှာတော့ အနီးအငွေ့ ဒါမှမဟုတ်အရောင်မျိုးစုံတို့ ဖြာထွက်နေသော ဖန်လုံးကြီးတစ်လုံးကို တင်ထားလေသည်။

ထိုဖန်လုံးကြီးမှာ ကမ္ဘာလုံးတစ်လုံးကဲ့သို့ အရွယ်အစားမျိုးဖြစ်ပြီး ဝန်ရိုးစွန်းပေါ်မှာလည်နေသည့် ကမ္ဘာလုံးပုံသဏ္ဍာန်မျိုးဖြစ်ပေသည်။

သို့သော်ကမ္ဘာလုံးနှင့်မတူသော အချက်တော့ရှိသည်။ ဖြူနားမျက်မှာအရောင်မျိုးစုံတို့ ဖြာထွက်နေသည့် ဖန်လုံးတစ်လုံးဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး အမှောင်ထဲ၌ ကြည့်ပါကပုံပန်းသဏ္ဍာန်အမျိုးမျိုးသော ပုံရိပ်များကို တွေ့မြင်ရခြင်းပင်ဖြစ်ပေသည်။ အချို့မှာ ဝိညာဉ်ပုံရိပ်များနှင့်ပင် တူပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ မှောင်နေသောအခန်းထဲတွင် ထိုဖန်လုံးကြီးအား တစ်နေရာမှ အလင်းရောင်တစ်ခုခုဖြင့် ထိုးပေးလိုက်ပါက ထူး ဆန်းသောပုံရိပ်များကို တွေ့မြင်ရခြင်းပင်ဖြစ်ပေသည်။

ထိုဖန်လုံးကြီးအတွင်းမှ တိုးညှင်းသောအသံအချို့ကို ကြားရခြင်းမျိုးလည်းရှိပေသည်။ ထိုရှေ့မှာတော့ မေးမြန်းမည့်သူ ထိုင်ရမည့် ထိုင်ခုံအလွတ်တစ်လုံးရှိပေသည်။

ဖန်လုံးကြီးချထားသောနေရာနှင့် သုံးပေလေးပေခ သာကွာဝေးသဖြင့် အတွင်းမှပုံရိပ်များကို မြင်ရပြီးအထဲမှ အသံ များကိုလည်း ကြားနိုင်ပေသည်။

ဆရာကြီးနေသာရက ၎င်းထိုင်ရမည့်ကုလားထိုင်ပေ မှာ ထိုင်ရင်း အမှတ်စဉ်တပ်ထားသော ဖိုင်တွဲတစ်ခုကိုဖတ်နေ လေသည်။ ထိုဖိုင်ထဲမှာတော့ စုဆောင်းထားသည့် အရေးကြီး သောမှတ်တမ်းများ ရေးထားလေသည်။

ဖိုင်အဖုံးပေါ်မှာတော့ မေးမည့်သူ၏ နာမည်အသက် နေရပ်လိပ်စာအပြည့်အစုံတို့အပြင် မေးလိုသောမေးခွန်းသုံးခွန်း တို့ကို ရေးသားထားလေသည်။

မေးခွန်းမေးမည့်သူမှာ နန်းမြကြည်ဖြစ်ပြီး အသက် (၃၅)နှစ်သာရှိသေးသည်။ သူမနေသောနေရာက အင်းလျား လမ်း၊ ခြံအမှတ်(--)၌ ဖြစ်ပေသည်။

မေးလိုသောမေးခွန်းများက သေဆုံးသွားပြီဖြစ်သော ယောက်ျားနှင့်ပတ်သက်သည့် မေးခွန်းများဖြစ်သည်။

သို့ကြောင့် စုဆောင်းထားသော နာရေးကြော်ငြာများ





ထဲမှ မေးခွန်းမေးလိုသူ နန်းမြကြည်၏ယောက်ျားဖြစ်သူ ခွန် ဘရင်၏ နာရေးကြော်ငြာ၊ သူနှင့်သက်ဆိုင်သောသတင်းများ ပါသော သတင်းစာဂျာနယ်ဖြတ်ပိုင်းများကို တပည့်ဖြစ်သူက ရှာဖွေစုဆောင်းပြီး ထိုဖိုင်ထဲ၌ ထည့်ထားပေးလေသည်။

နေသာရသည် ထိုဖိုင်၌ပါသော အချက်အလက်များကို ညကတည်းက လေ့လာမှတ်သားထားပြီး ဖြစ်ပေသည်။

ယခုကာယကံရှင်နှင့် တွေ့ရတော့မည့်အချိန် နီးတော့မှ နောက်ထပ်တစ်ခေါက် ထပ်မံကြည့်ရှုနေခြင်းဖြစ်ပေသည်။

ဖိုင်တွဲကိုကြည့်ပြီးတော့ နောက်ဘက်အခန်းဝှက်ထဲမှာ ရှိနေကြသည့် တပည့်များထံ ဖိုင်ကိုပြန်ပေးလိုက်သည်။

"အဆင်သင့် ပြင်ပြီးကြပြီလား"

"ပြင်ထားပြီးပါပြီ ဆရာကြီး"

ကျေနပ်သောအမူအယာဖြင့် ဦးခေါင်းတစ်ချက်ညိတ် ပြလိုက်ပြီးမှ စားပွဲဘေးမှာတပ်ဆင်ထားသော ခလုတ်တစ်ခုကို နှိပ်ချလိုက်သည်။

အပြင်ဘက်မှာစောင့်နေသော တပည့်က အလှည့်ကျ သောသူကို အပေါ်ထပ်သို့ စေလွှတ်ပေးလိုက်လေသည်။

အပေါ်ထပ်သို့ တက်လာသူမှာ ရှမ်းကပြားအမျိုးသမီး တစ်ဦးဖြစ်ပြီး အသက်(၃၀)ကျော်အရွယ်ခန့်သာ ရှိပေသေး သည်။ ရုပ်ရည်ချောမောလှပသူဖြစ်သော်လည်း ပူပန်သောက ရောက်နေသည့် အမူအယာမျိုးဖြစ်နေသည်။

အပေါ်ထပ်ရောက်တော့ အသင့်စောင့်နေသော တပည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဆရာကြီးရှိနေသော အခန်းတွင်းသို့ ပို့ပေးလိုက်သည်။

နေ့အချိန်ပင် ရှိနေသေးသော်လည်း လိုက်ကာနှင့်ခန်းဆီးများ ကာရံထားသောကြောင့် မှောင်နေသည်။ သို့သော် အခန်းထဲမှာရှိနေသော အရာများကိုတော့ ဝိုးတဝါးမြင်နေရသည်။

သင်းပျံ့သော ရနံ့တစ်မျိုးကလည်း ထိုအခန်းတွင်း၌ ပြန့်နှံ့နေရာ စိတ်ထဲမှာဝမ်းနည်းလာသလို အားငယ်စိတ်များ တပြိုင်နက်ဝင်လာသကဲ့သို့ ခံစားရလေသည်။

သူမ အခန်းထဲရောက်လာတော့ စားပွဲနောက်ဘက်ရှိ ကုလားထိုင်ပေါ်တွင်ထိုင်ကာ ပုတီးစိပ်နေသော နေသာရ[illegible] လှမ်းမေးလိုက်သည်။

"မနုန်းမြကြည် ရောက်လာပြီလား"

"ဟုတ်. . ဟုတ်ကဲ့ ရောက်လာပါပြီ"

"စိတ်ကိုတည်ငြိမ်အောင်ထားပါ စိတ်မတည်ငြိမ်ရင် တမလွန်ဘဝ ပြောင်းရွှေ့သွားတဲ့ခင်ပွန်းသည်ရဲ့ ဝိညာဉ်နဲ့ တွေ့ခွင့်ရမှာမဟုတ်ဘူး"

"ဟုတ်. . ဟုတ်ကဲ့ပါ"

"ရှေ့က ကုလားထိုင်မှာထိုင်ပါ"

ဟု ပြောသဖြင့် ဝင်ထိုင်လိုက်လေသည်။

"ကွယ်လွန်သွားပြီးဖြစ်တဲ့ ခင်ဗျားရဲ့ခင်ပွန်းသည်ဝိညာဉ် နဲ့ တွေ့ပြီးပါပြီ၊ သိလိုတဲ့အချက်တွေကိုလည်း မေးမြန်းကြည့်ထား ပြီးပါပြီ"





"ဟုတ်. . ဟုတ်ကဲ့"

"သူ့ဆီကကြားရတဲ့စကားတွေကတော့ စိတ်မကောင်းစရာပါ၊ ခင်ဗျားသိချင်ရင်တော့ ပြန်ပြောပြပေးပါ့မယ်"

"သိချင်ပါတယ် ဆရာကြီးရယ် ပြောပြပေးပါ"

"သေသွားတဲ့ ခင်ဗျားရဲ့ခင်ပွန်းသည်ရဲ့ နာမည်က ခွန်ဘရင်လို့ခေါ်တယ်၊ အသက်က(၃၈)နှစ်လောက်ပဲရှိပါသေးတယ်၊ ပုံပန်းသဏ္ဌာန်က အသားဖြူဖြူအရပ်မြင့်မြင့်နဲ့ သဘောမနောကောင်းတဲ့ လူတစ်ယောက်ပါပဲ"

"ဟုတ်ပါတယ်ရှင်"

နန်းမြကြည်အသံမှာ ငိုသံပါနေလေသည်။

"စိတ်ကိုအေးအေးထားပါ၊ သေတဲ့လူက သေသွားခဲ့ပြီးပြီဆိုတော့ ငိုနေရင်လည်း သူသွားရမယ့်လမ်းမှာ နှောင့်နှေးမှုတွေ ဖြစ်စေတတ်ပါတယ်"

"ဟုတ်ကဲ့ပါရှင် ကျွန်မစိတ်ထိမ်းပါ့မယ်"

ဟုပြောကာ မျက်ရည်စများကို ပုဝါဖြင့်တို့သုပ်နေသည်။

"ကျုပ်ပြောတာတွေ မှန်ရဲ့လား"

"မှန်ပါတယ်ဆရာကြီးရယ်"

"ဒီလိုဆိုရင် ခင်ဗျားမေးချင်တဲ့မေးခွန်းတွေကို မေးနိုင်ပါပြီ"

အတန်ကြာအောင် ငြိမ်သက်နေပြီးမှ စမေးလေသည်။

"သူဘာကြောင့် သေရတယ်ဆိုတာ သိချင်ပါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားယောက်ျားက ကျောက်အရောင်းအဝယ်လုပ်နေတယ်၊ ခင်ဗျားတို့ဆီမှာ တန်ဖိုးရှိတဲ့ကျောက်မျက်ရတနာတွေလည်း ရထားသေးရဲ့မဟုတ်လား"

နန်းမြကြည်က ဘာမှပြန်မပြောသော်လည်း ဆိတ်ငြိမ်နေခြင်းမှာ ဝန်ခံသည့်သဘောပင်ဖြစ်ပေသည်။

"အမှန်တော့ ခင်ဗျားယောက်ျားသေရတာ တခြားတော့မဟုတ်ဘူး၊ သူရထားတဲ့ ကျောက်မျက်ရတနာတွေကို လိုချင်တဲ့ လုပ်ဖော်ကိုင်ဘက်တွေက အချင်းချင်းသစ္စာဖောက်လို့ သေခဲ့ရတာပါပဲ"

"မှန်ပါတယ်ရှင် ကျွန်မထင်တဲ့အတိုင်းပါပဲ၊ ဒါထက်သူအခုဘယ်ဘဝရောက်နေသလဲဆရာကြီး"

နန်းမြကြည်က ဒုတိယမေးခွန်းကိုဆက်မေးလေသည်။

"ဝိညာဉ်ဘုံဘဝမှာပဲ ရှိပါသေးတယ်"

"ကျွန်မသူနဲ့တွေ့ပါရစေ၊ သူပြောတဲ့စကားလည်း နားထောင်ချင်ပါတယ်၊ အကူအညီပေးပါ ဆရာကြီးရယ်"

ဟု တောင်းပန်ပြောဆိုလေသည်။

"ကောင်းပြီလေ ခင်ဗျားရဲ့ဆန္ဒကို ဖြည့်ဆည်းပေးပါ့မယ် ရှေ့မှာရှိနေတဲ့ဖန်လုံးထဲကိုသာ စိုက်ကြည့်နေပါ၊ တကယ်လို့ သူရောက်လာရင်လည်း မေးခွန်းများများ မမေးပါနဲ့၊ သူမှာချင်တာပြောချင်တာကိုပဲ နားထောင်ပေးပါ"

ဟု မှာကြားလေသည်။

ထိုနောက် အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်သွားလေ





သည်။ အခန်းထဲတွင် မီးခိုးငွေ့ကဲ့သို့ ဝေ့ဝေ့ဝါးဝါးဖြစ်လာပြီး သင်းပျံ့သောရနံ့များမှာလည်း ပိုများလာသည်။

နန်းမြကြည်သည် ဖန်လုံးကြီးကို စိုက်ကြည့်နေရာမှ သုပ်ရှားနေသောပုံရိပ်များကို စတင်တွေ့မြင်လာလေသည်။

သူသည်ဖန်လုံးအတွင်းမှာ မြင်နေရသောပုံရိပ်များကို မျက်တောင်မခတ်ဘဲနှင့် လိုက်လံကြည့်နေလေသည်။

ထိုသို့ကြည့်နေစဉ်မှာ ဝတ်ရုံဖြူကြီးကိုခြုံထားသော ဖြူဖြူသဏ္ဌာန်တစ်ခုက ရှေ့သို့ထွက်လာပြီးရပ်သည်။

ဝတ်ရုံကြီးကိုခြုံထားသည်ကတစ်ကြောင်း၊ ဖန်လုံးထဲမှာ ရပ်နေသည်ကတစ်ကြောင်း မျက်နှာပုံပန်းသဏ္ဌာန်ကိုတော့ သဲသဲကွဲကွဲမမြင်ရပေ။ သို့သော် တစ်နေရာမှတော့ အသံအချို့ကြားနေရသည်။ ဖန်လုံးကြီးရှိသောနေရာမှပင် ဖြစ်ပေသည်။

"နန်းမြကြည်. ."

"ရှင်. ."

သူမနာမည်ကိုခေါ် လိုက်သဖြင့် အလန့်တကြားပြန်ထူးလိုက်လေသည်။

"ငါ့အတွက် ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့တော့"

"ငါတော့ တမလွန်ဘဝကို ရောက်နေရပြီ"

"ကိုခွန်ဘရင်၊ ရှင်ဘယ်လိုဖြစ်ပြီးတော့ အသက်သေခဲ့ရတာလဲဟင်"

"ငါနဲ့အတူတွဲပြီးလုပ်နေတဲ့လူတွေက သစ္စာဖောက်လို့ သေခဲ့ရတာပါ၊ နောက်ပြီး ငါတို့ရထားတဲ့ကျောက်တွေက ခိုက်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်”

“ဘယ်လို ခိုက်တာလဲဟင်”

“မကောင်းဆိုးဝါးတွေပိုင်တဲ့ ကျောက်တွေဖြစ်နေတာကြောင့် ငါအခုလို ဘေးအန္တရာယ်ဆိုးနဲ့ အသက်သေခဲ့ရတာပဲ၊ မင်းလည်း ဒီကျောက်တွေကို အိမ်မှာကြာကြာမထားပါနဲ့၊ ပြန်ရောင်းပစ်လိုက်ပါ၊ ရတဲ့ငွေတွေနဲ့ ငါ့အတွက် ကုသိုလ်ကောင်းမှုတွေပြုလုပ်ပေးပါ၊ ဒီလိုလုပ်ပေးမှ ငါဒီဘဝကကျွတ်လွတ်ပြီး လူဘဝကိုပြန်ရောက်လာနိုင်မယ်”

ဖန်လုံးကြီးအတွင်းမှာပေါ်နေသည့် ဝိညာဉ်ပုံရိပ်ကို သဲသဲကွဲကွဲ မမြင်ရသော်လည်း ပြောနေသောအသံကိုတော့ သဲသဲကွဲကွဲကြားနေရလေသည်။

“ရှင်မှမရှိတော့တာ ကျွန်မကကျောက်တွေအကြောင်းကို သိပ်မှနားမလည်တာ ဘယ်သူ့ကိုရောင်းရမှာလဲ”

“ဒါတွေက ငါသိပါတယ်၊ မင်း စိတ်ပူစရာမလိုပါဘူး နောက်သုံးရက်ရက်ကြာရင် ရှမ်းပြည်ဘက်မှာနေတဲ့ ငါမိတ်ဆွေတစ်ယောက် ရောက်လာလိမ့်မယ်”

သူ့နာမည်က ခွန်ဘရွှေလို့ခေါ်တယ်၊ မှတ်ထားပါ”

“ဟုတ်.. ဟုတ်ကဲ့..”

“သူရောက်လာရင် အိမ်မှာလက်ခံပေးပြီး အကူအညီတောင်းရင် ကျောက်ကိစ္စတွေကို သူကပဲတာဝန်ယူဆောင်ရွက်ပေးပါလိမ့်မယ်”

“ကျေးဇူးတင်လိုက်တာ ကိုခွန်ဘရင်ရယ်၊ ရှင်က တ





လွန်ဘဝရောက်နေတာတောင်မှ ကျွန်မအတွက်ကူညီစောင့်ရှောက်ပေးနေတုန်းပဲနော်”

ထိုသို့ပြောသောအချိန်မှာပင် ဖန်လုံးထဲမှာပေါ်နေသော အဖြူရောင်ဝိညာဉ်ပုံရိပ်မှာ တဖြည်းဖြည်းနှင့် မှုံဝါးပျောက်ကွယ်သွားလေတော့သည်။

ကြားနေရသောအသံများလည်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ အတန်ကြာတော့ နေသာရထိုင်နေသောနေရာဘက်မှ အသံထွက်လာလေသည်။

“ခင်ဗျားသိချင်တာတွေ သိရပြီ၊ မြင်ချင်ကြားချင်နေတာတွေလည်း မြင်ရကြားရပြီမဟုတ်လား”

“ဟုတ်.. ဟုတ်ကဲ့”

“ဒါဖြင့် တမလွန်ဘဝရောက်နေတဲ့ ခင်ဗျားယောကျ်ားရဲ့ သဘောဆန္ဒအတိုင်း ဆောင်ရွက်ပေးလိုက်ပေါ့ဗျာ၊ အခုလို မြင်တွေ့ရတာ စိတ်မကောင်းပါဘူး”

ထို့နောက် နန်းမြကြည်လည်း အောက်ထပ်သို့ ပြန်ဆင်းလာခဲ့လေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ သူမနေသော အင်းလျားလမ်း၊ မြေအမှတ်(...)နေအိမ်သို့ ရှမ်းလူမျိုးဝတ်ဆင်သော အဝတ်အစားများ ဝတ်ဆင်ထားသော လူတစ်ယောက် ရောက်လာလေသည်။

ခွန်ဘရင်မရှိတော့သည့်နောက်တွင် အင်းလျားလမ်းနေအိမ်တွင် မြေစောင့်လင်မယားနှစ်ယောက်၊ အိမ်ဖော်မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ယောက်တို့သာ ရှိကြလေသည်။

နန်းမြကြည်ကတော့ သူတို့လေးယောက်ကိုသာ အဖော်ပြုနေရလေသည်။

ရောက်လာသူမှာ ခွန်ဘရွှေဆိုသူဖြစ်ပြီး ရှမ်းပြည်နယ်ဘက်မှဆင်းလာကြောင်း ပြောပြသောအခါ နန်းမြကြည် ကိုယ်တိုင်ထွက်ကြိုပြီး ဧည့်ခန်းမှာဧည့်ခံလေသည်။ ထိုလူမှာ အသက်(၃၅)နှစ်အရွယ်ခန့်သာရှိသေးပြီး ဥပဓိရုပ်ကောင်းသူတစ်ဦးဖြစ်လေသည်။

"ကျွန်တော်နာမည် ခွန်ဘရွှေလို့ခေါ်ပါတယ်၊ ကျွန်တော်ကကျိုင်းတုံမှာနေပါတယ်၊ အစ်ကိုခွန်ဘရင်နဲ့ ညီအစ်ကိုဝမ်းကွဲ တော်ပါတယ်"

ဟု ရှမ်းလေသံဝဲဝဲဖြင့် ပြောပြလေသည်။

နန်းမြကြည်ကတော့ ဝိညာဉ်ဘဝရောက်နေသည် ခွန်ဘရင်ပြောခဲ့သည့်အတိုင်း ခွန်းဘရွှေတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည့်အတွက် အံ့သြနေသည်။

ထို့ပြင် စိတ်လှုပ်ရှားခြင်းလည်း ဖြစ်နေလေသည်။

"ဒီကိုဘယ်လိုနည်းနဲ့ ရောက်လာတာလဲ"

"အစ်ကိုခွန်ဘရင်လာပြောပြလို့ သိရတာပါ"

"သူက ဘယ်လိုလာပြောတာလဲဟင်"

"ဝိညာဉ်ဘဝနဲ့ အိပ်မက်ပေးပြီး လာပြောတာပါ၊ သူလာပြောမှပဲ သူသေပြီဆိုတာကိုသိခဲ့ရတာပါ၊ ဒီအတွက် အတော်ပဲစိတ်မကောင်းဖြစ်ရပါတယ်"





"ဘယ်တတ်နိုင်ပါတော့မလဲရှင် ကံစီမံရာအတိုင်းပဲပေါ့၊ ဒါထက်သူကရှင့်ကို တခြားဘာတွေများ ပြောသွားသေးလဲ"

"ဟုတ်မဟုတ်တော့ ကျွန်တော်မသိဘူး၊ ဒီအိမ်မှာသူရှာထားပေးခဲ့တဲ့ ကျောက်မျက်ရတနာတွေ ရှိတယ်လို့ပြောတယ်၊ အဲဒီကျောက်မျက်ရတနာတွေက မကောင်းဆိုးဝါးတွေနဲ့ သက်ဆိုင်တာဆိုတော့ ခိုက်တာလို့ပြောတယ်"

ထိုစကားကြားတော့ နန်းမြကြည်က တအံ့တသြဖြင့် ကြည့်နေလေသည်။

"ဒီကျောက်တွေကို ယူထားတဲ့လူတွေဟာ အန္တရာယ်တွေနဲ့တွေ့ပြီး သေကြရတယ်လို့လည်း ပြောသွားပါတယ်၊ ကျွန်တော်လည်း ဒီအကြောင်းမျိုးတွေတော့ သေသေချာချာ နားမလည်ပါဘူး"

"ဒါဖြင့် ရှင် သူနဲ့တွေ့ခဲ့တယ်ဆိုတာ အမှန်ပဲပေါ့"

"တွေ့ခဲ့တာတော့ အမှန်ပဲဗျ၊ ဒါပေမယ့် ဒီကိုသာလာခဲ့ရတယ်၊ ဟုတ်မှဟုတ်ပါ့မလားလို့ စိတ်ထဲကထင်နေမိတာ. . ဒီရောက်မှပဲ"

"ဟုတ်ပါတယ် ရှင်ပြောတဲ့အတိုင်း ကျောက်တွေရှိတာအမှန်ပါပဲ၊ ဒါပေမယ့်ကျွန်မအနေနဲ့ ဘယ်လိုလုပ်ရမှန်းမသိလို့ဒီအတိုင်းပဲသိမ်းထားရတယ်၊ အခု ရှင်ရောက်လာပြီးဆိုတော့ အဆင်ပြေသွားပြီ"

ဟု ပြောကာ ကျောက်များကိုထုတ်ခွဲရောင်းချရန် တိုင်ပင်ဆွေးနွေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ရက်မှစပြီး ခွန်ဘရွှေမှာ ထိုအိမ်မှာပင်တည်းခိုနေထိုင်ကာ ကျောက်များရောင်းချရန်အတွက် စုံစမ်းသမှုပြုလေတော့သည်။

ရောက်စရက်များမှာတော့ ဧည့်သည်တစ်ယောက်လိုသာနေသော်လည်း ရက်အနည်းငယ်ကြာသောအခါ ခွန်ဘရွှေမှာ နန်းမြကြည်နှင့် ရင်းနှီးမှုရလာလေတော့သည်။

ခွန်ဘရွှေမှာ ခွန်ဘရင်နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သည်ကတစ်ကြောင်း၊ ရုပ်ရည်ကခန့်ညားမှုရှိပြီး အပြောကလည်း ချိုသာသဖြင့် နန်းမြကြည်ကိုယ်တိုင်ကပင် သံသယမရှိတော့ဘဲ ရင်းနှီးစွာဆက်ဆံလေသည်။

တစ်ညမှာတော့ နန်းမြကြည်အခန်းထဲသို့ ခွန်ဘရွှေ ရောက်လာပြီး ဤသို့ပြောလေသည်။

"နန်းမြကြည် . . အစ်ကိုမရှိတော့တဲ့နောက်ပိုင်း မင်းမှာလည်း အားကိုးမရှိတော့ဘူး၊ လောကအလယ်မှ တစ်ယောက်တည်းနေလို့ မသင့်တော်ဘူး၊ မင်းကိုစောင့်ရှောက်ပေးပါရစေ"

"အို . . ကိုခွန်ဘရင်သေသွားတာတောင် နှစ်မကူးသေးဘူး၊ တော်ကြာပတ်ဝန်းကျင်ကတစ်မျိုးထင်ပြီး ပြောကြလိမ့်မယ်"

"ငါကလည်း ချက်ချင်းစီစဉ်ဖို့ ပြောတာမဟုတ်ပါဘူး မင်းသဘောတူရင် အချိန်စောင့်ပေးပါ့မယ်၊ သင့်တော်တဲ့အချိန် ရောက်တော့မှ လူကြီးတွေအသိပေးပြီးတော့ လက်ထပ်ယူပါ့မယ်"

ဟု ပြောလေရာ မဆွတ်ခင်ကတည်းက ညွတ်ချင်နေ





သော နန်းမြကြည်မှာ မငြင်းသာတော့ပေ။

နောက်ပိုင်းမှာတော့ ခွန်ဘရွှေနှင့် နန်းမြကြည်တို့သည် အတူတကွနေထိုင်ကြပြီး ကျောက်များရောင်းချမည့် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေသည်။

တစ်နေ့မှာတော့ ခွန်ဘရွှေတစ်ယောက် ကျောက်များရောင်းချမည်ဟုပြောပြီး ကျောက်ထုပ်ကိုယူဆောင်ပြီးထွက်သွားရာ ပြန်မရောက်လာတော့ပေ။

ရက်အတော်ကြာတော့မှ နန်းမြကြည်ထံသို့သတင်းတစ်ခုရောက်လာလေသည်။

ခွန်ဘရွှေမှာကျောက်ရောင်းချရန်သွားရင်းနှင့် လူဆိုးများနှင့်တွေ့ရာမှ အသတ်ခံခဲ့ရပြီး ကျောက်မျက်ရတနာများမှာလည်း လူဆိုးများလက်သို့ ပါသွားပြီးဆိုတော့ သတင်းပင်ဖြစ်ပေသည်။

နန်းမြကြည်တစ်ယောက်မှာ ယောကျ်ားသေပြီး နှစ်မကူးခင်မှာ နောက်ထပ်မြွေပါလည်းဆုံး၊ သားလည်းဆုံးအဖြစ်မျိုးနှင့် ကြုံတွေ့ရပြီး ပူဆွေးသောကရောက်ရလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ခဲ့ပြီး နောက်ရက်အနည်းငယ်ကြာသောအခါမှာတော့ နန်းမြကြည်တစ်ယောက် ၎င်းနေသောအိမ်မှာပင် ကြိုးဆွဲချကာ သေဆုံးသွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၄ ]

# မမြင်ရသော အန္တရာယ်များ

တစ်နေ့သ၌ ဟာ့မစ်တစ်လမ်းအတွင်း၌ရှိသော ခြံကျယ်ကြီးတစ်ခြံရှိရာသို့ လူသုံးယောက်တို့ ရောက်လာကြလေသည်။ ထိုခြံကျယ်ကြီးအတွင်းမှာလည်း ရှေးခေတ်လက်ရာဖြင့် ဆောက်ထားသော နှစ်ထပ်တိုက်ကြီးတစ်လုံး ရှိလေသည်။

ခြံဝန်းမှာအတော်ပင် ကျယ်ဝန်းလှပြီး သစ်ပင်ဝါးပင်ကြီးများက နေပြောက်မထိုးအောင် ကောင်းလှသည်။

ဟာမစ်တစ် တစ်ဝိုက်မှာ မြေသားညီသောနေရာ နည်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ဝိုက်တွင် ချိုင့်ဝှမ်းများ၊ တောင်ကုန်းများသာရှိပြီး လူနေအိမ်ခြေမများလှဘဲ သစ်တောဝါးတောကြီးများသာ ဖုံးလွှမ်းနေလေသည်။

ကမ္ဘာအေးစေတီလမ်းတစ်လျှောက်သာ မြေမြင့်ပြီး အရှေ့ဘက်တစ်ကြောမှာတော့ ချိုင့်ဝှမ်းနှင့် မြေနိမ့်ပိုင်းများသာ ရှိသည်။

ဟာမစ်တစ်လမ်းမှာ ကမ္ဘာအေးဘုရားလမ်းဘက်မှ ကြည့်ပါက အောက်ဘက်သို့ဆင်းသွားသော လမ်းသွယ်ကလေး တစ်လမ်းမျှသာဖြစ်သည်။ ယခု ကွန်ဒိုကြီးများဆောက်ထားသော နေရာတစ်ဝိုက်မှာပင် သစ်တောများသာရှိလေသည်။

လမ်းဘေးတစ်ဖက်တစ်ချက်မှာတော့ သစ်ပင်ဝါးပင်ကြီးများက အုပ်မိုးနေပြီး လူနေသောခြံနှင့်ခြံဝန်းထဲတွင် ဆောက်ထားသောအိမ်များရှိသည်။ အများအားဖြင့်တော့ တိုက်အိမ်များသာဖြစ်သည်။

အချို့အိမ်များမှာ လူနေထိုင်ပြီး အချို့အိမ်များမှာတော့ ပိုင်ရှင်များမနေကြဘဲ ခြံစောင့်ဒရဝမ်တို့ဖြင့်သာ ထားကြလေသည်။ ထိုလမ်းတစ်လျှောက်မှာရှိကြသော ခြံများမှာခြံကျယ်ကြီးများ ဖြစ်ကြသည်ကတစ်ကြောင်း၊ သစ်ပင်ဝါးပင်များ ခံနေသည်ကတစ်ကြောင်း တစ်အိမ်နှင့်တစ်အိမ် မမြင်နိုင်၊ မတွေ့နိုင်ကြပေ။

ထိုလမ်းတစ်လျှောက်တွင်ရှိကြသော နေအိမ်အတော်များများမှာ ကုလားသူဌေးများ ပိုင်ဆိုင်ကြလေသည်။

ကုလားသူဌေးအတော်များများမှာ မယားကြီးအပြင် မယားငယ်များလည်းရှိကြပေရာ ထိုအိမ်များမှာ မယားအငယ်အနှောင်းများဖြင့် လာရောက်နေထိုင်ရာ နေရာများပင်ဖြစ်ပေသည်။





ကျန်အချိန်မှာတော့ တကူးတကလာရောက်နေထိုင်ခြင်းမရှိဘဲ ဒရဝမ်များနှင့်သာ ထားလေသည်။ ၄င်းတို့ကတော့ မြို့လည်တိုက်ခန်းများ၌သာ အနေများကြလေသည်။

ယခု လူသုံးယောက်ရောက်လာသောခြံမှာ ကုလားသူဌေးတစ်ဦးပိုင်သော တိုက်အိမ်ဖြစ်ပြီး ပိုင်ရှင်က အိန္ဒိယသို့ပြန်သွားပြီဖြစ်သောကြောင့် ကိုယ်စားလှယ်ဖြင့်သာထားသော အိမ်ဖြစ်သည်။

ယခုလာသောလူသုံးယောက်တို့မှာ တစ်ယောက်က သူဌေးကိုယ်စားလှယ် ကုလားလူမျိုးတစ်ဦးဖြစ်ပြီး ကျန်နှစ်ယောက်က ဗမာလူမျိုးများဖြစ်ကြသည်။

ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ဖြစ်ပြီး အိမ်ငှားမည့်သူများ ဖြစ်ပေသည်။ ယောကျ်ားအမည်က ကိုဘရွှေဖြစ်ပြီး၊ မိန်းမနာမည်က ရီရီဆိုသူပင်ဖြစ်၏။ နှစ်ဦးစလုံး အသက် (၃၀)ကျော်အရွယ်သာရှိကြသေးသည်။

ခြံစောင့်ဒရဝမ်က ကိုယ်စားလှယ်မောင်စိန်ကို မြင်သောအခါ အလျင်အမြန်ထွက်လာပြီး တံခါးဖွင့်ပေးသည်။

"ငှားမှာတော့ ဒီတိုက်ကြီးပဲဗျ၊ အထဲမှာ အိမ်ထောင်ပရိဘောဂတွေလည်း အစုံအလင်ရှိတယ်၊ အေးအေးဆေးဆေးနေချင်တဲ့သူတွေအတွက်တော့ အကိုက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်သေးတာပေါ့ဗျာ"

ကိုဘရွှေက ပြောသောအခါ ကိုယ်စားလှယ်မောင်စိန်က အိမ်တံခါးကို သော့ဖွင့်ပြီး လိုက်လံပြသလေသည်။

သူပြောသကဲ့သို့ပင်. . ၊

တိုက်အိမ်ကြီးမှာ နှစ်ထပ်အိမ်ကြီးဖြစ်သည့်အပြင် အပေါ်ထပ်အောက်ထပ်တွင် အိပ်ခန်းများရှိလေသည်။

အိပ်ခန်းတိုင်းမှာပင် ဗီရို၊ ကုတင်၊ မွေ့ယာ၊ မှန်တင်ခုံစသည့်အသုံးအဆောင်ပစ္စည်းများ ပြည့်စုံစွာထည့်သွင်းထားလေသည်။ ဧည့်ခန်းမှာလည်း ဆိုဖာဆက်တီ၊ စားပွဲ၊ ဗီရိုစသောအသုံးအဆောင်ပစ္စည်းများ ပြည့်စုံစွာရှိလေသည်။

မီးဖိုဆောင်နှင့် ရေချိုးခန်းအိမ်သာစသောနေရာများမှာလည်း သက်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများ ပြည့်စုံစွာရှိကြပေသည်။

"မြို့ထဲမှာဆိုရင်တော့ ဒီလိုလုံးချင်းအိမ်မျိုးရဖို့မလွယ်လှဘူး၊ ရရင်တောင်အပေါ်ထပ်အောက်ထပ်နေရတာတို့ တစ်ခန်းစီနေရတာမျိုးပဲရမယ်၊ ဒီလိုတော့လွတ်လွတ်လပ်လပ် ကျယ်ကျယ်ဝန်းဝန်းအိမ်မျိုး ရမှာမဟုတ်ဘူး"

ကိုယ်စားလှယ်က အိမ်နှင့်ပတ်သက်သည့် ကောင်းသောအချက်များကိုသာ ရွေးပြီးပြောသည်။

ခြောက်ချသောနေရာမျိုးဖြစ်ပြီး၊ ရန်ကုန်မြို့တွင်းသို့ အလွယ်တကူသွားလာ၍ မရနိုင်သောအားနည်းချက်များကိုတော့ ယောင်၍မှ ထည့်မပြောပေ။





ကိုဘရွှေကတော့ သူပြောသမျှခေါင်းညိတ်ပြီး သာနားထောင်နေလေသည်။

အမှန်ပြောရလျှင်တော့ ကိုဘရွှေတို့မိသားစုအနေဖြင့်တစ်သက်လုံးယခုငှားမည့် တိုက်အိမ်မျိုးတွင် နေထိုင်ဖူးခြင်းမျိုးမရှိခဲ့သေးပေ။

ယခုမှသာအခြေအနေကောင်းတစ်ခုနှင့် ကြုံပြီးနေ့ချင်းညချင်းကြီးပွားချမ်းသာလာပြီး၊ သူဌေးပေါက်စဘဝမျိုး ရောက်လာသဖြင့် ထိုကဲ့သို့ငှားရမ်းနေနိုင်ကြခြင်းပင်ဖြစ်ပေသည်။

ဒါကလည်း ၎င်း၏ဆရာဖြစ်သူ မော်ဆရာကြီးနေသာရကောင်းမှုကြောင့်ပင်ဖြစ်ပေသည်။

နေသာရက သူ့အတွက် အစစအရာရာအားကိုးရသောဆရွှေကို သူနေသောနေရာနှင့် မနီးမဝေး၌အိမ်ငှားနေရန် ပြောသဖြင့် ကုက္ကိုင်းနှင့်မဝေးလှသော ဟာမစ်တစ်ထဲတွင် လာရောက်ကာ အိမ်ငှားနေကြခြင်းဖြစ်ပေသည်။

"ဘယ်လိုလည်း သဘောကျရဲ့လား"

"သဘောကျပါတယ်၊ တိုက်လခကိုလည်း ပြောပါဦး"

"မများပါဘူး၊ တစ်လမှ ငါးဆယ်ပါပဲ၊ ငှားဖြစ်ရင်တော့ တစ်နှစ်စာကျသင့်ငွေ ခြောက်ရာကို ကြိုတင်ပေးရပါ့မယ်"

ထိုခေတ်အချိန်က ငွေ (၅ဝ/-)၏တန်ဖိုးမှာ မနည်းလှပေ။ ရွှေတစ်ကျပ်သားမှ (၁၅)ကျပ်ထက်ပိုမပေးရသော ခေတ်ဖြစ်ပေရာ အိမ်ငှားခတစ်လစာမှာ ရွှေသုံးကျပ်သားခန့်တန်ကြေးရှိပေသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကိုဘရွှေတို့ထံတွင် အချောင်ရထား
သော ငွေအတော်များများရှိနေပေရာ မှုလောက်စရာတော့ မရှိ
လှပေ။

"မများဘူးလား၊ နည်းနည်းတော့လျှော့ပေးပါဦး"

"မလျှော့တော့ပါဘူး၊ ကျွန်တော်ကလည်း သူဌေးမှာ
ထားတဲ့အတိုင်းပဲ ငှားပေးရတာပါ၊ ကျွန်တော်ရတာမဟုတ်ပ
ဘူး၊ ကျွန်တော့်အတွက် သဒ္ဒါကြေးမပေးချင်ရင်နေပါ၊ အိမ်လ
ကတော့ မလျှော့တော့ပါဘူး"

ကိုယ်စားလှယ်မောင်စိန်က ယခုကာလအခါ အကျ
ဆောင်ခ (ပွဲစားခ)မယူဘဲလျှော့ပေးမည်ပြောသဖြင့် နောက်ထ
စျေးဆစ်ရန် မသင့်တော့သဖြင့် တစ်နှစ်စာငှားရမ်းပါမည်
ကတိပေးလိုက်ရပေတော့သည်။

ကိုဘရွှေတို့ မိသားစုမှာ လေးယောက်ရှိသည်။

၎င်းတို့ လင်မယားနှစ်ယောက်အပြင် သားတစ်ယော
သမီးတစ်ယောက် ရှိသည်။

ထို့နောက်မှာတော့ ကိုဘရွှေတို့မိသားစုများမှာ ဟာ
တစ်လမ်းအတွင်းမှာရှိသော ငှားရမ်းသည့်နေအိမ်သို့ ပြောင်းရွှေ
နေထိုင်ကြသည်။

ကိုဘရွှေအလုပ်လုပ်သောနေရာမှာ အခြားမဟုတ်
ကုက္ကိုင်းလမ်း၌ အကြားအမြင်ဟောနေသော မော်ဆရာ နေ
ရထံ၌ဖြစ်ပေသည်။

ကိုဘရွှေက နေသာရ၏လက်ထောက်တပည့်တ





ဖြစ်လေသည်။

တစ်လောက အင်းယားလမ်းဘက်မှာနေသော မုဆိုးမ
တစ်ယောက်ထံမှ ကျောက်မျက်ရတနာများရသဖြင့် နေသာရက
၎င်းအားရောင်းချရသောငွေမှ ငွေအတော်များများခွဲဝေပေးခဲ့
လေသည်။

ကျောက်မျက်ရတနာများ ရောင်းချ၍ရသောငွေမှာ
ည်သို့မည်မျှရှိသည် မသိရသော်လည်း ဆရာဖြစ်သူနေသာရ
ခွဲဝေပေးသောငွေမှာများသဖြင့် များစွာကျေနပ်နေကြလေ
သည်။

နေသာရထံတွင် လက်သပ်မွေးထားသော တပည့်အ
တော်များများရှိကြသည်။ ထိုတပည့်များအား သူ့နေရာနှင့်သူ
အသုံးချလေသည်။

အချို့ကိုသတင်းအချက်အလက် ထောက်လှမ်းသော
နေရာ၌အသုံးပြုလေသည်။

နေသာရထံတွင်မေးမြန်းရန် စာရင်းပေးထားသောသူ
များ၏ အတွင်းရေးများ၊ သတင်းအချက်အလက်များကို တပည့်
များကစုံစမ်းပြီးရရှိသော အချက်အလက်တို့ကို နေသာရထံသို့
ပေးရသည်။ နေသာရကဟောပြောရာတွင် ထိုအချက်အလက်
များကို အသုံးပြုလျက်ဟောပြောပေးခြင်းဖြစ်သည်။

နတ်ကိုယုံကြည်သူကို နတ်ဖြင့်ခြောက်လှန့်ပြောဆို၍
သော်လည်းကောင်း၊ ဝိညာဉ်လောကကို ယုံကြည်လက်ခံသူဆိုပါ
က ဝိညာဉ်များအကြောင်း ပြောဆို၍သော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



နဂါး၊ ဥစ္စာစောင့်၊ သိုက်စောင့်စသည့် ပရလောကသားများကိုယုံကြည်သူဆိုပါက ထိုအကြောင်းများကိုပြောဆို၍သော်လည်းကောင်း၊

တမလွန်လောကကို ယုံကြည်သူ၊ အစွဲအလမ်းကြီးသူများနှင့်တွေ့ပါကလည်း ၎င်းတို့နှင့်သက်ဆိုင်သောအကြောင်းများကို ဟောပြောပေးခြင်းဖြင့် နာမည်ကြီးလာခြင်းဖြစ်သည်။

ထိုသို့သူ့ထံတွင်လာမေးသူများထဲမှ ငွေကြေးချမ်းသာသူများပါလာပါက နည်းလမ်းပေါင်းစုံအသုံးပြုပြီး ရွှေငွေရတနာတို့ကိုရအောင် ကြံစည်တတ်ကြပေသည်။

နန်းမြကြည်ထံမှ ရတနာများရစေရန် ကိုဘရွှေက ခွန်ဘရွှေအသွင်ပြောင်းကာ ကြံစည်ယူခဲ့ခြင်းဖြစ်သည်။

နန်းမြကြည်ခမျာမှာတော့ ယောကျ်ားသေပြီးနောက် ကျောက်မျက်ရတနာများပါ ဆုံးရှုံးသွားခဲ့ရသဖြင့် မိမိကိုယ်ကိုသတ်သေရသည်အထိ အဖြစ်ဆိုးနှင့် ကြုံတွေ့သွားခဲ့ရပေသည်။

နန်းမြကြည်သေဆုံးခဲ့ပြီးနောက် ရရှိခဲ့သောကျောက်မျက်ရတနာတို့ကို ထုခွဲရောင်းချပြီး ခွဲဝေယူကာ ယခုကဲ့သို့အေးအေးချမ်းချမ်း နေလာနိုင်ကြခြင်းဖြစ်ပေသည်။

ဘရွှေတို့မိသားစုမှာ ဟာမစ်တစ်လမ်းမှတိုက်ကြီးသို့ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီးနောက်ပိုင်း အေးအေးချမ်းချမ်းပင် ရှိနေကြလေသည်။

နံနက်ပိုင်းအချိန်ဆိုလျှင် ကိုဘရွှေက ဆရာကြီးနေအိမ်သို့ သွားရလေသည်။ ထိုအခါအိမ်ကြီးတွင် ရီရီတို့သားအမိသုံး





ယောက်သာ ကျန်ခဲ့ကြသည်။

သူတို့မိသားစုရောက်လာသောအချိန်မှာလည်း ခြံထောင့်တွင် တဲတစ်လုံးနှင့် ဒရဝမ်ကုလားအဘိုးကြီးကတော့သူ့နေရာမှာပင် နေမြဲဆက်နေလေသည်။

တစ်နေ့သ၌ နေ့လည်ဘက်အချိန်တွင် လမ်းမဘက်မှအော်သံပေါ် ထွက်လာလေသည်။

"ကလေးကစားစရာ အရုပ်မျိုးစုံပါတယ်. ."

ထိုအသံမှာ အသက်ကြီးကြီးလူတစ်ယောက် အော်လိုက်သည့်အသံမျိုးပင်ဖြစ်ပေသည်။

"အရုပ်လှလှကလေးတွေပါတယ် ဝယ်ကြဦးမလား"

ထိုအချိန်တွင် တိုက်ရှေ့မှာကစားနေသော ကိုဘရွှေ၏သမီးငယ်ဖြစ်သူ ရွှေရည်ကြားသဖြင့် ခြံပေါက်ဝသို့ ပြေးသွားလေသည်။ ရွှေရည်မှာအသက် (၁၀)နှစ်အရွယ်ခန့်သာရှိသေးသည်။

"အရုပ်သည်ကြီးလာပါဦး၊ ဒီကိုလာပါဦး"

သူ့အသံကြားသဖြင့် အရုပ်ရောင်းသောအဘိုးကြီးကခြံပေါက်ဝမှာရပ်စောင့်ပေးသည်။

ရွှေရည် တံခါးပေါက်နားရောက်လာတော့ နောက်ကမိခင်ဖြစ်သူရီရီကပါ လိုက်လာသည်။

"ဟဲ့. . သမီး ဘာလုပ်မလို့လဲ"

"ဒီမှာ အရုပ်သည်လာနေလို့ အရုပ်ဝယ်ပေးပါ"

ဟု ပူစာသဖြင့် ဘေးတံခါးချပ်ကိုဖွင့်ပြီး အရုပ်ဝယ်ကြသည်။ ခြင်းထောင်းထဲမှာတော့ အရုပ်မျိုးစုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှာမှ အတော်ပင်လှပသောအရုပ်တစ်ရုပ်ပါလေသည်။ ဝဝကစ်ကစ်နှင့် ချစ်စဖွယ်အမူအယာရှိသော ဗိုလ်မရုပ်ကလေးပင်ဖြစ်၏။

"ဒီအရုပ်ကလေးက လှတယ်၊ မျက်နှာကလည်း အမူအယာအမျိုးမျိုး ပြောင်းတတ်တယ်"

"ဟင်. . ဟုတ်လား၊ ဒါဖြင့် အဲဒီအရုပ်ယူမယ်"

ဟု ပြောသဖြင့် မိခင်ဖြစ်သူက ဝယ်ပေးလိုက်သည်။

ရွှေရည်က ထိုအရုပ်ကို သူအိပ်သောအခန်းထဲမှာ ထည့်ထားလေသည်။ ရွှေရည်အိပ်သောအခန်းမှာ အပေါ်ထပ်၌ဖြစ်ပြီး၊ အစ်ကိုဖြစ်သူ ထွန်းအောင်အိပ်သောအခန်းနှင့် မျက်နှာချင်းဆိုင်၌ ရှိလေသည်။

ညအချိန်ရောက်တော့ ရွှေရည်ကဗိုမရုပ်ကလေးကို သူအိပ်သောကုတင်ဘေးမှာရှိသည့် စားပွဲပေါ်၌ တင်ထားလေသည်။

"အရုပ်သည်ကြီးကပြောသွားတယ်၊ ဒီဗိုမရုပ်ကလေးကမျက်နှာအမူအယာပြောင်းသွားတတ်တဲ့၊ ဟုတ်မဟုတ် ကြည့်ရမယ်"

ဟု ဗိုမရုပ်မျက်နှာကို သေသေချာချာစိုက်ကြည့်သောအခါ မျက်လုံးပြူးပြူးနှင့် သူ့ကိုပြန်ကြည့်နေသည်။

ထိုမျှသာမကဘဲ ပါးစပ်ကပြုံးလာသလိုလို၊ ရယ်လာသလိုလိုဖြစ်လာလေသည်။

"အင်း. . သူပြောသွားတာ ဟုတ်သားပဲ"





ဟု ရေရွတ်လိုက်သည်။

သို့သော်လည်း ဆက်မကြည့်ဝံ့တော့သဖြင့် မကြည့်တော့ပေ။ နောက်တော့ အိပ်ပျော်သွားလေသည်။

ထိုအခိုက်မှာပင် နားထဲမှာ ခေါ်သံလိုလို ကြားရသဖြင့် မြန်လန့်နိုးလာသည်။

"ဟေ့. . ထဦး၊ ထဦးလေ ငါ့ကိုကြည့်ပါဦး"

ထိုအသံကြောင့် ပြန်နိုးလာပြီးကြည့်လိုက်တော့ သူ့နံဘေးမှာ ဘယ်သူမှမရှိပေ။

အသံကြားလိုက်ရသည်မှာ ဗိုမရုပ်ကလေးတင်ထားသောနေရာဘက်ဆီမှာဖြစ်သည်။

ထိုနေရာသို့ကြည့်လိုက်တော့ ဗိုမရုပ်ကလေးက သူ့ဘက်သို့ ကျောပေးလျက်သားရှိနေလေသည်။

"ဘာကြောင့် ဟိုဘက်မျက်နှာလှည့်နေတာပါလိမ့်"

ဟု တွေးနေစဉ်မှာ ဗိုမရုပ်ကလေးက သူရှိရာဘက်သို့ အဖြည်းဖြည်းလှည့်လာလေသည်။ ထိုမျက်နှာကို မြင်သောအခါ အသံမအော်မိစေရန် ပါးစပ်ကိုလက်ဝါးဖြင့် အုပ်ထားလိုက်သည်။

ဗိုမရုပ်မျက်နှာမှာ နေ့လည်ကမြင်ရသောမျက်နှာမျိုး မဟုတ်တော့ပေ။ နီကြောင်ကြောင်ဆံပင်ရှည်များက မျက်နှာပေါ် ကျနေသည်။ မျက်လုံးနှစ်ဘက်မှာ မျက်ကွင်းညိုကြီးများ ဖြစ်နေပြီး အပြင်သို့ ပြူးထွက်နေသည်။

မျက်ရည်ကဲ့သို့ စီးကြောင်းများကျနေသည်။

ပြုံးနေသောပါးစပ်ပေါက်က ပိုပြဲထွက်လာပြီး သွားများ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်နေရာ သွားဖြီးပြနေသကဲ့သို့ ဖြစ်နေသည်။

ရွှေရည်က ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြည့်နေစဉ်မှာ အသံထွက်လာလေသည်။

"ငါ မလှဘူးလား"

"........"

"နင် ငါနဲ့လိုက်နေမှာလား"

"ဟင့်အင်း . . မလိုက်ဘူး၊ မလိုက်ချင်ဘူး"

"မလိုက်ချင်လည်းလိုက်ရမှာပဲ၊ မနေချင်လည်းနေရမှာပဲ"

ထိုသို့ပြောကာသူမရှိရာဘက်သို့ တဖြည်းဖြည်းရွေ့လာလေသည်။ ထို့အတူ ဘိုမရုပ်၏ မျက်နှာမှာလည်း သရဲသဘက်မျက်နှာမျိုးကဲ့သို့ဖြစ်လာကာ ကြောက်မက်ဖွယ်ရာအသွင်မျိုး ဖြစ်လာတော့သည်။

ထိုအချိန်ရောက်သောအခါမှ ရွှေရည်တစ်ယောက် ကြောက်ကြောက်လန့်လန့်ဖြင့် အော်ဟစ်လိုက်လေတော့သည်။

"အမယ်လေး လာကြပါဦး၊ ကယ်ကြပါဦး . . ဒီ . . ဒီမှာ"

ထိုအော်သံကြောင့် ရှေ့အခန်းမှာရှိနေသော အစ်ကိုဖြစ်သူနှင့် အဖေအမေတို့ပါ အပေါ်ထပ်ရောက်လာကြသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ထိုသို့မေးပြီး စေ့ထားသောတံခါးချပ်ကို တွန်းဖွင့်လိုက်သောအခါ ကုတင်နံဘေးမှာ ခွေခွေကလေးလဲကျနေသော ရွှေရည်ကိုတွေ့ရသဖြင့် ဖခင်ဖြစ်သူက ပွေ့ယူလိုက်သည်။





ရွှေရည်မှာ အသက်မရှိတော့ပေ။

ကြောက်စရာကောင်းသော အရာတစ်ခုကို တွေ့မြင်ခဲ့ရဟန်ဖြင့် မျက်လုံးနှစ်လုံးမှာ အဆမတန်ပြူးထွက်နေလေသည်။

ဆံပင်များကလည်း ဖွာရာကြဲကျနေသည်။

ကြောက်လန့်တကြား အော်ဟစ်နေစဉ်မှာ အသက်ထွက်သွားသဖြင့် ပါးစပ်မှာ ပြန်မစေ့နိုင်သေးဘဲ အဟောင်းသားဖွင့်နေလေသည်။

မျက်လုံးနှစ်လုံးနှင့် ပါးစပ်ထောင့်စွန်းနေရာမှ သွေးများစီးကျနေလေသည်။

"ဘယ်လိုဖြစ်တာလဲ"

"ကြောက်လန့်စရာတစ်ခုခုတွေ့လို့ အကြောက်လွန်ပြီး နှလုံးသွေးရပ်ပြီး သေသွားတာဖြစ်မယ်၊ ဖြစ်ရလေသမီးလေးရယ်"

ထို့နောက်မှာတော့ တိုက်ကြီး၏အပေါ်ထပ်မှ ဆူဆူညံညံငိုသံများ ပေါ်ထွက်လာလေတော့သည်။

သူတို့ငိုသံများကိုတော့ တိုက်ကလုံသည်ကတစ်ကြောင်း အခြားနေထိုင်သူများကလည်း ကွာဝေးလှသဖြင့် မကြားနိုင်ကြပါချေ။

"ကျွန်မသမီးလေးကို ဘယ်လိုမကောင်းဆိုးဝါးကများ သာပြီးနှိပ်စက်သွားတာလဲ ကိုဘရွှေရယ် . ."

ထိုသို့ပြောဆိုငိုကြွေးနေစဉ်မှာ ရီရီမှာတစ်စုံတစ်ခုကို သတိခနဲသတိရလိုက်သဖြင့် နောက်ဘက်သို့လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမစိတ်ထဲတွင်နောက်မှ တစ်စုံတစ်ယောက်က စိုက်ကြည့်နေသကဲ့သို့ ကျောထဲမှာစိမ့်ခနဲဖြစ်သွားသဖြင့် လှည့်ကြည့်လိုက်ခြင်းဖြစ်သည်။ နောက်ဘက်မှာတော့ ဘယ်သူမှမရှိပေ။

စားပွဲပေါ်မှာတော့ ရွှေရည်တင်ထားခဲ့သော ဘိုမရုပ်ကလေးသာရှိနေသည်။

သူမစိတ်ထဲမှာတော့ စားပွဲပေါ်မှာတင်ထားသော ဘိုမရုပ်ကလေးမှာ နေ့လည်ကအတိုင်းပင် ရှိနေသည်ဟု ထင်မိလေသည်။ မီးရောင်က ခတ်မှိန်မှိန်သာရှိသောကြောင့်လည်း သဲသဲကွဲကွဲမမြင်ရတာလည်းပါသည်။

အကယ်၍သာ ထိုအရုပ်ကလေးအနားသို့ ကပ်ကြည့်ပါက အရုပ်၏နှုတ်ခမ်းတစ်ဝိုက်မှာ လောလောဆယ်စွန်းပေနေသောသွေးစများကို တွေ့ရမည်ဖြစ်ပေသည်။

ဟာမစ်တစ်လမ်း၌ရှိသော တိုက်အိမ်ကြီးသို့ သူတို့မိသားစုပြောင်းရွှေ့နေထိုင်ကြသည်မှာ လပိုင်းပင်ရှိခဲ့ကြပေပြီ။ ယခုတွေ့ကြုံရသော အဖြစ်အပျက်မှာ ပထမဆုံးတွေ့ကြုံရသောအဖြစ်ဆုံးဖြစ်သည်။

နောက်ထပ်မည်ကဲ့သို့သော အဖြစ်ဆိုးများနှင့်ထပ်မံကြုံတွေ့ရဦးမည်တော့ ကြိုတင်မသိနိုင်ကြပါချေ။









## အခန်း [ ၅ ]

# မှင်ငါးမှင် ဆင်ငါးဆင် အဓိဋ္ဌာန်

ကမ္ဘာပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်ပေါင်းများစွာ၊ စေတီပုထိုးပေါင်းမြောက်များစွာ ရှိကြသည့်အနက် ထိုအထဲတွင် မြန်မာနိုင်ငံလည်း တစ်နေရာပါဝင်လေသည်။

ထေရဝါဒ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သော နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှပါဝင်သည်ဟု ဆိုရပေမည်။

ထိုကဲ့သို့ပင် ဗုဒ္ဓရုပ်ပွားတော်နှင့် စေတီပုထိုးများစွာရှိသောနိုင်ငံစာရင်းမှာလည်း မြန်မာနိုင်ငံသည် ထိပ်ဆုံးနေရာမှပင်ပါဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားထင်ရှားသော စေတီပုထိုးများရှိကြသည်ဆိုသော်လည်း ရွှေတိဂုံစေတီတော်ကြီးလို စေတီတော်မျိုးမှာ မည်သည့်နိုင်ငံမှာမှမရှိပေ။ ရွှေတိဂုံစေတီတော်ကြီးနှင့် အရွယ်တူ၊ ဆိုဒ်တူပုံ သဏ္ဌာန်တူပြုလုပ်ကြသော်လည်း မတူနိုင်သောအချက်များစွာ ရှိကြပေသည်။

ရွှေငွေကျောက်မျက်ရတနာများ ပြည့်စုံအောင်ထည့်နိုင်သည့်ထားဦးတော့၊ ဌာပနာအဖြစ်တည်ရှိနေသော ပွင့်တော်မူခဲ့ပြီးသည့် မြတ်စွာဘုရားလေးဆူတို့၏ ဆံတော်ဓာတ်တော်၊ မွေတော်တို့ကတော့ မည်သည့်နေရာ၊ မည်သည့်စေတီတော်၌မှ ရှိနိုင်မည်မဟုတ်ပေ။

(၁) အရှေ့ဘက်မုခ်တွင် ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်ရှိသည်။

(၂) အနောက်ဘက်မုခ်တွင် ကဿပမြတ်စွာဘုရား၏ ရေသနုပ် သင်္ကန်းတော်။

(၃) တောင်ဘက်မုခ်တွင် ကောဏာဂုဏ်မြတ်စွာဘုရား၏ ရေစစ်တော်၊

(၄) မြောက်ဘက်မုခ်တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူ ကိန်းဝပ်စံပွါယ်တော်မူလျက်ရှိပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကိန်းဝပ်စံပွါယ်လျှက်ရှိကြသောဓာတ်တော်၊ မွေတော်၊ ဆံတော်တို့သည် အခြားမည်သည့်နေရာ၌မှမရှိဘဲ ထိုတစ်နေရာ၌သာ ရှိကြပေသည်။

သို့ကြောင့် ဓာတ်တော်၊ မွေတော်၊ ဆံတော်တို့ကိုစောင့်





ရှောက်ပေးနေကြသည့် ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း များပြားလှပေသည်။

ရွှေတိဂုံစေတီတော်ကြီး၌ရှိသော ဓာတ်တော်မွေတော်တို့ကို စောင့်ရှောက်ပေးနေသော အမြိုဿဟုခေါ်သည့် မှော်ဘီဘိုးဘိုးကြီးရှိသည်။ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်အနောက်တောင်ထောင့်တွင် နတ်နန်းနှင့်သီးခြားရှိပြီး၊ ရွှေတိဂုံဘိုးဘိုးကြီးဟု အခေါ်များကြလေသည်။

ပူဇော်ပသသူများလည်း ရှိကြလေသည်။

ထို့ပြင် သိဂ်ုတ္တရကုန်းတော်၏ အနောက်တောင်ဘက်အောက်ခြေတွင် ရန်ကုန်ဘိုးဘိုးကြီးရှိသည်။

ရန်ကုန်မြို့နှင့်ရွှေတိဂုံစေတီတော် တည်ရှိရာသိဂ်ုတ္တရကုန်းတော်ကို စောင့်ရှောက်ပေးရသော ဘိုးဘိုးကြီးဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်စောင်းတန်းကိုစောင့်ရှောက်ပေးနေသည့် ဘိုးဘိုးကြီးမှာ 'ဆန္ဒ သုဒ္ဓေါဒေဝ' အမည်ရှိ သက်တော်ရှည်ဘိုးဘိုးကြီးပင်ဖြစ်သည်။

ဘိုးဘိုးကြီး၏သက်တော်မှာ နှစ်ပေါင်း(၉၀၀)ကျော်နေဖြစ်ပေသည်။

အနောက်ဘက်စောင်းတန်းကို စောင့်ရှောက်ပေးနေသည့် ဘိုးဘိုးကြီးမှာ 'ဝဂ္ဂဘာဒေဝ' အမည်ရှိသော ဘိုးဘိုးကြီးပြီး သက်တော်မှာ နှစ်ပေါင်း(၉၀၀)ကျော်နေပြီ ဖြစ်ပေသည်။

တောင်ဘက်စောင်းတန်းကို စောင့်ရှောက်ပေးနေသာ ဘိုးဘိုးကြီးမှာ 'စိတ္တရဒေဝ' အမည်ရှိဘိုးဘိုးဖြစ်ပြီး သက်



www.burmeseclassic.com

www.burmeseclassic.com



တော်မှာ နှစ်ပေါင်း(၉၀၀)ကျော်နေပြီဖြစ်ပေသည်။

မြောက်ဘက်စောင်းတန်းကို စောင့်ရှောက်ပေးနေ သော ဘိုးဘိုးကြီးမှာ 'ဗလဟာဒေဝ' အမည်ရှိသောဘိုးဘိုးကြီး ဖြစ်ပြီး သက်တော်မှာ နှစ်ပေါင်း(၈၀၀)ကျော်နေပြီဖြစ်ပေသည်။

ထိုဘိုးဘိုးကြီးများအပြင် အခြားစောင့်ရှောက်ပေးနေ သော ပုဂ္ဂိုလ်များလည်းရှိကြပေသည်။

မြောက်ဘက်မုခ် စောင်းတန်းထိပ်၌ရှိသော 'လောကပါ လမယ်တော်ကြီး' ဟုအမည်ရှိသော ဘီလူးမယ်တော်ကြီးမှာ ထင် ရှားသော အစောင့်အရှောက်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။

ထို့ပြင်ရင်ပြင်တော်တစ်ခုလုံးတွင်..

သောတာပန်နတ်ဒေဝီ(၁၀၀) ပါဝင်သော နတ်ဒေဝီ ပေါင်း(၃၅၀၀)တို့မှ စောင့်ရှောက်ပေးနေကြသည်။

သောတာပန် နတ်ဒေဝီတို့ကို ကြီးကြပ်အုပ်ချုပ်ပေး သော အကြီးအကဲနတ်ဒေဝါမှာ 'ဘိဒကဒေဝနတ်သားကြီး' ဖြစ် ပြီး သက်တော်မှာ(၁၂၀၀)ကျော်နေပြီဖြစ်၏။

နတ်ဒေဝီအားလုံးတို့၏ အကြီးအကဲမှာ ဣန္ဒရဒေဝီ ဖြစ် ပြီး သက်တော်မှာ(၁၂၀၀)ကျော်နေပြီဖြစ်ပေသည်။

ထို့ပြင်ကုန်းတော်ပေါ်တွင် လောကပါလမယ်တော်ကြီး အပါအဝင် မယ်တော်ကြီးပေါင်း(၂၀၀)လည်း ရှိကြပေသည်။

ကုန်းတော်ပေါ်တွင် နတ်ဘီလူးပေါင်း (၅၀၀)ရှိသည်။ သောတာပန်အရိယာ ဒေဝီရွှာန်နတ်ဘီလူး မယ်တော်ကြီးပေါင်း (၂၅၀)ရှိသည်။





နတ်ဘီလူးအပေါင်းတို့၏ အကြီးအမှူးမှာ 'ဟိတော သရ ဒေဝကမ္မာဏ် မဟာရာဇာ ဖြစ်ပြီး သက်တော်မှာ(၁၂၀၀) ကျော်နေပြီဖြစ်သည့် သောတာပန်နတ်ဘီလူးကြီးပင် ဖြစ်ပေ သည်။

ထို့ပြင် သာမန်လူတို့ မျက်စိဖြင့်မမြင်မတွေ့နိုင်သော် လည်း ဘုရားကုန်းတော်ကို စောင့်ရှောက်ပေးနေကြသော နတ် နဂါးကြီးများလည်း ရှိကြပေသေးသည်။

နတ်နဂါး ဒေဝါပေါင်းက (၄၂၀၀၀)

နတ်နဂါး ဒေဝီပေါင်းက (၁၆၅၇၇) တို့ရှိကြသည်။

ထိုနတ်နဂါးတို့တွင် အနာဂါမ်အရိယာ ဒေဝနတ်နဂါး (၂)ပါး၊ သကဒါဂါမ်အရိယာ ဒေဝနာဂါ နတ်နဂါးပေါင်း (၃၀၀၀) သောတာပန်အရိယာ ဒေဝါနာဂါ နတ်နဂါးပေါင်း (၇၀၀၀)၊ သကဒါဂါမ်အရိယာ ဒေဝနာဂါ နတ်နဂါးပေါင်း (၃၇၀)၊ သော တာပန်အရိယာ ဒေဝီနာဂါ နတ်နဂါးမယ်တော် (၁၂၀၀)၊ ဒေဝါ နာဂါနတ်နဂါးပေါင်းတို့၏ အကြီးအမှူး နတ်နဂါးမင်းကြီး(၁)ပါး၊ တို့ရှိကြသည်။

နတ်နဂါးမင်းကြီး၏ ဘွဲ့အမည်မှာ 'သုဘောဂဘွဲ့ ဒေဝ နာဂါ မဟာရာဇာ' ဟူ၍ ဖြစ်ပေသည်။ ထိုနတ်နဂါးမင်းကြီးမှာ အနာဂါမ်အရိယာလည်းဖြစ်ပေသည်။

မြတ်စွာဘုရားလေးဆူတို့၏ ဓာတ်တော်၊ မွေတော်၊ ဆံ တော်တို့ ကိန်းဝပ်စံပျော်လျက်ရှိသော ရွှေတိဂုံစေတီတော်ကြီး တည်ရှိရာ သိင်္ဂုတ္တရကုန်းတော်ကို ဝန်းရံစောင့်ရှောက်ပေးနေကြ



www.burmeseclassic.com

www.burmeseclassic.com

သော နတ်၊ နဂါး၊ ကုမ္ဘာန်၊ ယက္ခ၊ ဘီလူးစသည့်တို့မှာ မရေ မတွက်နိုင်အောင် ရှိကြပေသည်။

တစ်နေ့ နေ့လည်ဘက်အချိန်တွင် ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ရွှေတိဂုံစေတီတော်တည်ရှိရာရင်ပြင်တော်ပေါ်သို့ တက်လာခဲ့လေသည်။

ငှင်းနေထိုင်သော ရွှေတောင်ကြားရပ်ကွက်မှ ဖြတ်လာပါက မဝေးလှပေ။ လင့်လမ်းမှတစ်ဆင့် ရွှေဂုံတိုင်လမ်းကိုကျော်၍ မြောက်ဘက်လမ်းအတိုင်း ခြေလျှင်တက်လာပါက ကုန်းတော်ပေါ်သို့ ရောက်နိုင်ပေသည်။

စောင်းတန်းမှ တက်ရောက်ခြင်းမဟုတ်သော်လည်း လူသွားလမ်းများ ပြုလုပ်ထားသောနေရာမှ တက်လာခြင်းဖြစ်ရာ ဂဝံကျောက်များ၊ အုတ်ချပ်များဖြင့် လှေခါးထစ်များ ပြုလုပ်ထားသောကြောင့် တက်ရသည်မှာမခက်လှပေ။ လမ်းတစ်နေရာတွင် နတ်ရေတွင်းဟုခေါ်သော ရေတွင်းဟောင်းတစ်တွင်းလည်းရှိသည်။

ကုန်းတော်ပေါ်ရောက်တော့ အောင်မြေဟု သတ်မှတ်ထားသောရာဟုထောင့်မှ စေတီတော်ကြီးကို ရှိခိုးကန်တော့လေသည်။ ပြီးမှ စနေထောင့်ဘက်သို့ သွားလေသည်။

စနေထောင့်ဘက်၌ရှိသော ညောင်ပင်ကြီးအောက်တွင် ဗေဒင်ဟောပြောပေးနေသော ဗေဒင်ဆရာတစ်ဦးရှိလေသည်။

သူနှင့်သိကျွမ်းခင်မင်နေသော ဗေဒင်ဆရာ ဦးတာရာပင်ဖြစ်ပေသည်။





စနေထောင့်ဘက်တွင် ရင်ပြင်တော်ပေါ်ရှိ အမိဋ္ဌာန်ဝင်ကြသည့်နေရာများထဲတွင် အချို့နေရာများရှိလေသည်။

မဟာဂန္ဓာရီစခန်း လှည့်လည်နေကြသူများလာရောက်တာ အမိဋ္ဌာန်ဝင်ကြသည့် ဝိဇ္ဇာဇော်ဂျီဘုရားနှင့် နေလဘုရား၊ င်းငါးပါးဘုရားတို့ ရှိကြလေသည်။

ဦးတာရာသည် ထိုနေရာနှင့် မနီးမဝေးညောင်ပင်ကြီးအောက်တွင် စားပွဲခုံတစ်လုံးချကာ ဗေဒင်ဟောပြောနေသူဖြစ်သည်။ ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအချိန်မှာ တီးစိပ်နေလေသည်။

ထိုင်ခုံရှေ့တွင်ဗေဒင်မေးမည့်သူထိုင်ရန် ဖျာတစ်ချပ်င်းပေးထားသည်။ ဒေါက်တာမင်းထင်ကျော်က ထိုဖျာပေါ်မှာင် ဝင်ထိုင်လေသည်။

ထိုနေရာသည် လူသူရှင်းသည်ကတစ်ကြောင်း၊ ညောင်င်ကြီးအောက်တွင် အရိပ်အဝါသကောင်းသည့်အပြင် လေကသည်း တဖြူးဖြူးတိုက်ခတ်နေရာ အတော်ပင်သာယာသော နောတစ်နေရာဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော် ဝင်ထိုင်တော့ ဦးတာရာကတီးစိပ်ခြင်းကိုရပ်ပြီး ပုတီးကိုလည်ပင်းမှာ ဆွဲထားလိုက်လေသည်။

"ဘယ်ကလှည့်လာတာလဲ မောင်ထင်ကျော်"

"ဘုရားပေါ်လာရင်းနဲ့ ဦးတာရာနဲ့ တွေ့ရအောင်လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗေဒင်မေးချင်လို့လာတာတော့ ဟုတ်မယ်မထင်ဘူး။ အမိဋ္ဌာန်ဝင်ဖို့ လာတာလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ဦးတာရာက အသင့်ပါလာသော ကွမ်းယာကို ပါးစပ်ထဲထည့်လိုက်ရင်း ပြောပြသည်။

"ရင်ပြင်တော်ပေါ်မှာတော့ အမိဋ္ဌာန်ဝင်ချင်ရင် နေရာတွေအများကြီးရှိတာပဲ၊ ထူးခြားတဲ့နေရာကိုးနေရာ၊ အမိဋ္ဌာန်ကိုးဌာန၊ အောင်မြေကိုးဌာန၊ ထူးခြားတဲ့နေရာကိုးနေရာ၊ လျှို့ဝှက်တဲ့နေရာကိုးနေရာ အများကြီးရှိတာပဲ"

"ဦးတာရာ ပြောပြတဲ့နေရာတွေတော့ စုံလင်အောင်မ ရောက်သေးပါဘူး၊ သိတဲ့နေရာတွေလည်းသိပြီး၊ မသိတဲ့နေရာတွေလည်း မသိပါဘူး"

"ဒီလိုပေါ့. . သိသူဖော်စား၊ မသိသူကျော်သွား ဆိုတဲ့ စကားလိုပေါ့"

"ကျွန်တော်မသိသေးတဲ့ နေရာတွေ ရှိဦးမှာပါ၊ ဦးတာရာသိတဲ့နေရာရှိရင်လည်း ပြောပြပေးပါဦး"

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ ကပ္ပိတန်စီးကရက်ဗူးကိုထုတ်ကာ တစ်လိပ်ယူလိုက်သည်။

ထို့နောက် ဇစ်ပိုမီးခြစ်ဖြင့်မီးညှိကာ တစ်ဖွာနှစ်ဖွာဖွာလိုက်လေသည်။

"ကျုပ်တော့ အခုတစ်လော မိတ်ဆွေတစ်ယောက်ပြောပြသွားတဲ့နေရာတွေမှာ အမိဋ္ဌာန်ဝင်နေတယ်၊ အဲဒီနေရာတွေ





သိဒ္ဓိပြည့်စုံစေတယ်လို့ အဆိုရှိတယ်"

"ဘယ်နေရာတွေများလည်း ပြောပြပါဦး"

"ဆင်ငါးဆင်နဲ့ ရှင်ငါးရှင်. . နေရာတွေပါပဲ"

ဟု ထိုနေရာများကို ပြောပြလေသည်။

ရှင်ငါးရှင်ဆိုသည့် နေရာမှာ

(၁) ပတ္တမြားမျက်ရှင် ဘုရား၊

(၂) ရှင်စောပု ဘုရား၊

(၃) ရှင်မထီး ဘုရား၊

(၄) ရှင်အဇ္ဈဂေါကာ ဘုရား၊

(၅) ရှင်အရဟံ ဘုရား. . .

စသောနေရာ ငါးနေရာဖြစ်သည်။

အချို့မှာ အုံ့ဖွယ်ကိုးဖြားတွင်ပါဝင်သော ဘုရားများဖြစ်သည်။

မဟာဂန္ဓာရီသမားတို့၏ သတ်မှတ်ချက်အရ. . ဘဝသေနေသူ၊ စီးပွားရေး အရှိန်သေနေသူ၊ အောင်မြင်တိုးတက်ရေး အရှိန်သေနေသူ၊ ကုသိုလ်ကံနိမ့်ပါးသဖြင့် သေကံကြုံတွေ့နေရသူ၊ ရောဂါနှိပ်စက်သူတို့ ယုံယုံကြည်ကြည်နှင့် အမိဋ္ဌာန်ဝင်ပါက ရှင်ပါတ်ရပြီး ပြန်လည်ရှင်သန်ခြင်း ရနိုင်ကြပေသည်။

ဆင်ငါးဆင် ဟုခေါ်သော ဘုရားငါးဆူတို့မှာ. .

(၁) တနင်္လာဂြိုဟ်တိုင်အနီး ဆင်သုံးကောင်ပေါ်တွင် တည်ထားသော ရှမ်းထီးဆောင်းဘုရား၊

(၂) ထိုအနီးမှာပင် ဆင်သုံးကောင်ပေါ်တွင် တည်ထား



www.burmeseclassic.com

www.burmeseclassic.com



သော စေတီတော်တစ်ဆူ၊

(၃) ဦးသိုက်၊ ဒေါ်သူတို့တန်ဆောင်းအတွင်းမှာရှိသော ဆင်သုံးကောင်ပလ္လင်ခံ ဆင်းတုတော်ဘုရား၊

(၄) ပုညကုသလ ဗဟုကာရ အသင်းတန်ဆောင်း၏ ကျော ဘက်တွင် စေတီတစ်ဆူအတွင်း၌ရှိသော ဆင်ခံရုပ်ပွား တော်တစ်ဆူ၊

(၅) ရာဟုဂြိုဟ်တိုင်အနီးတွင်ရှိသော ဆင်သုံးကောင် ပလ္လင်ခံ စေတီတစ်ဆူတို့ပင်ဖြစ်ကြလေသည်။

ဆင်စီး၍မြင်းရံလိုသူများ၊ အကြီးအကဲဖြစ်လိုသူများ ရာထူးတိုးလိုသူများသည် ဆင်ငါးဆင်ဘုရားများ၌ အဓိဋ္ဌာန်ဝင် ကောင်းမှုပြုလုပ်ပြီး သိဒ္ဓိယူကြရပေသည်။

"ဦးတာရာ ပြောပြတော့မှပဲ ရှင်ငါးရှင်နဲ့ ဆင်ငါးဆင် အဓိဋ္ဌာန်ဝင်ရမယ့်နေရာတွေ သိရတော့တယ်၊ အဆင်ပြေတဲ့ ရက်ရောက်တော့မှပဲ ဘုရားရင်ပြင်တော်ပေါ်လာပြီး အဓိဋ္ဌာန် ဝင်ရမယ်. ."

ဦးတာရာကတော့ ထွေထွေထူးထူးမပြောဘဲ ခေါင်း ညိတ်ပြရုံပြလေသည်။

"ဒါထက် ဦးတာရာရော ဗေဒင်ဟောတဲ့အလုပ် အဆင် ပြေရဲ့လား"

"ပြေပါတယ်၊ ကျုပ်က စီးပွားရှာနေတာမှ မဟုတ်တာ ဝါသနာပါလို့ လုပ်နေတာပဲ၊ ငွေမရလည်း အရေးမကြီးပါဘူး"

ဦးတာရာမှာ ချာချီလမ်းမှာ ကိုယ်ပိုင်အိမ်၌တစ်ဦးတည်း





နေသူဖြစ်သောကြောင့် နေထိုင်စားသောက်မှုကိစ္စများ ပူပင်စရာ မရှိမှန်း ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် သိပြီးဖြစ်ပေသည်။

"တချို့ဗေဒင်ဆရာတွေက ဆိုင်းဘုတ်ကြီးတွေထောင် ပြီး ခမ်းခမ်းနားနားနဲ့ ဗေဒင်ဟောကြတယ်၊ သူတို့ရဲ့ဟန်ပန်အမူ အယာကြည့်ပြီး တောင်းသလောက်ပေးကြရတယ်၊ ဝင်ငွေလည်း ကောင်းကြတယ်"

"ဒါက ဗေဒင်ဟောတာမှ မဟုတ်တာ၊ ဗေဒင်ပညာကို အယောင်ပြပြီး စီးပွားရှာကြတာပဲ၊ သူတို့ကို အထင်ကြီးပြီးသွားမှ တော့ တောင်းသလောက်ပေးခဲ့ရတာ ဘာများဆန်းသလဲ မောင် ထင်ကျော်ရယ်၊ အတုအယောင်ဆိုတာကတော့ ရှေးကလည်း ရှိခဲ့တာပဲ၊ အခုကာလမှာလည်း ရှိနေတာပဲ၊ နောင်ကာလတွေ မှာလည်း ရှိနေကြဦးမှာပဲပေါ့၊ မဆန်းလှပါဘူး"

ဟု နှစ်ယောက်သားစကားပြောနေကြစဉ် စေတီနှင့် တန်ဆောင်များရှိရာဘက်မှ အမျိုးသမီးတစ်ယောက် ထွက်လာ သည်ကို လှမ်းမြင်ကြရလေသည်။

ထိုအမျိုးသမီး၏အမူအယာမှာ နောက်မှတစ်စုံတစ် ယောက် လိုက်လာဟန်ဖြင့် ခတ်သုတ်သုတ်ထွက်လာခြင်းဖြစ်ပေ သည်။ သူတို့နှစ်ယောက် ထိုင်နေသည်ကိုမြင်သောခါ ထိုနေရာ ဘက်သို့လျှောက်လာလေသည်။

မရှေးမနှောင်းမှာပင် သူမထွက်လာသောစေတီနှင့် တန်ဆောင်းများကြားမှ နောက်ထပ်လူရွယ်သုံးယောက် ထွက် လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို မြင်သောအခါ နောက်မှလိုက်လာဟန်ရှိသော လူရွယ်သုံးယောက်တို့မှာ မယောင်မလည်လုပ်နေကြလေသည်။

ထိုအမျိုးသမီးက ဦးတာရာရှေ့မှာချထားသော ဖျာပေါ်တွင်ဝင်ထိုင်ရင်း. . .

"ဗေ. . ဗေဒင်မေးချင်လို့ပါရှင်"

ဟု တုံ့ရင်နေသောအသံဖြင့် ပြောလေရာ အနားမှာရှိနေသော ဒေါက်တာမင်းထင်ကျော်မှာ ထိုင်နေရာမှထကာ တစ်နေရာသို့ သွားနေပေးရလေသည်။

နာရီဝက်ခန့်အချိန်ကြာသော်လည်း ဗေဒင်ဟောပြောခြင်းက မပြီးသေးပေ။ ထို့အတူ မနီးမဝေးနေရာ၌ ရှိနေကြသည့် လူသုံးယောက်ကလည်း မယောင်မလည်လုပ်နေကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဗေဒင်မေးသူထသွားတော့မှ ထိုနေရာသို့ပြန်လာမည်ဟု စိတ်ကူးထားသော်လည်း ဦးတာရာကလှမ်းခေါ်သဖြင့် ထိုနေရာသို့ပြန်သွားရလေသည်။ ထိုနေရာရောက်တော့ ဦးတာရာကပင်ပြောသည်။

"သူ့နောက်ကနေ လူသုံးယောက်လိုက်ပြီး အနှောက်အယှက်ပေးနေတယ်၊ မောင်ထင်ကျော်အကူအညီပေးမှဖြစ်တော့မယ်"

ဒေါက်တာမင်းထင်ကျော်အဖြစ်က ဆွမ်းခံရင်းဝှက်သင့်သောအဖြစ်မျိုးပင်။ သို့သော် မတတ်နိုင်တော့ပေ။

သူကလည်း ဒုက္ခရောက်နေသူတွေလျှင် ကိုယ့်ထမင်း





ကိုယ်စားပြီး အကူအညီပေးချင်သူဖြစ်သည်။

သို့ကြောင့် ထိုင်နေသောအမျိုးသမီးကိုတစ်ချက်ကြည့်လိုက်သည်။

အသက် (၂၅)နှစ်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောသူတစ်ဦးဖြစ်သည်။

"မင်းနာမည် ဘယ်သူလဲ"

"နန်းမြဝတီ ပါရှင်"

နာမည်သိရပြီး လေသံကြားရုံနှင့် မြန်မာလူမျိုးတစ်ဦးမဟုတ်မှန်း သိရလေသည်။

"ဘယ်လိုဖြစ်လာတာလဲ"

"ဘုရားပေါ်တက်လာတုန်းကတော့ အဖော်နှစ်ယောက်ပါလာပါတယ်၊ ဒီအပေါ်ရောက်မှာ လူချင်းကွဲသွားကြတာပါ၊ ကျွန်မနောက်က ဟိုလူသုံးယောက်. . ."

ဒေါက်တာမင်းထင်ကျော်က ငဲ့ကြည့်လိုက်တော့ လူရွယ်သုံးယောက်က မနီးမဝေးမှာမယောင်မလည်နှင့် ရှိနေကြသေးသည်။

"ဘယ်နေရာကို ပြန်မှာလဲ"

"အင်းလျားလမ်းဘက်က ခြံတစ်ခြံကို ပြန်မှာပါရှင်"

"လိုက်ပို့ပေးစေချင်တာလား"

"အပန်းမကြီးရင်တော့ လိုက်ပို့ပေးပါရှင် ကျွန်မတစ်ယောက်တည်း မသွားတတ်မလာတတ်ဖြစ်နေလို့ပါ"

"ကောင်းပြီလေ၊ မင်းနေတဲ့နေရာအထိ လိုက်ပို့ပေးပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ကျေးဇူးတင်ပါတယ်ရှင်. ."

ထို့နောက် နန်းမြဝတီဆိုသော အမျိုးသမီးက ပေဒင်ဟောပြောခအဖြစ် ငွေဒင်္ဂါးတစ်ပြားထုတ်ပေးလိုက်ပြီးနောက် ဒေါက်တာမင်းထင်ကျော်ခေါ်ရာနောက်သို့ လိုက်လာခဲ့လေသည်။









အခန်း [ ၄ ]

# နန်းမြဝတီနှင့် တွေ့ကြရခြင်း

ထိုအခြေအနေက ကြိုတင်မျှော်လင့်ထားသော အခြေအနေတစ်ခုသာဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော်က နန်းမြဝတီဆိုသော အမျိုးသမီးကိုခေါ်လာခဲ့ပြီး မြောက်ဘက်အဆင်းလမ်းမှပင် ပြန်ဆင်းလာခဲ့လေသည်။

ထိုသို့ဆင်းရာတွင် မြောက်ဘက်စောင်းတန်းမှ ဆင်းလာခြင်းမဟုတ်ဘဲ သူတက်လာခဲ့သောလူသွားလမ်းမှပင် ပြန်ဆင်းလာခဲ့ခြင်းဖြစ်ပေသည်။ ထိုလမ်းမှာ လူသွားလူလာမရှိပေ။ အုတ်လှေခါးထစ်များမှ တက်ရသည်ကတစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်တောသစ်ချုံများဖုံးအုပ်နေသည်ကတစ်ကြောင်းကြောင့် ဘုရားဖူးရန်လာကြသူများတော်ရုံလမ်းသင့်ရုံနှင့် အသုံးမပြုကြသောလမ်းဖြစ်သည်။

နတ်ရေတွင်းရှိသောနေရာကျော်လာပြီး ဇရပ်ဟောင်းတစ်ဆောင်ရှိသော နေရာရောက်တော့ ဇရပ်ပေါ်၌ လူသုံးယောက်ထိုင်နေသည်ကို လှမ်းမြင်ရသည်။

ကုန်းတော်ပေါ်တွင် တွေ့ခဲ့ရသော လူရွယ်သုံးယောက်ပင်ဖြစ်ပေသည်။ သူတို့ကိုမြင်သောအခါ နန်းမြဝတီမှာ မျက်စိမျက်နှာပျက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ အိန္ဒြေမပျက်နှင့်ပင်ဆက်ပြီးဆင်းလာလေသည်။

နန်းမြဝတီကလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင်နောက်မှကပ်ပါလာသည်။

ဇရပ်ပျက်နားရောက်သောအခါ လူရွယ်သုံးယောက်တနေရာမှထပြီး လမ်းပေါ်မှာ ပိတ်ရပ်လိုက်ကြသည်။

"သူက ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး၊ သူ့ကိုဒီနေရာမှာထားခဲ့ပြီး ခင်ဗျားတစ်ယောက်တည်း ဆက်သွားရင်ပိုကောင်းမယ်"

"မထားခဲ့ရင်ကော ဘယ်လိုလုပ်မှာလဲ"

"အနုနည်းနဲ့ပြောလို့မှ လက်မခံရင်တော့လဲ၊ အကြမ်းနည်းသုံးရုံပေါ့"

"ဒါကတော့ မင်းတို့သဘောပဲပေါ့၊ ငါကတော့ သူ့ကိုမထားခဲ့နိုင်ဘူး"

ဟုပြောသည်နှင့် ဘေးတစ်ဖက်တစ်ချက်မှာ နေရာယူထားသောနှစ်ယောက်က ဓားများထုတ်ကာ ပြေးဝင်လာကြသည်။ ဒေါက်တာမင်းထင်ကျော်က ဝဲဘက်မှဝင်လာသော ဓားကို ကိုယ့်တစ်ပတ်လှည့်ရှောင်ပေးရင်း ယာဘက်မှဝင်လာသူ၏ရင်ဝကို ခြေထောက်ဖြင့် ကန်ချလိုက်ရာ ခြေပစ်လက်ပစ်လဲကျသွားသည်။

ထိုအခါ ဓားကိုင်ထားသောလက်ကို လက်ဝါးစောင်းဖြင့်ခုတ်ချရာ ဓားလွတ်ကျသွားတော့သည်။

"ဒုတ်"

"အား"

ထိုအခြေအနေမှာပင် ရှေ့မှာရပ်နေသူက နောက်ဘက်မှာထိုးထားသော တုတ်ကိုယူပြီး အပေါ်မှ မိုးရိုက်လေသည်။

"ကိုင်း. . သေစမ်းကွာ"

ဒေါက်တာမင်းထင်ကျော်က ရှေ့သို့ခြေတစ်လှမ်းတက်ပြီး တုတ်ကိုင်ထားသောလက်ကို ယာလက်ဖြင့် ပင့်ကာလိုက်သည်။ တစ်ဆက်တည်း ဘယ်လက်ဝါးစောင်းဖြင့် ရန်သူမျက်နှာကို ခုတ်ချလိုက်သည်။

"ဒုတ်"

"အား"

ထိုသို့ခုတ်ပြီး လက်အောက်မှလျှို၍ နောက်သို့ထွက်ကာ ကျောဘက်ရောက်တော့ ခြေထောက်ဖြင့် ကန်ချလိုက်ရာ



☺ အောင်မြင်စာပေ ☺



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့လဲကျသွားလေတော့သည်။ နှစ်ယောက် မထနိုင်သော အချိန်မှာ ကျန်တစ်ယောက်က ပြေးလာပြီး ဓားဖြင့်ထိုးသည်။ ဝင်လာသောဓားဦးကို လွတ်အောင်ရှောင်ပေးလိုက်ပြီး ရန်သူ၏ ရင်ဝကို လက်သီးဖြင့်ထိုးချလိုက်ရာ သူ့အရှိန်နှင့်သူ မရှုနိုင်မ ကယ်နိုင်ဖြစ်ပြီး ပုံလျက်သားကျသွားလေတော့သည်။

သုံးယောက်စလုံး နေရာမှမထနိုင်ကြတော့မှ ဒေါက်တာမင်းထင်ကျော်လည်း နန်းမြဝတီကိုခေါ်ကာ ထိုနေရာမှ ဆက်ဆင်းလာလေသည်။ ဦးစွာ သူနေသော အိမ်သို့ခေါ်သွားလေသည်။ ပြီးမှအဝတ်အစားလဲကာ ကားဖြင့် သူမကို လိုက်ပို့ရန်ပြင်ဆင်လေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်လိုက်တာ ဆရာရယ်"

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ"

"ဆရာက ဆရာဝန်တစ်ယောက်လား"

"ရောဂါကုတဲ့ဒေါက်တာ မဟုတ်ပါဘူး"

ထို့နောက် ကားဖြင့်တင်ကာ သူမပြောပြသော လိပ်စာ အတိုင်း အင်းလျားလမ်းမပေါ်၌ရှိသော ခြံတစ်ခြံသို့ လိုက်ပို့ပေး လိုက်လေသည်။

ထိုနေရာသို့ရောက်တော့ နန်းမြဝတီက အတင်းခေါ်သ ဖြင့် အိမ်ထဲသို့ ဝင်ရသေးသည်။ အိမ်မှာတိုက်အိမ်ဖြစ်ပြီး ခြံကျယ် ကြီးအတွင်း၌ ဆောက်ထားသောနှစ်ထပ်အိမ် အမျိုးအစားဖြစ် သည်။





တိုက်ထဲရောက်တော့ လူအချို့အပြင် ထူးခြားသောမြင် ကွင်းများကိုလည်း တွေ့ရသည်။ အခန်းထောင့်နှင့် နေရာအ တော်များများတွင် ရုပ်ထုမျိုးစုံတို့ ရှိနေကြခြင်းဖြစ်သည်။

နန်းမြဝတီပြောပြသဖြင့် သိရသည်မှာ ၎င်းတို့မိသားစု မှာ ရှမ်းပြည်နယ်ဘက်မှာနေကြသည့် ရှမ်းလူမျိုးများ ဖြစ်ကြ ကြောင်း၊ အကြောင်းတစ်ခုကြောင့် ရန်ကုန်သို့ ပြောင်းရွှေ့လာ ကြသည် မှာ အချိန်မကြာသေးကြောင်း. . . ။

သို့ကြောင့် ရန်ကုန်မြို့ထဲမှာ သွားလာရတာ အဆင် မပြေဖြစ်နေရခြင်းများကိုပါ ပြောပြလေသည်။ ထိုသို့စကား ပြောနေစဉ် ရုပ်ရည်ချောသော ရှမ်းအမျိုးသမီးတစ်ဦး ရောက် လာပြီး စားသောက်စရာများ လာချပေးသည်။

"ဒီအိမ်မှာ ရုပ်တုတွေရော အရုပ်တွေရောအတော်များ သယ်နော်၊ အရုပ်စုဆောင်းတာ ဝါသနာပါပုံရတယ်"

"ဟုတ်တယ်၊ ကျွန်မရဲ့ဦးကြီးတော်တစ်ယောက်က ပန်း ထုတာ ဝါသနာပါတယ်၊ ဟိုအရုပ်ကြီးတွေက သူထုထားတဲ့ အရုပ်တွေပါ၊ ဟိုဗီရိုတွေပေါ်မှာတင်ထားတဲ့ အရုပ်တွေကတော့ ဝယ်ပြီးစုထားတာပါ၊ ကျွန်မတို့ မိသားစုက အရုပ်ကလေးတွေကို ချစ်တတ်ကြတယ်"

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဘာမှမပြောတော့ ဘဲ အရုပ်များကို တစ်ချက်ကြည့်လိုက်ပြီး နေရာမှထလိုက်လေ သည်။ သူပြန်ထွက်လာတော့ နန်းမြဝတီက ခြံပေါက်ဝအထိ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လိုက်ပို့ပေးလေသည်။

"မမျှော်လင့်ဘဲ ကိုမင်းထင်ကျော်နဲ့တွေ့ရပြီး အသိမိတ်ဆွေဖြစ်ရတာ ဝမ်းသာမိပါတယ်၊ အချိန်ရတဲ့အခါမှာလည်း ကျွ မတို့အိမ်ကိုလာလည်ဖို့ ဖိတ်ခေါ်ပါတယ်"

"အချိန်ရရင်တော့ လာခဲ့ပါဦးမယ်"

ဟုပြောဆိုနှုတ်ဆက်ကာ ကားကိုပြန်မောင်းထွက်လာ ခဲ့လေသည်။ ကားမောင်းလာရင်းမှပင် သူ့အတွေးထဲမှာတော နန်းမြဝတီနှင့်သက်ဆိုင်သော အကြောင်းများက ပါလာလေသည်

သူသည် ကားကို ဗဟန်းဂါတ်တဲရှိသောနေရာဘက် ဦးတည်ပြီး မောင်းလာလေသည်။ ဗဟန်းဂါတ်တဲရှိသောနေ မှာ ယခုဇီဝိတဒါနဆေးရုံကြီးရှိသောနေရာ၏ ရှေ့တည့်တ လောက်၌ပင် ယခင်ကတည်းက ရှိခဲ့လေသည်။

ဂါတ်တဲသို့ရောက်သွားသောအခါ အမှုလိုက်စုံထော ကျော်စွာနှင့် အခန့်သင့်ပင်တွေ့ရလေသည်။ စုံထောက်ကျော် မှာ လူရွယ်တစ်ဦးဖြစ်ပြီး တာဝန်ထမ်းဆောင်ရာတွင် ဖျတ်လ တက်ကြွမှုရှိလေသည်။

၄င်းကိုင်တွယ်ရသော အမှုများထဲတွင် ခက်ခဲရှုပ်ထွေ သော အမှုကြီးများပါပါက ဒေါက်တာမင်းထင်ကျော်ထံသို့ ယ ရောက်အကူအညီတောင်းလေ့ ရှိပေသည်။ ဒေါက်တာမင်းထ ကျော်ကလည်း ခက်ခဲရှုတ်ထွေးလှသောအမှုကြီးများကို ဉာ ချင်းပြိုင်လျက် ဖော်ထုတ်ဖြေရှင်းပေးရသည်မျိုးကို များစွာဝါ နာပါလှပေရာ ပိုက်ဆံရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ့်



ရိုတ်နှင့်ကိုယ် လိုက်လံကူညီဆောင်ရွက်ပေးလေ့ရှိသည်။ ထို့ကြောင့် စုံထောက်ကျော်စွာကလည်း ဆရာတစ်ယောက်လိုမျိုး အားကိုးသမှု ပြုနေရပေသည်။

"ဆရာနဲ့မတွေ့ရတာတောင် အတော်ကြာပြီ၊ ဘာတွေ အလုပ်များနေတာလဲ"

"ဒီလိုပေါ့၊ စိတ်ဝင်စားဖို့ကောင်းတာလေးတွေ တွေ့နေလို့ လိုက်ပြီးစုံစမ်းနေတာနဲ့ ဒီဘက်မရောက်ဖြစ်တာပါ"

"ဒါဖြင့် ကျွန်တော်လည်း ကြားပါရစေ၊ ဟိုဘက်အခန်းမှာ လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့"

ဟုပြောကာ စုံထောက်ကျော်စွာက ပုလိပ်တစ်ယောက်ကိုခေါ်ပြီး လက်ဖက်ရည်နှစ်ခွက် ယူလာပေးရန် မှာကြားခဲ့ပြီး သီးသန့်ခန်းသို့ ခေါ်သွားလေသည်။

ထိုအခန်းရောက်တော့မှ ကျော်စွာကမေးသည်။

"ဆရာနဲ့ စာရေးဆရာတို့နှစ်ယောက် ကုက္ကိုင်းလမ်းမှာ နာမည်ကြီးနေတဲ့ အကြားအမြင်ဆရာကြီးဆီ သွားလေ့လာကြသေးတယ် မဟုတ်လား၊ ဘာတွေထူးခြားတာ တွေ့ခဲ့ကြသလဲ"

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီးညှိလျက် တစ်ဖွာနှစ်ဖွာဖွာပြီးမှ ပြောပြသည်။

"ပထမတစ်ခေါက်သွားတော့ ချက်ချင်းမဟောပေးဘူး၊ ရက်ချိန်းပေးလိုက်တယ်"

"ဘာဖြစ်လို့လဲ"

"ရှေ့မှာလူတွေ များနေတယ်လို့ပြောတယ်၊ နောက်သုံး



www.burmeseclassic.com

www.burmeseclassic.com



ရက်လောက်ကြာမှ ထပ်တွေ့ရတယ်၊ အဲဒီတော့မှ မေးတဲ့မေး ခွန်းတွေကို ဟောပေးတယ်"

"အဲဒီလိုဟောပေးတော့ မှန်သလား"

"မှန်တာတွေလည်း ရှိပါတယ်၊ အဲဒီလိုမှန်အောင် သုံး ရက်အတွင်းမှာ မေးမြန်းစုံစမ်းမှုတွေ ပြုခဲ့ကြတာတော့ ရှိတာ ပေါ့"

ထိုသို့ပြောပြလိုက်ရုံနှင့် စုံထောက်ကျော်စွာက ချက်ချင်း သဘောပေါက်သွားလေသည်။

"ဆရာပြောတာကို သဘောပေါက်ပြီ၊ မျက်လှည့်ပွဲတွေ မှာ ဒလန်တွေ သူလျှိုတွေထားပြီး သုံးတဲ့နည်းမျိုးပဲမဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် . . မျက်နှာကို အဝတ်စည်းထားပြီး လက် ထောင်ပြတာကို မှန်အောင်ပြောပြနိုင်တဲ့ နည်းမျိုးပါပဲ"

ထိုနည်းအကြောင်းကို ရှေ့၌ရေးခဲ့သောဝတ္ထုများ၌ သင့် တော်သလောက် ရေးသားဖော်ပြပေးခဲ့ပြီဖြစ်သော်လည်း ယခု စာဖတ်ပရိသတ်များအတွက်လည်း ဗဟုသုတရစေရန် လူလိမ် လူညာတို့ လှည့်စားခြင်းမခံကြရလေအောင် သင့်တော်သ လောက် ပြန်လည်ဖော်ပြပေးပါမည်။

မျက်စိကို အဝတ်စည်းထားသူက ပရိသတ်ထဲမှ လက် ထောင်ပြခြင်းကို မှန်ကန်အောင်ပြောပြနိုင်သည့် လျှို့ဝှက်ချက်မှာ မေးမည့်သူနှင့် ဖြေမည့်သူတို့အချင်းချင်း သင်္ကေတ စကားလုံး များဖြင့် ချိတ်ထားသဖြင့် ဖြေနိုင်ခြင်းသာဖြစ်ပေသည်။





သင်္ကေတစာလုံး အသုံးပြုရာမှာတော့ မိမိတို့အချင်း ချင်း သဘောပေါက်သည့် သင်္ကေတစကားလုံးများကို အသုံးပြု ကြရပေသည်။

အချို့က ဂဏန်းများဖြင့်သုံးသည်။ အချို့က တနင်္ဂနွေ၊ တနင်္လာစသော သက်ဆိုင်ရာအက္ခရာများ သုံးကြသည်။

တနင်္ဂနွေဆိုလျှင် (အ)အက္ခရာသုံးပါလိမ့်မည်။

တနင်္လာဆိုပါက (က၊ ခ၊ ဂ၊ ဃ၊ င) စသော အက္ခရာ စကားလုံးများကို သုံးပါလိမ့်မည်။

ပရိသတ်က လက်တစ်ချောင်းထောင်ပြပါက

"အဲဗျာ . . လက်ကတော့ ထောင်ပြနေပြီ"

ဟုပြောပါလိမ့်မည်။

မျက်စိပိတ်ထားသူက ပြောသည့် အဲဗျာ မှ (အဲ)ကိုသာ နားထောင်ပေလိမ့်မည်။

'အဲ'ဆိုတော့ တနင်္ဂနွေ၊ တနင်္ဂနွေဆိုတော့ (တစ်)၊ 'တစ် ချောင်းပါ' ဟုဖြေလျှင် မှားစရာမရှိပေ။

နမူနာဖော်ပြပါမည်။

၁။ အဲ
၂။ ကြာ၊ ကြား (ကြာသည်ဗျာ၊ ကြားလူရေးပါ)
၃။ စဦး (စဦးစားရေးပါ၊ စဦးစားထောင်ပါ)
၄။ ရ (ရပြီ)
၅။ မြန် (မြန်မြန်ရေးပါ၊ မြန်မြန်ထောင်ပါ)
၆။ သီး (သီးခံကြပါ)



www.burmeseclassic.com

www.burmeseclassic.com



၇။ နောက် (နောက်တစ်ယောက်)
၈။ ရပြီ၊ ရပြီ (နံပါတ် (၄)ကို (၂)ခါထပ်ပြီးအချက်ပေးသည်
၉။ ရပြီမြန်မြန် (နံပါတ် (၄)နှင့် (၅)ပေါင်းလိုက်သည်)
၁၀။ ရေးသာရေး (ရေးသာရေးပါ)

ဖော်ပြပါ စကားပြောသင်္ကေတများဖြင့် ပြုလုပ်ညှိနှိုင်း ထားကြသည်။

မျက်စေ့ပိတ်ထားသောလူနှင့် ခေါင်းဆောင်ဆရာသည် ချိတ်ဆက်မှုပြုထား၍ စကားပြောသင်္ကေတများကို ကျက်မှတ် ထားရပါမည်။

ဆရာတစ်ယောက်နှင့်တစ်ယောက် သင်္ကေတခြင်းမ ကြပါ။ သူ့နည်းနှင့်သူ ဖြစ်ကြပါသည်။

အဆိုပါနည်းများသည် တီထွင်ရန်မခဲယဉ်းကြပါ။ ဆ နှင့်တပည့် ညှိနှိုင်းချိတ်ဆက်မိရန်သာလိုသည်။ မျက်လှည့်ပွဲကြ ပရိသတ်သည် သင်္ကေတများကို ချက်ချင်းမရိပ်စားမိပါ။

အကြောင်းမှာ မျက်လှည့်ဆရာသည် ၎င်းပြောဆို ကျစကားများကို သုံးနှုန်းနေသောကြောင့် ဖြစ်ပေသည်။

ဒိဗ္ဗစက္ခုဉာဏ်ကြီးရှင် မေးသမျှဖြေဆိုနည်းကို ဖော်ပြ ဦးမည်။

ကလေးတစ်ယောက်ကို မျက်စေ့ပိတ်၍ ထိုင်ခိုင်းခြ ဖြင့်သော်၎င်း၊ အိပ်ခိုင်းခြင်းဖြင့်သော်၎င်း နေစေပြီး ဆရာလုပ် က ပွဲကြည့်ပရိသတ်ထဲမှ ပစ္စည်းများ၊ အရောင်အဆင်းများ ရှိသည်တို့ကိုမေးလျှင် တိကျမှန်ကန်စွာ ဖြေဆိုပြနိုင်ပါသည်





ကလေးအနေဖြင့် မေးသမျှကို မှန်ကန်စွာဖြေဆိုနိုင်ခြင်း ၏ လျှို့ဝှက်ချက်ရှိပါသည်။

အဆိုပါမေးခွန်းဖြေမည့်ကလေးသည် မိမိ၏အတွင်းလူ ဆိုပါက အထက်ဖော်ပြခဲ့သည့်နည်းများအတိုင်းသုံးနိုင်ပါသည်။

ဥပမာ. .

(က-ခ) စသောဗျည်း (၃)ခုလုံးအထိ အစီအစဉ်အရ ကျက်မှတ်ထားနိုင်လျှင် ယခုအရောင်ပစ္စည်းများကိုလည်း မှတ် ထားနိုင်ပါသည်။

| | |
|---|---|
| (၁) အနီ | (၆) မိန်းမ |
| (၂) အပြာ | (၇) ကုလား |
| (၃) ဖေါင်တိန် | (၈) ၂၆ နှစ် |
| (၄) လုံချည် | (၉) ဆံပင်ရှည် |
| (၅) ထီး | (၁၀) ကလေး |

အစရှိသည်ဖြင့် များများကျက်မှတ်ထားသလို ဆရာနှင့် တပည့်သည် အစီအစဉ်အရ ကျက်မှတ်ထားရပါမည်။

ဆရာလုပ်သူသည် တပည့်အား မျက်စေ့ပိတ်၍. .

ဘာရောင်လဲ။ (၁-ကျက်ထားသည့်အတိုင်းဖြေ)

အစီအစဉ်အရ အနီရောင်ကိုမေးပါ။

ဘာရောင်လဲ။ (၂-ကျက်ထားသည့်အတိုင်းဖြေ)

ဒါဘာလဲ (အစီအစဉ်အတိုင်းမေး)။

(၃-ကျက်ထားသည့်အတိုင်းဖြေ)

ဤနည်းဖြင့် ဆရာတပည့်ကျက်မှတ်ထားသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အတိုင်းမေးပြီး အစီအစဉ်အတိုင်း ဖြေသွားသဖြ
အားလုံးမှန်ပါလိမ့်မည်။

အလွန်ရှေးကျသောနည်းဖြစ်ပေသည်။

ထိုလျှို့ဝှက်ချက်များအကြောင်းကို ရေးသားလျှင်တော
ဆုံးတော့မည်မဟုတ်ပေ။

ထို့ကြောင့် ထိုအကြောင်းများ လျှို့ဝှက်ချက်များကို စိ
ဝင်စားပါက သက်ဆိုင်ရာစာအုပ်များကို ရှာဖွေဖတ်ရှုဖို့ရန်သာ
တိုက်တွန်းရပေတော့မည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်ကိုဖွာရင်းဖြ
ဆက်ပြောလေသည်။

"သူက ဗေဒင်မေးချင်တဲ့သူရောက်လာတဲ့အခါ သာမ
ဆိုရင်သာမန်ပဲ ဟောပြောပေးလိုက်တယ်၊ သူ့အနေနဲ့ အချိုကြ
ကြံစည်လို့ရမယ့်သူမျိုးဆိုရင် ရက်ချိန်းပေးလိုက်တယ်၊ ပြီးမှ
တပည့်တွေကိုလွှတ်ပြီး အချက်အလက်တွေ စုဆောင်းခိုင်းပုံ
တယ်"

"တယ်လည်း အကြံကြီးတဲ့သူပါလား"

"သေသွားတဲ့လူအကြောင်းကို မေးချင်တယ်ဆိုရင်
ရေးကြော်ငြာကအစ သတင်းအချက်အလက်တွေကို စုဆော
ပြီးတော့မှ အပိုင်ဟောတော့တာပဲ"

"ကျွန်တော်လည်း တစ်ခေါက်သွားမေးဖူးပါတယ်၊
မည်နဲ့အလုပ်အကိုင်ကိုတော့ လွဲပြောခဲ့တာပေါ့၊ ကျွန်တော်မေ
တာတွေတော့ ဗေဒင်ပညာနဲ့ပဲတွက်ချက်ပြီး ဟောပြောပေးလို





ာယ်"

ဟု ကျော်စွာက ပြောသည်။

ထိုအခိုက်မှာပင် ပုလိပ်တစ်ယောက်က လက်ဖက်ရည်
ခွက် လာပို့ပေးသောကြောင့် ယူပြီးသောက်ကြလေသည်။

"ကျွန်တော်နဲ့ စားရေးဆရာသွားမေးတော့လည်း ဗေ
ဒင်ပညာနဲ့ပဲ တွက်ချက်ပြီး ဟောလိုက်တာပါပဲ"

"ဘာကြောင့်လဲ ဆရာ. ."

"အကြားအမြင်ဟောတယ်ဆိုတာ အချက်အလက်တွေ
စုံမ်းလို့ရမှ ဖြီးဖြန်းပြီးဟောရတာမျိုးပဲ၊ ဒီလိုမှ စုံစမ်းလို့မရဘူး
ဆိုရင်တော့ သာမန်လိုပဲတွက်ချက်ပြီး ဟောပေးရမှာပေါ့၊ ပြောရ
င်တော့ လိမ်လို့ရတဲ့လူမျိုးဆိုရင် လိမ်တယ်၊ လိမ်လို့မရတော့
ည်း သာမန်ပဲပေါ့"

"အတော်များများကတော့ အလိမ်ခံရတာ မိန်းမတွေ
ည်းပဲ"

"သူတို့က အားနည်းတဲ့စိတ်ရှိတယ်၊ ယုံကြည်မှုလွန်ကဲ
ယ်၊ အားကိုးအားထား ထွက်ပေါက်ရှာချင်စိတ် များတယ်၊
ောဘရှိတယ်၊ ဒီအချက်မျိုးတွေရှိကြရင် လူလိမ်တွေရဲ့ သား
ောင်ဘဝ ရောက်ကြရမှာ အသေအချာပဲ"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စလက်ဖက်
ည်ပန်းကန်ကို စားပွဲပေါ်ပြန်ချထားလိုက်သည်။

"ဒါကြောင့် ဘိုးတော်မယ်တော်တွေ၊ ဓါတ်စီးတဲ့သူ
တ်ကတော်တွေ၊ အကြားအမြင်ဆရာတွေ ပေါ်လာပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အရင်ဆုံး ရွှေ့ကရောက်သွားကြတာချည်းပဲ"

"အဲဒါကြောင့်ပဲ အင်းလျားလမ်းက နန်းမြကြည်ဆိုတဲ့ အမျိုးသမီးတစ်ယောက် ဘဝပျက်ရုံမကပဲ အသက်သေရတဲ့ အထိ ဖြစ်ခဲ့ရတာပေါ့၊ အဲဒီအမှုတွဲက ကိုကျော်စွာ လက်ထဲမှာလား"

ဟု မေးလိုက်လေသည်။

"ကမာရွတ်နယ်မြေထဲမှာ ဖြစ်တာဆိုတော့ အမှုတွဲက ကမာရွတ်ဂိတ်ကပဲကိုင်တယ်၊ ဒါပေမယ့် ကာယကံရှင်တွေက အမှုဖွင့်မထားကြဘူး"

"အဲဒီအမှုဖြစ်တဲ့ လိပ်စာသိတယ် မဟုတ်လား"

စုံထောက်ကျော်စွာက ခေါင်းညိတ်ပြပြီး လိပ်စာတစ်ခုကို ပြောပြလေသည်။

"တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲဒီတိုက်ကို ဒီကနေ့ရောက်ခဲ့ရသေးတယ်"

"ဟင်. . ဘာအတွက် သွားတာလဲ ဆရာ"

ဒေါက်တာမင်းထင်ကျော်က မမျှော်လင့်ဘဲ နန်းမြဝတီနှင့် တွေ့ရပြီးနောက် အင်းလျားလမ်းမှအိမ်သို့ ရောက်သွားခဲ့ပုံကို ပြန်ပြောပြလိုက်သည်။

"ကျွန်တော်စုံစမ်းသိရသလောက်တော့ အရင်ကအဲဒီအိမ်မှာ နန်းမြကြည်တို့လင်မယားနဲ့ အိမ်ဖော်တွေပဲ ရှိကြတယ်၊ ခွန်ဘရင်သေသွားခဲ့ပြီးတဲ့နောက်ပိုင်းမှာလည်း နန်းမြကြည် တစ်ယောက်တည်းပဲ အိမ်ဖော်တွေနဲ့နေတယ်လို့ သိရတယ်"





"နန်းမြဝတီတို့ ကြည့်ရတာ နန်းမြကြည်နဲ့သွေးရင်းသားချင်းတွေ ဖြစ်ကြတဲ့ပုံပေါ်တယ်၊ မမျှော်လင့်ဘဲ အဲဒီအိမ်ရောက်သွားတော့ ထူးခြားတာလေးတွေ တွေ့ခဲ့ရတယ်"

"ဘာတွေများလဲဆရာ"

"ပန်းပုရုပ်တုတွေရော တခြားအရုပ်တွေပါ အတော်များများတွေ့ခဲ့ရတယ်"

"ဝါသနာပါလို့ စုဆောင်းထားတာမျိုး မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်၊ ဒါထက် ဟာမစ်တစ်က အိမ်တစ်အိမ်မှာငှားနေတဲ့ မိသားတစ်စုမှာ လန့်ပြီးသေရတဲ့အမှုတစ်ခု ရှိတယ်ဟုတ်လား"

"ရှိတယ်ဆရာ၊ အဲဒီအမှုက ကျွန်တော်ပဲကိုင်ထားတယ်၊ သူတို့ကတော့ တိုင်ချက်မဖွင့်ပါဘူး၊ ဒါပေမယ့် သေမှုသေခင်းဖြစ်ရတော့ အမှုဖွင့်ပြီး စုံစမ်းနေဆဲပါပဲ"

ဟုပြောပြီး ဗီရိုထဲမှာထည့်ထားသောဖိုင်တွဲတစ်ခုအား ယူလာပြီးပေးလေသည်။ ဖိုင်အဖုံးပေါ်မှာတော့. . .

"မရွှေရည် အသက်(၁၀)နှစ် အမှုတွဲ"

ဟု ရေးထားလေသည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်သောက်လိုက်၊ လက်ဖက်ရည်သောက်လိုက်နှင့် ဖိုင်ထဲမှာရေးထားသောအချက်အလက်များကို ဖတ်ကြည့်နေလေသည်။

စိတ်ကျေနပ်အောင် ဖတ်ပြီးတော့မှ မှတ်ချက်တစ်ခု ရေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆိုရင်တော့ နောက်ဆက်တွဲအမှုတွေ ပေါ်လာလိမ့်ဦးမယ်ထင်တယ်"

"ဘယ်လိုကြောင့်လဲ ဆရာ"

"ကျွန်တော်တော့ အခြေအနေတွေခြုံပြီး လေ့လာကြည့်ပြီးတော့ ဒီလိုပဲထင်မိတယ်၊ ဟုတ်မဟုတ်တော့ စောင့်ကြည့်ပြီးမှပဲ သိရတော့မှပဲ"

"ဆရာလည်း အတော်ကလေး စိတ်ဝင်စားနေပုံရတယ်၊ ဒီတစ်ခါအမှုဖြစ်လာရင်တော့ ဆရာကိုပဲအကူအညီတောင်းရတော့မှာပဲ"

"ဒါကတော့ အချင်းချင်းတွေပဲ၊ တတ်နိုင်သလောက်တော့ အကူအညီပေးပါ့မယ်၊ ကဲ. . ပြန်ဦးမယ်"

ဟုပြောဆိုနှုတ်ဆက်ပြီးနောက် ဒေါက်တာမင်းထင်ကျော်မှာ ဗဟန်ဂိုက်တဲအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

သူ့ခေါင်းထဲမှာတော့အတွေးများစွာတို့က ခိုတွယ်လျက်ပါလာကြလေတော့သည်။

ထိုအတွေးများထဲတွင် နန်းမြဝတီနှင့်ပတ်သက်သည့်အတွေးများလည်း အပါအဝင်ဖြစ်ပေသည်။









# အခန်း [ ၇ ]

# အန္တရာယ်ပျောက်ကွင်း

တစ်နေ့သ၌ နေ့လည်ဘက်အချိန်တွင် ဟာမစ်တစ်လမ်းအတွင်းသို့ မြင်းလှည်းတစ်စီး ချိုးကွေ့ဝင်လာလေသည်။

မြင်းလှည်းပေါ်၌ လူရွယ်တစ်ဦး ပါလာလေသည်။

ထိုလူရွယ်မှာ ထွန်းအောင်ဆိုသူဖြစ်ပြီး ကိုဘရွှေ၏သားအကြီးဖြစ်သည်။ ထွန်းအောင်မှာ အသက်(၁၈)နှစ်အရွယ်ခန့်ရှိနေသည့် လူပျိုပေါက်တစ်ဦးဖြစ်သည်။

ကိုဘရွှေမှာ ဆရာကြီးနေသာရ၏ လူယုံတော်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး ထိုမှာပင်အလုပ်လုပ်နေသူဖြစ်သည်။

သူတို့မိသားစုမှာ လေးယောက်ရှိသော်လည်း ဟာမစ်တစ်လမ်းအတွင်းမှ အိမ်ကြီးကိုငှားရမ်းနေထိုင်ပြီး မကြာခင်မှာပင် သမီးဖြစ်သူရွှေရည် သေဆုံးသွားခဲ့လေသည်။

ညအချိန်တွင် ကြောက်ရွံ့ထိတ်လန့်စရာတစ်ခုခု တွေ့မြင်ခဲ့ဟန်ဖြင့် သေဆုံးသွားခြင်းဖြစ်သော်လည်း မည်ကဲ့သို့သောအကြောင်းကြောင့် သေခဲ့ရသည်ကိုတော့ သူတို့မသိခဲ့ကြသေးပေ။ ယခုလည်း ထွန်းအောင်မှာ မြို့ထဲဘက်မှ မြင်းလှည်းတစ်စင်းငှားပြီး အိမ်သို့ပြန်လာခြင်းဖြစ်သည်။

နေ့လည်ဘက်အချိန်ပင်ဖြစ်သော်လည်း လမ်းတစ်လျှောက်မှာတော့ လူသွားလူလာရှင်းလင်းနေပေသည်။

မြင်းလှည်းက ကမ္ဘာအေးစေတီဘုရားလမ်းအတိုင်းလာရာမှ ဟာမစ်တစ်လမ်းဝသို့ ရောက်သောအခါ ချိုးကွေ့ဝင်လိုက်လေသည်။

လမ်းအတွင်းရောက်သည်နှင့် မြင်းလှည်းပေါ်မှာပါလာသောထွန်းအောင်က မြင်ကွင်းတစ်ခုကို မြင်လိုက်သဖြင့် မြင်းလှည်းကို ရပ်တန့်ခိုင်းလိုက်သည်။

"မြင်းလှည်းဆရာ ဟိုဘက်နားမှာ ခဏရပ်ပေးပါ"

ဟု ပြောသဖြင့် မြင်းလှည်းသမားက ရပ်ပေးလေသည်။ မြင်းလှည်းရပ်သောနေရာနှင့် မနီးမဝေးလမ်းနံဘေးတစ်နေရာတွင် ညောင်ပင်ကြီးတစ်ပင်ရှိသည်။

ညောင်လန်းပင်ကြီးပင်ဖြစ်ပြီး၊ သစ်ပင်အောက်မှတော့





မိန်းကလေးတစ်ယောက် ထိုင်နေလေသည်။

ထိုမိန်းကလေးမှာ အသက် (၁၇)နှစ် (၁၈)နှစ်လောက်သာ ရှိဦးမည်ဖြစ်ပြီး ရုပ်ရည်ချောမောသူဖြစ်သည်။

သာမန်အဝတ်အစားများကို ဝတ်ထားပြီး ရင်ခွင်ထဲမှာ လွယ်အိတ်ထုပ်ကလေးတစ်ထုပ်ကို ပိုက်ထားလေသည်။

ထွန်းအောင်က လူပျိုပေါက်တစ်ဦးဖြစ်သဖြင့် ရွယ်တူချောချောလှလှ မိန်းကလေးမျိုးတွေ့လျှင် ထိုနေရာသို့လျှောက်သွားပြီး အနီးရောက်သောအခါ မေးလိုက်သည်။

"နင်ဘယ်သူလဲ၊ ဘာကြောင့် ဒီနေရာမှာ တစ်ယောက်တည်းထိုင်နေတာလဲ"

"ကျွန်မ နယ်ဘက်က လာတာပါ၊ ဒီမှာအလုပ်ရမယ်ပြောတာနဲ့ အရဲစွန့်ပြီးလာခဲ့တာပါ၊ ဒီရောက်တော့မှ သိတဲ့သူတွေက မရှိတော့ဘူး၊ ဒါကြောင့် ဘယ်သွားလို့ဘယ်လာရမှန်းမသိဘဲ ဖြစ်နေတာပါ အစ်ကိုရယ်"

ဟု သနားစဖွယ်အသံဖြင့် ပြောလေသည်။

ထွန်းအောင်က ထိုမိန်းကလေး၏ ရုပ်လက္ခဏာအခြေအနေကို မသိမသာအကဲခတ်ကြည့်လိုက်သည်။

မြို့မှာနေပြီး ရှုတ်ရှုတ်ပွေပွေ မိန်းကလေးမျိုးတော့ မဟုတ်ပေ။ ရိုးသားသောသွင်ပြင်လက္ခဏာမျိုးရှိပြီး သူမပြောသည့်အတိုင်း တောသူတစ်ယောက်ဖြစ်ရမည်ဟုတော့ ခန့်မှန်းမိလေသည်။

"မင်းနာမည် ဘယ်သူလဲ"


www.burmeseclassic.com

www.burmeseclassic.com

"မာလာပါ. ."

"ငါက ဘယ်လိုအကူအညီပေးရမလဲ"

"ကျွန်မက ဒီမှာအသိအကျွမ်းမရှိပါဘူး၊ ဒါကြောင့် တစ်ညလောက်တည်းခိုလို့ ရနိုင်မယ့်နေရာလေးများရှိရင် အကူအညီပေးပါအစ်ကိုရယ်"

ထိုစကားကြောင့် ထွန်းအောင်က စဉ်းစားနေလေသည်။ သူ့အနေဖြင့် လမ်းမှာတွေ့သောမိန်းကလေးတစ်ယောက်ကို ညအိပ်ညဥ့်နေ အိမ်မှာခေါ်ထား၍တော့ မဖြစ်ပေ။ နောက်တော့ အကြံတစ်ခုရသွားသဖြင့် မြင်းလှည်းသမားကို ကျသင့်ငွေပေးပြီး ပြန်လွှတ်လိုက်သည်။

မြင်းလှည်းသမား ပြန်သွားတော့မှ ပြောသည်။

"မင်းနဲ့ငါနဲ့ သိတာမဟုတ်တော့ ငါ့အိမ်ကိုခေါ်သွားလို့ဖြစ်မှာမဟုတ်ဘူး၊ ငါတို့နေတဲ့အိမ်အနောက်ဘက်မှာတော့ အိမ်ဟောင်းတစ်လုံးရှိတယ် ဘယ်သူမှမနေဘူး၊ မင်းနေဝံ့ပါ့မလား"

"လမ်းပေါ်မှာ ထိုင်နေရတာထက်စာရင်တော့ ဘယ်လိုနေရာမျိုးပဲဖြစ်ဖြစ် နေဝံ့ပါတယ်ရှင်"

"ကဲ. . ဒါဖြင့် ငါ့နောက်ကလိုက်ခဲ့ပေတော့"

ထိုသို့ပြောပြီး ခေါ်သွားရာ မိန်းကလေးက အထုပ်ကလေးပိုက်ကာ နောက်မှလိုက်လာလေသည်။

ထွန်းအောင်စိတ်ထဲမှာတော့ မမျှော်လင့်ပဲနှင့် ချောမောလှပသည့် မိန်းမပျိုတစ်ယောက်နှင့် ဆုံတွေ့ရသဖြင့် စိတ်လှုပ်ရှားနေမိလေသည်။





ထိုသို့ခေါ်သွားရာမှ မိမိတို့နေသော အိမ်နားရောက်သောအခါ အိမ်ရှေ့အပေါက်မှ မဝင်ဝံ့သဖြင့် ဘေးဘက်မှ နောက်သို့လှည့်သွားပြီး နောက်ဘက်အပေါက်မှဝင်လေသည်။

ထိုနောက်ဘက်မှာတော့ ပစ္စည်းဟောင်းများထားသော ဂိုဒေါင်ဟောင်းတစ်လုံးရှိသည်။

အသုံးမပြုတာကြာပြီဖြစ်သောကြောင့် အရောင်အဆင်းမပေါ်တော့ဘဲ ဟောင်းနွမ်းနေကာ အချို့နေရာများ၌ ပြိုပျက်နေကြသည်။

"ဒီဂိုဒေါင်ပျက်ထဲမှာ တစ်ညနေပေါ့၊ အပြင်မှာနေရတာနဲ့စာရင် ဒီအထဲမှာတော့ မင်းအတွက်လုံခြုံမှုရှိတာပေါ့"

မာလာဆိုသော မိန်းကလေးက ခေါင်းညိတ်ပြသည်။

"ညကျတော့ မင်းစားဖို့အစားအသောက်တွေ လာပို့ပေးမယ်"

ဟု မှာထားခဲ့ပြီး ဂိုဒေါင်ထဲထည့်ပြီး အပြင်မှ တံခါးပြန်စေ့ထားခဲ့လေသည်။ ထိုနောက် အခြေအနေကိုကြည့်ပြီး အိမ်ဘက်သို့ လျှောက်သွားလေတော့သည်။

ထိုအချိန်မှစပြီး ထွန်းအောင်စိတ်ထဲမှာ များစွာလှုပ်ရှားနေလေသည်။

သူတို့အိမ်မှာ လူကမများပေ။ ညီမဖြစ်သူ ရွှေရည် သေဆုံးသွားခဲ့ပြီးနောက် သုံးယောက်သာကျန်ခဲ့တော့သည်။

ဖခင်ဖြစ်သူ ကိုဘရွှေက မိုးလင်းသည်နှင့် ကုက္ကိုင်းတောက်သို့ သွားလေသည်။ မိခင်ဖြစ်သူကလည်း အပေါ်ထပ်မှာအောက်



www.burmeseclassic.com

www.burmeseclassic.com

ထပ်သို့ ဆင်းလာသည် မရှိပေ။

ကိုဘရွှေသွားသည်နှင့် အပေါ်ထပ်သို့တက်ကာ သမီး
ဖြစ်သူရွှေရည် နေသွားခဲ့သည့် အခန်းထဲမှာသာ အနေများ
သည်။

ရွှေရည်မရှိတော့သည့်နောက်ပိုင်း ထိုအခန်းထဲမှာ
သော ပစ္စည်းအသုံးအဆောင်များကိုလည်း ခြေရာလက်ရာ
ပျက်ပင် သည်အတိုင်းထားပေသည်။

ကုတင်နံဘေးမှာရှိသော ဗီရိုပေါ်မှာတော့ သူကိုယ်တိုင်
ဝယ်ပေးခဲ့သည့် ဘိုမရုပ်ကလေးလည်းရှိနေသည်။

တစ်နေ့မှာတော့ ညဦးပိုင်းအချိန်ရောက်သည်အထိ
ကိုဘရွှေတစ်ယောက် ပြန်မရောက်သေးသဖြင့် စောင့်ရင်းနှင့်
ထိုအခန်းထဲရှိ ကုတင်ပေါ်၌ အိပ်ပျော်သွားလေသည်။

ထိုသို့အိပ်ပျော်သွားစဉ် အိပ်မက်လိုလိုနှင့် သမီးဖြစ်သူ
ရွှေရည်ကို တွေ့ရလေသည်။

သူသည် ဘိုမရုပ်ကလေးကို ပွေ့ဖက်ထားရင်းမှ တ
ကိုယ်လုံး သွေးများဖြင့်စိုရွှဲနေကာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေ
သည်။

နားထဲမှာစကားပြောသံလိုလို၊ ငိုသံလိုလိုအသံ
ကြားလာရသည်။ သူမကုတင်နံဘေးမှာလည်း တဖျပ်ဖျပ်
လျှောက်နေသောခြေသံများကို ကြားရသဖြင့် ပြန်နိုးလာသ

မျက်စိဖွင့်ကြည့်လိုက်တော့ အနားမှာဘယ်သူမှ မ
ရပေ။ စိတ်ထဲမှာမသင်္ကာသဖြင့် ထကြည့်သောအခါ ကုတ





ဘေးမှာလဲကျနေသည့် ဘိုမရုပ်ကလေးကိုသာ တွေ့ရလေသည်။

ရီရီကတော့ ကြောက်ရွံ့ခြင်း မဖြစ်မိပေ။

သို့ကြောင့်အိမ်၌ ကိုဘရွှေမရှိသော အချိန်များတွင်
ရွှေရည်နေသွားသောအခန်းထဲ၌သာ တက်နေလေသည်။

ကိုဘရွှေပြန်ရောက်လာပြီး ထိုအကြောင်းကို သိသော
အခါသွယ်ဝိုက်သောနည်းဖြင့် သတိပေးစကားပြောလေသည်။

"ဒီလောက်လည်း အစွဲအလမ်းမကြီးပါနဲ့ အငြိမ်ရယ်၊ မင်း
ဒီလောက်စွဲလမ်းနေလည်း သေသွားတဲ့သူက ပြန်ရှင်လာတော့
မှာမဟုတ်တာ"

"အို . . ပြန်မရှင်လာပေမယ့် သူနဲ့တွေ့နေရတော့ စိတ်
ပြေသာတာပေါ့"

"ဟင် . . မင်းဘယ်သူနဲ့ တွေ့ရလို့လဲ"

"သေသွားတဲ့ ကျွန်မသမီးလေးက အဲဒီအခန်းထဲမှာပဲ
နေသေးတယ်၊ သူ့ကိုတွေ့တွေ့နေရတယ်၊ တွေ့လိုက်ရင် ကျွန်မ
ဝယ်ပေးထားတဲ့ ဘိုမရုပ်ကလေးကို ဖက်ထားတာတွေ့ရတယ်"

ထိုစကားကြားတော့ ကိုဘရွှေမှာ ဇနီးဖြစ်သူအတွက်
စိတ်ပူသွားလေသည်။ သို့သော် ထွေထွေထူးထူး ထပ်မပြောသာ
တော့ပေ။

နောက်ပိုင်းရက်များမှာလည်း ရီရီသည်အချိန်အတော်
များများတွင် အပေါ်ထပ်အခန်းထဲသို့သာ တက်နေလေသည်။

ထို့ကြောင့်သားဖြစ်သူ ထွန်းအောင်မှာ လွတ်လွတ်လပ်
လပ်ပင် နေခွင့်ရနေလေသည်။ အချိန်ရလျှင် မြို့ထဲသွားသော



www.burmeseclassic.com

www.burmeseclassic.com

အချိန်ဖြုန်းနေပြီး အချိန်ကုန်တော့မှ ပြန်လာလေ့ရှိသည်။

ယခုလည်း မြို့ထဲမှပြန်လာစဉ်လမ်း၌ မာလာဆိုသော မိန်းကလေးတစ်ယောက်နှင့် တွေ့သဖြင့် ခေါ်လာပြီး နောက ဘက်၌ရှိသော ဂိုဒေါင်ထဲ၌ထားခဲ့ခြင်းဖြစ်သည်။

ထိုသို့ထားခဲ့ပြီးမှ စိတ်ထဲမှာ များစွာလှုပ်ရှားနေ သည်။ ညနေပိုင်းအချိန်ရောက်သောအခါ အစားအသော အချို့ကို လျှို့ဝှက်စွာယူပြီးနောက် ဂိုဒေါင်ဟောင်းရှိရာဘက် သွားလေသည်။

ဂိုဒေါင်ဟောင်းရှိသောနေရာမှာ အသုံးမပြုဘဲထား သောနေရာဖြစ်သောကြောင့် မီးရောင်လည်းမရှိပေ။

လူအသွားအလာလည်း မရှိသဖြင့် တိတ်ဆိတ်ငြိမ်သ နေလေသည်။ ထိုနေရာရောက်တော့ စေ့ထားသောတံခါးချပ် အသာတွန်းဖွင့်လိုက်သည်။

"ကျွီ. ."

တံခါးပတ္တာမြည်သောအသံနှင့် တစ်ပြိုင်နက် ရင်ခုန် လည်း အတော်ပင်ကျယ်လောင်သွားလေသည်။

အထဲမှာ မီးရောင်မရှိသဖြင့် မှောင်နေသည်။

ကြည့်လိုက်တော့ မာလာဆိုသောမိန်းကလေးကို မ ရတော့ပေ။

"ဒီအထဲမှာတစ်ယောက်တည်းနေရတာ ကြောက် ထွက်ပြေးသွားပြီလား"

ဟုတွေးပြီးအတွင်းသို့ ဝင်ကြည့်လေသည်။



ထိုအခါမှ ကွပ်ပျစ်ပေါ်တွင် လွယ်အိတ်ထုပ်ကလေးကို ေါင်းအုံးပြီးအိပ်ပျော်နေသည့် မိန်းကလေးကိုတွေ့ရလေသည်။

ထိုသို့မြင်ရတော့မှ စိတ်အေးသွားသကဲ့သို့ဖြစ်ကာ က်ပြင်းတစ်ချက်ချလိုက်လေသည်။

ထို့နောက် အနားသို့သွားပြီး အသံပေးလိုက်သည်။

"ဟော့. . ဒီ. . ဒီမှာ. ."

ထိုသို့ခေါ်လိုက်တော့မှ နိုးလာပြီးထထိုင်လေသည်။

"ငါပါ. . ဒီမှာမင်းစားဖို့ စားစရာတွေ ယူလာတယ်"

ဟုပြောကာ သူယူလာသောအစားအသောက်များကို းလိုက်လေသည်။

မာလာဆိုသော မိန်းကလေးက လှမ်းယူရင်းနှင့်. .

"ကျေး. . ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

ဟု ကြောက်ရွံ့ထိတ်လန့်နေသောအသံဖြင့် ပြန်ပြော သည်။

"ကျေးဇူးတင်စရာမလိုပါဘူးကွာ၊ ဒုက္ခရောက်နေတာပဲ ညီပဲ အကူအညီပေးရမှာပေါ့၊ ကဲကဲ. . အဆာပြေစားလိုက်ဦး"

ဟုပြောတော့ အစားအသောက်များကို စားသောက် သည်။ ထွန်းအောင်က မနီးမဝေးမှာဝင်ထိုင်ရင်းနှင့် မေးလိုက် ည်။

"မင်းနာမည်က ဘယ်သူ. ."

"မာလာ. . ပါ. ."

"မင်းက ဘယ်အရပ်က လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှမ်းပြည်ဘက်ကပါ"

"ဒါကြောင့်စကားသံဝဲနေတာကိုး၊ ဒီလောက်ဝေး
ခရီးကို တစ်ယောက်တည်းလာဝံ့တဲ့သတ္တိကိုတော့ ချီးကျူးရမှာပဲ"

"ရှမ်းပြည်ကဆင်းလာတုန်းကတော့ အဖော်တွေနဲ့လာ
ခဲ့တာပါ၊ ဒီရောက်တော့လူချင်းကွဲသွားပြီး အခုလိုဒုက္ခတွေ့တော့
တာပါပဲ"

ဟု ငိုသံပါသော အသံမျိုးဖြင့် ပြန်ပြောလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ဒီမှာ အသိတွေမရှိတော့ပေမယ့် တခြားနေရာတွေမှာ
တော့ရှိကြဦးမယ် ထင်ပါတယ်၊ ဒီလိုပဲ လိုက်ရှာကြည့်ရတော့မှာ
ပေါ့ အစ်ကိုရယ်"

"ရန်ကုန်ဆိုတာ နယ်တွေမှာလိုမဟုတ်ဘူး၊ အန္တရာယ်
များတဲ့နေရာမျိုးပဲ၊ တကယ်လို့အဖော်မပါဘဲ တစ်ယောက်တည်း
လျှောက်သွားနေရင်တော့ အန္တရာယ်တွေနဲ့ တွေ့မှာသေချာ
တယ်"

"အခုမှတော့ မထူးတော့ပါဘူးအစ်ကိုရယ်၊ ကံတရားအ
ပဲ သဘောထားရတော့မှာပေါ့"

"အေးလေ ဒီမှာရှိနေတဲ့အချိန်တော့ ဘာမှမဖြစ်စေရ
ဘူး၊ ဒါထက်. . ဒီဂိုဒေါင်ထဲမှာ မင်းတစ်ယောက်တည်း နေဝံ့
မလား"

"နေဝံ့ပါတယ်၊ ကျွန်မ မကြောက်တတ်ပါဘူး"

"အေး. . ဒါဖြင့်လည်း စိတ်ချလက်ချသာနေပေတော့





နက်လင်းတော့မှ မင်းသွားချင်တဲ့နေရာ သွားပေါ့"

"ဟုတ်. . ဟုတ်ကဲ့"

ထို့နောက်မှာတော့ ထွန်းအောင်တစ်ယောက် စိတ်လှုပ်
ရှားစွာဖြင့် မိမိအိမ်ဘက်သို့ ပြန်လျှောက်လာလေသည်။

ထိုညက ထွန်းအောင်တစ်ယောက် တော်တော်နှင့်အိပ်
ပျော်နိုင်ပဲရှိနေလေသည်။

သူ့အတွေးထဲမှာ မာလာနှင့်ပတ်သက်သည့်အကြောင်း
အရာများက တစ်ခုပြီးတစ်ခု ရောက်နေလေသည်။

မာလာလိုအရွယ်ကောင်းပြီး ရုပ်ရည်ချောမောသော
မိန်းမပျိုတစ်ယောက်နှင့် မမျှော်လင့်ဘဲ တွေ့ခဲ့ရပြီးမှ ပြန်လည်
ခွဲခွာ.ပစ်ရမည်ကိုပင် နှမြောနေသကဲ့သို့ စိတ်ထဲမှာဖြစ်နေမိသည်။

သို့သော်လည်း သူ့အသက်အရွယ်က ငယ်သေးသည်။
ထို့ထက်ပို၍ပြီး အကူအညီပေးချင်လို့လည်း ရမည်မဟုတ်
ပေ။ သို့ကြောင့် သက်ပြင်းတချချနှင့် ဖြစ်နေခြင်းဖြစ်ပေ၏။

"သူ့ကို ဒီအတိုင်းခေါ်ထားရင်ကော ဖြစ်ပါ့မလား၊ သူက
ရော နေပါ့မလား၊ ဒီအကြောင်းကို ငါ့မိဘတွေသိရင်လည်း
လက်ခံကြမှာမဟုတ်ဘူး၊ ငါဘယ်လိုလုပ်ရမလဲ. . "


ဟုတွေးတောနေမိရာ ညဉ့်နက်ပိုင်းအချိန်ရောက်မှ ခွတ်
အတင်းပင်အိပ်ပျော်ရန် ကြိုးစားရလေတော့သည်။





BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၈ ]

# ဝိညာဉ်လောကမှ ကလဲ့စားချေရန်လာသူ

ညဉ့်အတော်နက်မှ အိပ်ပျော်သွားသော ထွန်းအောင်သည် မိမိကျောဘက်မှ တစ်စုံတစ်ခုနှင့် ထိမိသဖြင့် ဖျပ်ခနဲပြန်နိုးလာလေသည်။ နိုးလာသည်နှင့် လှည့်မကြည့်သော်လည်း သူ့နောက်ဘက်တွင် လူတစ်ယောက်ရှိနေမှန်း သိနေသည်။

ပူနွေးနေသောအငွေ့နှင့် ကိုယ်သင်းနံ့ကို ရနေသည်။

☺ အောင်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် လှည့်မကြည့်ခင်ကပင် ရင်ခုန်သံမြန်နေ
သည်။

"ဘယ်သူလဲ"

တိုးတိုး မေးလိုက်သည်။

ပြန်ပြောသံမကြားသဖြင့် တဖြည်းဖြည်းချင်းလှည့်ကြည့်
လိုက်လေသည်။

"ဟင်. . "

များစွာ အံ့ဩသွားလေသည်။

သူ့နောက်တွင် ကျောချင်းကပ်ပြီး အိပ်နေသူမှာအခြား
သူမဟုတ်ပေ။ သူခေါ်လာသည့် မာလာဆိုသော မိန်းကလေးပင်
ဖြစ်သည်။ တစ်ယောက်အိပ်ကုတင်ပေါ်မှာ နှစ်ယောက်ဝင်အိပ်
နေသောကြောင့် ပူးပူးကပ်ကပ်ရှိနေလေသည်။

သူထထိုင်သောအခါ မာလာကပါနိုးလာပြီး ထထိုင်လေ
သည်။

"နင်ဘယ်လို ဒီအခန်းထဲရောက်လာတာလဲ"

"ဂိုဒေါင်ထဲမှာ တစ်ယောက်တည်း မနေဝံ့တော့တာနဲ့
အပေါ်တက်လာတာပါ"

ထိုသို့ပြောသည်ကိုတော့ အံ့ဩစရာမရှိပေ။

"တံခါးပိတ်ထားတဲ့ ဒီအိမ်ထဲကို ဘယ်လိုဝင်လာတာလဲ"

"ဂိုဒေါင်ထဲကနေလာရင် ဒီအိမ်ထဲကိုရောက်လာနိုင်တဲ့
လမ်းရှိတယ်၊ ဒီအိမ်ကြီးရဲ့အောက်ဘက်မှာလည်း မြေအောက်
ခန်းရှိတယ်"





"ဟင်. . "

ထိုစကားကြားတော့ များစွာအံ့ဩသွားလေသည်။

အိမ်ကြီးအောက်ဘက်၌ မြေအောက်ခန်းရှိသည်ကို သူ
တို့မိသားစုပင် မသိကြရသေးပေ။

ထားတော့. . ၊ သူတို့က အိမ်ငှားဖြင့် ပြောင်းရွှေ့လာ
သည်မှာ မကြာသေးသောကြောင့် မသိကြသည်က မဆန်းလှ
ပေ။ ယခုမှရောက်လာသော မိန်းကလေးက မြေအောက်ခန်းရှိ
သည်ကို ဘယ်လိုသိနေတာပါလိမ့်. . ။

သို့ကြောင့် မေးကြည့်ရသည်။

"မြေအောက်ခန်းရှိနေတာကို မင်းကဘယ်လိုသိနေ
တာလဲ"

"ကျွန်မလည်း ဂိုဒေါင်ထဲမှာ ကြောက်ကြောက်လန့်လန့်
နဲ့လိုက်ကြည့်တော့ အခန်းထောင့်တစ်နေရာမှာ အံဖုံးတစ်ခုကို
တွေ့တာနဲ့ ဖွင့်ကြည့်မိတယ်"

"ဆက်ပြောပါဦး"

"အဖုံးဖွင့်လိုက်တော့ အောက်ဖက်ကိုဆင်းတဲ့ လှေခါး
တစ်ခုတွေ့တယ်၊ အပေါ်မှာ နေရတာနဲ့စာရင် အောက်ဆင်းနေ
ရင်ပိုကောင်းမယ်လို့ တွေးမိတာနဲ့ အောက်ကိုဆင်းကြည့်တော့
မြေအောက်အခန်းတစ်ခန်းတွေ့ရတယ်"

"မြေအောက်ခန်းထဲမှာ မီးရောင်မှမရှိတာ ဆင်းကြည့်
တော့ မှောင်မည်းမနေဘူးလား"

"မှောင်တော့မှောင်တယ်၊ ဒါပေမယ့် မှောင်ထဲမှာ နေ

www.burmeseclassic.com

သားကျတော့ မြင်ရပါတယ်"

"ပြောပါဦး"

"အဲဒီမြေအောက်လမ်းအတိုင်း လျှောက်လာရင် ဒီအိမ်ကြီးအောက်မှာရှိတဲ့ မြေအောက်ခန်းကို ရောက်တယ်၊ အံဖုံးဖွင့်လိုက်ရင် ဒီအိမ်ကြီးထဲကို ရောက်တယ်၊ ဒါကြောင့် အစ်ကိုအခန်းထဲရောက်လာတာပါ"

ဟုပြောပြလေသည်။

သူမပြောနေသော အကြောင်းအရာများမှာ ယုံနိုင်စရာမရှိလှပေ၊ သို့သော် လက်တွေ့အခြေအနေကိုကြည့်ပြီး မယုံလည်း မရပေ၊ ထွန်းအောင်က အသေအချာစဉ်းစားကြည့်ပြီးစိတ်ဝင်စားမိသည်။

"နင် ပြောတာအမှန်ပဲလား"

"ကျွန်မ အမှန်ပြောတာပါ၊ အစ်ကိုမယုံရင် ဆင်းကြည့်မလား ကျွန်မလိုက်ပြပေးမယ်"

"အေး သွားကြည့်ရအောင်"

ဟုပြောပြီး လက်နှိပ်ဓာတ်မီးတစ်လက်ကိုယူကာ နှစ်ယောက်သား အောက်ထပ်သို့ဆင်းလာကြလေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် အောက်ထပ်အခန်းမှာအိပ်သော ကိုဘရွှေနှင့် ရီရီတို့မှာ အိပ်ပျော်နေကြလေပြီ။

အောက်ထပ်တစ်ခုလုံးမှာ မီးရောင်မရှိသဖြင့် မှောင်မည်းနေလေသည်။ မှန်တံခါးပေါက်များမှတစ်ဆင့် အပြင်ဘက်





မှ ဝင်လာသောအလင်းရောင် အချို့လောက်သာရှိသဖြင့် ဝိုးတဝါးမြင်ရသည်။

မာလာကဦးဆောင်ပြီး အခန်းထောင့်တစ်နေရာသို့ ခေါ်သွားလေသည်။

အပေါ်ထပ်တက်သောအခါ လှေခါးအောက်ဖက် တစ်နေရာမှာတော့ အံဖုံးတစ်ခုရှိသည်။ ပစ္စည်းများကွယ်နေသည်က တစ်ကြောင်း၊ အသုံးပြုရန် မလိုသောနေရာဖြစ်သည်က တစ်ကြောင်း၊ အမှုမဲ့အမှတ်မဲ့နေခြင်းကြောင့်သာ အံဖုံးရှိနေမှန်း မသိကြရခြင်းဖြစ်သည်။

ထို့နောက်အံဖုံးကိုဖွင့်ပြီး နှစ်ယောက်သား အောက်သို့ဆင်းကြလေသည်။ လှေခါးထစ်များမှာ အခိုင်အမာပြုလုပ်ထားသောကြောင့် ဆင်းရတာမခက်လှပေ။

သူတို့နှစ်ယောက် အောက်ခြေသို့ ရောက်သွားသောအခါ အပေါ်မှာဖွင့်ထားခဲ့သော အံဖုံးတံခါးက အလိုအလျောက်ပြန်ပိတ်သွားလေတော့သည်။ ထိုအခြေအနေကိုတော့ ထွန်းအောင် မသိပေ။

အောက်ထပ်၌ရှိသော အခန်းမှာ အတော်ပင်ကျယ်ဝန်းလှသည်။ အိမ်၏အကျယ်အဝန်းအတိုင်း လေးထောင့်ပုံသဏ္ဌာန်မြေတိုက်ခန်းကြီး ပြုလုပ်ထားခြင်း ဖြစ်လေသည်။ ထွန်းအောင်က မြေအောက်ခန်းရောက်တော့ ပါလာသော လက်နှိပ်မီးဖြင့်နေရာအနှံ့ လိုက်ထိုးကြည့်ရင်းမှ လေးဘက်လေးတန် နံရံတို့တွင် တံခါးချပ်များ တပ်ဆင်ထားသည်ကို တွေ့ရသဖြင့် အဓိကထိုးမှာရှိ


www.burmeseclassic.com

www.burmeseclassic.com



သော တံခါးတစ်ချပ်ကို ဆွဲဖွင့်လိုက်သည်။

ကျပ်နေသောကြောင့် တော်တော်နှင့် ဖွင့်မရဘဲရှိနေရာမှ အားစိုက်ပြီးဆွဲသောအခါမှ ပွင့်သွားလေသည်။

"အောင်မယ်လေးဗျ ဘယ်နှယ်ဟာကြီးပါလိမ့်"

ဟု အလန့်တကြား အော်လိုက်လေသည်။

နံရံအတွင်း၌ ခေါင်းတလားတစ်လုံး ထောင်ထားသကဲ့သို့ အခန်းတစ်ခန်းရှိနေပြီး ထိုအထဲမှာ မတ်တပ်ရပ်လျက်သား ထည့်ထားသော လူအရိုးစုတစ်ခု ရှိနေလေသည်။

ထိုအရိုးစုကိုမြင်တော့ ထွန်းအောင်မှာ နောက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်သွားပြီး အတူပါလာသည့် မာလာကို လှည့်ကြည့်လိုက်သည်။ မတွေ့ရတော့ပေ။

"မာလာ. . . မာလာ"

ခေါ်ကြည့်တော့လည်း မသံမကြားရတော့ပေ၊ မီးရောင်ဖြင့် နေရာအနှံ့ထိုးကြည့်တော့ မာလာကိုမတွေ့ရဘဲ ထူးခြားမှုများကိုတော့ တွေ့ရလေသည်။ အခြားမဟုတ်ပေ. . .။

မြေအောက်ခန်းအတွင်း၌ရှိသော ပိတ်ထားသည့် တံခါးချပ်များ တစ်ခုပြီးတစ်ခု ပွင့်လာပြီး အထဲမှအရိုးစုကြီးများ ထွက်လာကြလေပြီ။

ထိုအခါမှ ကြောက်လန့်တကြားဖြင့် အပေါ်ပြန်တက်ပြေးရန် ကြိုးစားလေသည်။ တံခါးပိတ်နေပြီဖြစ်သဖြင့် ဖွင့်မရတော့ပေ။ ထိုနေရာမှာကြိုးစား၍ မရသောအခါ အနောက်ဘက်ဂိုဒေါင်ဘက် သွားသောလမ်းအတိုင်း ပြေးသွားပြန်လေသည်။





ထိုမြေအောက်လမ်းမှာ သိပ်တော့မကျယ်လှပေ၊ လူတစ်ယောက် သွားသာရုံလောက်သာရှိသည်။ သူပြေးသွားတော့ ထိုလမ်းထဲမှာ လူတစ်ယောက်က ရောက်နှင့်ကာ ရပ်နေလေသည်။

ကျောပေးပြီး ရပ်နေခြင်းဖြစ်သည်။

မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ သူခေါ်လာသော မာလာမှန်း သိရသဖြင့် အနည်းငယ်အားရှိသွားပြီး လှမ်းပြောလိုက်လေသည်။

"မာလာ. . မာလာ အဲဒီနေရာမှာ ရပ်မနေနဲ့နောက်က အရိုးစုတွေ ထွက်လာနေပြီ၊ ဂိုဒေါင်ဘက်ရောက်အောင် မြန်မြန်သွားပေတော့. . ."

ထိုသို့ပြောသော်လည်း မာလာဆိုသော အမျိုးသမီးက ရှေ့သို့မသွားဘဲ ရပ်မြဲရပ်နေလေသည်။ ထိုအချိန်မှာ နောက်ဘက်မှ တဂျောက်ဂျောက်နှင့် ခြေသံများကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ အရိုးစုကြီးက လိုဏ်ခေါင်းလမ်းအတိုင်း ဝင်လိုက်လာကြလေသည်။

"ဂျောက်. . ဂျောက်. . ဂျောက်"

အမှောင်ထဲတွင် ခြေကားရားလက်ကားရားနှင့် ဝင်လာသောအရိုးစုများကို မြင်ရသည်မှာ များစွာကြောက်ရွံ့ဖွယ်ရာကောင်းလှပေသည်။ နောက်သို့ ပြန်လှည့်၍ မရတော့ပေ။

ထွန်းအောင်အခြေအနေက ရှေ့မတိုးသာ နောက်မဆုတ်သာသော အခြေအနေမျိုးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မထူးတော့ပြီမို့ ရှေ့မှာရပ်နေသော မာလာရှိရာသို့ ပြေးသွားလေသည်။ မနီးမဝေးရောက်တော့. . .

"မာလာ. . မာလာ"

ဟု ခေါ်လိုက်သေးသည်။

"ငါ. . မာလာ မဟုတ်ဘူး"

"ဟင်"

ရပ်နေသူထံမှ အသံတစ်မျိုးဖြင့် ပြောလိုက်သံကြားသောအခါ လန့်ဖျပ်သွားပြီး ခြေလှမ်းလည်းတုံ့သွားလေသည်။ ထိုအချိန်မှာပင် ရပ်နေသူက သူ့ဘက်သို့ တဖြည်းဖြည်းလှည့်လာလေသည်။

ကျောဘက်က ကြည့်စဉ်က သူခေါ်လာသည့်မိန်းကလေးဟုထင်သော်လည်း မျက်နှာလှည့်လာတော့မှ မဟုတ်မှန်းသိရလေသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အမျိုးသမီးတစ်ယောက်၏ မျက်နှာပင်ဖြစ်လေသည်။

"ခင်. . ခင်ဗျား ဘယ်သူလဲ"

"ငါက နင့်အဖေ လူယုတ်မာလက်ချက်ကြောင့် သေခဲ့ရတဲ့ နန်းမြကြည်ပဲ"

"အဖေလုပ်တာတွေ ကျွန်တော်ဘာမှ မသိပါဘူးဗျာ၊ ကျွန်တော်အသက်ကို ချမ်းသာပေးပါ"

"မပေးနိုင်ဘူး၊ နင်တို့ တစ်မိသားစုလုံးကို သတ်ရမှ ကျေနပ်မယ်၊ နင့်ညီမတစ်ယောက်ကို သတ်ပြီးပြီ၊ အခုတော့ နင့်အလှည့်ပဲ"





"မလုပ်ပါနဲ့ ချမ်းသာပေးပါ. . ချမ်းသာပေးပါ"

ထိုသို့ တောင်းပန်နေစဉ်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသောမိန်းမက ရှေ့သို့တိုးလာသည်။ နောက်မှဝင်လိုက်လာသော အရိုးစုများကလည်း ကျောဘက်နားရောက်နေပေပြီ။ ထိုအခါ ထွန်းအောင်မှာ ငယ်သံပါအောင် အော်ဟစ်အကူအညီတောင်းလိုက်လေသည်။

သို့သော် မြေအောက်ခန်းထဲမှာ ရောက်နေသောကြောင့် ဘယ်သူမှမကြားနိုင်တော့ပေ။

နောက်တစ်နေ့ မနက်ပိုင်းအချိန်ရောက်တော့ ထွန်းအောင်တစ်ယောက် အပေါ်ထပ်မှဆင်းမလာသောကြောင့် မိခင်ဖြစ်သူက အပေါ်ထပ်အခန်းသို့ တက်ကြည့်တော့ မတွေ့ရတော့ပေ။

တစ်နေရာသို့ သွားလေသလားဟု ရှာဖွေကြည့်တော့လည်း မတွေ့ကြရပေ။ ခြံစောင့်အဘိုးကြီးကို မေးကြည့်တော့လည်း ဒီမနက် မည်သူမှအပြင်မထွက်သေးကြောင်း ပြောပြသည်။

"ကိုဘရွှေ ရှင့်သားတစ်ယောက် ဘယ်ပျောက်သွားတာလဲ"

"ငါလည်း ဘယ်သိပါ့မလဲ၊ ဒီအိမ်နဲ့ခြံဝန်းထဲမှာပဲ ရှိမှာပေါ့"

"ဒီအတိုင်းတော့ နေလို့မဖြစ်ဘူး၊ သူတစ်ခုခုများဖြစ်နေမလား၊ ကျွန်မတို့ ပုလိပ်ကိုအကြောင်းကြားရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

“ဆရာကြီးက ပုလိပ်တွေနဲ့ ပတ်သက်တာကို လုံးဝမကြိုက်ဘူး၊ ငါတို့အလုပ်ကလည်း ပုလိပ်တွေနဲ့ပတ်သက်လို့ မဖြစ်ဘူး”

“ကိုယ့်သားသမီးတစ်ယောက်လုံး ဘယ်ရောက်နေမှန်း မသိရလောက်အောင် ပျောက်နေတာတောင် ရှင်ကအလုပ်ကို အကြောင်းပြချင်သေးလို့လား၊ ရှင်မလုပ်ချင်ရင်လည်းနေ၊ ကျွန်မကတော့ မနေနိုင်ဘူး လုပ်ရမှာပဲ”

ရီရီမှာ အေးအေးနေတတ်သူဖြစ်သော်လည်း ယခုတစ်ခါမှာတော့ သည်းခံနိုင်မှုမရှိတော့သည့် အခြေအနေမျိုး ရောက်ခဲ့ရပေပြီ။

သမီးငယ် သေဆုံးသွားခဲ့တာ လ,ပင်မကူးသေးသော အချိန်တွင် ယခုသားအကြီးဖြစ်သူက ပျောက်နေပြန်လေပြီ။ ဘယ်နေရာရောက်ပြီး၊ ဘယ်လိုပျောက်နေမှန်း သေသေချာချာ မသိရသေးခင်မှာပင် မိခင်ဖြစ်သူ၏ ရင်ထဲမှာတော့ ဗလောင်ဆူနေလေပြီ။ စိုးရိမ်စိတ်များလည်း ကြီးစွာဝင်နေလေသည်။

အဘယ်ကြောင့်ဆိုသော် သမီးငယ်ရွှေရည်မှာ ထူးထူးဆန်းဆန်းအဖြစ်မျိုးဖြင့် ကြုံတွေ့ရပြီး သေခဲ့ရသောကြောင့် သားဖြစ်သူကိုလည်း ထိုကဲ့သို့သောအဖြစ်မျိုးနှင့် ကြုံတွေ့ပြီး အသက်ဆုံးရှုံးရမည်ကို စိုးရိမ်ထိတ်လန့်နေသောကြောင့်ပင် ဖြစ်လေသည်။

ပထမတော့ ရီရီသည် ခင်ပွန်းသည်အပေါ် လေးစားကြောက်ရွံ့မှုရှိသောကြောင့် ဘယ်သောအခါမှ အတိုက်အခံ





မလုပ်ဘဲ အေးအေးပင်နေလေ့ရှိသည်။ ယခုတော့ သားဖောသမီးဖော ကပ်နေသောကြောင့် ယခင်အမူအယာနှင့် မတူတော့ပေ။

ဘယ်အရာမဆို ရင်ဆိုင်ဝံ့သော အမူအယာမျိုးဖြစ်နေလေသည်။ ရီရီ၏အမူအယာကိုမြင်တော့ ဘရွှေလည်း အတိုက်အခံမလုပ်ချင်တော့သဖြင့် ဗဟန်းဂါတ်တဲသို့ သွားရောက်အကြောင်းကြားရလေတော့သည်။

အမှုဖွင့်ပြီးသောအခါ ဌာနအုပ်ဦးမင်းဒင်က အမှုလိုက်ထောက်ကျော်စွာကိုပင် လွှဲပေးလေသည်။

“အမှုလာဖွင့်တဲ့သူက တခြားမဟုတ်ဘူး၊ အကြားအမြင်ဆရာနေသာရဆီမှာ အလုပ်လုပ်နေတဲ့ ဘရွှေဆိုတဲ့လူပဲ”

“ဟုတ်ကဲ့ ဆရာ”

“ငါသိရသလောက်တော့. . ဟာမစ်တစ်က သူတို့ငှားနေတဲ့အိမ်မှာ လွန်ခဲ့တဲ့လပိုင်းလောက်က ကလေးမလေးတစ်ယောက် သေခဲ့သေးတယ် မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ၊ မှုခင်းမှတ်တမ်းအချက်အလက်တွေ ယူထားတာရှိပါတယ်”

ဦးမင်းဒင်က မီးညှိထားသော ဆေးပြင်းလိပ်ကိုဖွာရင်း ခေါင်းတစ်ချက်ညိတ်ပြလေသည်။

“အခုကိစ္စကလည်း အဲဒီနေရာမှာပဲဖြစ်တာဆိုတော့ ဆက်စပ်မှုတွေရှိနိုင်တယ်၊ သေသေချာချာ လေ့လာစုံစမ်းမှုပြုလုပ်ပါ”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

"နောက်တစ်ချက်က ဘရွှေက နေသာရရဲ့ လက်ရှိ တပည့်တစ်ယောက်ဆိုတော့ နေသာရနဲ့ပတ်သက်တဲ့ သတင်း အချက်အလက်တွေကိုပါ တစ်လက်စတည်း စုံစမ်းကြည့်ပါ၊ ... ကူးရေပါ သဘောမျိုးနဲ့ပေါ့"

"ကောင်းပါပြီဆရာ၊ ကျွန်တော်ကြိုးစားပြီး စုံစမ်းပေးပါ့မယ်"

"မောင်ကျော်စွာသွားရင် ဒေါက်တာမင်းထင်ကျော် ... ပါတစ်ပါတည်းခေါ် သွားရင် ပိုကောင်းမယ်၊ ဒီလို လျှို့ဝှက်ဆန်း ကြယ်တဲ့ အမှုမျိုးတွေကျတော့ သူပါပါတော့ပိုပြီးကောင်းတာ ပေါ့"

"ကောင်းပါပြီ ဆရာ"

ထို့နောက် စုံထောက်ကျော်စွာသည် ဦးမင်းဒင်အား အ... အသေပေးပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့လေသည်။

စိတ်ထဲမှာတော့ တက်ကြွမှုများဖြင့် ပြည့်နေပေတော့ သည်။







# အခန်း [ ၉ ]

# မြေအောက်ခန်းမှ သချိုင်းပေါက်

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ ...မစ်တစ်လမ်းအတွင်းသို့ ရောက်သွားသောအချိန်မှာ နေ့ ...ညဘက်အချိန်သို့ ရောက်နေပေပြီ။ ထိုအချိန်မျိုးတွင် လမ်း ...တလျှောက်တွင် လူသွားလူလာ မရှိသလောက်ရှင်းနေလေ ...သည်။ စုံထောက်ကျော်စွာမောင်းသော လင့်ရိုဘာကားဖြင့် လာ ...ခြင်းဖြစ်ပေသည်။

လမ်းတလျှောက်လုံးမှာတော့ စုံထောက်ကျော်စွာ...



www.burmeseclassic.com

www.burmeseclassic.com

ဘရွေတို့၏ မိသားစုအကြောင်းများ၊ အကြားအမြင်ဆရာကြီး နေသာရနှင့် ပတ်သက်သည့်အကြောင်းများကို သူစုံစမ်း၍ ထားသမျှများကို ဒေါက်တာမင်းထင်ကျော်အား ပြောပြလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအကြောင်းကို စိတ်ဝင်စားစွာ ရက်သောက်ရင်းနှင့် နားထောင်နေရုံသာရှိသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် မောင်းလာကြရာ ဟာမစ်တစ်လမ်းအတွင်း၌ရှိသော ဘရွေတို့ငှားရမ်းနေထိုင်သည့် အိမ်ရှေ့သို့ရောက်သောအခါ ဟွန်းတီးပြီး အချက်ပေးလိုက်ရာ ခြံစောင့်အဘိုးကြီးက တံခါးလာဖွင့်ပေးလေသည်။

တံခါးဖွင့်ပြီးသောအခါ ကားကိုဆင်ဝင်အောက်သို့ မောင်းဝင်သွားပြီး ရပ်ထားလိုက်သည်။

သူတို့ရောက်သွားတော့ ဘရွေနှင့် ရီရီတို့နှစ်ယောက်စလုံး အပေါက်ဝထွက်လာပြီး ကြိုကြလေသည်။

"လာကြပါဗျာ. . လာကြပါ၊ ကျွန်တော်သားလေးတော့ ဒုက္ခရောက်နေပြီထင်ပါရဲ့၊ အခုထိရှာလို့မတွေ့သေးဘူး၊ သတင်းလည်းမကြားရသေးပါဘူး"

ဟု ဘရွေက ငိုသံပါသောအသံမျိုးဖြင့် ပြောလေသည်။

ထို့နောက် အိမ်ထဲဝင်သွားကြပြီး ဧည့်ခန်းရောက်တော့ သိလိုသမျှ မေးရပေတော့သည်။

"ဒီအိမ်မှာ မိသားစုဘယ်နှယောက်နေကြသလဲ"

"ပြောင်းလာကာစကတော့ လေးယောက်ပါပဲ၊ လွန်ခဲ့တဲ့လက ကျွန်တော့်သမီးငယ်တစ်ယောက် ရုတ်တရက်သေသွား





ခဲ့တော့ သုံးယောက်ကျန်ပါတယ်။ အခု သားတစ်ယောက်က ပျောက်နေပြန်ပါပြီ"

"ကြားရတာစိတ်မကောင်းပါဘူး၊ ပျောက်နေတဲ့ ခင်ဗျားသားအတွက်လည်း မျှော်လင့်ချက်ရှိနိုင်ပါသေးတယ်၊ ခင်ဗျားတို့ဆင်သလိုမဟုတ်ပဲ တစ်နေရာမှာရောက်နေတာမျိုးလည်း ဖြစ်နိုင်ပါသေးတယ်"

"ဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

"ကျွန်တော်တို့ကို ခင်ဗျားသမီးလေးမသေခင်က အဖြစ်အပျက်တွေကို မှတ်မိသလောက် ပြန်ပြောပါ"

ဟု မေးသောအခါ ရီရီကပင် ပြည့်စုံစွာဝင်ရောက်ပြောပြလေသည်။

". . . တစ်နေ့တော့ လမ်းထဲကို အရုပ်ရောင်းတဲ့အဘိုးကြီးတစ်ယောက် အရုပ်လာရောင်းလို့ သမီးလေးအတွက် အရုပ်အလေးတစ်ရုပ် ဝယ်ပေးခဲ့ပါတယ်"

"ဒီလောက်ခေါင်တဲ့လမ်းထဲကို ခါတိုင်းလည်း အရုပ်ရောင်းတဲ့သူတွေ လာဖူးပါသလား"

"ကျွန်မတို့က ဒီလမ်းထဲကို ပြောင်းလာကြတာ မကြာသေးတော့ အရင်ကအရုပ်ရောင်းတဲ့သူတွေ လာသလား မလာဘူးလားတော့ မသိပါဘူး၊ ကျွန်မတို့ပြောင်းလာကြပြီး နောက်ပိုင်းမှာတော့ ပထမဆုံးလာရောင်းတဲ့အရုပ်သည်ပါပဲ"

ရီရီပြောသောစကားက ဆီလျော်မှုရှိသဖြင့်ထပ်မမေးတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပေးပါဦး"

"အရုပ်ကလေးဝယ်ပေးပြီး တစ်ရက်နှစ်ရက်ပဲကြာ
တယ် ညဘက်သူ့အခန်းထဲက အော်သံကြားလို့တက်ကြည့်
အခါ ရုပ်ပျက်ဆင်းပျက်သေနေတာကို တွေ့ရတာပါပဲရှင်"

ဟု ငိုသံပါသောအသံဖြင့် ပြောပြလေသည်။

"ပျောက်နေတဲ့ ခင်ဗျားသားနာမည်က ဘယ်သူ
အသက်အရွယ်ကရော. ဘယ်လောက်ရှိပြီလဲ"

"အသက်ကတော့ (၁၈)နှစ်လောက်ပဲရှိပါသေးတ
နာမည်ကတော့ မောင်ထွန်းအောင်လို့ ခေါ်ပါတယ်ရှင်"

"သူနဲ့ပတ်သက်ပြီး အရင်ရက်တွေက ဘာတွေများ ထူး
ခြားမှုတွေ သတိပြုမိပါသလဲ"

"ထွေထွေထူးထူးတော့ မရှိပါဘူး၊ သူကအလုပ်မရှိ
မြို့ထဲသွားနေတာ များပါတယ်"

"ဒါဖြင့် မြို့ထဲသွားရင်းနဲ့ ပျောက်သွားတာလား"

"မဟုတ်ပါဘူး၊ ညအထိ အိမ်ပေါ်မှာရှိနေပါသေးတ
မနက်လင်းလို့ ဆင်းမလာတော့မှ သူ့အခန်းကိုတက်ကြည့်တာ
အဲသည်တော့မှ မရှိတော့မှန်းသိရတာပါ"

ရီရီက မျက်ရည်ကလေးအဝိုင်းသားဖြင့် ပြောပြနေသ
ဒေါက်တာမင်းထင်ကျော်ကတော့ သူပြောပြသမျှကို သေ
ချာချာ နားထောင်ပြီး ဖြစ်နိုင်ခြေရှိသောအချက်ကို ဆက်
တွေးတောနေသည်။ သို့သော် ထူးခြားသောကွင်းဆက်မျိုး
မတွေ့ရသေးပေ။





"ခင်ဗျားကရော ဘယ်မှာအလုပ်လုပ်တာလဲ"

"ဆရာကြီးနေသာရဆီမှာ လုပ်ပါတယ်"

"အကြားအမြင်ဟောပြောတဲ့ ဆရာကိုပြောတာလား"

"ဟုတ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ထွေထွေထူးထူးထပ်မမေး
တော့သဖြင့် စုံထောက်ကျော်စွာက ဝင်မေးသည်။

"ခြံစောင့်ကုလားအဘိုးကြီးက ခင်ဗျားတို့နဲ့ပါလာတာ
လား"

"မဟုတ်ပါဘူး၊ အရင်ကတည်းက ဒီခြံထဲမှာနေတာပါ"

"ကောင်းပါပြီ၊ ကျွန်တော်တို့ အပေါ်ထပ်တက်ကြည့်
ပါတယ်"

ဟု ပြောသောအခါ လိုက်ပို့ပေးကြလေသည်။

ဒေါက်တာမင်းထင်ကျော်က အပေါ်ထပ်ရောက်သည်
သေဆုံးသွားခဲ့သော ရွှေရည်အခန်းထဲသို့ အရင်ဝင်ကြည့်
သည်။

ဒေါက်တာမင်းထင်ကျော်တို့ အခန်းတွင်းဝင်ကြည့်
အချိန်တွင် ဘရွှေတို့လင်မယားက အပြင်မှာနေခဲ့ကြသည်။
က်တာမင်းထင်ကျော်က အခန်းတွင်းမှာရှိသော အသုံးအ
ဆောင်ပစ္စည်းများကို သေသေချာချာ လိုက်လံကြည့်ရှုနေရင်းမှ
ဆင်ဘေးမှာရှိသော ဗီရိုပေါ်မှာတင်ထားသော ဘိုမရုပ်က
ကို တွေ့မြင်သွားသဖြင့် အနားသို့လျှောက်သွားပြီး ကောက်
ကိုင်လိုက်သည်။

www.burmeseclassic.com



ဘိုမရုပ်ကလေးမှာ ကော်အမာစားဖြင့်ပြုလုပ်ထားပြီး တစ်ပေခန့်မြင့်သည်။ ဆံပင်၊ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်း စသည် တို့ကို ဆေးများဖြင့် ရေးခြယ်ထားပြီး ဂါဝန်ဝတ်ပေးထားသည်။

ပြုလုပ်ထားသည်မှာ လက်ရာမြောက်လှသောကြောင့် ကြည့်လျှင် အသက်ဝင်နေသကဲ့သို့ ထင်ရလေသည်။

ထို့ထက်ထူးခြားသောအချက်မှာ မျက်လုံးက ကြည့်သူ ကို လိုက်ကြည့်နေသကဲ့သို့ရှိနေပြီး ပါးစပ်မှာ ပြုံးတော့မလို ရယ် တော့မလို စကားပြောတော့မလို ဟန်အမူအယာမျိုးရှိသည် သတိပြုမိလေသည်။

ထို့ထက်အနီရောင်များ စွန်းပေနေသော ပါးစပ်ထော ဝိုက်ကိုကြည့်သည်။

"ဒါ. . . သေသွားတဲ့ကလေးမကို ဝယ်ပေးတယ်ဆို ဘိုမရုပ်ဖြစ်နိုင်တယ်၊ အရုပ်ရဲ့ပါးစပ်တစ်ဝိုက်မှာ ဘာတွေပေ တယ်ဆိုတာလည်း ကြည့်ပါဦး ကိုကျော်စွာရဲ့"

ဟု ပြောပြီး လှမ်းပေးလိုက်ရာ စုံထောက်ကျော်စွာ မှန်ဘီလူးထုတ်ပြီး အသေအချာကြည့်ရှု စစ်ဆေးလေသည်

"ဆေးစက်တွေ စွန်းနေတာလား"

"ဆေးစက်တွေ မဟုတ်ဘူးဆရာ၊ သွေးစသွေးန ကပ်နေတာ"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ထိုအရုပ် ပြီး အသေအချာကြည့်လိုက်သည်။

ဘိုမရုပ်၏ပါးစပ်တစ်ဝိုက်တွင် စွန်းပေနေသည်မှာ





ရောင်ဖြစ်သော်လည်း ရေးခြယ်ထားသောဆေးမျိုးတော့ မဟုတ် ပေ။

"စိတ်ဝင်စားစရာပဲ၊ ဒီအရုပ်ကိုယူခဲ့ပြီး သေသေချာချာ စစ်ဆေးကြည့်ရင် နောက်ထပ်စိတ်ဝင်စားစရာတွေ ထပ်တွေ့နိုင် တယ်"

"ဆရာက ဘယ်လိုထင်နေလို့လဲ"

"ဂမ္ဘီရအစီအရင်တွေနဲ့ ပတ်သက်မယ်လို့တော့ ထင် တာပဲ၊ ဟုတ်မဟုတ်တော့ . . ဆရာကြီးသူရဇ္ဇနဲ့ ဆရာကြီးဦးဝန် ကောင်းတို့နဲ့ မေးမြန်းကြည့်မှ သိနိုင်လိမ့်မယ်"

ဟုပြောကာ အိတ်တစ်လုံးဖြင့်ထည့်ပြီးနောက် ဘိုမရုပ် ကလေးကို အပြင်သို့ယူလာကြသည်။

အပြင်ဘက်မှာတော့ ဘရွှေနှင့်ရီရီတို့လင်မယားနှစ် ယောက်က ရပ်စောင့်နေကြသည်။

"ရွှေရည်သေသွားပြီးတဲ့နောက်မှာ ဒီအခန်းထဲမှာ ဘယ် သူနေသလဲ"

"အမြဲတော့မနေပါဘူး၊ နေ့ခင်းနေ့လည်တော့ ကျွန်မ နေပါတယ်"

"ခင်ဗျားဝင်နေတဲ့အချိန်မှာ ထူးခြားမှုတွေ ဘာတွေ့ရ သလဲ"

"ကျွန်မသမီးလေးကို မကြာခဏတွေ့ရတယ်၊ နောက် ပြီး ဒီဘိုမရုပ်ကလေးကလည်း မကြာခဏ နေရာရွှေ့နေတတ် တယ်၊ ကျွန်မသမီးလေးက ဒီဘိုမရုပ်ကလေးကိုချစ်တော့ သူပဲ



www.burmeseclassic.com

www.burmeseclassic.com



နေရာရွှေ့ထားတာ ဖြစ်မှာပေါ့"

ထိုစကားကြားသောအခါ သူတို့ထင်သောအချက်နှင့် ကိုက်နေသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက်မှာတော့ မျက်နှာချင်းဆိုင်အနေအထားမှာရှိသော ထွန်းအောင်နေသည့်အခန်းကို ဝင်ကြည့်ကြလေသည်။

ထိုအခန်းထဲမှာတော့ ထူးထူးခြားခြားဘာမှမတွေ့ရပေ။

ကုတင်ပေါ်မှာရှိသော စောင်၊ ခေါင်းအုံး အခြေအနေများကိုကြည့်သောအခါ ညကထိုကုတင်ပေါ်မှာ အိပ်ခဲ့ကြောင်း တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က အိပ်ယာခင်းပေါ်သို့ သေသေချာချာကြည့်သောအခါ ထူးခြားမှုတစ်ခုကို တွေ့ရလေတော့သည်။ အခြားတော့ မဟုတ်ပေ။

ထိုအိပ်ယာပေါ်တွင် ဆံပင်ရှည်အချို့ကို တွေ့သဖြင့် သိမ်းယူလိုက်လေသည်။

"ဘာထူးသလဲ ဆရာ"

"ညက ဒီအိပ်ယာပေါ်မှာ အမျိုးသမီးတစ်ယောက်ပါ ရှိနေတဲ့ပုံပဲ"

"ဒါဖြင့် ကောင်မလေးနောက် လိုက်သွားတာမျိုး ဖြစ်မလား"

"အသေအချာတော့ မပြောနိုင်သေးဘူး၊ ဒါပေမယ့် ဒီအိမ်နဲ့ပတ်သက်တဲ့ စိတ်ဝင်စားစရာကောင်းတာတွေတော့ ရှိပေ





လိမ့်ဦးမယ်"

ဟုပြောကာ အပြင်သို့ထွက်ခဲ့ကြသည်။

ဘရွှေတို့လင်မယားနှင့်တွေ့တော့ မေးကြည့်သည်။

"ဒီအခန်းထဲ ဘယ်သူဝင်သေးသလဲ"

"မနက်ကတော့ တစ်ခေါက်ဝင်ကြည့်တယ်"

ဘရွှေက ပြောသည်။

"ခင်ဗျားသားမှာ မိန်းကလေးအပေါင်းအသင်း ရှိသလား"

"ကျွန်တော်သိသလောက်တော့ ရှိမယ်မထင်ဘူး"

ထိုသို့မေးမြန်းပြီး နှစ်ယောက်သား ခြံဝန်းထဲသို့ ဆင်းလာကြသည်။ ခြံဝန်းထဲမှာ ထူးထူးခြားခြားနေရာများရှိပါက လေ့လာကြည့်ရန်ဖြစ်ပေသည်။

တိုက်ကြီး၏ဘေးတွင် ကားဂိုဒေါင်၊ ခြံထောင့်တွင် ခြံစောင့်ကုလားအဖိုးကြီးနေသော အိမ်ငယ်တစ်လုံးနှင့် အနောက်ဘက်မှာတော့ အသုံးမပြုဘဲထားသော ဂိုဒေါင်ဟောင်းတစ်လုံးသာရှိပေသည်။

ဒေါက်တာမင်းထင်ကျော်က ခြံစောင့်အဘိုးကြီး နေသောနေရာဘက်သို့ လျှောက်လာလေသည်။

သူတို့ရောက်သွားတော့ ဆေးအိုးတစ်လုံးကိုဖွာရင်း ထိုင်နေသော ကုလားအဘိုးကြီးကို တွေ့ကြရသည်။

အသက်အရွယ်ကြီးလှပြီဖြစ်သောကြောင့် ဆံပင်မွေးက အစ နှုတ်ခမ်းမွေး၊ မုတ်ဆိပ်မွေးများပါ ဆွတ်ဆွတ်ဖြူနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါက်တာမင်းထင်ကျော်ကိုမြင်တော့ နေရာမှထလာပြီး အရိုအသေပေးလေသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"ချန္ဒရာ ပါ. ."

"ခင်ဗျား ဒီမှာအလုပ်လုပ်နေတာ ကြာပြီလား"

"ဒီတိုက်ကြီးစဆောက်ကတည်းက နေတာပါ"

"အတော်ကြာပြီပဲ၊ ဒီတိုက်မှာ ထူးထူးခြားခြားဘာတွေ ရှိသလဲ"

ဟုမေးတော့ သဘောမပေါက်သော အမူအယာမျိုးဖြင့် မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှာအသင့်ပါလာသော ငွေစက္ကူတစ်ရွက်ကိုထုတ်ပြီး အဘိုးကြီးလက်ထဲသို့ထည့်ပေးလိုက်ရာ လွန်စွာကျေးဇူးတင်သောအမူအယာဖြင့် လက်အုပ်ချီကာ အရိုအသေပေးနေပြန်သည်။ ပါးစပ်မှလည်း ဆုတောင်းခြင်းများ ရွတ်ဆိုနေသည်။

"ခင်ဗျား ဒီအိမ်က ထွန်းအောင်ကို သိတယ်မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"သူနဲ့ပတ်သက်ပြီး ထူးထူးခြားခြားဘာတွေ သိထားတာရှိသလဲ၊ သိသမျှပြောပြပါ"

"ကျွန်တော်ပြောရင် သခင်တွေက စိတ်ဆိုးပြီးနှင်ထုတ်ပစ်ကြလိမ့်မယ်"





ဟု စိုးရိမ်သောအသံမျိုးဖြင့် ပြောလေသည်။

"ဒီအတွက်စိတ်မပူပါနဲ့ ခင်ဗျားကိုနှင်မထုတ်ဖို့ ကျွန်တော်တို့ တာဝန်ယူပေးပါ့မယ်၊ သိတာကိုသာ ပြောပြပေးပါ"

ဟု ပြောတော့မှ လေသံတိုးတိုးဖြင့် ပြောပြသည်။

"သူမနေ့က အပြင်ကပြန်လာတော့ မိန်းမတစ်ယောက်ခေါ်လာတာတွေ့တယ်"

"ဘယ်ကမိန်းမလဲ"

"ကျွန်တော်မသိဘူး၊ အဲဒီမိန်းမကို ခြံအနောက်ဘက်က ခေါ်ပြီး ဂိုဒေါင်ဟောင်းထဲမှာထားတယ်၊ နောက်တော့ သူဘယ်ရောက်သွားသလဲ ကျွန်တော်မသိဘူး"

"ကောင်းပြီ. . ဒီလောက်သိရရင် ကျေနပ်ပါပြီ၊ ဂိုဒေါင်ဟောင်းထဲမှာ ဘာတွေရှိသလဲ"

"ပစ္စည်းဟောင်းတွေပဲထားတယ်ဆရာ"

ဟုပြောသဖြင့်. . နှစ်ယောက်သား အိမ်ကြီးအနောက်ဘက်တွင်ရှိသော ဂိုဒေါင်ဟောင်းရှိရာသို့ လျှောက်လာကြသည်။

"ဆရာထင်တဲ့အတိုင်းပဲ၊ မိန်းကလေးတစ်ယောက်နဲ့ ပတ်သတ်နေတာတော့ သေချာပြီ၊ သူနဲ့ပါလာတဲ့ မိန်းကလေးကို စုံစမ်းကြည့်ရင် ထွန်းအောင်ဘယ်ရောက်နေတယ်ဆိုတာ သိရမှာပဲ"

ဟု စုံထောက်ကျော်စွာက မှတ်ချက်ချသည်။

ထိုနေရာရောက်တော့ ဂိုဒေါင်တံခါးမှာ စေ့ရုံသာစေ့ထားသောကြောင့် တွန်းဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထဲဝင်ကြည့်တော့ လူတစ်ယောက်နေသွားသော လက္ခဏာမျိုးအပြင် အစားအသောက်ထည့်ယူသော ပန်းကန်အချို့ တွေ့ရသည်။ အစားအသောက်အကြွင်းအကျန်များလည်း ရှိနေကြသေးသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို သုံးသပ်ကြည့်နေလေသည်။

အပြင်မှခေါ်လာသောမိန်းကလေးတစ်ယောက်ကို မိဘများမသိစေလိုသောကြောင့် ဂူဒေါင်ပျက်ထဲထားပြီး အစားအသောက်များပင် ယူကျွေးခဲ့သေးသည်။

ဒါဖြင့် ဒီဂူဒေါင်ထဲက မိန်းကလေးမှာ သူ့အိပ်ယာပေါ်သို့ဘယ်ပုံဘယ်နည်း ရောက်သွားခဲ့တာလဲ။

ထွန်းအောင်ခေါ်သွားတာလည်း ဖြစ်နိုင်သလို သူ့နည်းသူ့ဟန်ဖြင့်လည်း အပေါ်တက်သွားတာလည်း ဖြစ်နိုင်ပေသည်။ ဒေါက်တာမင်းထင်ကျော်က ဂူဒေါင်ထဲမှာရှိသော ပစ္စည်းများကို တစ်ခုမကျန် လိုက်လံကြည့်နေလေသည်။

ဂူဒေါင်မှာ သိပ်မကျယ်ပေ။ အတွင်းမှာလည်း ပစ္စည်းက များများမရှိပေ။ အသုံးမပြုတာကြာပြီဖြစ်သဖြင့် ကြမ်းပြင်ပေါ်မှာ ဖုံများတက်နေသည်။ ဖုံများပေါ်မှာ ခြေရာအချို့ တွေ့ရသည်။ ခြေရာကြည့်ရုံနှင့် ယောကျ်ားခြေရာနှင့် မိန်းမခြေရာဖြစ်မှန်း ခွဲခြားသိနိုင်ပေ၏။

မိန်းမခြေရာတစ်ခုက အခန်းထောင့်တစ်နေရာဘက်သို့ လျှောက်သွားနေသည်ကို တွေ့ရသဖြင့် လိုက်ကြည့်သောအခါ အံဖုံးတစ်ခုကို တွေ့ရသဖြင့် ဆွဲဖွင့်လိုက်လေသည်။





အောက်ဘက်သို့ဆင်းသော လှေခါးထစ်များကို တွေ့သောအခါ ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလိုက်လေသည်။

“ဂူဒေါင်ထဲမှာထားတဲ့ မိန်းကလေးက အိမ်ကြီးပေါ်မှာရှိတဲ့ ထွန်းအောင်အခန်းထဲကို ဘယ်ပုံဘယ်နည်းရောက်တာတော့သိရပြီ၊ ကျွန်တော့်အထင်ပြောရရင်တော့ ထွန်းအောင်တော့ ကံမကောင်းနိုင်တော့ဘူး ထင်တာပဲ”

စုံထောက်ကျော်စွာကပါ ခေါင်းညိတ်ပြလေသည်။ ထို့နောက် ခြံစောင့်အဘိုးကြီးအသုံးပြုသော သုံးထောင့်ထိုး လက်နှိပ်ဓာတ်မီးကို ယူလာပြီးမြေအောက်သို့ ဆင်းကြလေသည်။ မြေအောက်ခန်းတစ်နေရာရောက်သောအခါ လူသွားလမ်းပေါ်မှာ လဲကျနေသော လူတစ်ယောက်ကို တွေ့ရလေသည်။ အသက်အရွယ်ငယ်သေးသည့် လူငယ်တစ်ယောက်ပင် ဖြစ်ပေသည်။

“ပျောက်နေတဲ့ ထွန်းအောင်ဖြစ်မယ် ထင်တယ်”

“ဒီနေရာမှတွေ့မှတော့ သူကလွဲပြီး ဘယ်သူဖြစ်မလဲ၊ အသက်တော့ မရှိတော့ဘူးထင်တယ်၊ အသေအချာ စစ်ဆေးကြည့်ရအောင်”

ဟုပြောဆိုကာ မီးရောင်ဖြင့်ထိုးကာ အသေအချာကြည့်ရှုကြလေသည်။ ထွန်းအောင်မှာ သေဆုံးနေလေပြီ။

ကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက်မရှိဘဲ မျက်နှာမှာ ရှုပ်ချက်ဆင်းပျက်ဖြစ်ကာ လက်ကားရား ခြေကားရားဖြင့် သေဆုံး



www.burmeseclassic.com

www.burmeseclassic.com

နေခြင်းဖြစ်သည်။

"ဒဏ်ရာဒဏ်ချက်ကြောင့်တော့ သေတာမဟုတ်ဘူး ပုံပန်းသဏ္ဌာန်ကြည့်ရတာ အဆိပ်မိတာမျိုး၊ ဒါမှမဟုတ် အ ကြောက်လွန်ပြီး နှလုံးသွေးရပ်တာမျိုးပဲ ဖြစ်မယ်ဆရာ"

"အဆိပ်ကြောင့်သေတယ်ဆိုရင် နှုတ်ခမ်းတွေ ပြာနှမ်း နေမှာပေါ့။ ပွင့်နေတဲ့ သူ့မျက်လုံးအခြေအနေ ကြည့်ရင်တော့ သွေးပျက်လောက်အောင် ကြောက်စရာကောင်းတဲ့ မြင်ကွင်းမျိုး တွေ့ပြီး နှလုံးသွေးရပ်သွားတာ ဖြစ်နိုင်တယ်"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က လူသွားလမ်း ရှိရာဘက်သို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။ ဖုံမျာ တက်နေသော ကြမ်းပြင်ပေါ်မှာ ခြေရာအချို့ကို လှမ်းမြင် သည်။

ဒေါက်တာမင်းထင်ကျော်က ခြေရာများအတိုင်း လိုက် ကြည့်သောအခါ မြေအောက်ခန်းတစ်ခန်းသို့ ရောက်သွားေ သည်။ ထိုမြေအောက်ခန်းမှာ တိုက်အိမ်ကြီးအောက်၌ရှိသေ မြေအောက်ခန်းပင်ဖြစ်ပေသည်။

ထိုနေရာရောက်တော့ နံရံများတွင် ပိတ်ထားသေ တံခါးချပ်များရှိနေသည်ကို တွေ့ရသည်။ ဒေါက်တာမင်းထ ကျော်က အနီးမှာရှိသော တံခါးချပ်တစ်ခုရှိရာသို့သွားကာ ဖွင့်လိုက်သည်။ အထဲမှာတော့ ခေါင်းတလားတစ်လုံးကို ထေ ထည့်ထားပြီး အထဲမှာလည်း မတ်တပ်ရပ်အနေအထားမျိုး အရိုးကျနေပြီဖြစ်သည့် အလောင်းတစ်လောင်းကို တွေ့ရသ





အခြားပိတ်ထားသည့် တံခါးချပ်များကို ဖွင့်ကြည့်သောအခါမှာ ည်း ထိုကဲ့သို့သော အလောင်းများ ထည့်သွင်းထားသည်ကို တွေ့ရသည်။

"လက်စသပ်တော့ တိုက်အိမ်ကြီးရဲ့အောက်မှာ ကုလား သင်္ချိုင်းတစ်ခုကို လျှို့ဝှက်ပြီးလုပ်ထားကြတာကိုး၊ ဒီအိမ်ကြီးမှာ ရှင်ကနေခဲ့ကြတဲ့ ကုလားတွေဟာ သူတို့မိသားစုတွေသေရင် မြေအောက်သင်္ချိုင်းမှာပဲ မြှုပ်ခဲ့ကြပုံရတယ်၊ ဒီနေရာက လူသူနဲ့ းတော့ ဘယ်သူမှလည်း မသိကြဘူးပေါ့"

ဟုပြောပြီး လိုက်ကြည့်ရာ အပေါ်တက်သော လှေခါး စ်များကို တွေ့ရသဖြင့် တက်ကြည့်ရင်းမှ နောက်ဆုံးတော့ တ်အိမ်ကြီးအတွင်းသို့ ပြန်ရောက်သွားကြလေသည်။ ဘရွှေ သင်မယားကလည်း ထိုသို့ပြန်ရောက်လာသည်ကို မြင်သော ခါ အံ့သြနေဟန်ရှိကြလေသည်။

စုံထောက်ကျော်စွာက ထွန်းအောင်နှင့် ပတ်သက်သည့် တင်းဆိုးကို ပြောပြလိုက်သောအခါ ငိုကြွေးကြလေတော့ ည်။ ထိုသို့ငိုကြွေးရုံမှတစ်ပါး အခြားတော့ ဘာမှမတတ်နိုင် တော့ပါချေ။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၀ ]

# ဝိညာဉ်ခန်းထဲမှ သေမျှာပြန်ဝိညာဉ်

ဆရာကြီးနေသာရ၏ ဟောခန်းအတွင်း၌ ဖြစ်ပေသည်။ အခန်းတစ်ခုလုံး အလင်းရောင်အနည်းငယ်သာရှိပြီး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဆရာကြီးနေသာရကတော့ ၎င်းထိုင်သောနေရာမှာပင် ငြိမ်သက်စွာထိုင်နေလေသည်။ သူထိုင်နေသောနေရာ၏ ရှေ့တည့်တည့်တွင် ဖန်လုံးကြီးရှိသည်။ ထိုဖန်လုံးကြီးရှေ့မှာတော့ အမျိုးသမီးတစ်ယောက် ထိုင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်မှာ (၂၅)နှစ် ပတ်ဝန်းကျင်ခန့်ရှိပြီး ချော မောလှပသူတစ်ဦးဖြစ်သည်။ အပေါ်အောက် အညိုရောင်အ ဝတ်အစားများ ဝတ်ဆင်ထားရာ ဖြူဝင်းသော သူမအသား အ ရေနှင့် များစွာလိုက်ဖက်လှပေသည်။ သူမသည် ပုဝါတစ်ထည် ကို ပခုံးပေါ်တင်ထားပြီး ငြိမ်သက်စွာထိုင်နေလေသည်။

သူမအမည်မှာ နန်းမြဝတီပင်ဖြစ်ပေသည်။

လွန်ခဲ့သည့် သုံးရက်ခန့်ကပင် လောကပါလဂမ္ဘီရ အိမ်သို့ ရောက်လာပြီး သိလိုသောအကြောင်းအရာသုံးခုနှင့် အတူ နေရပ်လိပ်စာပါပေးကာ စာရင်းပေးထားခဲ့သူ ဖြစ်ပေ သည်။ နေ့သာရကတော့ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေရင်း ရှေ့မှာထိုင်နေသော နန်းမြဝတီကို တစိမ့်စိမ့်ကြည့်နေလေသည်။ နန်းမြဝတီ၏ ရုပ်သွင်မှာ သူ့ဆီသို့တစ်ခါလာခဲ့ဖူးသော နန်းမြ ကြည်နှင့် ရုပ်ရည်ချင်းတူလှသလို သူမမေးလိုသော မေးခွန်း သုံးခုမှာလည်း နန်းမြကြည်နှင့် သက်ဆိုင်သည့် မေးခွန်းများသာ ဖြစ်ပေသည်။ အတန်ကြာတော့မှ နေ့သာရက အဓိဋ္ဌာန်ပြီးသွား ဟန်ဖြင့် အနည်းငယ်လှုပ်ရှားလာလေသည်။

ထို့နောက် လေသံတိုးတိုးဖြင့် စပြောလေသည်။

"မင်းနာမည်က နန်းမြဝတီ၊ အသက်က (၂၅)နှစ်၊ နေ တာက ရှမ်းပြည်နယ်ဘက်ကပဲ၊ ဟုတ်သလား"

"ဟုတ်ပါတယ်"

"အခုနေတဲ့ လိပ်စာက အင်လျားလမ်း ခြံအမှတ်(. . မှာလား"





"ဟုတ်ပါတယ်"

"မေးလိုတဲ့မေးခွန်းသုံးခုကို မေးနိုင်ပါတယ်"

"ကျွန်မ အစ်မနာမည်က နန်းမြကြည်လို့ ခေါ်ပါတယ်၊ သေသွားတာ မကြာသေးပါဘူး၊ ဘာကြောင့်သေရတယ်ဆိုတာ သိချင်ပါတယ်"

ဆရာကြီးက ချက်ချင်းမပြောသေးဘဲ ငြိမ်သက်နေ သည်။ ပြီးမှပြောသည်။

"သူ လူတစ်ယောက်ရဲ့ လိမ်ညာခြင်းကို ခံလိုက်ရတယ်၊ ခင်ပွန်းသည်ထားခဲ့တဲ့ ကျောက်မျက်ရတနာတွေလည်း ဆုံးရှုံး သွားတယ်၊ ဒါကြောင့် သူ့ဘာသာသတ်သေသွားတယ်လို့ အာရုံ ထဲမှာပေါ်ပါတယ်"

"နောက်မေးခွန်းတစ်ခုက သူအခု ဘယ်ဘဝ၊ ဘယ်နေ ရာရောက်နေတယ်ဆိုတာ သိချင်ပါတယ်"

နန်းမြဝတီက ဒုတိယမေးခွန်းကို ဆက်မေးလေသည်။ အခန်းထဲမှာ ငြိမ်သက်သွားပြန်သည်။ ကြည့်လိုက်တော့ ဆရာ ကြီးမှာ မျက်စိမှိတ်ထားလျှက် တစ်စုံတစ်ခုကို အာရုံပြုနေဟန် ရှိသဖြင့် ငြိမ်သက်နေခြင်းဖြစ်လေသည်။ အတန်ကြာတော့မှ ပြန်ပြောလေသည်။

"သူက နဂါးသိုက်ကလာတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်၊ ဘဝဟောင်းက ဆွေဆက်၊ မျိုးဆက်၊ ပဋ္ဌာန်းဆက် ရှိတဲ့သူတွေက ပြန်ခေါ်သွားလို့ နဂါးသိုက်ထဲကို ပြန်ရောက်နေ ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ နန်းမြဝတီက အနည်းငယ် ငြိမ်သက်နေပြီးတော့မှ တတိယမေးခွန်းကို ဆက်မေးလေသည်။

"ကျွန်မ သူနဲ့တွေ့ပြီး စကားပြောချင်ပါတယ်၊ တွေ့ခွင့် ရအောင် စီစဉ်ပေးနိုင်ပါသလား"

"စီစဉ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် ပရလောကရောက် နေတဲ့ဝိညာဉ်တွေနဲ့ တွေ့ရဖို့က မလွယ်လှဘူး၊ တွေ့ချင်တိုင်း တွေ့လို့မရဘူး"

"တွေ့ခွင့်ရအောင် လုပ်ပေးပါဆရာကြီး"

"ငါပြောတဲ့အတိုင်း လုပ်မယ်ဆိုရင်တော့ တွေ့ရနိုင်ပါ တယ်"

"ဘယ်လို လုပ်ရပါ့မလဲ"

"ဝိညာဉ်တွေဆိုတာ နေရာတိုင်းမှာ တွေ့လို့မရဘူး၊ သူ တို့ကို ထိန်းချုပ်နိုင်တဲ့ ဆရာရှေ့မှာပဲတွေ့လို့ရမယ်၊ တခြားနေ ရာမှာတွေ့ရင် မင်းရဲ့အသက်ကို နှုတ်ယူသွားလိမ့်မယ်"

"ဆရာကြီး စီစဉ်ပေးပါ"

"ကောင်းပြီ၊ မင်းအစ်မရဲ့ဝိညာဉ်ကို တွေ့ချင်တယ်ဆို ရင်တော့ ညအချိန်ရောက်တဲ့အခါ ဒီမှာရှိတဲ့ ဝိညာဉ်ခန်းကို လာမယ်ဆိုရင် တွေ့ရလိမ့်မယ်၊ မင်းလာဝံ့ပါ့မလား"

"လာဝံ့ပါတယ်"

နန်းမြဝတီက တုံ့ဆိုင်းနေခြင်းမရှိဘဲ ချက်ချင်းအဖြေ ပေးလိုက်လေသည်။

"ကောင်းပါပြီ၊ ဒီလိုဆိုရင် ညအချိန်ရောက်ရင်လာခဲ့ ... အဖော်တစ်ယောက်တော့ ခေါ်လာလို့ရမယ်၊ ဒါပေမယ့် . . ဝိညာဉ်ခန်းထဲကိုတော့ သက်ဆိုင်တဲ့တစ်ယောက်ပဲ ဝင်ရလိမ့် မယ်"





"ကျွန်မ လာခဲ့ပါ့မယ်"

နန်းမြဝတီမှာ မေးလိုသောမေးခွန်းသုံးခွန်း ပြည့်သွား ပြီဖြစ်သောကြောင့် နေရာမှထကာ အပြင်သို့ ပြန်ထွက်သွားလေ တော့သည်။

နေသာရကတော့ ပစ်ကွင်းထဲသို့ဝင်ရောက်လာသော သားကောင်ကို တွေ့ရသော မုဆိုးတစ်ယောက်၏ ကျေနပ်သော အမူအယာမျိုးဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

ညနေပိုင်းအချိန်ရောက်တော့ နေသာရက လိုအပ်သော အစီအစဉ်အချို့ကို ကြိုတင်ပြုလုပ်ထားလေသည်။

သူ့ဆီမှာရှိနေသော တပည့်အချို့ကို မှာစရာရှိတာ မှာ ထားလေသည်။ ညဦးပိုင်းအချိန်ရောက်တော့ နန်းမြဝတီနှင့် အ ဖော်တစ်ယောက်တို့ ရောက်လာကြသည်။

အဖော်လိုက်လာသူမှာ အမျိုးသမီးမဟုတ်ပဲ အသက်အ ရွယ်ကြီးလှပြီဖြစ်သော ရှမ်းအဘိုးကြီးတစ်ယောက်ပင် ဖြစ်လေ သည်။

အဘိုးကြီးမှာ လိုက်သာလာခဲ့ရသော်လည်း ထိုနေရာ သို့ လိုက်လာရသည်ကိုပင် ကြောက်ရွံ့နေဟန်ရှိလေသည်။ သူတို့ရောက်လာတော့ နေသာရစေခိုင်းထားသော တပည့်နှစ် ယောက်ထွက်လာပြီး အဘိုးကြီးကိုအခန်းတစ်ခန်းထဲသို့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး ကွမ်းဆေးလက်ဖက်၊ လက်ဖက်ရည်စသည်တို့ဖြင့် ဧည့်ခံပေးထားသည်။

"ခင်ဗျားက သူပြန်ထွက်မလာမချင်း၊ ဒီအခန်းထဲက စောင့်နေပါ၊ အိပ်ချင်လည်း အိပ်နေပေါ့၊ တခြားနေရာတွေကို လျှောက်သွားလို့မရဘူး"

"ကောင်းပါပြီကွယ် မသွားဝံ့ပါဘူး"

ဟု တုံတုံရင်ရင်ဖြင့် ပြန်ပြောရာ လာပို့သူက ကျေနပ်သည့်အမူအယာတို့ဖြင့် ပြန်ထွက်သွားကြလေသည်။

သို့သော် ဝေးဝေးထွက်သွားကြသည်တော့ မဟုတ်ပေ အခန်းပေါက်ဝမှပင် အခြေအနေကြည့်နေကြသည်။

ခဏကြာတော့ အဘိုးကြီးက လက်ဖက်ရည်တစ်ခွက် ငှဲ့သောက်ရာ မကြာခင်မှာပင် မဟန်နိုင်လောက်အောင် ဖြစ်လာသဖြင့် နေရာမှာတင်လဲကျသွားပြီး အိပ်ပျော်သွားပေတော့သည်။

နန်းမြဝတီကိုတော့ ဆရာကြီးနေသာရ စီစဉ်ထားသော အခန်းထဲသို့ ပို့ပေးလိုက်သည်။

ထိုအခန်းမှာ အတန်အသင့်ကျယ်ဝန်းပြီး မှုံပျပျမီးရောင်သာရှိလေသည်။ အခန်းအလယ်မှာတော့ ဖန်လုံးကြီးတစ်လုံး ရှိနေသည်။ ထိုဖန်လုံးကြီးအနောက်မှာတော့ နေသာရက ထိုင်နေလေသည်။

ရှေ့ဘက်မှာတော့ ကလပ်တစ်ခုချထားပြီး သွေးရောင်ကဲ့သို့ နီနေသောအရည်များထည့်ထားသော ဖန်ခွက်တစ်ခု လည်း တင်ထားပေသည်။





အပေါ်အောက် အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့် နန်းမြဝတီ၏ ဖြူဝင်းသောအသားအရေမှာ အမှောင်ထဲမှာပင် ပေါ်လွင်လျက်ရှိနေသည်။

နန်းမြဝတီကို ပို့ပေးပြီးနောက် တပည့်ဖြစ်သူက ပြန်ထွက်သွားကာ တံခါးကိုပြန်ပိတ်ထားခဲ့လေသည်။

"မင်းက အတော်လေး သတ္တိကောင်းတာပဲ၊ ဒီလိုအချိန်မျိုးမှာ ဝိညာဉ်နဲ့တွေ့ရမှာ မကြောက်ဖူးလား"

နန်းမြဝတီက ခေါင်းခါပြသည်။

"ဘာဖြစ်လို့ မကြောက်တာလဲ"

"တွေ့ရမယ့်ဝိညာဉ်က တခြားမှမဟုတ်တာ ကျွန်မရဲ့အစ်မပဲ၊ နောက်ပြီးကျွန်မမှာ အဖော်ပါလာတာပဲ"

"ဟိုအဘိုးကြီးကို ပြောတာလား"

ဘာမှပြန်မပြောပေ။

နေသာရ စိတ်ထဲမှာတော့ နန်းမြဝတီမှာ ရုပ်ဆင်းအင်္ဂါချောမောနုနယ်သလောက် စိတ်ဓာတ်မာကျောသောအမျိုးသမီးတစ်ယောက်ဖြစ်မှန်း အကဲခတ်မိလေသည်။

သို့သော်လည်း စိတ်ပူစရာတော့ မရှိပေ။

ယခု သားကောင်က ထောင်ချောက်ထဲသို့ ရောက်နေပေပြီ။ သူပြုသမျှ နုရပေတော့မည်။

"ကဲ. . ကဲ၊ မင်းအစ်မရဲ့ဝိညာဉ်ကို ခေါ်ပေးပါ့မယ်၊ စိတ်ခိုင်ခိုင်တော့ထားပါ။ ဝိညာဉ်မခေါ်ခင် သူတို့နဲ့ဆက်သွယ်မှု ရှိကူအောင် ရှေ့မှာချထားတဲ့ဆေးရည်ကို ယူသောက်ပါ"


www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေသည်။

နန်းမြဝတီလည်း အနည်းငယ်စဉ်းစားပြီး ဖန်ခွက်ကို လှမ်းယူလိုက်သည်။ ပြီးမှ မော့သောက်ချလိုက်သည်။

"ကဲ . . ဆေးသောက်ပြီးသွားရင် ဖန်လုံးထဲကိုအာရုံပြု ပြီး ကြည့်နေပါ၊ နန်းမြကြည်ရဲ့ဝိညာဉ်ကို တွေ့ရပါလိမ့်မယ်၊ သူနဲ့တွေ့တဲ့အခါ မေးလိုတာမေးနိုင်ပါတယ်၊ သူပြောခွင့်ရှိတာဆို ရင် ပြောပြပေးပါလိမ့်မယ်"

ဟုပြောပြီး အမွှေးတိုင်ခွက်ထဲသို့ အမွှေးတိုင်အချို့ကို မီးရှို့ပြီး စိုက်လိုက်သည်။

မီးခိုးငွေ့များက အခန်းထဲမှာ ဝေ့ဝဲပြန့်လွင့်လာသည်။

သင်းပျံ့သောရနံ့တစ်မျိုးကြောင့် စိတ်ထဲမှာ လေးလံ ထိုင်းမှိုင်းလာသကဲ့သို့ ဖြစ်လာသည်။

နန်းမြဝတီကတော့ စိတ်ကိုတင်းထားလေသည်။

နားထဲမှာတော့ နေသာရထိုင်နေသောဘက်မှ ဂါထာ မန္တာန်ရွတ်ဆိုနေသံများ ကြားနေရသည်။

ခဏကြာတော့ ဖန်လုံးကြီးထဲမှာ အလင်းရောင်အချို့ ဝင်လာလေသည်။ ဥပမာပြောရလျှင် မီးလင်းလာသော မီးလုံး တစ်လုံးကဲ့သို့ ဖြစ်လာလေသည်။

တစ်ဆက်တည်းမှာပင် ဖန်လုံးကြီးအတွင်းမှာ လှုပ်ရှား သွားလာနေသော ပုံရိပ်အချို့ပေါ်လာသည်။

လူတို့၏ပုံရိပ်များဖြစ်သော်လည်း သဲသဲကွဲကွဲတော့ မရှိ လှပေ။





ပုံရိပ်များမှာ ပုဝါကြီးများခြုံထားသောကြောင့် မျက်နှာ များကို သဲသဲကွဲကွဲမမြင်ရပေ။

ကြည့်နေရင်းမှာ တစ်ကိုယ်လုံး ဝတ်ရုံဖြူကြီးခြုံထား သော ပုံရိပ်တစ်ခုပေါ်လာလေသည်။

မျက်နှာတော့မမြင်ရပေ။

"ညီမလေး ငါကနင့်အစ်မ နန်းမြကြည့်ပါ၊ ဘာဖြစ်လို့ ငါ့ဝိညာဉ်ကိုခေါ်တာလဲ"

ဖန်လုံးကြီးရှိသောနေရာတစ်ဝိုက်မှာ အမျိုးသမီးတစ် ယောက်အသံထွက်လာသည်။

အစ်မဖြစ်သူ နန်းမြကြည်အသံ မဟုတ်မှန်းတော့ စိတ် ထဲမှသိနေလေသည်။

"မမနဲ့ တွေ့ချင်လို့ပါ"

"ဘာအတွက် တွေ့ချင်တာလဲ"

"မမ ဘယ်လိုကြောင့် သေခဲ့ရတယ်ဆိုတာ ကျွန်မကို ပြောပြပါလား"

"သေချိန်တန်လို့ပဲ သေခဲ့ရတာပါပဲ၊ တကယ်တော့ မမ တို့ညီအစ်မတစ်တွေက နဂါးသိုက်ထဲက လူ့ဘဝကို ခဏလာခွင့် ရတဲ့သူတွေပါ၊ အချိန်တန်လို့ပြန်သွားရတယ်လို့ပဲ သဘောထား လိုက်ပါတော့ ညီမလေးရယ်"

ဟု ဖြောင်းဖျပြောဆိုသော အသံမျိုးဖြင့် ပြောပြလေ သည်။

"ဒါဖြင့် . . မမဆီက ကျောက်မျက်ရတနာတွေကရော



www.burmeseclassic.com

ဘယ်သူလက်ထဲ ရောက်သွားတာလဲ"

"ဒီပစ္စည်းတွေက နဂါးသိုက်နဲ့သက်ဆိုင်တဲ့ ပစ္စည်းတွေပါ မမတို့လူပြည်မှာနေခွင့်ရတုန်း သုံးစွဲခွင့်ပေးထားတာပါ၊ အခု မမလည်း ဘဝဟောင်းကို ပြန်သွားရပြီဆိုတော့ နဂါးသိုက်နဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေလည်း သိုက်ထဲပြန်ရောက်သွားပါပြီ"

ထိုသို့ပြောသဖြင့် နန်းမြဝတီလည်း ဆက်မမေးတော့ပေ။

ကြည့်နေရင်းမှာပင် . . ကြားနေရသောအသံလည်း ပျောက်၊ ဖန်လုံးကြီးထဲမှာမြင်နေရသော ပုံရိပ်များလည်းတဖြည်းဖြည်းနှင့် ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

အခြေအနေက ပြန်လည်ငြိမ်သက်သွားလေသည်။

အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

ဖန်လုံးကြီးရှေ့မှ ထိုင်နေသော နန်းမြဝတီမှာ ဘာမှမဖြစ်သကဲ့သို့ ငြိမ်သက်စွာပင်ရှိနေသည်။

သို့ကြောင့် နေသာရမှာ များစွာအံ့ဩနေလေသည်။

"မင်းဘာမှ မဖြစ်ဖူးလား"

နောက်တော့ မနေနိုင်တော့သဖြင့် မေးလိုက်သည်။

"ဟင့်အင်း မဖြစ်ပါဘူး၊ ကျွန်မတို့က ရှမ်းပြည်ဘက်က လာတာဆိုတော့ ကိုယ့်ကိုဆေးခပ်မယ်ဆိုရင်တောင်ခံနိုင်အောင် တော့ လုပ်ထားရတယ်"

ဟု အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။

နေသာရက နေရာမှထရပ်လိုက်ပြီး သူမထိုင်နေသော



နေရာဘက်သို့ လျှောက်သွားလေသည်။

ထိုအခိုက်မှာပင် စေ့ထားသောတံခါးချပ်က တဖြည်းဖြည်းနှင့် ပွင့်လာလေသည်။

"ကျွိ . ."

ထိုအသံကြောင့် နေသာရမှာ ခြေလှမ်းတုံ့သွားပြီး တံခါးပေါက်သို့ လှမ်းကြည့်လိုက်လေသည်။

တံခါးချပ်မှာ တဖြည်းဖြည်းပွင့်သွားပြီး တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသူတစ်ယောက် အခန်းထဲသို့ဝင်လာလေသည်။

အဝတ်ကမျက်နှာပေါ်အထိ ခြုံထားသောကြောင့် မျက်နှာကို မမြင်ရပေ။ ထိုအခြေအနေကြောင့် နေသာရမှာ မျက်လုံး မှူးသွားလေသည်။

"ဘယ်သူလဲ၊ ဘာကြောင့် ဒီအခန်းထဲ ဝင်လာတာလဲ"

"သူက ကျွန်မအဖော်ခေါ်လာတဲ့ သူပါ"

နန်းမြဝတီက ဝင်ပြောလိုက်ခြင်းဖြစ်၏။

"နင်အဖော်ခေါ်လာတာ အဘိုးကြီးတစ်ယောက် မဟုတ်ဘူးလား"

"သူလည်းပါလာတယ်၊ ရှင်တို့မမြင်ရလို့ ဖြစ်မှာပါ"

"ဟင် . ."

"သူ ဘယ်သူလဲဆိုတာ မသိချင်ဘူးလား၊ သူမြင်အောင် မျက်နှာလေးပြပါဦး မမဲ့ရယ်"

ဟု ပြောလိုက်ရာ အနားရောက်လာသူက ဦးခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှအဝတ်စကို ဖယ်ပြလိုက်လေသည်။

အခန်းထဲမှာ အလင်းရောင်က သိပ်မရှိဘဲ မှုံဝါးဝါးသာ ရှိနေ၏။ ထိုအလင်းရောင်ကြောင့် နောက်ဝင်လာသူ၏ မျက်နှာကို သဲသဲကွဲကွဲမမြင်ရပေ။

သို့သော်လည်း ရပ်နေသည့်နေရာက မဝေးသောကြောင့် ခတ်ဝါးဝါးတော့ မြင်နေရသည်။

ထိုသူ၏မျက်နှာကို မြင်သောအခါ နေသာရစိတ်ထဲမှာ အံ့သြခြင်းနှင့်အတူ ထိတ်လန့်မှုလည်း ဝင်လာလေသည်။

" မင်း . . ဘယ်သူလဲ"

"မမှတ်မိတော့ဘူးလား၊ ကျွန်မမျက်နှာကို သေသေချာချာကြည့်ပါဦးရှင်"

ဟုပြောကာ နေသာရဘက်သို့ မျက်နှာချင်းဆိုင်လှည့်ပြလေသည်။

ဒီတော့မှ ထိုမျက်နှာကို ကောင်းစွာမှတ်မိလေတော့သည်။

"ဟင် . . မင်း . . မင်း"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မ နန်းမြကြည်ပါပဲ၊ ရှင်တို့ရဲ့ကျေးဇူး ညီစောင့်ရှောက်ပေးမှုတွေကို ကျေးဇူးတင်လွန်းလို့ အခုလို တမလွန်ဘဝရောက်နေတာတောင် တကူတကလာပြီး တွေ့ရတာပေါ့"

"မင်း . . မင်းဘာတွေလာပြောနေတာလဲ၊ ငါလိုအဖေ တစ်ယောက်ကို မခန့်လေးစားလာလုပ်နေတာလား၊ အခုချက်





ခြင်း ထွက်သွားစမ်း"

နေသာရက ဟန်ကိုယ့်ဖို့သဘောမျိုးဖြင့် စိတ်ကိုတင်း၍ ပြောလိုက်သည်။

"သွားပါ့မယ်၊ ဒီနေရာက ကျွန်မနေရာလည်းမဟုတ်ပါဘူး၊ ဒါပေမယ့် ပြောစရာရှိတာတွေတော့ ပြောပြသွားရဦးမယ်၊ ဒီမှာကြည့်ပါဦး"

"တမလွန်ဘဝရောက်နေသော နန်းမြကြည်က မှုံမှုံပျပျမီးရောင်အောက်တွင် ကြောက်စရာကောင်းသော မျက်နှာမျိုးဖြင့် တစ်ချက်ရယ်လိုက်ပြီး လက်နှစ်ဖက်ကိုထောင်ပြလေသည်။

သူ၏လက်နှစ်ဖက်စလုံးမှာ သွေးများဖြင့်နီရဲနေလေသည်။

"သွေး . . သွေးတွေပါလား"

"ဟုတ်တယ်၊ ကိုခွန်ဘရင် အယောင်ဆောင်ပြီးတော့ ကျွန်မကိုလာပြီး ဒုက္ခပေးခဲ့တဲ့ ဘရှေ့တို့မိသားစုတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်နေတာလေ၊ ပထမဆုံးသူ့သမီးအငယ်မလေးကို သတ်ခဲ့တယ်"

"ဟင်"

"တစ်လောကတော့ သူ့သားအကြီးကောင်ကိုပါ သတ်ပစ်လိုက်တယ်"

"မင်း . . မင်း . . "

"ကျွန်မကို ဒီဘဝမျိုးရောက်အောင် နှိပ်စက်ခဲ့တဲ့မိသားစုကို အခုလိုပြန်ပြီးကလဲ့စားချေတာ ကျွန်မရဲ့အပြစ်လို့ပြောချင်



www.burmeseclassic.com

www.burmeseclassic.com

သေးလို့လား. . . ဟင်း ဟင်း. ."

နန်းမြကြည်က လက်နှစ်ဘက်မှာ စွန်းပေနေသောသွေးများကိုကြည့်ပြီး သဘောကျစွာ တစ်ချက်ရယ်လိုက်လေသည်။

"အခု ညတော့ ဘရွှေတို့လင်မယားနှစ်ယောက်စလုံးကို သတ်ပစ်ခဲ့ပြီ"

"ဟင်. ."

"ဟုတ်တယ်၊ ပြီးရင်တော့ ရှင့်အလှည့်ပဲ ကျန်တော့တယ်၊ ရှင်ရဲ့မတောက်တစ်ခေါက် ပညာလေးနဲ့ တားဆီးလို့ရမယ်ဆိုရင်လည်း တားပေါ့၊ တစ်ခုပြောခဲ့ရဦးမယ် ရှင့်အနေနဲ့ ဒီနေရာကနေ ထွက်ပြေးလို့မရတော့ဘူး၊ မကြာခင်မှာ သေဖို့သာပြင်ထားပေတော့ လူယုတ်မာကြီးရေ. ."

ဟု ပြောဆိုပြီး အပြင်သို့ပြန်ထွက်သွားလေတော့သည်။

သူ့ရှေ့မှာတော့ နန်းမြဝတီက ရှိနေသေးသည်။

"နင်. . နင်တို့ စုန်း. . စုန်းမတွေ မဟုတ်လား"

"စုန်းမပဲဖြစ်ဖြစ်၊ ကဝေမပဲဖြစ်ဖြစ်၊ သူတို့ကို ဒုက္ခရောက်အောင်၊ အရှက်တကွဲဖြစ်အောင်၊ အသက်သေအောင် မျက်ရည်ပေါက်ကြီးငယ်ကျအောင် မလုပ်ရင် ဘယ်သူကိုမှ သက်သက်မဲ့ ဒုက္ခမပေးပါဘူး"

နေသာရက မျက်လုံးပြူးကြီးဖြင့် ကြည့်နေလေသည်။

"တကယ်လို့ သူတို့ကို ဒုက္ခပေးရင်တော့ သူတို့ကလည်း အသက်သေတဲ့အထိပြန်ပြီး ဒုက္ခပေးတတ်ကြတယ်၊ ရှင်လည်း ဒီဒုက္ခတွေကို မကြာခင်တွေ့ရတော့မှာပါ"





ထိုသို့ပြောနေစဉ် အပြင်ဘက်မှလူတစ်ယောက်ဝင်လာသည်။

နန်းမြဝတီနှင့်ပါလာသော အဘိုးကြီးပင်ဖြစ်ပေသည်။

တကယ်ဆိုလျှင် သူခတ်ထားသော ဆေးရည်ပါသောအစားအသောက်တစ်စုံတစ်ခုကို စားသောက်မိပါက ထိုအဖိုးကြီးမှာ ယခုအချိန်လောက်နှင့် ပြန်နိုးလာစရာမရှိပေ။

"ငါ့ကိုမြင်တော့ အံ့သြနေတယ်ထင်ပါရဲ့၊ မင်းခတ်ထားတဲ့ဆေးက ငါတို့အတွက်တော့ ဘာမှမဖြစ်လောက်ပါဘူး၊ ငါတော့ ဘာမှမဖြစ်ဘူး၊ အပြင်မှာရှိတဲ့ မင်းတပည့်တွေကတော့ အိပ်မောကျနေကြပြီ"

"ဟင်. ."

"ဒါပေမယ့် မအိပ်ရမယ့်သူတွေက အိပ်နေကြတော့ အိပ်ရမယ့်သူတွေက အပြင်မှာနိုးနေကြတာပေါ့၊ ပြီးရင် ထွက်ကြည့်လိုက်ပါဦး"

ဟု ပြောဆိုကာ နန်းမြဝတီကိုခေါ်ပြီး အပြင်သို့ပြန်ထွက်သွားကြလေသည်။

၎င်းတို့ထွက်သွားပြီး အနည်းငယ်ကြာတော့မှ နေသာရမှာ စိတ်ထဲမှာမသက်သာသဖြင့် အပြင်သို့ထွက်ကြည့်လေသည်။

အခန်းအပြင်ရောက်တော့ သူ့တပည့်များမှာ တုံးလုံးပက်လက်ဖြစ်ကာ အိပ်ပျော်နေကြပြီး အိမ်ထဲမှာရှိသော ရုပ်တုအတော်များများကတော့ အသက်ဝင်နေသကဲ့သို့ ဖြစ်နေကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com


သူနေသောအိမ်ကြီး၏ အပြင်ဘက်အပေါက်လေးပေါက်ဝတွင် ရုပ်ထုလေးခုချထားလေသည်။

အရှေ့ဘက်အပေါက်ဝတွင် နတ်ဝတ်တန်ဆာ၊ နတ်ဦးခေါင်းဆောင်းထားပြီး ခရုသင်းကိုင်ထားသည့် နတ်ရုပ်၊

အနောက်ဘက်အပေါက်ဝတွင် ဘီလူးအဝတ်အစားဘီလူးခေါင်း ဆောင်းထားပြီး သံလျက်ကိုင်ထားသောရုပ်တု၊

တောင်ဘက်တွင် ဂဠုန်အဝတ်အစား၊ ဂဠုန်ဦးခေါင်းဆောင်းထားပြီး ရင်ခွင်မှာကြာပန်းများ ပိုက်ထားသောရုပ်တု၊ မြောက်ဘက်အပေါက်ဝတွင် နဂါးအဝတ်အစား၊ နဂါးခေါင်းဆောင်းကာ ကလေးငယ်တစ်ယောက်ကို ပွေ့ပိုက်ထားသောရုပ်တု ။ ထိုရုပ်တုလေးခုစလုံးမှာ အသက်ဝင်နေလျက် လှုပ်ရှားသွားလာနေကြလေသည်။

နေသာရမှာ သူ့တစ်သက်တာတွင် ထိုမျှလောက်ထူးဆန်းပြီး ကြောက်စရာကောင်း အဖြစ်အပျက်မျိုးကို မတွေ့ဖူးမကြုံဖူးသေးသောကြောင့် များစွာထိတ်လန့်ကြောက်ရွံ့လျက်ရှိနေလေတော့သည်။







# အခန်း [ ၁၁ ]

# ဆူတာဝါက သို့မဟုတ် ဖုတ်ချွင်းသောပညာ

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ ...စ်တစ်လမ်းအတွင်းမှ အိမ်ကြီးသို့ ရောက်ကြရသည်မှာ ...သအကြိမ်မြောက် ဖြစ်လေသည်။

ဒီတစ်ခါမှာတော့ ကားပေါ်မှာ သူတို့နှစ်ယောက်တည်း ...တာဘဲ ဗဟန်းဂါတ်တဲမှ ပုလိပ်များကိုပါ ပါလာလေသည်။ ...ထဲရောက်တော့ ခြံစောင့်အဘိုးကြီးသာ တွေ့ရလေသည်။ ...တို့မှာ ထိုလမ်းအတွင်းသို့ ရောက်သည်မှာမကြာလှသေး


www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အသိမိတ်ဆွေမရှိသေးပေ။

ထို့ပြင် ထိုနေရာများ၌ နေထိုင်ကြသူများမှာ ကိုယ့် ကိုယ်ဝန်းနှင့် နေကြသူများဖြစ်ကြသဖြင့် ကိုယ့်ဘာသာ အေးနေကြလေသည်။

သို့ကြောင့် ထိုအိမ်၌နေသူနှစ်ယောက်စလုံး သေ သော်လည်း မည်သူကမှ လာရောက်မေးမြန်းခြင်းမပြုကြ

ခြံပေါက်ဝတွင်ကားရပ်ပြီး ကားပေါ်မှ ဆင်းကြ သည်။ ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာ ပုလိပ်လေးယောက်ပါလာသောကြောင့် စုစုပေါင်း (၆)ယော ဖြစ်သည်။

"ဒီအိမ်ကြီးက ခိုက်တယ်နဲ့တူတယ်ဆရာ၊ နေတာ သေးဘူး တစ်ယောက်ပြီးတစ်ယောက်သေတာ လေးယော စလုံး ကုန်ပြီနဲ့တူတယ်"

ခြံဝန်းထဲရောက်တော့ စုံထောက်ကျော်စွာက သည်။

"အိမ်ခိုက်တာလား၊ လူခိုက်တာလားဆိုတာ မ သိရမှာပေါ့ ကိုကျော်စွာရယ်"

"လူခိုက်တယ်ဆိုတာက ဘယ်လိုမျိုးလဲဆရာ"

"လူခိုက်တယ်ဆိုတာ အိမ်ရဲ့ပယောဂ ဘာမှမ လူတွေဖောက်ပြန်မှုကြောင့်ဖြစ်တဲ့ အဖြစ်အပျက်တွေ

သူတို့နှစ်ယောက်ကို မြင်သောအခါ ချန္ဒရာဆို ခြံစောင့်အဘိုးကြီးက အနားသို့ ရောက်လာလေသည်။





"ဘယ်လိုဖြစ်ပြန်တာလဲ"

"ညက အော်သံတွေကြားရတယ်၊ မနက်မိုးလင်းလို့ သွားကြည့်တော့ နှစ်ယောက်စလုံးသေနေတာ တွေ့ရတာပဲဆရာ"

"တခြားထူးခြားတာ တွေ့သေးသလဲ"

"သူတို့အော်သံမကြားခင်ကတော့ ထူးခြားတာတွေ့ တယ်၊ ဒါပေမယ့် ကျွန်တော်က အသက်ကြီးပြီလေ၊ မျက်စိက လည်း သိပ်မကောင်းတော့ဘူး၊ ဒါကြောင့် ညကမြင်ရတာတွေ ဟုတ်မှဟုတ်ရဲ့လားလို့ ထင်နေမိတယ်၊ ကျွန်တော်ပြောရင် များတို့ မယုံကြည်မှာလည်း စိုးပါတယ်"

"ကိစ္စမရှိပါဘူး၊ မြင်တာတွေ့တာတွေကိုသာ ပြောပါ"

"ညက ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ခွေးအူသံတွေ ကြားလာရတယ်၊ ခွေးတွေအူပြီးတော့ အပေါ်ထပ်က အခန်းတံ တစ် ချပ်ပွင့်လာတာ တွေ့ရတယ်"

"အပေါ်ထပ်မှာ ဘယ်သူနေတာလဲ"

"ကလေးနှစ်ယောက်စလုံး သေသွားပြီးတဲ့နောက်မှာ ကြီးနှစ်ယောက်က အောက်ထပ်မှာပဲ နေကြပုံရတယ်၊ အပေါ် ထပ်မှာ ဘယ်သူမှမနေတော့ဘူး"

"ဆက်ပြောပါဦး"

"ပြတင်းပေါက်ပွင့်သွားတော့ ဘိုမရုပ်အဝတ်အစား တွေနဲ့ ကောင်မလေးတစ်ယောက် ရပ်နေတာတွေ့ရတယ်"

ဒေါက်တာမင်းထင်ကျော်က ရွှေရည်နေသောအခန်း ထဲတွင်တွေ့ခဲ့ရသော ဘိုမရုပ်ကလေးကို သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေသွားတဲ့ ရွှေရည်များဖြစ်မလား"

"ရွှေရည်နဲ့မတူဘူး၊ ဒီကောင်မလေးကိုင်နေတဲ့ ဘိုး
ရုပ်ကလေးနဲ့တူတယ်"

"ပြောပါဦး"

"သူက ပြတင်းပေါက်ကရပ်ပြီး လက်ယပ်ခေါ်နေတ
တွေ့ရတယ်၊ သူခေါ်နေတဲ့အချိန်မှာပဲ ဂိုဒေါင်ထဲကရော သစ်
တွေကြားထဲကပါ ကြောက်စရာကောင်းတဲ့ သရဲသဘက်
ထွက်လာတာ လှမ်းမြင်ရတယ်"

"အဲဒီလိုမြင်တဲ့အချိန်မှာ ခင်ဗျား ဆေးခြောက်မူး
သလား၊ ဒါမှမဟုတ် အရက်သောက်ထားသလား"

ချန္ဒရာက ခေါင်းခါပြသည်။

"ကျွန်တော်က ညဘက်ခြံစောင့်ရမယ့်အချိန်မှာ အရ
မူးအောင် မသောက်ပါဘူး"

"ဒါဖြင့် သေသေချာချာမြင်ခဲ့တာပေါ့၊ နောက်
ဘာတွေဆက်ဖြစ်သေးသလဲ"

"သရဲသဘက်တွေက ဘိုမရုပ်ကလေးခေါ်တဲ့အတိုင်း
အိမ်ထဲဝင်သွားကြတာပဲ မြင်လိုက်ရတယ်၊ နောက်တော့ သူ
နှစ်ယောက်အော်သံတွေ ကြားရတော့တာပါပဲ"

ဟု ပြောပြလေသည်။

ထို့ပြင် နှစ်ယောက်သား အိမ်အတွင်းသို့ ဝင်ရော
ကြည့်ရှုကြလေသည်။ မြင်ကွင်းကတော့ မကောင်းလှပေ။

အိမ်အောက်ထပ် ကြမ်းပြင်ပေါ်မှာ ဘရွှေနှင့်





နှစ်ယောက်စလုံး လဲကျနေကြလေသည်။

သူတို့လဲကျနေသောနေရာနှင့် မနီးမဝေးမှာတော့ မမျှော်လင့်သော မြင်ကွင်းကိုလည်း တွေ့ကြရလေသည်။ မြေအောက်ခန်းထဲမှာထားသော အရိုးစုများက အိမ်ပေါ်ရောက်နေကြပြီး ဘရွှေတို့လင်မယားနှစ်ယောက်ရှိသော နေရာနှင့် မနီးမဝေးတွင် ဖရိုဖရဲလဲကျနေကြခြင်း ဖြစ်ပေသည်။

"ဒါတွေဟာ တစ်လောက မြေအောက်ခန်းထဲမှာ တွေ့ခဲ့ရတဲ့ အရိုးစုကြီးတွေ မဟုတ်လားဆရာ"

"ဖြစ်ဖို့များပါတယ်"

"အသက်မရှိတော့တဲ့ အရိုးစုတွေ ဘယ်ကဘယ်လိုကြောင့် ဒီအိမ်ပေါ်ရောက်နေတာလဲ"

"တစ်ယောက်ယောက် တကူးတကယူလာပြီး လာချထားတာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်ရင်တော့ သူ့အလိုလိုထလာဖို့ဆိုရင်တော့ ဖုတ်ဝင်လာတာမျိုးပဲဖြစ်မှာပေါ့ ကိုကျော်စွာရယ်"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် စုံထောက်ကျော်စွာက ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်လေသည်။

"ဒီအဖြေကို သိချင်ရင်တော့ မြေအောက်ခန်းထဲဆင်းကြည့်ရင် သိနိုင်တာပေါ့"

ထိုသို့ပြောပြီး သေဆုံးနေပြီဖြစ်သော အလောင်းနှစ်လောင်းကို ကြည့်ရှုစစ်ဆေးကြလေသည်။

ယောက်ျားဖြစ်သူ ဘရွှေက အခန်းပေါက်ဝနှင့် မနီးမဝေး၌ လဲကျနေခြင်းဖြစ်ပြီး ရီရီကတော့ အခန်းပေါက်ဝမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ခွေခွေကလေး လဲကျနေခြင်းဖြစ်သည်။

စစ်ဆေးကြည့်သောအခါ ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်မတွေ့ရဘဲ အကြောက်လွန်ပြီး နှလုံးသွေးရပ်ကာ သေဆုံးရသော လက္ခဏာမျိုးသာ တွေ့ရလေသည်။

မျက်လုံးများက ပိတ်နေခြင်းမဟုတ်ဘဲ ပြူးထွက်နေကြသည်။ ကြောက်ရွံ့ထိတ်လန့်စရာကောင်းသော မြင်ကွင်းများအား တွေ့မြင်ရသဖြင့် အဆမတန်ပြူးထွက်နေပြီး သွေးများပင် ဝိုင်းနေလေသည်။

ထို့ပြင် ပါးစပ်ပေါက်များမှာလည်း ပွင့်နေကြသည်။ ကြောက်လန့်စရာကို မြင်သဖြင့် အော်ဟစ်အကူအညီတောင်းသော ဟန်အမူအယာမျိုးဖြစ်ပြီး ရုပ်ပျက်ဆင်းပျက်ရှိနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှစ်ယောက်မှာ သေဆုံးနေသူနှစ်ယောက်တို့၏အနားတွင် လိုအပ်သော အချက်အလက်များကို စစ်ဆေးကာ မှတ်တမ်းယူကြလေသည်။

ထိုကိစ္စကိုတော့ စုံထောက်ကျော်စွာက စနစ်တကျပြုလုပ်နေခြင်းဖြစ်ပြီး ဒေါက်တာမင်းထင်ကျော်ကတော့ လိုအပ်သော အချက်တို့ကို ရှာဖွေကြည့်ရှုပြီး ပြောပြပေးရခြင်းဖြစ်လေသည်။

တစ်ခုခက်သည်က ဘရွှေတို့မိသားစုမှာ လေးယောက်သာရှိကြရာမှ လေးယောက်စလုံး သေသွားသောအခါ မေး





မည့်သူတစ်ယောက်မှ မကျန်ခဲ့ကြတော့ခြင်းပင်ဖြစ်၏။ ခြံစောင့်အဘိုးကြီးတစ်ယောက်သာကျန်သဖြင့် ၎င်းကိုသာ သိလိုသောအချက်များကို စစ်ဆေးမေးမြန်းပြီး အလောင်းများကို ဆေးရုံကြီးသို့ ပို့ရန်စီစဉ်ကြရလေသည်။

ထိုအလုပ်ကိုတော့ နောက်မှပါလာသော ပုလိပ်များက ပြုလုပ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ကတော့ လျှို့ဝှက်တံခါးပေါက်ကိုဖွင့်ပြီး မြေအောက်အခန်းသို့ ဆင်းကြလေသည်။

အောက်အခန်းထဲမှာ မှောင်နေသောကြောင့် ဖယောင်းတိုင်မီးများဖြင့် အသုံးပြုကြရသည်။

မြေအောက်အခန်းသို့ရောက်ပြီး စစ်ဆေးကြည့်သောအခါ နံရံမှာတပ်ထားသော တံခါးချပ်များမှာ ပွင့်နေပြီး အတွင်း၌ ခေါင်းတလားများသာ ကျန်ခဲ့တော့သည်။ ထိုအထဲမှာထည့်ထားသော အရိုးစုများက တစ်ခုမှမရှိကြတော့ပေ။

"အပေါ်မှာရောက်နေတဲ့ အရိုးစုတွေက ဒီမြေအောက်ခန်းထဲက အရိုးစုတွေပဲ၊ အသက်မရှိတဲ့ အရိုးစုတွေက ဘယ်လိုဖြစ်ပြီ အပေါ်ရောက်နေတာလဲ"

"စောစောကပြောသလိုပေါ့၊ တစ်စုံတစ်ယောက်ကတင်ထားခဲ့တာလည်း ဖြစ်နိုင်စရာရှိတယ်"

ဒီလောက်လေးတဲ့ အရိုးစုကြီးတွေကို မြေအောက်ခန်းထဲကနေ အပေါ်ရောက်အောင်တင်ဖို့တော့ မလွယ်လှဘူးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"လွယ်တဲ့နည်းတွေ ရှိပါတယ်"

"ဘယ်လိုနည်းမျိုးလဲ"

"မော်တော်ကားတစ်စီး ပျက်နေရင် လူငါးယောက် လောက်ဝိုင်းတွန်းရင်တောင် မရွေ့ချင်ဘူး၊ အင်ဂျင်စက်နိုးပြီး မောင်းသွားရင် လူတစ်ယောက်မောင်းလည်း မိုင်ပေါင်းများစွာ သွားလာလို့ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"လူတစ်ယောက် အသက်မရှိတော့ရင်. . လူလေးငါး ယောက် ဝိုင်းမရင်တောင် မရချင်ဘူး၊ အသက်ရှိနေတဲ့အချိန် သွားလာနေတဲ့အခါ ပေါ့ပေါ့ပါးပါးပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလိုပဲပေါ့ အသက်မရှိတဲ့ အရိုးစုကြီးတွေကို တစ်နေ ရာကတစ်နေရာ ရွှေ့ယူဖို့ဆိုတာ လွယ်တာမှမဟုတ်တာ၊ ဒါပေ မယ့် သူ့အလိုလိုထပြီး သွားရင်တော့ ပေါ့ပေါ့ပါးပါးပဲ သွားလာနိုင် မှာပဲပေါ့"

"ဆရာပြောတဲ့ ဖုတ်သွင်းပြီးစေခိုင်းတာမျိုးလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်လေ သည်။

"အဲဒါကို ဘူတာဝါဟာနပညာလို့ ခေါ်တယ်၊ အဓိပ္ပါယ် ကတော့ အသက်မရှိတဲ့အရာတွေကို အသက်သွင်းပြီး စေခိုင်းတဲ့ ပညာမျိုးပေါ့၊ လူတွေကတော့ လွယ်လွယ်နဲ့ပဲ ဖုတ်သွင်းတယ်လို့ ပြောကြတယ်"





"ဟုတ်ကဲ့"

"ဘာကြောင့် ဖုတ်သွင်းတယ်လို့ ပြောသလဲဆိုတော့ ရှေးနှစ်ပေါင်းများစွာကတည်းက ဖုတ်သွင်းရထား အသုံးပြုခဲ့တာ တွေရှိတယ်၊ မဟာဇနက္ကဇာတ်တော်မှာ ဖုတ်သွင်းရထား အ ကြောင်းပါတယ်၊ ဖုတ်သွင်းရထားဆိုတာ အသက်ဝိညာဉ် မရှိ တဲ့ရထားကို အသက်ဝိညာဉ်သွင်းပြီး စေလွှတ်တာမျိုးပေါ့"

"ဘယ်လို အသက်ဝင်တာလဲ ဆရာ"

"ရထားကတော့ အသက်ဝင်တာမဟုတ်ဘူးပေါ့၊ အနီး ပတ်ဝန်းကျင်မှာရှိကြတဲ့ မေမာနိကပြိတ္တာဘုံသားတွေ ဝင်ရောက် ပြီး ဆောင်ရွက်ပေးကြလို့ အသက်ဝိညာဉ်မရှိတဲ့ရထားက အ သက်ဝိညာဉ်ဝင်လာမျိုးပေါ့၊ ဒါကို ဖုတ်သွင်းရထားလို့ခေါ်ရာ ကနေ ဖုတ်သွင်းတယ်ဆိုတဲ့ ဝေါဟာရဖြစ်လာတာပါပဲ"

ဟု ရှင်းပြလေသည်။

"ဖုတ်သွင်းတဲ့ပညာဆိုတော့ အခုမှပေါ်တာမဟုတ်ပါ ဘူး၊ ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်ပြီး ရှိခဲ့တာပါ၊ တစ်ခုတော့ရှိတယ်၊ ဒီပညာကိုပဲ အသုံးပြုတဲ့သူအပေါ်မှာ မူ တည်ပြီးတော့ ကောင်းမှု မကောင်းမှုဆိုတာတွေကတော့ ကွဲလွဲ သွားတာပဲပေါ့"

"ဘယ်လိုမျိုးတွေလဲဆရာ"

"အထက်လမ်းဆရာကြီးတွေက အသက်မရှိတဲ့ရထား ကိုဖုတ်သွင်းပြီး စေလိုက်တော့ မင်းလောင်းရတယ်၊ အောက် လမ်းဆရာကြီးတွေက အသက်မရှိတဲ့ လူနဲ့တိရစ္ဆာန်တွေကို အ



www.burmeseclassic.com

www.burmeseclassic.com



သက်သွင်းပြီး စေခိုင်းတော့ လူတွေကိုဒုက္ခပေးတာပေါ့ဗျာ”

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော် ပြောပြသည့် ဘူတာဝါဟန ပညာရပ်များမှာ လျှို့ဝှက်ဆန်းကြယ်သော ပညာရပ်များဖြစ်ကြလေသည်။

စက္ကောမ အတတ်ပညာ. . . အသက်မရှိသော စက်ယန္တရားများကို အသက်သွင်းပြီး စေခိုင်းသော အတတ်ပညာ၊

ရူပါဝါဟနပညာ . . . ရုပ်ကို လိုသလိုပြုပြင်နိုင်သော အတတ်ပညာ၊

ဘူတာဝါဟနပညာ. . . အသက်မရှိသော လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုများကို အသက်သွင်းစေခိုင်းသော ပညာတို့မှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့သောပညာရပ်များပင် ဖြစ်သည်။

စက္ကောမဟုခေါ်သော စက်ယန္တရားတို့ကို အသက်သွင်းပြီးစေခိုင်းသော အတတ်ပညာတို့မှာ အဇာတသတ်မင်းကြီး ထားခဲ့သော ဓာတ်တော်မွေတော်များထားသည့် ဓာတ်တော်တိုက်ကြီး၌ တွေ့ကြရသည်။ နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင် စက်ယန္တရားတို့မှာ အသက်ရှင်နေကြသည်။

ရူပါဝါဟအနုပညာဆိုသည်မှာ ကျားသေကို အသက်သွင်းသောကိစ္စတွင် ကျားနှင့်မတူသောရုပ်ကို ကျားနှင့်တူအောင် ပြုလုပ်သော အတတ်ပညာမျိုး ဖြစ်သည်။

ဖန်ဆင်းခြင်းစသော ကမ္ဗဇိတ္ထိတန်ခိုးတို့ဖြင့် နဂါး၊





ဘီလူး စသောရုပ်မှ လူအသွင်ဖန်ဆင်းသော ပညာသည်လည်း ရူပါဝါဟနပညာ တစ်မျိုးဟုပင် ဆိုရပေမည်။

ဘူတာဝါဟနပညာကတော့ အသက်မရှိသူကို အသက်ရှိလာအောင် ပြုလုပ်သော အတတ်ပညာမျိုးပင်ဖြစ်၏။ လူ၊ တိရစ္ဆာန်နှင့် ရုပ်ဝတ္ထုပစ္စည်းများလည်း ပါဝင်ကြလေသည်။

မဟာဇနက္ကဇာတ်တော်တွင် အသက်မရှိသောရထားကို အသက်ဝင်လာအောင် စီရင်၍ ဖုတ်သွင်းရထား စေလွှတ်သော ဥပမာမျိုးပင်ဖြစ်ပေသည်။

များသောအားဖြင့် အီဂျစ်မဟာဂန္ဓာရီပညာနှင့်၊ အိန္ဒိယမဟာဂန္ဓာရီပညာရပ်တို့တွင် တွေ့နိုင်ကြပေသည်။

မဟာဂန္ဓာရီပညာတွင် ထွက်ရပ်ပေါက်ကျင့်စဉ်သည် ဗဟိုမဏ္ဍိုင်ဖြစ်နေရာ ထွက်ရပ်ပေါက်ရာတွင် အရှင်ထွက်၊ အသေထွက်ဟူ၍ ရှိသလော့ဟု အမေးပုစ္ဆာများ ပေါ်ထွက်လာသည်။

အချို့ပုဂ္ဂိုလ်တို့မှာ ထွက်ရပ်ပေါက်ကျင့်စဉ် ကျင့်ကြံနေဆဲမှာပင် ကံတရားကြောင့် ကျင့်စဉ်တန်းလန်းဖြင့် ဘဝပြောင်းသွားရသူများရှိသည်။

သို့ဖြစ်၍ ထွက်ရပ်စခန်း ပြီးဆုံးခြင်း မရှိသေးသောကြောင့် သေပြီးနောက်မှ ထွက်ရပ်ပေါက်သွားသည်ဟု ဆိုသည်မှာ ကျန်ရစ်သူတပည့်များနှင့် မိတ်ဆွေများ၏ ထင်မြင်ချက်မျှသာဖြစ်သည်။

တစ်ဖန်ထွက်ရပ်စခန်း ကျင့်ကြံအားထုတ်ပြီးသူ၊ ကျင့်



www.burmeseclassic.com

www.burmeseclassic.com


ကြံ့ဆဲဖြစ်သူ ဟာရီဘုရင်များ ကွယ်လွန်သောအခါတွင် သူတို့၏ ရုပ်အလောင်းများကို ဆေးစိမ်ပြီး မမီရုပ်အလောင်းများအဖြစ် ထားရှိသည်။

ဤရုပ်အလောင်းများကို ထောက်ထားပြီး အသေထွက် ဟူသောဝေါဟာရ ဖြစ်ပေါ်လာခြင်းလည်းရှိသည်။

စင်စစ်အားဖြင့် ထွက်ရပ်လမ်းဂန္ထာရီကျင့်စဉ် ကျင့်ကြံ လျက်ရှိသော ဟာရီဘုရင်များ၏အလောင်းကို မမီအဖြစ်ထားရှိ သဂြိုဟ်ခြင်းမှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၏အလောင်းကို ထိန်း သိမ်းထားပါက အသေထွက်ရပ်ပေါက်သွားသူ ပြန်လာပြီး အ သစ်တစ်ဖန် ရှင်လာမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။

ထွက်ရပ်ပေါက်ဘုရင်မင်းမြတ်၏ ရုပ်ခန္ဓာသည် လူသာ မန်တို့၏ ခန္ဓာမျိုးမဟုတ်ပေ။

ထုံအမျိုးမျိုးတက်ထားသော ခန္ဓာဖြစ်၍ တန်ခိုးသိဒ္ဓိ တစ်စုံတစ်ရာရှိနေသည်။ ယင်းတန်ခိုးသိဒ္ဓိဝင်နေသော ရုပ်ကြွင်း ခန္ဓာကို သိမ်းဆည်းမြုပ်နှံထားခြင်းဖြင့် အီဂျစ်ပြည်လုံးဖြိုးဘေး ကင်းမှုနှင့် အီဂျစ်ပြည်သူတို့၏ ထွက်ရပ်လမ်းကျင့်ကြံမှုကို စောင့် ရှောက်ကာကွယ်နေသည်ဟူသော . . ယုံကြည်ချက်ဖြင့် ရုပ်အ လောင်းများကို ပိရမစ်ထဲတွင် ဆေးစီရင်ထားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မဟာဂန္ဓာရီပညာ ထွက်ရပ်စခန်းတွင် အ သေထွက်ဟူသည်မရှိပေ။ ရုပ်ခန္ဓာကို အကောင်းပကတိအတိုင်း ထားခဲ့ပြီး နာမ်ဝိညာဉ်က စွန့်ခွာသွားခြင်းဖြစ်သော အရှင်ထွက် သာရှိသည်။



တစ်စုံတစ်ရာသောတာဝန်ကို ထမ်းဆောင်ရန်အတွက် ကြောင့်ဖြစ်စေ၊ ပညာရပ်များကို လေ့လာရန်အတွက် ကာလ အပိုင်းအခြားတစ်ခုအတွင်း ရုပ်ခန္ဓာကိုစွန့်ခွာသွားခြင်းဖြစ်သည်။

မိမိ၏တာဝန်ပြီးဆုံးပါက (သို့မဟုတ်) လေ့လာရန်ရှိ သောပညာရပ်များကို လေ့လာသင်ကြားပြီးပါက လိပ်ပြာဝိညာဉ် သည် ရုပ်ခန္ဓာဟောင်းအတွင်းသို့ ပြန်ဝင်မည်ဖြစ်သည်။

ဤသို့ လိပ်ပြာဝိညာဉ် ထွက်ခွာသွားချိန်တွင် ကျန်ရစ်ခဲ့ သော ရုပ်ခန္ဓာကိုယ်အား တပည့်သာဝကများနှင့် ထွက်ရပ်ပေါက် ပြီးသောမိတ်ဆွေများက မပျက်စီး မထိခိုက်အောင် စောင့်ရှောက် ရသည်။ အချို့ပုဂ္ဂိုလ်တို့သည် နှစ်ကာလအတော်ရှည်ကြာစွာ ရုပ်ခန္ဓာကိုယ်အား စွန့်ခွာသွားကြသည်။

ဘီစီ(၂၀၀)ခန့်မှစ၍ နှစ်ပေါင်း(၃၀၀၀)ကျော်မျှ ရုပ် ခန္ဓာကိုယ်အား စွန့်ခွာသွားကြသူများ၏ ရုပ်ခန္ဓာများသည် ယနေ့ တိုင် အီဂျစ်ပိရမစ်များထဲတွင် ရှိနေသည်ဟု ကိုယ်တိုင်လေ့လာခဲ့ သော ပေါ(လ)ဘရန်တန်က ရေးသားခဲ့သည်။

ယင်းသို့သော ရုပ်ခန္ဓာများကို သဘောမပေါက်သူများ က အသေထွက်ထွက်ရပ်ပေါက်သွားသည်ဟု ထင်မြင်ကြသည်။

ဤသို့ရုပ်ခန္ဓာကိုယ်အား စွန့်ခွာသွားကြသူများသည် ဆောင်ရွက်ရန် ကိစ္စပြီးစီးသောအချိန် အနာဂတ်ကာလတွင် မိမိ ၏ ရုပ်ခန္ဓာကိုယ်အတွင်းသို့ ပြန်ဝင်လာမည်ဟုဆိုသည်။

အိန္ဒိယပြည်တွင် ပရိသတ်ဗိုလ်ပုံအလယ်တွင် မြေမြှုပ် ခံပြသော ယောဂီများ၊ ဆာဒူးများ မရှားလှပါ။



www.burmeseclassic.com

www.burmeseclassic.com


ဓာတ်ပုံစသော သက်သေအထောက်အထားများနှင့် လေ့လာသူများက မှတ်တမ်းတင်ထားပါသည်။

မြေမြှုပ်ခံရသည့် ပုဂ္ဂိုလ်များသည် တစ်လနှစ်လကြာအောင် မြေမြှုပ်ထားရာမှ ပြန်လည်အသက်ဝင်လာပြီး နဂိုအတိုင်း လှုပ်ရှားသွားလာနိုင်သည်ကို တွေ့ရသည်။

အိန္ဒိယနိုင်ငံမှ ဝေဒန္တဂိုဏ်းချုပ် ဆန်ကာရ သည်လည်း ဤသို့ ရုပ်ခန္ဓာကိုယ်အား အကြာကြီးစွန့်ခွာသွားခဲ့သည်။

တစ်နေ့တွင် ဆန်ကာရနှင့်အခြားဂိုဏ်းမှ ပုဂ္ဂိုလ်တစ်ဦးတို့သည် ဝါဒပြိုင်ကြရာ ဆန်ကာရ အနိုင်ရသည်။

ရှုံးသူက ကျွန်းခံစတမ်းဟူသော အိန္ဒိယထုံးစံအရ ပြိုင်ဘက်က ကျွန်ခံရတော့မည့်အချိန်တွင် ပြိုင်ဘက်၏ ဇနီးဖြစ်သူဘာရတီက လင်မယားနှစ်ဦးပေါင်းမှ တစ်ဦးတည်းဖြစ်သည် ဟူသောရှေးဟောင်းနီတိအရ လင်ကိုအနိုင်ရခြင်းသည် တစ်ဝက်သာနိုင်သေးသည်။ မယားကိုနိုင်မှ အားလုံးနိုင်မည်။

ထို့ကြောင့် သူမနှင့် ဆက်လက်၍ပညာယှဉ်ပြိုင်မည်ဟု စိန်ခေါ်သည်။ စိန်ခေါ်ခြင်းကို မငြင်းပယ်နိုင်သော ဆန်ကာရသည် စိန်ခေါ်မှုကိုလက်ခံလိုက်သည်။

ဆန်ကာရသည် အိန္ဒိယမဟာဂန္ဓာရီပညာကို ငယ်စဉ်ကပင် လေ့ကျင့်တတ်မြောက်ထားသူဖြစ်ရာ ငယ်ဖြူဖြစ်သည်။

ထို့ကြောင့် လောကီရေးရာ ကာမပညာကို မကျွမ်းကျင်ပေ။ ယင်းအားနည်းချက်ကိုသိမြင်သော ဘာရတီက ဆန်ကာရအား ကာမသုတ္တကျမ်းဂန်လာ အချက်များကိုကိုးကား၍ ပညာပြိုင်ရာ အတွေ့အကြုံမရှိသော ဆန်ကာရသည် အရေးမလှဘဲဖြစ်နေသည်။

ထို့ကြောင့် ဆန်ကာရက သူ့အား ကာမပညာ လေ့လာရန် အချိန်တောင်းဆိုပြီး ပြိုင်ပွဲကိုခေတ္တရပ်နားသည်။

ဆန်ကာရသည် သူ့စခန်းသို့ပြန်သွားပြီး တပည့်များကိုခေါ်ကာ သူသည် ကာမသုတ္တန်လာ ပညာရပ်များကို လေ့လာရန်အတွက် လိပ်ပြာလွှင့်မည်။ သူလိပ်ပြာလွှင့်နေစဉ်အတွင်း သူ့ရုပ်ခန္ဓာကို စောင့်ရှောက်ထားရန် တပည့်များအား တာဝန်ပေးအပ်လျက် လိပ်ပြာလွှင့်သွားသည်။

တောင်နံရံတစ်ခုတွင်ရှိသော ဂူတွင်း၌ သူ၏ရုပ်အလောင်းကို တပည့်များက အလှည့်ကျစောင့်ရှောက်နေသည်။

ထိုစဉ်တွင် ပြည်နယ်တစ်ခုမှ မဟာရာဇာကြီးတစ်ပါး ကွယ်လွန်သွားရာ သူ၏ ရုပ်အလောင်းကို မီးသင်္ဂြိုလ်ရန် ပြင်ဆင်နေခိုက်ဖြစ်သည်။

ဆန်ကာရ၏ လိပ်ပြာဝိညာဉ်သည် မီးရှို့အံ့ဆဲဆဲ ထင်းပုံပေါ်ရှိ မဟာရာဇာကြီး၏ ရုပ်ကလာပ်အတွင်းသို့ ဝင်ရောက်သွားပြီး လှုပ်ရှားလာရာ မှူးမတ်ပရိသတ်များက မဟာရာဇာကြီး အသက်ပြန်ဝင်လာသည်ဟု ထင်မှတ်လျက် အားရဝမ်းသာစွာဖြင့် နန်းတော်သို့သယ်ဆောင်သွားသည်။

မဟာရာဇာကြီး၏ ထီးနန်းစည်းစိမ်ကိုခံစားရခိုက် ဆန်ကာရသည် မိဖုရားမောင်းမမိဿံ ကိုယ်လုပ်တော်များနှင့်အတူ ကာမဂုဏ်ခံစားရင်း ကာမသုတ္တန်ကျမ်းကို လက်တွေ့လေ့



www.burmeseclassic.com

www.burmeseclassic.com

လာလျက်ရှိရာ မောင်းမမိဿံများနှင့်တကွ နန်းတွင်းသားအပေါင်းက ယခင်ကနှင့်မတူသော မဟာရာဇာကြီး၏ ကာမအင်အားကို များစွာအံ့သြကြကုန်၏။

မဟာရာဇာကြီး၏ ထီးနန်းစည်းစိမ်ကိုခံစားရခိုက် ဆန်ကာရသည် မိဖုရားမောင်းမမိဿံ ကိုယ်လုပ်တော်များနှင့်အတူ ကာမဂုဏ်ခံစားရင်း ကာမသုတ္တန်ကျမ်းကို နက်နက်ရှိုင်းရှိုင်း လက်တွေ့လေ့လာလျက်ရှိရာ မောင်းမမိဿံများနှင့်အတူ ပျော်မွေ့နေသဖြင့် ဘဝဟောင်းကို မေ့နေသည်။

သို့ဖြစ်၍ ပြန်လာချိန်တန်သော်လည်း ဆရာရောက်မလာသဖြင့်. . ဆရာ၏ရုပ်အလောင်းကို စောင့်ရှောက်လျက်စောင့်မျှော်နေသော တပည့်သာဝကများက အနယ်နယ်အရပ်ရပ်သို့ထွက်ပြီး ဆရာရှာပုံတော်ဖွင့်ကြသည်။

ဤသို့ ရှာပုံတော်ခရီးထွက်သောအခါ တပည့်များက ဆန်ကာရွှေရေးသားခဲ့သော ဓမ္မတေးသံဝေဂကဗျာများကို ရွတ်ဆိုရှာဖွေကြသည်။

နောက်ဆုံးတွင် မဟာရာဇာကြီးသည် တပည့်တစ်ဦးသီဆိုသော သံဝေဂဓမ္မတေးကို ကြားရသောအခါ သတိရပြီးဘဝဟောင်းကို ပြန်ပြောင်းမှတ်မိလာသည်။

ထို့ကြောင့် မဟာရာဇာကြီး၏ ရုပ်ခန္ဓာမှထွက်ခွာပြီး မူလမိမိ၏ ရုပ်ခန္ဓာအတွင်းသို့ပြန်ဝင်ကာ ဘာရတီနှင့် ပညာချင်းယှဉ်ခဲ့သည်။

အိန္ဒိယ ဂန္ဓာရီပညာတွင် ယျာစျနဝိဇ္ဇာ၊ မန္တရ ဝိဇ္ဇာ





ဂန္ဓာရီ ဝိဇ္ဇာနှင့် မဟာ ဂန္ဓရီ ဝိဇ္ဇာဟု (၄)မျိုး ခွဲခြားတည်ရှိသည်။

ပထမအမျိုးအစားဖြစ်သော ယျာစျနဝိဇ္ဇာသည် "ယဇ်ပူဇော်ခြင်း"ဟု အဓိပ္ပာယ်ထွက်သော သက္ကတဝေါဟာရဖြစ်သည်။

အစီရင်ပွဲသဘင်ကျင်းပခြင်း၊ ယဇ်ပူဇော်ခြင်း၊ ပရလောကမှစ၍ နာနာဘာဝနှင့် နတ်တို့၏အကူအညီဖြင့် သိဒ္ဓိရရှိသောနည်းလမ်းဖြစ်သည်။

ဓာတ်ရိုက်၊ ဓာတ်ဆင်ခြင်း၊ ယတြာပြုခြင်း၊ နတ်ပင့်နတ်ကိုးခြင်း၊ နာနာဘာဝများကို မွေးသောမှော်ပညာ၊ အောက်လမ်းပညာ၊ အင်းပညာစသော ရုပ်ဝတ္ထုအစီအရင်များနှင့် ပရလောကသားများကို အားကိုးပြု၍ တန်ခိုးရရှိအောင်ပြုခြင်းကို "ယျာစျန ဝိဇ္ဇာပညာ" ဟုခေါ်သည်။

ဒုတိယပညာမှာ မန္တရဝိဇ္ဇာလမ်းဖြစ်သည်။ မန္တာန်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် မန္တာန်စောင့်နတ်များ၊ ပရလောကသားများ၏ အကူအညီဖြင့် ခေါင်းစွဲ စသောအကြားအမြင်ရရှိခြင်း ဆောင်ရွက်ရန်ကိစ္စတစ်ခုကို နတ်များ၊ ပရလောကသားများကို ပြုလုပ်စေခြင်းဖြင့် ရရှိသောတန်ခိုးဖြစ်သည်။

ဤဒုတိယ "မန္တရ ဝိဇ္ဇာ" သည်လည်း မှော်ပညာတစ်မျိုးပင်ဖြစ်သည်။

တတိယဂန္ဓာရီပညာမှာ စိတ်တန်ခိုးရရှိရေးအတွက် အင့်ကြံအားထုတ်ပြီးနောက် မိမိ၏စိတ်တန်ခိုးဖြင့် အကြားအမြင်ပေါက်ခြင်း၊ ပရလောကနှင့် ဆက်သွယ်နိုင်ခြင်း၊ မနောပေါက်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းစသော တန်ခိုးများကိုစိတ်တန်ခိုးသက်သက်ဖြင့် ရရှိအောင် ကျင့်ကြံသောလမ်းကို "ဂန္ဓာရီ ဝိဇ္ဇာ" လမ်းဟုခေါ်သည်။

သံချွန်များပေါ်တွင်ထိုင်၍ တရားကျင့်သော ဆာဒူးများ ဟိမဝန္တာရေခဲတုံးပေါ်တွင် အဝတ်မပါ ဗလာကိုယ်တည်းထိုင်၍ ယောဂကျင့်သောဖကီများ၊ သက်သတ်လွတ်စား၍ တောတကာ တောင်တကာလှည့်ပြီး ဂန္ဓာရီခရီးထွက်ရင်း ကျင့်ကြံနေသော ဝိဇ္ဇာများ၊ တောင်စောင်းများ ဂူများတွင် ကာလကြာရှည်စွာ အောင်းပြီး ကျင့်ကြံနေသော ရသေ့များသည် တတိယဂန္ဓာရီ ဝိဇ္ဇာပညာတွင် အကျုံးဝင်သည်။

ပေါ(လ)ဘုရင်တန် အိန္ဒိယပြည်ရောက်စဉ်က တွေ့ခဲ့ရ သောရေက အမွှေးနံ့ထွက်ခြင်း၊ ငှက်သေက ပြန်ရှင်လာခြင်း စသော တန်ခိုးများမှာ ပထမနှင့် ဒုတိယအမျိုးအစားတွင် ပါဝင် သည်။

အချို့ယောဂီဆာဒူးများသည် လူထုပရိသတ်ရှေ့မှောက် တွင် မြေတွင်းအောင်းပြီး တစ်လခန့်အကြာတွင် မြေတွင်းမှ ပကတိအတိုင်း ထွက်လာပြီးလျှင် မူလက ကတိပြုထားကြသည့် အတိုင်း လောင်းကြေးအဖြစ် မြင်းတစ်ကောင်စီးပြီး ထွက်သွား ကြောင်းကိုလည်း မှတ်တမ်းတွင် တွေ့မြင်ဖတ်ရှုကြရသည်။

စတုတ္ထ ဂန္ဓာရီ ပညာမှာ "ဂုတ္တ ဝိဇ္ဇာ"ဟုလည်းခေါ် သည်။ "အတ္တ မဝိဇ္ဇာ" ဟုလည်းခေါ်သည်။

"ဂုတ္တ" ဟူသော သက္ကတ ဝေါဟာရမှာ "လျှို့ဝှက်နက်နဲ - သော" ဟု အဓိပ္ပါယ်ဖွင့်သည်။





"အတ္တမ" ဆိုသည်မှာ မာတ်ဘုရားထံမှ ဆင်းသက်လာ ၍ လူ့ခန္ဓာကိုယ်ထဲတွင်ကိန်းနေသော ဝိညာဉ်ဓာတ်ဟု အဓိပ္ပါယ် ထွက်သည်။

လူသည် မိမိခန္ဓာကိုယ်အတွင်း ကိန်းအောင်းနေသော ဝိညဉ်ကို ရှင်သန်နိုးကြားလာအောင် ကျင့်ကြံခြင်းအားဖြင့် . . ဝိညာဉ်၏တန်ခိုးသိဒ္ဓိများကို ရရှိစေသည်။

မာတ်ဘုရားကြီးသည် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ ဉာဏ်တော်အနန္တရှိလေရာ မာတ်ဘုရားကြီး၏ ဓာတ်ဖြစ်သော ဝိညာဉ်မှာလည်း ယင်းဂုဏ်တော်သုံးပါး၏ သိဒ္ဓိစွမ်းအင်များ ကိန်းဝပ်ပြီးဖြစ်သည်။

ထို့ကြောင့် အတ္တမတည်းဟူသော ဝိညာဉ်တွင် ကိန်းနေ သော သိဒ္ဓိစွမ်းအင်ကို အတ္တမ ဝိဇ္ဇာပညာဟုခေါ်၍ အတ္တမ ဝိဇ္ဇာပညာကိုသာလျှင် မဟာဂန္ဓာရီပညာ၊ အာ(ရ်)ယန် ဂန္ဓာရီ ပညာ၊ ရှမ်ဗဲလား ဂန္ဓာရီပညာဟု ဆိုသည်။

ပထမ၊ ဒုတိယ၊ တတိယ ဝိဇ္ဇာပညာတို့မှာ စူဠဂန္ဓာရီ ပညာသာဖြစ်သည်။ မဟာဂန္ဓာရီမဟုတ်။

မဟာဂန္ဓာရီလမ်းစဉ်အရ ပေါက်မြောက်သွားသူများမှာ ခေတ်သစ်တွင် ရာမာခရစ်သျှနား၊ ယောဂနန္ဒအစရှိသော ပုဂ္ဂိုလ် (၄)ယောက်၊ (၅)ယောက်ခန့်သာရှိသည်ဟု ဂိုပီခရစ်သျှနားခေါ် ဘာ့န္တလိနီ နိုးပြီး ကမ္ဘာကျော်သွားသူ ပုဂ္ဂိုလ်ကြီးကဆိုသည်။

စူဠဂန္ဓာရီပညာတွင် အကျုံးဝင်သော အစီအရင်ပညာ၊ ဗေဒင်ပညာ၊ မှော်ပညာ၊ မန္တာန်ပညာစသော တန်ခိုးသိဒ္ဓိ


www.burmeseclassic.com

www.burmeseclassic.com



များသည် အိန္ဒိယတိုင်းရင်းသား ဒရဗီဒီယံများ၊ ဆီးမိုက်တို့၏ အာ(ရ်)ယန်တို့ မဝင်ရောက်မီကပင် ရှိရင်းစွဲပညာရပ်များဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် အာ(ရ်)ယန်မျိုးနွယ်များ မပေါ်ပေါက်မီကပင် အတ္တလန်တစ်တိုက်သားများ လက်ထက်ကတည်းကရှိနှင့်ပြီးဖြစ်သော လောကီပညာများ၊ စူဠဂန္ဓာရီပညာများဖြစ်ပေသည်။

ဂုတ္တဝိဇ္ဇာ(ဝါ)အတ္တမဝိဇ္ဇာ ခေါ် မဟာဂန္ဓာရီပညာသည်ကား အာ(ရ်)ယန်တို့ဝင်ရောက်လာပြီးနောက် ခရစ်သျှနားအရှင်က စတင်မာတ်ဖွင့်သင်ကြားပေးခဲ့သော အာ(ရ်)ယန် ဂန္ဓာရီ (သို့မဟုတ်) ရှမ်းဗဲလားမဟာဂန္ဓာရီပညာဖြစ်သည်။

ခရစ်သျှနားသည် အမရဝတီမြို့တွင် တပည့်သာဝကများကို ဂန္ဓာရီပညာမျိုးစေ့များ ချပေးခဲ့ရာမှ ယနေ့တိုင် အိန္ဒိယပြည်တွင်ပေါ်ထွန်းတည်တံ့ခဲ့သော မဟာဂန္ဓာရီပညာဖြစ်လာသည်။

ထို့ပြင် ထိုပညာများကို အီဂျစ်မဟာဂန္ဓာရီပညာတို့တွင်လည်း အများဆုံးတွေ့ရှိနိုင်ပေ၏။

ဘီစီ(၄၀၀၀)ခန့်က အီဂျစ်နိုင်ငံကို အုပ်စိုးခဲ့သော ဟာရူတာတပ်ဘုရင်လက်ထက်တွင် ခေါင်းဖြတ်သတ်ဖြတ်ခံရသောသူများကိုပင် အသက်ပြန်ရှင်အောင် ပြုလုပ်ပေးနိုင်ကြသည်။

ထိုစဉ်က ပေါ်ပေါက်ခဲ့သော ဘူတာဝါဟန မဟာဂန္ဓာရီပညာရှင်မှာ 'ရှာတီတာ'ဆိုသော ပုဂ္ဂိုလ်ပင်ဖြစ်၏။ ဟာရူတာ





တပ်ဘုရင်ကြီးက ရှာတီတာ၏ သတင်းကိုကြားသောအခါ နန်းတော်သို့လာရန် ဖိတ်ခေါ်သဖြင့် ရှာတီဘာသည် ဘုရင်ရှေ့မှောက်သို့ ရောက်လာခဲ့ရလေသည်။

ဘုရင့်အမိန့်ဖြင့် သေဒဏ်ကျနေသော အကျဉ်းသားတစ်ဦးကို ခေါ်ထုတ်လာစေပြီး ရှေ့တော်မှောက်မှာပင် ခေါင်းဖြတ်ကွပ်မျက်စေသည်။

ထိုရာဇဝတ်သား အသက်ပြန်ရှင်လာအောင် ရှာတီတာက ပညာစွမ်းဖြင့် ပြုလုပ်ပေးရလေသည်။

လူသာမကဘဲ အခြားတိရစ္ဆာန်တို့ကိုလည်း ရှေ့တော်မှောက်မှာပင် ခေါင်းဖြတ်သတ်ပြီး အသက်ပြန်ရှင်အောင် ပြန်လုပ်ပေးခဲ့ရသည်။

ရှာတီတာအသုံးပြုသောပညာမှာ မန္တာန်၊ မန္တရား ပညာပင်ဖြစ်ကြောင်း ကျူစာမှတ်တမ်းများ၌ ရေးသားဖော်ပြထားလေသည်။

မန္တာန် မန္တရားပင် ဖြစ်စေ၊ အခြားပညာဖြင့်ပြုလုပ်သည်ဖြစ်စေ အသက်မရှိသူ အသက်မရှိသော အရာဝတ္ထုကို အသက်ဝင်အောင်ပြုလုပ်ပေးသောပညာမှာ 'ဘူတာဝါဟနပညာ' ပင်ဖြစ်ပေ၏။

ဒေါက်တာမင်းထင်ကျော်က ထိုကဲ့သို့အကျိုးအကြောင်းအချက်အလက်များဖြင့် ပြောပြသောအခါ စုံထောက်ကျော်စွာသည်း လက်ခံရပေတော့သည်။

ဗဟုသုတပြည့်စုံသော ဒေါက်တာမင်းထင်ကျော် အ



www.burmeseclassic.com

www.burmeseclassic.com


ပေါ်မှာလည်း များစွာအထင်ကြီးလေးစားမှု ဖြစ်မိလေသည်။

ထိုနောက် နှစ်ယောက်သား အပေါ်ထပ်သို့ပြန်တက်လာကြသည်။

ဘရှေနှင့် ရီရီတို့အလောင်းနှစ်လောင်းကို ပုလိပ်များက ဆေးရုံကြီးသို့ ယူဆောင်သွားကြပြီဖြစ်သော်လည်း အိမ်ပေါ်မှာတော့ အရိုးစုကြီးများက ကျန်နေခဲ့ကြသေးသည်။

အရိုးစုကြီးများမှာ အရုပ်ကြိုးပြတ်လဲကျနေသော ရုပ်သေးရုပ်များနှင့်ပင် တူနေတော့သည်။

"ဒီအရိုးစုကြီးတွေကရော ဘယ်လိုလုပ်မှာလဲ ဆရာ"

"သူနေရာပြန်ရောက်အောင် လုပ်ပေးရမှာပေါ့"

"ဘယ်လိုလုပ်မလဲဟင်"

"သူတို့က အသက်မှမရှိတော့တာ၊ ဒီတော့ ဖုတ်သွင်းတဲ့နည်းနဲ့ သူနေရာပြန်ရောက်အောင် လုပ်ပေးရမှာပေါ့"

"ဆရာ လုပ်တတ်သလားဟင်"

"ကျွန်တော် မလုပ်တတ်ပါဘူး၊ ဆရာကြီးဦးဗန်ကောင်းကတော့ ဒါမျိုးတွေ ကျွမ်းကျင်တယ်၊ သူ့ကိုအကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရမှာပေါ့ဗျာ"

ဟုပြောဆိုပြီး နှစ်ယောက်သား ထိုနေရာမှပြန်ထွက်လာခဲ့ကြလေသည်။





# အခန်း [ ၁၂ ]

# နန်းမြကြည် ဝိဉာဉ်နှင့် ပြန်တွေ့ရခြင်း

အချိန်က ညဦးပိုင်းအချိန် ကျော်လွန်လာခဲ့ပြီဖြစ်သည်။ ထိုအချိန်မျိုးရောက်လာလျှင် လူသွားလူလာ မရှိတော့သည့် တာမစ်တစ်လမ်းတစ်လျှောက်လုံးမှာ လူသွားလူလာ ရှင်းလင်းလျက်ရှိနေလေသည်။

လမ်းတစ်လျှောက်လုံး၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်၊ ဝါးပင်ကြီးများ အုပ်မိုးနေသောကြောင့် အမှောင်ထုကြီးများနေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လရောင်ကလည်းမရှိ မီးရောင်ကလည်း ဝိုးတဝါးမျှသာရှိသော ထိုပတ်ဝန်းကျင်မှာ နေရာအနှံ့အမှောင်ရိပ်များကသာ နေရာယူထားသောကြောင့် ရန်ကုန်နယ်နိမိတ်အတွင်းမှာပါသော နေရာပင်ဖြစ်လင့်ကစား တောကြီးမျက်မည်းအတွင်းသို့ ရောက်နေသကဲ့သို့ ထင်စရာရှိပေသည်။

ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူလေးယောက်တစ်ပြိုင်နက် သေဆုံးသွားခဲ့သည့် ဟာမစ်တစ်လမ်းထဲမှာရှိသည် ခြံအမှတ်( . . . )အိမ်ကြီးပေါ်မှာတော့ လူသုံးယောက်ရှိနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာနှင့် ဆရာကြီးဦးဇန်ကောင်းတို့ သုံးယောက်ပင်ဖြစ်ပေသည်။

ဆရာကြီးဦးဇန်ကောင်း ဆိုသဖြင့်အခန်းကျယ်ကြီးဖြင့် ထခမ်းတနားနေသော ဆရာကြီးတစ်ယောက်တော့ မဟုတ်ပေ။ ကြားတောရလမ်းရှိ ဆွေမျိုးသားချင်းတော်စပ်သော ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကပ္ပိယအဖြစ်နှင့်နေထိုင်သော ဆရာတစ်ဦးပင်ဖြစ်၏။

ဆေးခန်းမရှိ၊ နာမည်ဆိုင်းဘုတ်မရှိသော်လည်း ဦးဇန်ကောင်းက ဆေးပညာ၊ ဓာတ်ပညာ၊ အင်္ဂရတ်ပညာနှင့် ဂမ္ဘီရပညာများမှာတော့ သူမတူအောင် နှံ့စပ်ကျွမ်းကျင်သူတစ်ဦးဖြစ်လေသည်။

ထူးခြားဆန်းကြယ်သော ပညာရပ်များဆိုလျှင် ကျားကုပ်ကျားခဲ လေ့လာလိုက်စားလေ့ရှိသော ဦးဇန်ကောင်းထံတွင်





အခြားသူများ မသိနိုင်သည် လျှို့ဝှက်ပညာရပ်အချို့လည်း ရှိပေသည်။

ထိုပညာရပ်များထဲတွင် "ဘူတာဝါဟ"ဟု ခေါ်သော ဖုတ်သွင်းသောပညာလည်း တစ်မျိုးအပါအဝင်ဖြစ်ပေသည်။

ဦးဇန်ကောင်းသည် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှင့်လည်း ခင်မင်ရင်းနှီးသူတစ်ဦး ဖြစ်သဖြင့် တိစ္ဆာကြီးငယ်ရှိသဖြင့် သွားရောက်အကူအညီတောင်းပါက လွယ်အိတ်တစ်လုံးလွယ်ပြီး ချက်ခြင်းထလိုက်လာတတ်သူလည်း ဖြစ်ပေသည်။

ယခုလည်း ဒေါက်တာမင်းထင်ကျော်က သွားခေါ်လာသောကြောင့် ဟာမစ်တစ်လမ်းမှအိမ်ကြီးသို့ လိုက်လာခြင်းဖြစ်လေသည်။

ထိုနေရာရောက်ပြီး အိမ်ပေါ်မှာ ဖရိုဖရဲနှင့်လဲကျနေသော အရိုးစုကြီးများကို တွေ့သဖြင့် မေးရာ ဒေါက်တာမင်းထင်ကျော်က ဖြစ်ပျက်သမျှတို့ကို အတိုချုပ်ပြီးပြောပြလိုက်သည်။

"လွန်ခဲ့တဲ့လလောက်ကမှ ဒီအိမ်က ကလေးနှစ်ယောက် သေသွားကြတယ်၊ ညကတော့ လင်မယားနှစ်ယောက်စလုံး သေသွားကြတယ်၊ စစ်ဆေးကြည့်တော့ ဒဏ်ရာဒဏ်ချက်တော့ ဘာမှမတွေ့ရဘူး၊ ထိတ်လန့်ကြောက်ရွံ့ပြီးတော့ သေရတာလို့တော့ သူဆလို့ရတယ်"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"ကျွန်တော်တို့ရောက်လာတော့ အိမ်ပေါ်မှာအခုလိုပါ



www.burmeseclassic.com

www.burmeseclassic.com



အရိုးစုကြီးတွေ ရောက်နေတာတွေ့ရတယ်"

"ဒါတွေက ဘယ်ကရောက်နေတာလဲ"

"မြေအောက်ခန်းထဲမှာ ကုလားသချိုင်းဟောင်းတစ်ခု ရှိတယ်၊ အဲဒီကရောက်နေတာ"

"အသက်မရှိတဲ့ အရိုးစုတွေကတော့ သူ့ဘာသာဘယ် လာနိုင်ပါ့မလဲ၊ တစ်ယောက်ယောက်က အစီအရင်နဲ့ လုပ်လိုက် လို့ ဒီအပေါ်ရောက်နေတာဖြစ်မှာပေါ့"

"ဒီမြေအောက်မှာ သချိုင်းဟောင်းတစ်ခုရှိတယ်ဆိုတာ သိဖို့ အတော်ခဲယဉ်းတယ်"

"သာမန်လူတွေအတွက်ကတော့ ခဲယဉ်းတာပေါ့၊ ဒီ ပညာကို လေ့လာလိုက်စားတဲ့သူတွေအတွက်ကတော့ ဘယ်နေ ရာမှာ ဘာရှိတယ်ဆိုတာ သိနိုင်ကြတယ်၊ သိုက်တူးသလိုမျိုးပေါ့ မြေပေါ်မြေအောက်မှာ ဥစ္စာသိုက် ပညာသိုက်တွေ အများကြီးရှိ ကြတာပဲ၊ သာမန်လူတွေ ဘယ်မှာမြင်ရသိရလို့လဲ၊ သိုက်အ ကြောင်းကို သိရှိနားလည်တဲ့သိုက်ဆရာတွေမှသာ မြင်နိုင် သိနိုင် ကြသလိုမျိုးပေါ့"

"သဘောပေါက်ပါပြီအဘ၊ ဒီအရိုးစုကြီးတွေကို သူ့နေ ရာသူပြန်ရောက်အောင် ပို့ပေးရမယ်၊ အဘလုပ်ပေးနိုင်မလား"

"ကြိုးစားကြည့်ကြတာပေါ့"

ဟု ဦးဗန်ကောင်းက အေးအေးဆေးဆေးအမူအယာ မျိုးနှင့်ပင် ပြန်ပြောလေသည်။

ထို့နောက် . . ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ





ဦးဗန်ကောင်းက စီစဉ်စရာရှိသည်တို့ကို စတင်စီစဉ်လေတော့ သည်။ ထုံးစံအတိုင်း သူပြုလုပ်နေကျအတိုင်း ဘီလူးစည်း၊ လူ စည်းတားသည်။

ပရိတ်ရေ ပရိတ်ချည်တို့ကို ပြင်ဆင်ထားသည်။

အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကို ထွန်းသည်။

မီးရောင်ရလာတော့ ကြမ်းပြင်ပေါ်မှာလဲကျနေသော အရိုးစုကြီးများကို မြင်တွေ့ရသည်။ အရိုးစုကြီးလေးခုဖြစ်သည်။

"ဒီအိမ်ထဲမှာ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေရှိနေ ကြသေးတယ်၊ ဒီအိမ်မှသေသွားတဲ့လူတွေက ဝေမာနိက ပြိတ္တာ ဘုံဘဝမှာပဲ ရှိကြသေးတယ်။"

"ဘယ်လိုကြောင့်လဲ"

"သေတဲ့လူတွေက နေရာဟောင်းကို စွဲလမ်းမှုရှိကြ တယ်၊ သူတို့သေသွားပြီးတဲ့နောက်မှာ သူတို့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုလုပ်ပေးတာတို့၊ အမျှအတန်းဝေပေးတာမျိုး တွေ လုပ်ပေးကြတဲ့ပုံ မရဘူး"

"ဟုတ်မယ်ထင်တယ်"

"ဒါကြောင့် မကျွတ်မလွတ်တဲ့ ဝိညာဉ်ဘဝနဲ့ပဲ ရှိနေကြ ဦးမှာပါ၊ ကဲသူတို့ကိုခေါ်ရအောင်၊ အသံမထွက်ဘဲ ငြိမ်နေကြပါ"

ဟုပြောပြီး မီးရောင်ကို ငြိမ်းသတ်လိုက်သည်။

ထို့ကြောင့် အိမ်ကြီးအတွင်းမှာ မည်းမှောင်သွားပြန် သည်။ ဦးဗန်ကောင်းကတော့ မေတ္တာပို့ အမျှအတန်းဝေပေးပြီး နောက် ဂါထာမန္တာန်တို့ကို ရွတ်ဆိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခြေအနေသည် စိတ်လှုပ်ရှားစရာအကောင်းဆုံး အချိန်ပင်ဖြစ်ပေသည်။

အမှောင်ထုများကလည်း အိမ်ကြီးအတွင်းအပြင်တစ်ခုလုံး ဖုံးလွှမ်းထားလေသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းများကလည်း ပတ်ဝန်းကျင်တစ်ခုလုံး ကြောက်စရာကောင်းလောက်အောင်ပင် ငြိမ်သက်နေကြလေသည်။

ထိုအချိန်မျိုးတွင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူလေးယောက် သေဆုံးသွားသောအိမ်ကြီးတစ်လုံးထဲမှာ ငြိမ်သက်စွာထိုင်နေရခြင်းမှာ တကယ်ဆိုပါက ချောက်ချားစရာ ကောင်းလှလေသည်။

သို့သော် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှစ်ယောက်မှာ ကြောက်ရွံ့တတ်သူများ မဟုတ်ကြပေ။

သရဲသဘက် စသောပရလောကသားများနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိသင့်သလောက် ရှိကြပြီးဖြစ်သဖြင့် ကြောက်ရွံ့ခြင်းမရှိဘဲ စိတ်ဝင်စားခြင်းဖြင့်သာ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် ကြည့်နေကြလေသည်။

အတန်ကြာသောအခါ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးထဲမှာ လှုပ်ရှားမှုများ စတင်လာသည်။

လေပြင်းများ ဝေ့တိုက်လာခြင်းဖြစ်သည်။

လေက အပြင်ဘက်မှာမတိုက်ဘဲ ငြိမ်သက်နေသော်လည်း အိမ်အတွင်းမှာတော့ လေပွေမွှေသကဲ့သို့ တိုက်နေခြင်း





ဖြစ်လေသည်။ တံခါးရွက်များ၊ ခန်းစည်းလိုက်ကာများ လှုပ်ရှားနေကြသည်။

အိမ်အတွင်းမှာရှိသော တံခါးရွက်၊ တံခါးချပ်ကြီးများမှာ ဖွင့်လိုက်ပိတ်လိုက်ဖြစ်နေကာ တဂျိုင်းဂျိုင်းဖြင့် အသံမြည်နေကြသည်။

မရှေးမနှောင်းမှာပင် အိမ်ရှေ့ဘက်၊ အိမ်အနောက်ဘက် ဖွင့်ထားသော တံခါးပေါက်များမှ အကောင်အရွယ်အစားကြီးမားသော လင်းဆွဲကြီးများဝင်လာပြီး အိမ်အတွင်းရောက်တော့ ဟိုဟိုဒီဒီ ပျံသန်းနေကြလေသည်။

အချို့မှာသူတို့ထိုင်နေသော နေရာများအနီးမှပင် ပျံဝဲနေကြလေသည်။

စုံထောက်ကျော်စွာက အရေးအကြောင်းရှိပါက အသုံးပြုရန် သေနတ်ကို လက်ဖြင့်စမ်းကြည့်လိုက်သည်။

လင်းဆွဲကြီးများပျံသန်းနေကြစဉ် မနီးမဝေးနေရာဆီမှ ခွေးအူသံများ ကြားရပြန်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ အခြားဘယ်နေရာကိုမှမကြည့်ဘဲ ဖွင့်ထားသော တံခါးပေါက်များရှိရာဘက်သို့သာ ကြည့်နေလေသည်။ ခဏကြာတော့ အပေါ်ထပ်မှ တရှပ်ရှပ်နှင့် ဆင်းလျှောက်နေသော ခြေသံအချို့ကို ကြားလာရသည်။

အသံကြားရာသို့ ကြည့်လိုက်တော့ အပေါ်ထပ်မှလှေကားအတိုင်း အောက်သို့ဆင်းလာသော ပုံရိပ်တစ်ခုကို မြင်ရလေ၏


www.burmeseclassic.com

www.burmeseclassic.com

မီးရောင်မရှိသဖြင့် သဲသဲကွဲကွဲမြင်ရခြင်းမျိုးတော့ မဟုတ်ပေ။ အောက်ရောက်လာတော့ အသက်(၁၀)နှစ် ဝန်းကျင်လောက်သာရှိသေးသော မိန်းကလေးဖြစ်သည်ကို တွေ့မြင်ရသည်။

"ဟီး . . ဟီး . . ဟီး . . ဟီး . . "

ဟူသော တစ်စုံတစ်ခုကို သဘောကျနေသဖြင့် ရယ်နေသောအသံမျိုးကိုလည်း ခတ်တိုးတိုးကြားနေရသည်။

"ဟီး . . ဟီး . . ဟီး . . ဟီး"

အနားရောက်လာတော့မှ မိန်းကလေးရင်ခွင်ထဲမှာ ဘိုမရုပ်တစ်ရုပ် ပွေ့ချီထားပြီး ရယ်နေသောအသံမှာ မိန်းကလေးဆီမှမဟုတ်ဘဲ သူပွေ့ထားသော ဘိုမရုပ်ကလေးထံမှ ထွက်နေခြင်းဖြစ်သည်။

ဘိုမရုပ်ကလေးမှာ အသက်ရှိနေသော ကလေးတစ်ယောက်ကဲ့သို့ ရယ်လိုက်၊ ပြုံးလိုက်နှင့် ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်နား ရောက်လာတော့ ထိုမိန်းကလေးယူလာသော ဘိုမရုပ်ကလေးက မျက်လုံးပြူးကြီးဖြင့် သူတို့ကိုကြည့်နေလေသည်။

"မင်း ဘယ်သူလဲ"

ဦးဇန်ကောင်းက မေးလိုက်သည်။

"ကျွန်မ ရွှေရည်ပါ"

"ဘာကြောင့် သေရတာလဲ"

"ဒီအရုပ်ကသတ်လို့ သေရတာပါ"

☺ အောင်မြင်စာပေ ☺



"အခု ဘယ်နေရာရောက်နေသလဲ"

"ဒီအိမ်ကြီးအပေါ်ထပ်မှာပဲ နေရပါတယ်"

"အမျှအတမ်းဝေပေးတဲ့သူ မရှိသေးဘူးလား"

ခေါင်းခါပြသလား၊ ခေါင်းညိတ်ပြသလားတော့ သေသေချာချာမမြင်ရပေ။

"ကောင်းပြီလေ၊ မင်းကို ဒီဘဝကလွတ်လွတ်အောင် ဒီအိမ်ကြီးပေါ်မှာ ကုသိုလ်ကောင်းမှုတွေလုပ်ပြီး အမျှဝေပေးမယ်၊ အခုတော့ ဒီအရိုးစုတွေကို သူ့နေရာပြန်ရောက်အောင် သယ်ပေးပါ"

မျက်နှာသေလေးဖြင့် ရပ်နေသောဝိညာဉ်က ကြမ်းပြင်ပေါ်မှာလဲကျနေသော အရိုးစုကြီးကို တစ်ချက်ကြည့်လိုက်သည်။

ပြီးနောက် ထိုနေရာသို့လျှောက်သွားပြီး အရိုးစုကိုယ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

မရှေးမနှောင်းမှာပင် ကြမ်းပြင်ပေါ်မှာလဲကျနေသော အရိုးစုကြီး အသက်ဝင်လာသကဲ့သို့ဖြစ်ကာ နေရာမှထလာပြီး မြေအောက်ခန်းသို့ဆင်းသော အပေါက်ရှိရာသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်သွားလေတော့သည်။

နောက်တစ်ကြိမ်မှာတော့ ဖွင့်ထားသော အပေါက်မှ သဉ်ပုံရိပ်တစ်ခု ထွက်လာပြန်သည်။

အနားရောက်တော့ ဦးဇန်ကောင်းကမေးလိုက်သည်။

"မင်း ဘယ်သူလဲ"

"ထွန်းအောင်ပါ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


“ဘယ်လိုကြောင့် သေရတာလဲ”

“ဒီ အရိုးစုတွေက အသက်ဝင်လာပြီး လာသတ်လို့ မြေ… အောက်ခန်းထဲမှာ သေခဲ့ရတာပါ”

“အခု ဘယ်နေရာရောက်နေသလဲ”

“မြေအောက်ခန်းထဲမှာပဲ နေရပါတယ်”

“အမျှအတမ်းဝေပေးမယ့်သူ မရှိသေးဘူးလား”

ခေါင်းခါပြနေသည်ဟုတော့ ထင်သည်။

“ကောင်းပြီလေ၊ ဝေမာနိက ပြိတ္တာဘုံဘဝက ကျွ… လွတ်အောင် ကုသိုလ်ကောင်းမှုတွေပြုလုပ်ပြီး အမျှအတမ်း… ပေးပါ့မယ်၊ အခုတော့ ဒီအရိုးစုတွေကို သူ့နေရာပြန်ရော… အောင်လုပ်ပေးပါ”

ဟု ပြောသောအခါ ရှေးနည်းအတိုင်းပင် ဝိညာဉ်… အရိုးစုကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီးနော… အရိုးစုကြီးက နေရာမှထကာ လျှောက်သွားလေတော့သည်။

အရိုးစုကြီးနှစ်ခု မရှိတော့သဖြင့် ကြမ်းပြင်ပေါ်၌ နော… ထပ်အရိုးစုနှစ်ခုသာ ကျန်ခဲ့လေတော့သည်။

နောက်ထပ်ရောက်လာသော ဝိညာဉ်စုံတွဲမှာ ဘ… ရှိရှိတို့ပင်ဖြစ်သည်။ သူတို့လည်း ဦးဇန်ကောင်းက စေခိုင်းသ… အရိုးစုအတွင်းသို့ ဝင်ရောက်ကာ သယ်ယူသွားကြလေသ…

ကြမ်းပြင်ပေါ်မှာ ဘာမှမကျန်ခဲ့တော့ပေ။

ထိုအခါမှ ဦးဇန်ကောင်းက ဖယောင်းတိုင်ကို မီးထွ… လိုက်ရာ အလင်းရောင်ရလာလေသည်။



အိမ်ထဲမှာ အလင်းရောင်ရလာသောအခါ အိမ်ထဲတွင် ဟိုဟိုဒီဒီ ပျံသန်းနေသော လင်းဆွဲကြီးများလည်း တစ်ကောင်ပြီး တစ်ကောင် အပြင်သို့ ပျံထွက်သွားကြလေတော့သည်။

“မြေအောက်ခန်းဆင်းပြီး အခြေအနေကြည့်ကြရအောင်”

ဟုပြောပြီး သုံးယောက်သား ဖယောင်းတိုင်မီး၊ လက်နှိပ်မီးများကိုအသုံးပြုကာ မြေအောက်ခန်းသို့ဆင်းကြလေသည်။

မြေအောက်ခန်းအတွင်းရောက်တော့ ထွေထွေထူးထူး ဘာမှမတွေ့ရပေ။

ခေါင်းတလားများသည် ထားသောနေရာမှ တံခါးချပ်များမှာလည်း မူလအခြေအနေအတိုင်း ပိတ်လျက်သားပင်ရှိကြလေသည်။

သို့ကြောင့် အနီးဆုံးမှာရှိသော တံခါးပေါက်ကို တံခါးဖွင့်ကြည့်လိုက်သောအခါအတွင်း၌ အရိုးစုကြီး ပြန်ရောက်နေလေသည်။ မူလရှိခဲ့သည့်အတိုင်း ခြေရာလက်ရာမပျက် ပြန်ရောက်နေခြင်းပင်ဖြစ်၏။

စုံထောက်ကျော်စွာကတော့ စုံထောက်ပီပီ စိတ်ထဲမှာ မသက်သာသဖြင့် ပိတ်ထားသော တံခါးလေးချပ်စလုံးလိုက်ဖွင့်ကြည့်ရာအတွင်း၌ အရိုးစုများ အသီးသီးပြန်ရောက်နေသည်ကို တွေ့ရတော့မှ များစွာအံ့သြသွားလေသည်။

“အံ့သြစရာပဲ”

“ဘာများအံ့သြနေတာလဲ မောင်ကျော်စွာရဲ့”


www.burmeseclassic.com

www.burmeseclassic.com

ဦးဗန်ကောင်းက မေးလိုက်လေသည်။

"အသက်မရှိတဲ့ အရိုးစုကြီးတွေက သူ့နေရာသူ ပြန်ရောက်နေတာကို အံ့သြမိလို့ပါ"

"ဒါက ဘာများအံ့သြစရာရှိသလဲ မောင်ကျော်စွာရဲ့ အသက်မရှိတာကို အသက်ဝိညာဉ်ပြန်သွင်းပေးလိုက်တော့ လိုတဲ့နေရာ ထသွားတာ ဘာများဆန်းကြယ်လို့လဲ"

"ခေတ်မီတိုးတက်ပါတယ်ဆိုတဲ့ သိပ္ပံပညာတောင် ဒါမျိုးတွေကို တတ်နိုင်ကြမယ်မထင်ဘူး"

"သိပ္ပံပညာက ပုံသေနည်းစနစ်တွေရှိမှ လုပ်လို့ရတဲ့ ပညာမျိုးပဲလေ၊ မဟာဂန္ဓာရီပညာရှင်တွေ အသုံးပြုကြတဲ့ ဝိဇ္ဇာပညာဆိုတာ ပုံသေနည်းစနစ်မလိုတဲ့ အတိုင်းအဆမရှိ အသုံးပြုနိုင်တဲ့ပညာမျိုးပဲ၊ အသက်မရှိတဲ့ အရိုးစုတစ်ခုလောက်က သူ့နေရာသူပြန်ရောက်အောင် လုပ်နိုင်တာ ဘာဟုတ်သေးလို့လဲ၊ တစ်တုံးကိုတစ်တန်လောက်လေးတဲ့ ကျောက်တုံးကြီးတွေကိုတောင် အပေါ်ရောက်အောင်တင်ပြီး ပိရမစ်ကြီးတွေ ဆောက်ခဲ့ကြသေးတာပဲ"

ထိုစကားကြားတော့ စုံထောက်ကျော်စွာမှာ များစွာအံ့သြနေလေသည်။

ပိရမစ်များဆောက်လုပ်ခဲ့ခြင်းနှင့် ပတ်သတ်ပြီးအယူအဆအမျိုးမျိုး ရှိခဲ့သည်။ အီဂျစ်အကြောင်း လေ့လာသူများက ဘုရင်များ၏ သင်္ချိုင်းဂူများအတွက် ဆောက်လုပ်သည်ဟုသည်။





အချို့ကတော့ ဘာသာရေးအဆောက်အအုံအဖြစ် ရည်ရွယ်ပြီး တည်ဆောက်ခဲ့သည်ဟု မှတ်ချက်ချသည်။

မည်သို့ပင် အယူအဆ ကွဲပြားနေသည်ဖြစ်စေ . . ကမ္ဘာ့အံ့သြဖွယ်စာရင်းတွင်ပါဝင်သော ပိရမစ်ကြီးများတည်ဆောက်ထားပုံကတော့ အံ့သြစရာကောင်းလှပေသည်။

"မဟာပိရမစ်ကြီး၏ အမြင့်ပေမှာ (၄၈၁)ပေ ရှိသည်။

အောက်ခြေစကွဲယားပေ (၇၅၆)ပေရှိသည်။

ထိုပိရမစ်ကြီးပြီးမြောက်ရန်အတွက် အသုံးပြုခဲ့ရသော ကျောက်တုံးကြီးများမှာ တစ်တုံးလျှင် တစ်တန်ရှိသော ကျောက်တုံးပေါင်း (၂၃)သိန်း အသုံးပြုခဲ့ရသည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀၀၀)ခန့်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ ထိုအချိန်က အီဂျစ်ပြည်ရှိလူဦးရေနှင့် ဆောက်လုပ်မည်ဆိုပါက အချိန်မည်မျှကြာမြင့်မည်ကိုပင် မခန့်မှန်းနိုင်အောင်ရှိပေတော့သည်။

မှတ်တမ်းတစ်ခုမှာတော့ လူပေါင်းတစ်သိန်းဖြင့် နှစ်ပေါင်း(၃၀)ခန့်ကြာအောင် တည်ဆောက်ခဲ့ရသည်ဟု ဖော်ပြထားလေသည်။

ယခု ခေတ်မီတိုးတက်သော ခေတ်၌ပင် ခေတ်မီသော စက်ကိရိယာများအသုံးပြုပြီး တည်ဆောက်ပါက လွယ်ကူစွာပြီးမြောက်နိုင်မည်မဟုတ်ပေ။

ဂန္ဓာရီပညာရှင်များကတော့ မန္တာန်တည်းဟူသော အသံစွမ်းအားဖြင့် ကျောက်တုံးကြီးများကို လိုသောနေရာရောက်


www.burmeseclassic.com

www.burmeseclassic.com



အောင် ပို့ဆောင်ပေးကြသည်ဟု ဆိုသည်။

တစ်တုံးလျှင် တစ်တန်ခန့်လေးသော ကျောက်တုံးကြီးများမှာ မန္တာန်တည်းဟူသော အသံစွမ်းအားဖြင့် မ,ချီသောအခါ လေထဲ၌ ငှက်တစ်ကောင်ကဲ့သို့ ပျံဝဲနေပြီး လိုသောနေရာသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း မှတ်တမ်းမှတ်ရာများဖြင့် ရေးသားဖော်ပြခဲ့ကြသည်။

"အဘတို့ အသုံးပြုတဲ့ မဟာဂန္ဓာရီပညာဆိုတာ အံ့ဩလောက်တဲ့ ပညာမျိုးပါပဲ၊ ဒီပညာအကြောင်းတွေကို သေသေချာချာ မလေ့လာခင်ကတော့ ဒီပညာရပ်တွေကို မျက်လှည့်ပညာ၊ ပဉ္စလက်ပညာနဲ့ ရောထွေးနေခဲ့သေးတယ်၊ အခုလို မျက်မြင်တွေ့ရတော့မှပဲ မဟုတ်မှန်းသိရပေတော့တယ်"

ထိုသို့ပြောဆိုပြီး သုံးယောက်သား အပေါ်ထပ်သို့ပြန်တက်လာကြလေသည်။

အပေါ်ထပ်ပြန်ရောက်ပြီးနောက် ပြတင်းပေါက်တစ်ခုနားသို့ရောက်သောအခါ ထူးခြားမှုတစ်ခု ရှိနေသည်ကို ဒေါက်တာမင်းထင်ကျော်က သတိပြုမိလိုက်လေသည်။ အလင်းရောင်တစွန်းတစရှိနေသဖြင့် အိမ်ကြီး၏အနောက်ဘက်ရှိ ဂိုဒေါင်ဟောင်းအနီးမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်တစ်ခုကို သတိပြုမိလိုက်ခြင်းဖြစ်လေသည်။

သို့ကြောင့် ကျန်နှစ်ယောက်ကို မှာစရာရှိသည်တို့ကို မှာထားခဲ့ပြီး သေနတ်နှင့်လက်နှိပ်မီးတစ်လက်ကို ယူဆောင်ပြီး မြေအောက်ခန်းသို့ တစ်ကျော့ပြန်ဆင်းလာလေသည်။





မြေအောက်ခန်းထဲမှာတော့ မှောင်မည်းနေသည်။

သို့ကြောင့် လက်နှိပ်မီးရောင်ဖြင့် အသုံးပြုကာ သွားရလေသည်။ မြေအောက်ခန်းမှတစ်ဆင့် လူသွားလမ်းအတိုင်း သွားလေရာ ဂိုဒေါင်ဟောင်းရှိသော အနောက်ဘက်သို့ ရောက်သွားလေတော့သည်။

ထိုနေရာသို့ရောက်တော့ လှေခါးထစ်များအတိုင်း အပေါ်ရောက်အောင် တက်သွားပြီးနောက် ပိတ်ထားသော အံဖုံးတံခါးကို အသံမကြားအောင်ဖွင့်ကာ အပြင်သို့ထွက်လိုက်လေသည်။ ဂိုဒေါင်ထဲမှာလည်း မှောင်နေသည်။

လက်နှိပ်မီးရောင်ကို အသုံးမပြုလိုသောကြောင့် အမှောင်ထဲမှာပင် အခြေအနေကို ကြည့်ရပေသည်။ အမှောင်ထဲမှာ အတန်ကြာအောင်ကြည့်သောအခါ ကျင့်သားရလာပြီး ဝိုးတဝါးမြင်လာရသည်။ ဂိုဒေါင်ထဲမှာတော့ ဘာမှမတွေ့ရပေ။

သို့ကြောင့် အပေါ်ဖုံးကိုလှန်ပြီး အပေါ်တက်လိုက်သည်။ အပေါ်ရောက်တော့မှ စေ့ထားသောတံခါးမှ အပြင်သို့ ကြည့်လိုက်သည်။

အပြင်ဘက်တွင် သစ်ရိပ်များရှိသဖြင့် မှောင်နေသည် ဖြစ်သော်လည်း အလင်းရောင်အချို့ ရှိနေသောကြောင့် ဝိုးတဝါးတော့မြင်နေရသည်။

စောစောက အိမ်ကြီးပေါ်မှာ လှမ်းကြည့်စဉ်က ဂိုဒေါင်အနားမှာရပ်နေသော မည်းမည်းသဏ္ဌာန်ကို လှမ်းမြင်ရသည်။ ယခု ဂိုဒေါင်ရှိရာသို့ ရောက်လာပြီး ကြည့်ပြန်တော့မတွေ့ရပြန်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အပြင်သို့ထွက်ပြီး ကြည့်ပြန်လေသည်။ သူ့ဆီမှာ လက်နှိပ်မီးပါသော်လည်း မီးရောင်ကိုတော့ အသုံးမပြု အသုံးမပြုသေးပေ။

အဘယ်ကြောင့်ဆိုသော် . . . ဝိညာဉ်များက အလင်း ရောင်ကို မနှစ်သက်သောကြောင့်ပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ဂိုဒေါင်အပြင်ဘက်သို့ ထွက်ပြီး ဟိုဟိုဒီဒီလိုက်ရှာနေစဉ် သူ့နောက်ဘက်အမှောင်ထဲမှ ခြေသံလိုလို ကြားရသဖြင့် ရပ်ကာနားစွင့်နေသည်။ လက်တစ် ဖက်က လက်နှိပ်မီးကို ကိုင်ထားပြီး၊ ကျန်တစ်ဖက်က သေနတ် ပေါ်သို့ အဆင်သင့်တင်ထားလေသည်။

သစ်ရွက်များပေါ်မှ ဖွဖွလေး နင်းလျှောက်လာသော ခြေသံက သူနှင့်မနီးမဝေးနေရာရောက်တော့ ရပ်တံ့သွားလေ သည်။

ထို့ကြောင့် ဖြေးဖြေးချင်းပင် လှည့်ကြည့်လိုက်သည်။ အမှောင်ထဲမှာရပ်နေသော သဏ္ဌာန်တစ်ခုကို မြင်ရလေသည်။ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားသော်လည်း အမျိုးသမီး တစ်ယောက်ဖြစ်မှန်းတော့ သိသာပေသည်။

"မင်းဘယ်သူလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်လေသည်။

"နန်းမြကြည်ပါ"

"ဝိညာဉ်ဘဝ ရောက်နေတာလား"

"ဟုတ်ပါတယ်"





"မင်းဘယ်လိုကြောင့် သေရတာလဲ"

"လူယုတ်မာတွေလက်ချက်ကြောင့် သေရတာပါ"

"ငါ့ကို ပြောပြပေးနိုင်မလား"

"ကျွန်မတော့ ပြောခွင့်မရှိပါဘူး၊ ရှင်သိချင်ရင်တော့ အကြောင်းစုံပြောပြပေးနိုင်မယ့်သူ ရှိပါတယ်"

"ဘယ်သူလဲ"

"နန်းမြဝတီပါ"

"အင်းလျားလမ်းမှာနေတဲ့ နန်းမြဝတီ မဟုတ်လား"

"ဟုတ်ပါတယ်"

"သူက မင်းနဲ့ညီမတော်တာလား"

"ဟုတ်ပါတယ်၊ ရှင် သူနဲ့တွေ့တဲ့အခါ သိချင်တာမေး နိုင်ပါတယ်၊ သူကလည်း ရှင့်ကိုအကူအညီတောင်းချင်လို့ စောင့် နေပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြ လိုက်သည်။

"တစ်နေ့တော့ သူ့ဆီသွားလိုက်ပါ့မယ်၊ မင်းလည်း လွတ်ကျွတ်တဲ့ ကောင်းရာသုဂတိဘုံဘဝကို ရောက်ပါစေလို့ ဆု တောင်းပေးပါမယ်"

ဒေါက်တာမင်းထင်ကျော်စကားဆုံးသည်နှင့် နန်းမြ ကြည်၏ဝိညာဉ်မှာ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား လေတော့သည်။

ဒေါက်တာမင်းထင်ကျော်လည်း သက်ပြင်းတစ်ချက်ချ

www.burmeseclassic.com



လိုက်ပြီး ထိုနေရာမှာပင် အတန်ကြာအောင် ရပ်နေသေးသည်။

ထိုသို့ရပ်နေသော်လည်း နောက်ထပ်ထူးထူးခြားခြား အခြေအနေမျိုး ထပ်မတွေ့ရတော့သဖြင့် စုံထောက်ကျော်စွာနှင့် ဦးဗန်ကောင်းတို့ရှိနေသော အိမ်ကြီးရှိရာဘက်သို့ ပြန်လျှောက်လာလေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်လာပြီဖြစ်သောကြောင့် အမှောင်ရိပ်များနှင့် တိတ်ဆိတ်ငြိမ်သက်ခြင်းများက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်ထားကြလေပြီ။









## အခန်း [ ၁၃ ]

# နန်းမြဝတီနှင့် လျှို့ဝှက်ချက်များ

အင်းလျားလမ်း ခြံအမှတ်( . . . )သို့ ဒေါက်တာမင်းထင် ကျော်ရောက်သွားသောအချိန်မှာ နေ့လည်ပိုင်းအချိန်ဖြစ်သည်။ ထိုခြံသို့ ယခုအကြိမ်ရောက်တာနှင့်ဆိုပါက နှစ်ကြိမ်မြောက်ရှိပြီဖြစ်သည်။

ခြံပေါက်ဝရောက်တော့ ကားဟွန်းတီးပြီး အချက်ပေးလိုက်သည်။ ထိုအခါ အသက်အရွယ်ကြီးပြီဖြစ်သော အဘိုးကြီးတစ်ယောက်က တံခါးလာဖွင့်ပေးသဖြင့် ကားကိုခြံဝန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



မောင်းဝင်ပြီး တစ်နေရာ၌ ရပ်ထားလိုက်သည်။

သူကားပေါ်မှဆင်းသောအချိန်တွင် ခြံထဲတွင်အလုပ်လုပ်နေရာမှ တိုက်အိမ်ကြီးနောက်ဘက်သို့ ဝင်သွားသော လူရွယ်တစ်ယောက်ကို မြင်လိုက်ရသည်။ သူရောက်တော့မှ နောက်ဘက်သို့ ဝင်သွားခြင်းဖြစ်သဖြင့် မျက်နှာကို တစွန်းတစမြင်လိုက်ရသည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကားတံခါးကို ပြန်ပိတ်နေစဉ် အဘိုးကြီးက အနားရောက်လာသည်။

"နန်းမြဝတီနဲ့တွေ့ဖို့လာတဲ့ ဧည့်သည်ထင်ပါရဲ့"

"ဟုတ်ပါတယ်၊ ကြိုပြီးချိန်းထားတာတော့ မရှိပါဘူး ကျွန်တော်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ် သူ့ကိုပြောလိုက်ရင် သူသိပါလိမ့်မယ်"

ဟုပြောပြတော့ ခေါင်းညိတ်ပြလေသည်။

"သူက မောင်ရင်နဲ့တွေ့ဖို့ စောင့်နေပါတယ် အိမ်ထဲကို သာဝင်သွားပါ"

ဟုပြောပြီး အနားမှထွက်သွားလေသည်။

ကြိုတင်အကြောင်းမကြားဘဲ သူရောက်လာမည်ကို သိနေသည်ကတော့ အံ့ဩစရာဖြစ်သော်လည်း ဒေါက်တာမင်းထင်ကျော်က အခြေအနေအချို့ကိုသိပြီးဖြစ်သဖြင့် အံ့ဩခြင်းတော့ မဖြစ်တော့ပေ။

ထို့နောက် တိုက်အိမ်ကြီးရှိရာသို့ လျှောက်သွားသည်။ တိုက်ပေါက်ဝရောက်တော့ နန်းမြဝတီကိုတွေ့ရသည်





"အိမ်ထဲကို ကြွပါရှင်"

ဟုချိုသာသောအသံဖြင့် ဖိတ်ခေါ်သဖြင့် သူမနောက်သို့လိုက်သွားရာ ဧည့်ခန်းသို့ရောက်သည်။ ဧည့်ခန်းရောက်ပြီး ဆိုဖာပေါ်ထိုင်ပြီး မကြာခင်မှာပင် ရှမ်းအမျိုးသမီးတစ်ယောက်က စားသောက်စရာများ လာချပေးသည်။

ဒေါက်တာမင်းထင်ကျော်က ဧည့်ခန်းထဲသို့ရောက်သည်နှင့် အခြေအနေကိုကြည့်ရာ ယခင်တစ်ခေါက်ရောက်စဉ်ကတွေ့ခဲ့ရသော ရုပ်တုကြီးများကတော့ ဧည့်ခန်းထောင့်များမှာ ရှိနေကြသေးသည်။

သစ်သားအမျိုးမျိုးဖြင့် ထုလုပ်ထားသော ရုပ်ထုများကတော့ နေရာအနှံ့မှာ ရှိနေကြသည်။ ဧည့်ခန်းစားပွဲအောက်မှာပင် ကျားရုပ်လေးကောင်ရှိနေသည်။

နံရံများ၌ထောင်ထားသော ရုပ်တုများမှာ အရွယ်အစားအမျိုးမျိုးရှိကြရာ အချို့လူအရွယ်အစားမကပင်ကြီးလှပေသည်။

နဂါးရုပ်၊ ဂဠုန်ရုပ်၊ ဘီလူးရုပ်၊ နတ်ရုပ်၊ မိန်းမရုပ်၊ ယောကျ်ားရုပ် စသည်တို့မှာ ထုလုပ်ထားပုံ လက်ရာမြောက်လှသောကြောင့် တကယ့်သက်ရှိ လူတိရစ္ဆာန်တို့နှင့်မခြား တူကြပေသည်။

အခန်းပေါက်ဝတစ်နေရာတွင် ချထားသောဘီလူးရုပ်ဟုဆိုလျှင် ထုလုပ်ထားပုံ လက်ရာမြောက်လှသောကြောင့် အသက်ဝင်နေသော ဘီလူးတစ်ကောင်နှင့် ပုံသဏ္ဌာန်တူနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


နန်းမြဝတီက ကော်ဖီတစ်ခွက်ကိုထည့်ပြီး ဒေါက်တာမင်းထင်ကျော်ရှေ့သို့ ချပေးလေသည်။

"ရှမ်းပြည်ကထွက်တဲ့ ကော်ဖီစစ်စစ်ကလေး သောက်ပါဦးရှင်၊ လက်ဖက်ရည်ကလည်း ရွှေဖီရွက်နု လက်ဖက်ခြောက်နဲ့ခပ်ထားတာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ဒေါက်တာမင်းထင်ကျော်က ကော်ဖီပန်းကန်ကို ယူသောက်ရင်း နန်းမြဝတီကို ကြည့်လိုက်သည်။ သူမကိုကြည့်ရသည်မှာ အရင်တစ်ခါတွေ့ရသည်နှင့်ပင် မတူတော့ပေ။

အတန်အသင့် ပြင်ဆင်ထားသောကြောင့် ချောမောလှပနေလေသည်။

"ကိုမင်းထင်ကျော် အခုလိုတကူးတက ရောက်လာတာ ကျွန်မတော့ သိပ်ဝမ်းသာတာပဲ"

"ကျွန်တော်လာတာ တခြားတော့မဟုတ်ပါဘူး၊ ကျွန်တော်နန်းမြကြည်နဲ့ တွေ့ခဲ့ရပြီးပါပြီ၊ နန်းမြဝတီက သူ့အကြောင်းကို ပြောပြပေးပါ"

ဟုပြောသောအခါ စောစောကနှင့်မတူတော့ဘဲ လေးနက်သောအမူအယာမျိုး ဖြစ်သွားလေသည်။

"မမနန်းမြကြည်က ကျွန်မရဲ့အစ်မပါပဲ၊ သူကရှမ်းပြည်မှာနေစဉ်ကပဲ ကိုခွန်ဘရင်နဲ့အိမ်ထောင်ပြုခဲ့ကြတယ်၊ ကိုခွန်ဘရင်က ကျောက်မျက်ရတနာ အရောင်းအဝယ်လုပ်တော့ စီးပွားရေးကတော့ အဆင်ပြေကြတယ်၊ နောက်တော့ ရှမ်းပြည်ကနေ



ရန်ကုန်ကိုပြောင်းလာကြပြီး ဒီခြံနဲ့တိုက်ကို ဝယ်ပြီးနေခဲ့ကြတယ်"

ဒေါက်တာမင်းထင်ကျော်က ကော်ဖီခွက်ကို စားပွဲပေါ်ပြန်ချလိုက်ရင်း ခေါင်းညိတ်ပြသည်။

"ရန်ကုန်ရောက်ပြီး မကြာခင်မှာပဲ ကိုခွန်ဘရင်တစ်ယောက် နယ်ကိုအရောင်းအဝယ်ကိစ္စနဲ့သွားရင်း သေသွားတယ်လို့ သတင်းကြားရတယ်"

"ဘယ်လိုဖြစ်ပြီး သေတာလဲ"

"ကျွန်မတို့လည်း သေသေချာချာတော့ မသိပါဘူး၊ အချင်းချင်းသစ္စာဖောက်ပြီး အသတ်ခံရတယ်လို့ပဲ သတင်းကြားရတာပါပဲ"

"စိတ်မကောင်းစရာပဲ၊ ဆက်ပြောပါဦး"

"မမလည်း ဒီကိစ္စဖြစ်တော့ အရူးတစ်ပိုင်းဘဝမျိုးဖြစ်ခဲ့ရတယ်၊ ကျွန်မတို့ရောက်လာပြီး ဖြောင့်ဖျပြောဆိုတာတောင် မရတဲ့အခြေအနေမျိုးပါပဲ၊ နောက်တော့ ကျွန်မတို့လည်း ရှမ်းပြည်ပြန်သွားကြတယ်၊ သိပ်မကြာပါဘူး သူကြိုးဆွဲချပြီး သေသွားတယ်ဆိုတဲ့သတင်း ကြားရတာပါပဲ"

"သူဘာကြောင့် သေတယ်ဆိုတာရော နန်းမြဝတီတို့ သိသလား"

"ကျွန်မတို့တော့ သေသေချာချာမသိရပါဘူး၊ ဒါပေမယ့် သူနဲ့ အတူတူနေတဲ့သူတွေ ပြောပြလို့တော့ သိသင့်သလောက် သိခဲ့ရပါတယ်၊ ကိုခွန်ဘရင် သေသွားပြီးတဲ့နောက်မှာ မမက သူ့ယောက်ျားအကြောင်းသိချင်လို့ ကိုကျိုင်းလမ်းက အကြား



www.burmeseclassic.com

www.burmeseclassic.com

အမြင်ဆရာတစ်ယောက်ဆီမှာ သွားမေးခဲ့တယ်၊ မကြာခင်မှာ ကိုခွန်ဘရင်နဲ့ညီတော်တဲ့ ခွန်ဘရွှေဆိုတဲ့လူတစ်ယောက် ရောက်လာခဲ့တယ်"

"စိတ်ဝင်စားစရာပဲ"

"အဲဒီနောက်တော့ သူ့ဆီမှာရှိတဲ့ ကျောက်မျက်ရတနာတွေကို လိမ်ယူပြီး ထွက်ပြေးသွားတော့တာပါပဲ၊ မမလည်း စိတ်ထိခိုက်ပြီးတော့ သူ့ကိုယ်သူ သတ်သေသွားတဲ့အထိ ဖြစ်သွားခဲ့ရတာပဲရှင်"

ဟု နန်းမြဝတီက အသံလေးကတုံကရင်နှင့် ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ နန်းမြဝတီ၏အမူယာကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားလေသည်။

"စိတ်မကောင်းစရာကောင်းတဲ့ အဖြစ်အပျက်တွေပါပဲ၊ နန်းမြကြည်အဖြစ်က မြွေပါလည်းဆုံး သားလည်းဆုံးတဲ့ အဖြစ်မျိုးပါပဲ၊ ဒါကြောင့်လည်း မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပါ၊ ဒါထက် သူ့ဆီက ကျောက်မျက်ရတနာတွေလိမ်သွားတဲ့ ခွန်ဘရွှေသတင်းကိုရော စုံစမ်းကြည့်သေးသလား"

"ကျွန်မတို့မိသားစုတွေက အေးအေးပဲနေကြတော့ ဒါမျိုးတွေလည်း မလုပ်တတ်ပါဘူး၊ ဒါကြောင့် . . "

စကားရပ်ပြီး ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်လိုက်လေသည်။

"ဒါထက် နန်းမြဝတီတို့က ရန်ကုန်ကိုပြောင်းလာကြတာ





ကြာသေးဘူးပေါ့"

"ဟုတ်ပါတယ်၊ မမဆုံးသွားပြီးတဲ့နောက်မှာ ရွှေ့ပြောင်းလာခဲ့ကြတာပါ၊ ဒါကြောင့် ဘယ်နေရာမှ မသွားတတ် မလာတတ်ဖြစ်နေသေးတာပါ၊ ရွှေတိဂုံပေါ်မှာတွေ့တုန်းက ကိုမင်းထင်ကျော်အကူအညီပေးခဲ့တာကို အခုထိ ကျေးဇူးတင်နေပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်လေသည်။

"ဒါထက် စပ်စုတယ်လို့တော့ မထင်ပါနဲ့၊ ဒီကိုပြောင်းရွှေ့ပြီးနေကြတော့ ဒီအိမ်မှာ ဘယ်သူတွေနေကြသလဲ"

ဒေါက်တာမင်းထင်ကျော်က ရည်ရွယ်ချက်တစ်မျိုးဖြင့်မေးသော်လည်း နန်းမြဝတီက တစ်မျိုးအဓိပ္ပါယ်ပေါက်သွားဟန်ရှိလေသည်။

"မမ မရှိတော့ ကျွန်မတို့မှာ မိသားစုသုံးယောက်ပဲ ရှိပါတယ်၊ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်မရယ်ပေါ့၊ ဒီကိုပြောင်းလာတော့ ကျွန်မတို့နဲ့ဦးကြီးတော်တဲ့ ဦးစိုင်းဒီပလည်း ပါလာတယ်၊ သူက ပန်းပုထုတာတော်တယ်၊ ဒီအိမ်မှာရှိတဲ့ ပန်းပုရုပ်တွေက သူထုထားတဲ့ ပန်းပုရုပ်တွေပါပဲ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

ပြီးမှ စားပွဲပေါ်မှာချထားသော ကော်ဖီပန်းကန်ကို ပြန်ယူပြီး မော့သောက်လိုက်သည်။

"နန်းမြဝတီက ကျွန်တော်နဲ့တွေ့ချင်တယ်ဆိုတာ အမှန်



www.burmeseclassic.com

www.burmeseclassic.com

ပဲလား"

သူမက ခေါင်းညိတ်ပြသည်။

"ဘယ်လို အကူအညီမျိုး လိုချင်ပါသလဲ"

"ကျွန်မ မပြောခင် မေးစရာရှိတာမေးပါရစေ"

"မေးပါ"

"ဆရာက စုံထောက်တစ်ယောက်လား၊ ဒါမှမဟုတ် ပုလိပ်ဌာနမှာ အလုပ်လုပ်နေတဲ့သူလား"

ခေါင်းခါပြလိုက်သည်။

"ကျွန်တော်က ပုလိပ်လည်းမဟုတ်၊ စုံထောက်လည်း မဟုတ်ပါဘူး၊ အပြင်လူတစ်ယောက်ပါ။ ဒါပေမယ့် အမှုအခင်း တွေကို စိတ်ဝင်စားလို့ တစ်ခါတလေ ဝင်ပြီးအကူအညီပေးတာ မျိုးတော့ ရှိပါတယ်"

"ဒီလိုဆိုရင်တော့ ကျွန်မအကူအညီတောင်းချင်တာ ပါတယ်၊ ကျွန်မ မမရဲ့ကိစ္စကို အကူအညီပေးစေချင်ပါတယ်"

"ဘယ်လိုအကူအညီမျိုးလဲ"

"မမဖြစ်ခဲ့တာ မသမာတဲ့လူလိမ်တွေရဲ့ လက်ချက်ခံ တာ ကျွန်မရိပ်မိပါတယ်"

"ယေဘူယျဆိုရင်တော့ ဒီလိုပဲပြောရမှာပါပဲ၊ ဒါပေမဲ့ ဥပဒေကြောင်းအရ စုံစမ်းမယ်ဆိုရင်တော့ ခိုင်လုံတဲ့အချက်အ လက်တွေ လိုပါတယ်"

ဒေါက်တာမင်းထင်ကျော်စကား ကြားသောအခါ နန်း မြဝတီက မသိမသာ သက်ပြင်းတစ်ချက် ချလိုက်သည်။





"ကျွန်မ အဲဒီလူလိမ်တွေအကြောင်းကို သိချင်လို့ ကိုယ့် ဘာသာကိုယ့်ဟန်နဲ့ သွားပြီးစုံစမ်းခဲ့ပြီးပါပြီ"

"ဟင်. . ဘယ်လိုစုံစမ်းတာလဲ"

ထိုအခါ နန်းမြဝတီက ဦးစိုင်းဒီပနှင့်အတူ အကြားအမြင်ဆရာနေသာရဆီသို့ သွားရောက်ကာ စုံစမ်းလေ့လာခဲ့ပုံ များကို ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်က စူးစိုက်ပြီးနားထောင်နေ သည်။

"နေ့ခင်းဘက်သွားမေးကတည်းက သူလိမ်နေတာတွေ ကျွန်မရိပ်မိခဲ့တယ်၊ သူက ညဘက်တစ်ခေါက်လာဖို့ ခေါ်ပြန် တယ်၊ သူဘယ်လိုအကြံနဲ့ခေါ်တယ်ဆိုတာ ရိပ်မိလို့ဦးကြီးကို အဖော်ခေါ်သွားခဲ့တယ်"

"စိတ်ဝင်စားစရာပဲ"

ထို့နောက် နန်းမြဝတီက နေသာရအိမ်၌ ညအချိန် ကြုံ တွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်ပြောပြလေသည်။

"အံ့သြစရာပဲ၊ သူကယုတ်မာတဲ့အကြံအစည်နဲ့ မင်းတို့ ကို မေ့ဆေးခပ်ခဲ့တယ်၊ အဲဒီလိုဆေးခပ်တာကိုတောင် ခံနိုင်ရည် ရှိတယ်ဆိုတော့ ဘယ်လိုအကာအကွယ်တွေ ကြိုတင်လုပ်သွား ခဲ့တာလဲ"

"ဦးကြီးက ဆေးပညာလည်းတတ်ပါတယ်၊ ဒါကြောင့် ကာဆေးတွေ ကြိုသောက်ထားလို့ နှစ်ယောက်စလုံး ဘာမှမဖြစ် တာ၊ နေသာရရဲ့တပည့်တွေ မေ့လဲကုန်တာကတော့ ဦးကြီးအ



www.burmeseclassic.com

ကြီးစတွေ www.burmeseclassic.com

ပဲ အစီအရင်တစ်ခုခုနဲ့ လုပ်ခဲ့လို့ မေ့လဲကုန်ကြတာပါ"

"မင်းရဲ့ဦးကြီးက ဒီပညာတွေ တတ်တယ်ဆိုတော့ နု ရုပ်တွေအသက်ဝင်အောင် လုပ်ထားခဲ့တာလည်း သူ့ပညာပဲ ဟုတ်လား"

"ကိုမင်းထင်ကျော်ကိုတော့ ပွင့်ပွင့်လင်းလင်းပဲပြော ပါမယ်၊ ဟုတ်ပါတယ်. . ဦးကြီးက ရှမ်းဆရာကြီးတစ်ယောက် အသက်မရှိတဲ့အရုပ်တွေကို အသက်ဝင်လာအောင်လုပ်ပြီး နိုင် ချင်ရာခိုင်းလို့ရတဲ့ ပညာမျိုးတွေ တတ်ပါတယ်"

မအံ့သြတော့ပေ။

ထိုပညာမျိုးကို ဦးဗန်ကောင်းလည်း တတ်သဖြင့် မကြ သေးခင်ကမှ တွေ့ခဲ့ရပြီဖြစ်ပေသည်။

"ကိုမင်းထင်ကျော် အံ့သြသွားသလား"

ခေါင်းခါပြလိုက်သည်။

"ဘာကြောင့်လဲဟင်"

"အစကတည်းက သိတန်သလောက် သိထားပြီးသာ ပါ"

"ဘယ်လိုအချက်တွေကြောင့်လဲ"

"နန်းမြဝတီနဲ့ ဘုရားပေါ်မှာတွေ့ခဲ့တာ သာမန်တို ဆိုင်မှုမဟုတ်ဘူးဆိုတာ ရိပ်မိပါတယ်၊ နောက်ကလိုက်ပြီး နှော ယှက်တဲ့လူသုံးယောက်ကလည်း တခြားကမဟုတ်ဘဲ နန်းမြဝ ခေါ်လာတဲ့ လူတွေဖြစ်မှန်း အဲဒီကတည်းက သိပါတယ်"

"ဘယ်လိုသိခဲ့တာလဲ"





"သူတို့ကြည့်တာနဲ့ ရှမ်းသွေးပါတဲ့လူတွေဆိုတာ သိ တယ်၊ ကျွန်တော့်ကို တိုက်ခိုက်တော့လည်း ဟန်ဆောင်ပြီး တိုက် နမှန်းသိပါတယ်၊ ကျွန်တော်နဲ့အဆက်အသွယ်ရဖို့ ဘယ်သူ ာ လမ်းညွှန်ပေးလိုက်တာလဲ"

"ကိုမင်းထင်ကျော်က ကျွန်မထင်တာထက် အများကြီး တော်ပေတာပဲ၊ တခြားသူမဟုတ်ပါဘူး၊ ဗေဒင်ဆရာကြီး ဦး ာရာကပါပဲ"

"သူနဲ့ဘယ်လိုသိတာလဲ"

"ဗေဒင်မေးရင်းနဲ့ ခင်သွားတာပါ၊ သူကတကယ်ကို ဗေ ဒ်ပညာတော်တဲ့ လူတစ်ယောက်ပါပဲ၊ မမအကြောင်း၊ ကျွန်မ မိသားစုအကြောင်းတွေ ဟောပြောတာ တစ်ခုမှမလွဲဘူး၊ ဒါ ကြောင့် သူ့ကိုအကူအညီတောင်းကြည့်တော့ ကိုမင်းထင်ကျော် အကြောင်းကို ပြောပြပါတယ်၊ ဒါနဲ့ပဲ သိကျွမ်းခွင့်ရအောင် ဖန် တီးခဲ့ရတာ၊ ကျွန်မအပေါ် နားလည် ခွင့်လွှတ်ပေးပါ"

"ကျွန်တော်နားလည်ပါတယ်၊ နန်းမြဝတီတို့နဲ့ ပတ်သက် တွေ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

သူခြံထဲဝင်လာစဉ်က နောက်ဘက်သို့ ခတ်သုတ်သုတ် သွားသောလူရွယ်မှာ ဘုရားကုန်းတော်ပေါ်၌ တိုက်ခိုက်ခဲ့ သူများထဲမှ တစ်ယောက်ဖြစ်သည်ကိုတော့ ဒေါက်တာမင်းထင် ကျော်က မပြောတော့ပေ။

"ဒီစကားကြားရတာ ကျွန်မဖြင့် သိပ်ဝမ်းသာမိပါတယ်"

"နန်းမြဝတီတို့လည်း စုံစမ်းသင့်သလောက် စုံစမ်းထား


www.burmeseclassic.com

www.burmeseclassic.com



ပြီးသားဆိုတော့ သိထားပြီးသားအချက်တွေကိုယူပြီး ဆက်လု ရင်တော့ လူတွေကိုကောက်ကျစ်ယုတ်မာပြီး နည်းအမျိုးမျိုး ဒုက္ခပေးနေတဲ့ လူယုတ်မာတွေကို မကြာခင် သုတ်သင်ပစ်နို မယ် ထင်ပါတယ်"

"ဒီလိုဆိုရင်တော့ ကိုမင်းထင်ကျော်နဲ့ ကျွန်မဦးကြီး တွေ့ပေးပါ့မယ်"

"သူနဲ့တွေ့ရင်တော့ ကျွန်တော်နဲ့တွဲလုပ်နေတဲ့ နှ ယောက်ပါခေါ် ရင် ပိုပြီးကောင်းမယ်၊ ရာဇဝတ်မှုနဲ့ သက်ဆိုင်တ တွေကို စုံထောက်ကျော်စွာက တာဝန်ယူပြီး ဂမ္ဘီရအစီအ တွေကိုတော့ ဆရာကြီးဦးဇန်ကောင်းက တာဝန်ယူလိုက် ပေးနိ ပါတယ်"

"ကိုမင်းထင်ကျော်သဘောကျသလို စီစဉ်ပေးပါ"

ဟု ခွင့်ပြုလေသည်။

ဒေါက်တာမင်းထင်ကျော်က သူမငှဲ့ပေးသော လက်ဖ ရည်ပန်းကန်ကို ယူသောက်ရင်း နန်းမြဝတီမျက်နှာကို စေ့စေ ကြည့်လိုက်သည်။

သူမကလည်း ကြည့်နေသဖြင့် အကြည့်ချင်းဆုံသွ ကြလေသည်။

ထိုအခိုက်အတန့်လေးမှာပင် တစ်ယောက်ရင်ထဲမှ သောစကားလုံးများကို တစ်ယောက်က သိလိုက်သကဲ့သို့ ရှိ သည်။ အတန်ကြာမှ ဒေါက်တာမင်းထင်ကျော်က ပြောသ

"မငဲမျှော်လင့်ဘဲ နန်းမြဝတီတို့နဲ့ အခုလိုသိကျွမ်းခွ





တာ ကိုတော့ ဝမ်းသာရမှာပါပဲ"

တကယ်တော့ သူပြောလိုက်သည့်စကားမှာ သူပြောလို သောစကားမျိုးတော့ မဟုတ်သေးပေ၊

"ကျ. . ကျွန်မကလည်း ကိုမင်းထင်ကျော်နဲ့ ခင်မင်သိ ကျွမ်းရတာ ဝမ်းသာပါတယ်"

ဟု နန်းမြဝတီကလည်း ပြန်ပြောလေသည်။

သူမအနေဖြင့်လည်း တကယ်ကြားလိုသော စကားများ မဟုတ်သည်ကိုတော့ ကာယကံရှင်မှသာ သိပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း [ ၁၄ ]

# ဦးစိုင်းဒီပနှင့် နာနာရုပ်ဆေးပေါ်

နန်းမြဝတီတို့အိမ်၏ အပေါ်ထပ်တွင် ကျယ်ဝန်းသော အခန်းကျယ်တစ်ခုရှိသည်။ ထိုအခန်းမှာ ဦးစိုင်းဒီပနေသော အခန်းပင်ဖြစ်သည်။ ထိုအခန်းထဲတွင် ထုလုပ်ပြီးသော ရုပ်တုမျိုးစုံတို့အပြင် ပြုလုပ်လက်စအရုပ်များလည်းရှိသည်။

ရုပ်တုနှင့်အရုပ်များမှာ သစ်သားဖြင့် ထုလုပ်၍သော်လည်းကောင်း အခြားပစ္စည်းများဖြင့်သော်လည်းကောင်း ပြုလုပ်



www.burmeseclassic.com

 www.burmeseclassic.com

ထားခြင်းဖြစ်သည်။

ထို့ပြင် သဘာဝအတိုင်းဖြစ်နေသော ထူးဆန်းသည့် သစ်သားအချို့ကို တွေ့ကြရသည်။ ဘီလူးမျက်နှာပေါ်နေသည့် သစ်တုံး၊ ဂဠုန်ရုပ်၊ နဂါးရုပ်၊ မြွေရုပ်သဏ္ဍာန်ဖြစ်နေသည့် သစ်ပင်၊ သစ်ကိုင်းများ၊ နွယ်ရှင်၊ နွယ်ဝင်၊ သစ်တံခါး စသည်တို့ကို ပုံစံမပျက်ပင် ဖြတ်တောက်ပြီးယူထားဟန် ရှိလေသည်။

ထိုအခန်းထဲမှာတော့ ဒေါက်တာမင်းထက်ကျော်၊ ဦးဇန် ကောင်း၊ စုံထောက်ကျော်စွာတို့အပြင် ဦးစိုင်းဒီပပါ ရှိနေလေ သည်။

သူတို့သုံးယောက်က ဦးစိုင်းဒီပနှင့်တွေ့ရန် ထိုအခန်း ထဲသို့ ရောက်နေကြခြင်းဖြစ်ပေသည်။ ဦးဇန်ကောင်းကတော့ ထူးဆန်းသော ပစ္စည်းများတွေ့လျှင် စိတ်ဝင်စားတတ်သူ ဖြစ် သောကြောင့် ထိုအခန်းထဲမှ ဆန်းဆန်းပြားပြားနှင့် သဘာဝအ တိုင်းဖြစ်နေသော ပစ္စည်းကို တွေ့ရသောအခါ များစွာစိတ်ဝင် စားနေဟန်ရှိလေသည်။

ဦးစိုင်းဒီပကတော့ လက်ဖက်ရည်ကြမ်း၊ ကွမ်းဆေး လက်ဖက်တို့ဖြင့် ဧည့်ခံကာ ဧည့်ခန်းတစ်နေရာတွင်နေရာပေး လေသည်။

ဦးစိုင်းဒီပမှာ အသက်(၅၀)ကျော် (၆၀)နီးပါးအရွယ်ရှိပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ဖြင့် ရင့်ကျက်သောသွင်ပြင်လက္ခ ဏာ ရှိလေသည်။

မျက်နှာချင်းဆိုင်ထိုင်မိကြတော့ ဒေါက်တာမင်းထင်





ကျော်ကပင် သူနှင့်ပါလာသောနှစ်ယောက်တို့နှင့် မိတ်ဆက်ပေး လိုက်လေသည်။

ဦးဇန်ကောင်းက သူကြိုက်နှစ်သက်လှသော ကွမ်းတစ် ယာကို ပါးစပ်ထဲထည့်ပြီးမှ သိလိုသမျှတို့ကို မေးလေသည်။

“ဒီထူးဆန်းတဲ့ပစ္စည်းတွေက သစ်ပင်တွေကနေ သဘာ ဝအတိုင်း ဖြစ်နေတဲ့ပစ္စည်းတွေ မဟုတ်လား”

“ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့နေခဲ့တဲ့ ရှမ်းပြည်နယ်ကဆို တာ တောတောင်ထူထပ်တဲ့နေရာတွေ အများဆုံးရှိတဲ့နေရာဆို တော့ သစ်တောကြီးတွေထဲမှာ လိုက်လံရှာဖွေရင် ဒီလိုထူးဆန်း တဲ့ပစ္စည်းတွေက ရတတ်ပါတယ်”

“ဘယ်လိုသစ်အမျိုးအစားတွေဆိုတာ တဆိတ်လောက် ပြောပြပါဦး”

“သစ်ပင်တွေမှာ လူတွေအတွက် အကျိုးရှိတဲ့သစ်ပင်မျိုး တွေရှိသလို အကျိုးမရှိတဲ့ သစ်ဆိုးတွေလည်း ရှိကြတယ်ဗျ. . ”

အသုံးဝင်သော သစ်များမှာ. .

သစ်ပုတီး၊ သစ်တောင်ဝှေး၊ သစ်မီးကွင်း၊ သစ်နဂါး သစ်ဂဠုန် စသည့်တို့ဖြစ်ကြသည်။

သစ်ပုတီးဆိုသည်က နွယ်ပင်တစ်မျိုးမှ ပုတီးကုံးကဲ့သို့ ဖြစ်နေပြီး သစ်တောင်ဝှေးကတော့ သူတော်စင်တို့ကိုင်သော တောင်ဝှေးနှင့်တူလေသည်။

သစ်မီးကွင်းက မီးမလောင်သောသစ်ဖြစ်ပြီး ဆောင် ထားပါက မီးကွင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးရုပ်ဖြစ်နေသောသစ်၊ သစ်တုံးတွင် နဂါးရုပ်ပေါ်နေသော သစ်မျိုးကို အိမ်၌ထားပါက မကောင်းဆိုးဝါး နာနာဘာဝတို့ မကပ်ရောက်နိုင်ကြပေ။

ဂဠုန်သဏ္ဍာန် ဖြစ်နေသောသစ်၊ သစ်တုံးကိုဖြတ်သောအခါ ဂဠုန်ရုပ်ပေါ်နေသောသစ် မျိုးကိုအိမ်၌ဆောင်ထားပါက မြွေဆိုးမှန်သမျှ အနားသို့ပင် မလာဝံ့ကြပေ။

အချို့သစ်တုံးများကို ဖြတ်သောအခါ စေတီတော်ပုံ ဗုဒ္ဓရုပ်ပွားတော်ပုံ ပေါ်နေသည်မျိုးလည်း တွေ့ရတတ်သည်။

လူကိုဒုက္ခပေးသော သစ်ဆိုးများမှာတော့. . .

သစ်တံခါး၊ သစ်ညီနောင်၊ ကြိုးဆွဲချသစ်၊ လုံ့ထိုးသစ်၊ သစ်ဘီလူး၊ သစ်စုန်း. . . .

စသည့်တို့ ဖြစ်ကြသည်။

သစ်တံခါးမှာ အောက်ခြေကတစ်ပင်တည်းဖြစ်ပြီး အပေါ်ရောက်မှ သစ်နှစ်ပင်ယှဉ်တက်သွားသော သစ်မျိုးဖြစ်ပြီး အပေါ်ရောက်တော့မှ တစ်ပင်တည်းပြန်ဖြစ်ကာ အလယ်ခေါင်မှာ တံခါးပေါက်ကဲ့သို့ ဟောင်းလောင်းပေါက်ဖြစ်နေသောသစ်မျိုးဖြစ်သည်။ သုံးစွဲမိပါက အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ စီးပွားဥစ္စာများ ပျက်စီးတတ်ပေသည်။

သစ်ညီနောင်ကတော့ အောက်ခြေက တစ်ပင်တည်းဖြစ်ပြီး အပေါ်ရောက်မှ နှစ်ပင်ယှဉ်တက်သွားခြင်းမျိုးဖြစ်သည်။

ထိုသစ်ပင်နှစ်ပင်မှာ လေတိုက်သောအခါ တစ်ပင်နှင့်တစ်ပင်ပွတ်တိုက်၍သော်လည်းကောင်း၊ ရိုက်ခတ်နေလျက်





သော်လည်းကောင်း ရှိကြသည်။ ထိုသစ်မျိုးသုံးမိပါက မကြာခဏ ခိုက်ရန်ဖြစ်ပွားမှု ဖြစ်တတ်လေ၏။

ကြိုးဆွဲချသစ်ဆိုသည်ကတော့ သစ်ပင်လှဲချသောအခါ တစ်ပင်နှင့်တစ်ပင် ပွတ်တိုက်၍သော်လည်းကောင်း၊ တင်နေပြီး တွဲလောင်းကြီးဖြစ်နေသော သစ်မျိုးဖြစ်သည်။ ထိုသစ်မျိုးကို အသုံးပြုမိပါက လူအသေအပျောက်များသည်။

လုံ့ထိုးသစ်ဆိုသည်ကတော့ သစ်လှဲချသောအခါ. . အောက်ခြေခေါင်းတုံးပြတ်ပြီး သစ်လှဲသူကို ထိုးသတ်သောသစ်မျိုးဖြစ်သည်။ ထိုသစ်မျိုးကို အသုံးပြုမိပါက လူအသေအပျောက်များသည်။

သစ်ဘီလူးဆိုသည်မှာ သစ်တုံးဖြတ်ကတည်းက ဘီလူးရုပ်ပေါ်နေသောသစ်မျိုးဖြစ်သည်။ အိမ်ဆောက်သော သစ်များထဲတွင် ထိုသစ်မျိုးပါပါက တစ်အိမ်လုံး ကုန်အောင်စားလေ့ရှိသည်။

သစ်စုန်းကတော့ အသက်ဝင်ပြီး လူနှင့်တိရစ္ဆာန်များအား လိုက်လံသတ်ဖြတ်လေ့ရှိသည်။ ထိုသစ်ပင်မျိုး လှဲဖြတ်အသုံးပြုမိပါက ဖုတ်ဝင်သကဲ့သို့ အိမ်၌ရှိသမျှလူတို့ကို သတ်ဖြတ်စားသောက်တတ်လေသည်။

"ဒီလောက်ကြောက်စရာကောင်းတဲ့ သစ်သားတွေကို ဘာကြောင့် စုဆောင်းထားတာလဲအဘ"

စုံထောက်ကျော်စွာက မေးလိုက်သည်။

"ဒါတွေက မကောင်းတဲ့ဘက်မှာ သုံးတော့လည်း မ



www.burmeseclassic.com

www.burmeseclassic.com


ကောင်းတာဖြစ်တာပေါ့၊ ကောင်းတဲ့ဘက်မှာ သုံးတတ်ရင်တော့လည်း ကောင်းတာဖြစ်ပါတယ်"

ဟု ပြောပြလေသည်။

"ဒီရုပ်တုတွေကို အသက်ဝင်လာအောင် လုပ်လို့ရပါသလား"

"ရပါတယ်၊ ဒီပညာမျိုးက မခဲယဉ်းပါဘူး၊ ဘူတာဝါဟန လို့ခေါ်တဲ့ ဖုတ်သွင်းတဲ့ပညာမျိုးပါပဲ ဆရာကြီးလည်းတတ်တယ်ထင်ပါရဲ့"

ဦးစိုင်းဒီပက ဦးဖန်ကောင်းအား အကဲခတ်ကြည့်ရင်း မေးလိုက်လေသည်။

"သင့်သလောက်တော့ တတ်ပါတယ်၊ ဘယ်လိုများသိနေတာပါလိမ့်"

"အသက်မဲ့နေတဲ့ အရိုးစုတွေကို သူနေရာ ပြန်ရောက်အောင်ပို့ပေးနိုင်မှတော့ ဒီပညာတတ်လို့သာဖြစ်မှာပေါ့၊ ကျုပ်မှာလည်း သိနိုင်တဲ့နည်းရှိပါတယ်"

"ကျွန်တော် တစ်ခုတော့မေးပါရစေ"

"မေးပါဗျာ၊ ခင်ဗျားတို့တော့ ပြောပြရမှာပေါ့"

"ဟာမစ်တစ်လမ်းကအိမ်ကြီးနဲ့ ဘယ်လိုပတ်သက်မှု ရှိနေတယ်ဆိုတာ ပြောပြပါ"

ထိုသို့မေးသောအခါ ဦးစိုင်းဒီပက အမှန်အတိုင်းပင် ပြောပြလေသည်။

"ပတ်သတ်မှုရှိဆို အဲဒီအိမ်ကြီးက ကျုပ်တို့ဝယ်ထားပြီး သားပါ"

ထိုစကားကြောင့် သုံးယောက်စလုံး အံ့ဩသွားကြလေသည်။

"ကုလားသူဌေးပိုင်တဲ့ အိမ်မဟုတ်လား"

"အရင်ကတော့ ဟုတ်ပါတယ်၊ နန်းမြကြည်ကိစ္စဖြစ်ပြီးမှ ကျုပ်တို့ဝယ်ခဲ့တာပါပဲ၊ နန်းမြကြည်ကို သူတို့ဝိုင်းလိမ်ပြီး. . ကျောက်မျက်ရတနာတွေကို ယူသွားပြီးရောင်းတော့ ကျုပ်တို့ပဲ ဈေးဖြတ်ပြီး ပြန်ဝယ်ခဲ့ပါတယ်၊ နောက်တော့ ဘရွှေတို့အိမ်ငှားတော့ ကိုယ်စားလှယ်ကုလားကို တစ်ဖက်လှည့်နဲ့ ငှားခိုင်းခဲ့တာပါ"

"ဆက်ပြောပါဦး"

"အိမ်ကြီးမြေအောက်ခန်းမှာ ကုလားသချိုင်းရှိတာ သိပါတယ်၊ သူတို့ပြောင်းလာပြီး အရုပ်လာရောင်းသွားတာလဲ ကျုပ်ကိုယ်တိုင်ပါပဲ၊ မာလာဆိုတဲ့ကောင်မလေးကို လွှတ်တာလည်း ကျုပ်တို့ပါပဲ၊ အဲဒီမှာ ကျုပ်တို့အလုပ်တွေကို ကူညီပေးတာကတော့ ခြံစောင့်အဘိုးကြီး ချန္ဒရာပါပဲ. ."

ထိုသို့ပြောပြတော့မှ ဇာတ်ရည်လည်လာပြီး သဘောပေါက်လာကြသည်။

"ကျုပ်တူမလေးကို ဝိညာဉ်အတုတွေနဲ့ လိမ်ခဲ့တဲ့လူသတ်မာတွေကို ဝိညာဉ်အစစ်တွေနဲ့ တွေ့ပေးခဲ့တာပါ၊ ကြောက်လန့်ပြီး သေတာကတော့ သူတို့ကံပေါ့၊ ကျုပ်တို့ကတော့ လက်နားနဲ့တောင် မထိလိုက်ရပါဘူး၊ ဒါပေမယ့် လူကြီးတွေကို ကလဲ့



www.burmeseclassic.com

www.burmeseclassic.com

စားချေရင်းကနေ ကလေးနှစ်ယောက်ပါ ပါသွားတာတော့ စိတ်မကောင်းပါဘူး"

ဒေါက်တာမင်းထင်ကျော်က ဟာမစ်တစ်မှ သရဲကြမ်းသောအိမ်ကြီးအကြောင်းကို သိရပြီဖြစ်သောကြောင့် ကျေနပ်သွားလေသည်။

"ဒါဖြင့် နန်းမြကြည်လည်း ရှိနေသေးတယ်မဟုတ်လား"

"ဟင်. . မောင်က ဘယ်လိုများသိနေတာပါလိမ့်။"

"နန်းမြဝတီ နေသာရအခန်းကို သွားတုန်းက တစ်ခါပါသွားတယ်၊ ဟာမစ်တစ်အိမ်ကြီးမှာ တစ်ခါတွေ့ရကတည်းက နန်းမြကြည် အသက်မသေသေးမှန်း ရိပ်မိပါတယ်"

"တယ်လည်းဉာဏ်သွားတဲ့ လူတွေပဲကိုး၊ ဒီလောက်သိနေမှတော့ အမှန်ပဲပြောပြပါ့မယ်၊ နန်းမြကြည်က မသေပါဘူး ကြိုးဆွဲချသေတယ်လို့ သတင်းလွှင့်ထားခဲ့တာပါ။ ရဲလာစစ်တော့ ဖုံးဖိပြီး ပြောလွှတ်လိုက်တာပါပဲ"

"ဒါဖြင့် သူကဘယ်မှာလဲ"

"ရှမ်းပြည်မှာ သွားနေတဲ့အခါ နေတယ်၊ ဒီပြန်လာပြီးနေတဲ့အခါ နေပါတယ်၊ နောက်တော့ တွေ့ပေးပါ့မယ်၊ ဒီလိုလုပ်လို့ ကျုပ်တို့မှာအပြစ်ရှိတယ်ဆိုရင်လည်း ခံပါ့မယ်. . "

ထိုအခါ စုံထောက်ကျော်စွာက ဝင်ပြောလိုက်သည်။

"သရဲခြောက်တာကို အကြောင်းလွန်ပြီး သေတာကိုတော့ ဘယ်လိုမှအရေးယူလို့မရပါဘူး၊ ကျွန်တော်အဆင်ပြေသလို ကြည့်စီစဉ်ပေးပါ့မယ်"





"ကျေးဇူးကြီးလှပါတယ်မောင်ရယ်၊ ဒီကျေးဇူးကိုလည်း ဆပ်ပါ့မယ်. . "

"ဆပ်စရာမလိုပါဘူး ဦးရယ်၊ ကျွန်တော့်အနေကတော့ မှန်တဲ့ဘက်ကပဲ ကူညီပေးမှာပါပဲ၊ နန်းမြကြည်သတင်းကို အခုလိုကြားရတာပဲ အတော်ကလေး စိတ်သက်သာရသွားပါပြီ"

ဟု ပြန်ပြောလေသည်။

"အခု ကျွန်တော်တို့ကိုခေါ်ပြီး အကူအညီတောင်းတာ ဘယ်လိုကိစ္စမျိုးရှိလို့ပါပဲ"

"ကုက္ကိုင်းလမ်းက လူလိမ်တွေကို ရှင်းဖို့ပါပဲ၊ ဒီလူယုတ်မာတွေရှိနေသရွေ့ ပညာစစ်ပညာမှန်နဲ့ ဟောပြောနေသူတွေသည်း နာမည်ပျက်တယ်၊ ရိုးသားတဲ့လူတွေလည်း အထိနာနေကြတယ်၊ ဒီတော့ ရှင်းပစ်မှသင့်မယ်ထင်တယ်"

"ရှင်းတာကတော့ ဟုတ်ပါပြီ၊ ဥပဒေနဲ့မကင်းရင်တော့ အပြစ်ရှိလာလိမ့်မယ်"

"စိတ်ချပါမောင်ရယ်၊ မျောက်မြီးနဲ့မျောက်ချည်သလို သူ့အစီအရင်တွေနဲ့ပဲ သူတို့ကိုပြန်ပြီး ဒုက္ခပေးမှာပါ၊ ဆရာကြီးကပါ အကူအညီပေးစေချင်ပါတယ်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြလိုက်တော့သည်။

"ကူညီပေးပါ့မယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာသာ ပြောပြပေးပါ"

ထိုအခါ ဦးစိုင်းဒီပက ပြုလုပ်ရမည့်အစီအရင်များကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ ကပါ အနားမှ စိတ်ဝင်စားစွာဖြင့် နားထောင်ကြလေသည်။

အားလုံးတိုင်ပင်ပြီးသောအခါ ဦးဗန်ကောင်းကပြော လိုက်သည်။

"အခန့်သင့်တုန်း ခင်ဗျားရဲ့ ဘူတာဝါဟနပညာကို ကြည့် ပါရစေ. ."

"ညအချိန်ထိ နေပေးမယ်ဆိုရင်တော့ ပြပေးပါ့မယ်"

"နေဆိုရင် နေပေးပါ့မယ်၊ ဒီပညာမျိုးက တွေ့ရခဲမြင်ရခဲ လို့ ကြည့်စမ်းပါရစေ. ."

ဟု ပြောလိုက်သည်။ ညနေပိုင်းရောက်တော့ နန်းမြဝတီ ကိုယ်တိုင် စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးလေသည်။

ထိုသို့ပြင်ဆင်ပေးရင်း ချောမောလှပသည့် မိန်းကလေး တစ်ယောက်ကို ခေါ်ပြသည်။

"သူက မာလာဆိုတဲ့ မိန်းကလေးပါ"

"ရုပ်ချောသလောက် အတော်သတ္တိကောင်းတာပဲ"

ဟု ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလိုက်လေ သည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ နန်းမြဝတီ ပြင်ဆင်ပေးသော အစားအသောက်ကောင်းများကို ခေါင်းမဖော် တမ်း စားသောက်ကြလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ အပေါ်ထပ်အခန်း သို့ ပြန်တက်သွားကြလေသည်။



ထိုအချိန်က အင်းလျားလမ်းတစ်လျှောက်မှာ ညအချိန် ရောက်လာပါက လူသွားလူလာမရှိတော့ပဲ တိတ်ဆိတ်ငြိမ်သက် လျက်ရှိနေတော့သည်။

ဦးစိုင်းဒီပကတော့ အပေါ်ထပ်အခန်းထဲတွင် ဖယောင်း တိုင်၊ အမွှေးတိုင်များ ထွန်းလေသည်။

"ဒါထက်မေးပါရစေဦး၊ ခင်ဗျားကရော ဘယ်လိုပညာ မျိုးသုံးပြီး အသက်သွင်းတာလဲ"

ဦးစိုင်းဒီပက မေးလိုက်သည်။

"ဂါထာမန္တာန်ကို အသုံးပြုတာပါ"

"ဝိဇ္ဇာလောကမှာ မန္တာန်ဝိဇ္ဇာဆိုတာ အတော်ကလေး တန်ခိုးကြီးပေတာပဲ၊ မန္တာန်ရွတ်ပြီးအသက်သွင်းနိုင်တဲ့ ပညာက မနည်းလှပေဘူး"

"ဒါပေမယ့် ပတ်ဝန်းကျင်မှာရှိနေတဲ့ ဝိညာဉ်တွေရဲ့ အ ကူအညီကိုလည်း ယူရတာမျိုးတွေရှိပါတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ဆရာကြီးရဲ့ပညာကိုလည်း လေး စားရမှာပါပဲ၊ ကျုပ်အသုံးပြုတာက နာနာရုပ်ဆေးကို အသုံးပြု တာပါ၊ လူသေကိုပဲဖြစ်ဖြစ် အသက်မရှိတဲ့ အရုပ်တစ်ရုပ်ကိုပဲ ဖြစ်ဖြစ်၊ နာနာရုပ်ဆေးသုတ်ပြီး စေခိုင်းရင်ရပါတယ်၊ ဒါပေမယ့် ဂါထာမန္တာန်တွေကိုတော့ အသုံးပြုရတာပါပဲ၊ လက်တွေ့ပြပေး ပါ့မယ်"

ဟု ပြောဆိုကာ သိမ်းဆည်းထားသော ဆေးပုလင်းကို ဆုတ်ယူလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးပုလင်းအရွယ်အစားမှာ အတန်အသင့်ကြီးလေသည်။

ထို့နောက် အခန်းထောင့်တစ်နေရာ၌ ချထားသော ဘီလူးရုပ်ကို ဆေးရေအနည်းငယ်တို့ပြီး အနား၌ပင်ရပ်ကာ ဂါထာမန္တာန်များ ရွတ်နေလေသည်။

အတန်ကြာသောအခါ ငြိမ်သက်နေသော ဘီလူးရုပ်က အသက်ဝင်လာသကဲ့သို့ဖြစ်ကာ လှုပ်ရှားလာလေသည်။ မျက်လုံးဖွင့်ကြည့်ခြင်း၊ ပါးစပ်ဖြဲပြခြင်း၊ ခြေလက်အင်္ဂါများ လှုပ်ရှားလာခြင်းများဖြစ်လာသည်။

ထိုသို့အသက်ဝင်လာသောအခါ ဦးစိုင်းဒီပက အခန်းထောင့်တစ်နေရာရှိ ပုံးတစ်ပုံးထဲမှာထည့်ထားသော အသားခြောက်အချို့ကိုယူလာပြီး ဘီလူးရုပ်ကို ပေးလိုက်သောအခါ လှမ်းယူပြီး စားသောက်နေလေသည်။ ထိုကဲ့သို့စားသောက်နေပုံမှာ အသက်ရှိနေသော ဘီလူးတစ်ကောင်နှင့် များစွာတူလှပေသည်။

အမဲခြောက်များကို ဝါးနေရင်းမှ နီရဲနေသည့်မျက်လုံးအစုံဖြင့် အခန်းထဲရောက်နေသော ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်ကိုလည်း လှမ်းကြည့်နေသေးသည်။ ထိုအခြေအနေကပင် ကြောက်ရွံ့ဘွယ်ရာကောင်းသော အခြေအနေမျိုးဖြစ်သည်။

စားနေသော အသားခြောက်များ ကုန်သွားလျှင်ပင် သူတို့ဆီရောက်လာတော့မည့် ပုံသဏ္ဍာန်မျိုးဖြစ်သည်။ သို့သော်





လည်း စားစရာများ ကုန်သွားသောအခါမှာတော့ ဘီလူးရုပ်လည်း တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်သက်သွားရာမှ အရုပ်တစ်ရုပ်ကဲ့သို့ ပြန်ဖြစ်သွားလေတော့သည်။

"နဂိုဘဝပြန်ရောက်အောင် ဘယ်လိုများ လုပ်လိုက်တာလဲ"

"အသက်သွင်းကတည်းက သူ့ကိုအချိန်ဘယ်လောက်အထိ အသက်သွင်းမယ်ဆိုတာ ထည့်ပြောရတယ်၊ မိနစ်ပိုင်း၊ နာရီပိုင်း၊ ရက်ပိုင်းပေါ့၊ ဒီလိုမှထည့်မပြောရင် ဒီအတိုင်းပဲ အသက်ဝင်ပြီး သွားလာနေမှာပေါ့"

"ဒါလည်း ဟုတ်ပေတာပဲ၊ ဒါကြောင့် ဟာမစ်တစ်အိမ်ကြီးမှာရှိတဲ့ အရိုးစုကြီးတွေအသက်ဝင်ပြီး သွားလာနေကြပြီးမှ နောက်တစ်နေ့ရောက်တော့ ကြမ်းပြင်ပေါ်မှာ ငြိမ်ကျသွားတာကိုး. ."

ထိုအခါ စုံထောက်ကျော်ကစွာက ဝင်ပြောလေသည်။

"မြေအောက်ခန်းထဲမှာရှိတဲ့ အရိုးစုကြီးတွေ အသက်ဝင်ပြီး ထလာတာမြင်ကတည်းက သတ္တိကောင်းတဲ့သူတောင် နေဝံ့မှာမဟုတ်ဘူး၊ ကြောက်တတ်တဲ့လူဆိုရင်တော့ တစ်ခါတည်းသေမှာပဲ"

"ဒါကြောင့် ဘရွေတို့လင်မယား သေကြတာပေါ့၊ အရိုးစုကြီးတွေ လျှောက်သွားနေတာမြင်ရုံနဲ့တင် ဘာမှမလုပ်ဘဲနဲ့ သေကြတာဖြစ်မယ်"

"သေတော့လည်း အေးတာပေါ့၊ လူယုတ်မာတွေ အ



www.burmeseclassic.com

www.burmeseclassic.com

သက်ရှင်နေသရွေ့ လူကောင်းတွေအတွက် မကောင်းဘူး"

ဟု ပြောဆိုနေကြလေသည်။

ထို့နောက် ဦးဗန်ကောင်းက နာနာရုပ်ဆေးဖော်စပ်နည်းကို မေးမြန်းသဖြင့် ဦးစိုင်းဒီပက သူသိမ်းထားသော စာအုပ်ဟောင်းတစ်အုပ်ကို ယူပြီးပြသဖြင့် လေ့လာကြည့်ရှုခွင့်ရကြလေသည်။

နာနာရုပ်ဆေးဖော်နည်းမှာ အောက်ပါအတိုင်းပင်ဖြစ်ပေ၏။

(စပါးကြီးမြွေအသည်း၊ သည်းခြေ၊ ညှို့ကြိုး၊ ချက်၊ နွားသီးဖျား၊ လျှာဖျား၊ မျက်လုံးနှစ်လုံး၊ ခါးအဆစ်၊ အကြေး၊ အသားလေပွေဝှေ့သဖြင့် ပါလာသော သစ်ရွက်ကို ပါးစပ်ဖြင့်ကိုက်ကာယူလေ. . ၊ စနေမီးသွေး (တမာ၊ ထနောင်း စသည့်စနေနံ သစ်သားမှရသော မီးသွေး)

ထိုဆေးသုံးပါးကို စုပေါင်း၍ ကြိတ်စေရမည်။ ဆေးရသောအခါ သင်္ချိုင်းသို့ယူဆောင်သွားပြီး ဖုတ်သွင်းရသည်။

ရွတ်ဆိုရမည့် မန္တာန်မှာ . . .

(ဥုံမိဿရေ မန္တာဒူရေ၊

ဥုံ စေစုပ္ပတ္တာ သွားဟ၊

ဥုံ ဖုတ်၊ ဆိတ်၊ ပြိတ္တာဝိညာဉ် မှိုင်းဝင်ဆရာဝင်၊ ဥုံ ဖုတ်၊ ဆိတ်၊ ပြိတ္တာဝိညာဉ် ပြေည့်ဝင်ဆရာဝင်)

ထိုမန္တာန်ကိုရွတ်ဆို၍ ဖုတ်သွင်းရသည်။

ဖုတ်သွင်းသောအခါ သင်္ချိုင်းမှာရှိသည့် ရေလုံအိုးကွဲထဲသို့ ဆေးတောင့်ကိုထည့်ကာ တစူးဝါးဖြင့် မွှေပေးရသည်။





အနောက်ဘက်သို့ မျက်နှာမူလျက်၊

"နင်ကို အစာပေးမည်၊ ကျွေးမည်"

ဟု ရွတ်ဆိုရင်း မွှေပေးရသည်။

"သားရေပုတ်ကို ငါကျွေးမည်"

ဟုပြောပြီး ဆန်လှော်ဖြင့် ထည့်ကာမန်းသောအခါ တဖြည်းဖြည်းနှင့် ဆေးတောင့်ပျောက်သွားပေလိမ့်မည်။

"ဥုံ အာကာချုပ်၊ နိဗ္ဗာချုပ်၊ နိမ်တာချုပ်၊ ဒေဝါချုပ်၊ ဟတ္တာချုပ်၊ မိတ္တာချုပ်၊ ချုပ်ဆရာချုပ်" ဖြင့်ချုပ်သောအခါ ဆေးကိုပြန်ရပေလိမ့်မည်။

ရေလယ်မှာရှိသောလှေကို ကမ်းသို့လာစေလိုပါက လှေခတ်တက်ကို တံတွေးနှင့်ဆေးရောသုပ်ပြီး ထိုခတ်လက်ဖြင့် လှေကိုယပ်ခေါ်ပါက လှော်သူမရှိဘဲ သူ့အလိုလို ကမ်းသို့ကပ်လာပေလိမ့်မည်။

ဝါးခြမ်းကို ဆေးသုပ်၍ ကွမ်းအစ်ကိုရိုက်သော် ကွမ်းအစ်အဖုံး၊ အံများ အလိုအလျောက် ပွင့်ကြပေလိမ့်မည်။

ကျွဲခေါင်းပြတ်၊ နွားခေါင်းပြတ်များကို ဆေးဖြင့်တို့ပြီး စေခိုင်းသော် လိုက်၍ဝှေ့၊ ခတ်ကြလေသည်။ ဆန်ဖွတ်ကျည်ပွေ့ကို ဆေးတို့ပြီးထောင်းခိုင်းလျှင် သူ့အလိုအလျောက် ဆန်ထောင်းပေလိမ့်မည်။

နတ်အိုးကို ဆေးသုတ်ပြီး မွှေ့စေဟု စေခိုင်းပါကသူ့အလိုအလျောက် မွှေ့ပေလိမ့်မည်။ မိမိနှုတ်ခမ်းကို ဆေးသုတ်ပြီး


www.burmeseclassic.com

www.burmeseclassic.com

အသက်မရှိသော အရာဝတ္ထုတို့ကို ခိုင်းပါက စေခိုင်းသည့်အ
တိုင်း လုပ်ပြသည်။ အဝတ်ပုဆိုးတို့ ပေါက်စေလိုသော် လက်
ညှိုးတွင် ဆေးတို့ပြီးထိသော် ပေါက်၏။

ငှင်းဆေးနှင့်အတူ ပြောက်ဆိပ်ရွက်ပင်အမြစ်၊ လက်
ထုပ်ကြီးခေါက်၊ မဖောက်ထုံးရေရောပြီး ထမင်းအိုးချက်က အ
လျှင်အမြန်ကျက်သည်။

ထိုထမင်းအိုးကို 'ငါတို့ထမင်းအိုး ငါတို့ဆီလာ' ဟု ဆို
သော် သူအလိုအလျောက် လာပေမည်။

ဖွဲတွင်လူးထားသော ကြက်သေကို ဆေးဖြင့်တို့၍ တွန်
ဆိုပါက ထတွန်ပေလိမ့်မည်။ အသက်မရှိသော ရုပ်တု၊ အရိုး
တို့ကို ဆေးဖြင့်တို့ပြီး စေခိုင်းပါက အလိုရှိသောအချိန်အထိ
အသက်ဝင်လှုပ်ရှားကာ သွားလာနိုင်ကြပေ၏။

ဤကား နာနာရုပ်ဆေးတော်ကြီး စီရင်ပုံနှင့် အစွမ်း
သတ္တိများ၊ အသုံးပြုပုံများပင် ဖြစ်ပေတော့သည်။

ဦးဗန်ကောင်းကတော့ ဆေးစီရင်နည်းများကို များစွာ
သဘောကျနေလေသည်။

ထိုစာအုပ်ထဲ၌ပင် . . .

ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိပြီးစေနိုင်သော အခြားနာနာရုပ်
ဆေးစီရင်နည်းတစ်မျိုးလည်း ရှိပေသေးသည်။ နောက်စာအုပ်
များတွင် အလျှင်းသင့်ပါက ထည့်သွင်းရေးသားပါမည်။

"ဒီဆေးနည်းတွေက အတော်ကိုအစွမ်းထက်မြက်တဲ့
ဆေးနည်းတွေပါပဲ ရုတ်တရက်ဆိုရင်တော့ အောက်လမ်းနည်း





တွေလို့ ထင်စရာပဲ"

"ဆေးကတော့ ဆေးပါပဲဗျာ၊ မကောင်းတဲ့အောက်လမ်း
နည်းနဲ့သုံးတော့ အောက်လမ်းဆေးဖြစ်တာပေါ့၊ ကောင်းတဲ့
နည်းနဲ့အထက်လမ်းဘက်မှာ သုံးတော့လည်း အထက်လမ်း
ဆေးဖြစ်တာပါပဲ၊ သုံးတဲ့နေရာ သုံးတဲ့သူအပေါ်မှာပဲ မူတည်
တာပါပဲ"

"မှန်ပါတယ်၊ ဒီဆေးနည်းတွေကို လိုချင်ပါတယ်၊ ကူး
ယူခွင့်ပေးပါ"

ထိုသို့ခွင့်တောင်းသောအခါ ဦးစိုင်းဒီပကလည်း ကျေ
ကျေနပ်နပ်ဖြင့် ခွင့်ပြုပေးသဖြင့် ကူးယူလေတော့သည်။




www.burmeseclassic.com



www.burmeseclassic.com




# အခန်း [ ၁၅ ]

# သွေးစားဘီလူးအန္တရာယ်

လောကပါလ ဂမ္ဘီရစံအိမ်ဟုခေါ်သော အကြားအမြင်ဆရာကြီးနေသာရ၏ ဟောပြောသောအခန်းထဲတွင် ရုပ်တုမျိုးစုံတို့ရှိကြောင်း ရှေ့အခန်းများတွင် ဖော်ပြပေးခဲ့ပြီး ဖြစ်ပေသည်။ နတ်ရုပ်၊ ဘီလူးရုပ်၊ နဂါးရုပ်၊ ဘိုးတော်ရုပ်၊ မယ်တော်ရုပ်စသည်ဖြင့် အမျိုးမျိုးရှိသည်။

ထိုရုပ်များနှင့်မထားဘဲ သီးခြားထားသော ရုပ်တုများသည်းရှိသေးသည်။ ထိုအထဲတွင် သွေးစားဘီလူးရုပ်တုသည်း


www.burmeseclassic.com

www.burmeseclassic.com

တစ်ခုအပါအဝင်ဖြစ်ပေသည်။

သွေးစားဘီလူးရုပ်တုမှာ မိန်းမရုပ်ဖြစ်ပြီး ရုပ်ရည်ကြမ်းတမ်းသောသွင်ပြင်လက္ခဏာမျိုးဖြစ်သည်။ ဦးခေါင်းပေါ်၌ ဘီလူးခေါင်းဆောင်းထားပြီး မတ်တပ်ရပ်နေသောဟန်ဖြစ်သည်။

လက်တစ်ဖက်တွင် ဓားကိုကိုင်ထားပြီး အခြားလက်တစ်ဖက်၏ လက်ဝါးပေါ်တွင် သွေးများထည့်ထားသော ငွေဖလားတစ်လုံးကို တင်ထားလေသည်။

ရှေ့၌ ကန်တော့ပွဲအပြင် သားစိမ်း၊ ငါးစိမ်းများဖြင့်ပြင်ဆင်ထားသော စားပွဲများလည်း ရှိပေသည်။ အချိန်က ညနေပိုင်းအချိန် ရောက်နေပြီဖြစ်သဖြင့် ဟောခန်းထဲမှာ မှောင်စပြုနေချေပြီ။ ဆရာကြီးနေသာရက သူ့ဟောခန်းထဲတွင် မီးမထွန်းသောကြောင့် ပို၍မှောင်နေခြင်းဖြစ်သည်။

ထိုအချိန်ရောက်မှ သူ၏ဟောခန်းထဲတွင် မေးမြန်းလိုသူတစ်ဦးရှိနေလေသည်။ အသက်(၄၀)ကျော်အရွယ်ခန့်ရှိပြီး စိန်ရွှေရတနာများ ဝတ်ဆင်ထားသူတစ်ဦးဖြစ်သည်။

အဖိုးတန်လက်ဝတ်ရတနာများ ဝတ်ထားသော်လည်း ရုပ်ရည်ကတော့ ကြမ်းတမ်းလှသည်။ အသားမည်းမည်း၊ ဝဖိုင့်ဖိုင့်နှင့် စိတ်ကြမ်းလူကြမ်းပုံစံမျိုးဖြစ်သည်။ သူ့နာမည်မှာ ဒေါ်မာနီဖြစ်သည်။

ဒေါ်မာနီမှာ နောက်ဆုံးမှဝင်ခွင့်ရသူဖြစ်သဖြင့် သူ၏ရောက်လာသောအချိန်မှာ မှောင်စပျိုးနေသောအချိန် ဖြစ်နေသည်။





နေသာရကတော့ သူ့ရှေ့မှာရောက်နေသော အမျိုးသမီး၏ ရုပ်ဆင်းအင်္ဂါထက်၊ ဝတ်ဆင်လာသော စိန်ရွှေရတနာတို့ကိုသာ စိတ်ဝင်စားနေလေသည်။

ကြိုတင်စာရင်းပေးခဲ့ပြီးနောက်မှာပင် ဒေါ်မာနီနှင့် ပတ်သက်သည့် အကြောင်းအရာအချက်အလက်တို့ကို စုံစမ်းခိုင်းထားပြီးဖြစ်ရာ သိသင့်သလောက်သိထားပြီးလည်း ဖြစ်ပေသည်။

"နာမည်က ဒေါ်မာနီ မဟုတ်လား"

"ဟုတ်ပါတယ်"

"သားသတ်လိုင်စင်ရထားပြီး၊ အမဲသားကို တာမွေဈေးထဲမှာလည်းရောင်း၊ အခြားဈေးတွေကိုလည်း ဖောက်သည်ပေးတာနဲ့ အတော်ကလေးစီးပွားဖြစ်နေတယ် မဟုတ်လား"

"မှန်ပါတယ် ဆရာကြီးရယ်"

"ဒီလိုပေါ့လေ၊ လောကဓံတရားရဲ့ စီမံရာပဲလို့သာ သဘောထားပေါ့၊ စီးပွားရေးကောင်းလာတော့လည်း မနာလိုတဲ့သူတွေ အပြိုင်အဆိုင်အတိုက်အခံတွေက ပေါ်တာတတ်တာပဲ၊ အခု ခင်ဗျားမလဲ ဒီလိုအပြိုင်အဆိုင်အတိုက်အခံတွေ တွေ့နေရတယ်လို့ ကျုပ်ရဲ့အစောင့်အရှောက်တွေက လာပြောနေတာဗျ"

"မှန်လိုက်လေ ဆရာကြီးရယ်၊ သွေးထွက်အောင်ကိုမှန်တာပါပဲ၊ အခုဆရာကြီးဆီလာတာလဲ ဒီကိစ္စအတွက်နဲ့ပဲ လာခဲ့တာပါပဲ"

"ပြောသာပြောပါ၊ ကျုပ်က ခုနစ်ရက်သားသမီးတွေရဲ့ဒုက္ခတွေကို ကယ်တင်စောင့်ရှောက်ပေးဖို့ အထက်ပုဂ္ဂိုလ်တွေက



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပေးထားတာဆိုတော့ တတ်နိုင်သလောက်တော့ ကယ်တင်စောင့် ရှောက်ပေးပါ့မယ်"

"ဒီစကားကြားတာ ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျွန်မအဖြစ်က ဒီလိုပါ၊ အခု သားသတ်ခွင့်လိုင်စင်က အသစ်လဲဖို့ရက်က နီးလာပါပြီ၊ ဒီနှစ်တော့ ကျွန်မအတွက်ပြိုင်ဘက်အသစ်တစ်ယောက် ပေါ်လာတယ်၊ သူက ဈေးထဲမှာအမဲသားရောင်းနေရာက တဖြည်းဖြည်းကြီးပွားလာတော့ လေလံဆွဲပြီးလုပ်တော့မယ့် အခြေအနေမျိုး ရောက်လာပါတယ်"

"အင်း . . အင်း . . ဒါကတော့ သဘာဝပဲပေါ့"

"ငွေကြေးအရ သူက ပိုသုံးနိုင်တဲ့အခြေအနေမျိုးမှာရှိတယ်၊ တကယ်လို့ လေလံသူရသွားရင် ကျွန်မတော့ အရှက်လည်းကွဲ၊ စီးပွားလည်းပျက်ရမယ့်ကိန်းမျိုး ဆိုက်တော့မှာပါပဲ၊ ဒါကြောင့် ကျွန်မကို အကူအညီပေးပါ ဆရာကြီးရယ်"

"အင်း . . အတော်ခက်ခဲတဲ့ကိစ္စမျိုးပဲ၊ ဒီကိစ္စမျိုးတွေက ကျုပ်တို့ထက် သက်ဆိုင်ရာပုဂ္ဂိုလ်တွေ အကူအညီပေးမှ အောင်မြင်နိုင်မယ့် ကိစ္စမျိုးပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် နိုင်ဖို့သာအရေးကြီးတယ်၊ ဒီကိစ္စအောင်မြင်မယ်ဆိုရင် ဘယ်လောက်ကုန်ကုန် အကုန်အကျခံပါ့မယ်"

ဟု ရဲရဲတင်းတင်းပင်ပြောလေသည်။

ထိုစကားကြားသောအခါ ဆရာကြီးက အတော်ကြာအောင် ငြိမ်သက်ကာ စဉ်းစားနေသည်။





ပြီးမှ . . .

"ဒီလောက်စိတ်ဆန္ဒပြင်းပြနေတော့လည်း အောင်မြင်အောင်အကူအညီပေးရမှာပေါ့၊ ခင်ဗျားရဲ့ပြိုင်ဘက် စီးပွားပျက်ချင်ပျက်၊ ဒါမှမဟုတ် အသက်ထွက်တာကို မြင်ချင်ကြားချင်တာမဟုတ်လား"

ဟု မေးလိုက်လေသည်။

ထိုစကားကြားတော့ ဒေါ်မာနီမှာ များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ဒီအတိုင်းပါပဲ"

"ကောင်းပြီ၊ ဟောဟိုအခန်းထောင့်မှာရှိတဲ့ ရုပ်ထုဆီကို သွားပါ၊ အဲဒီရုပ်တုက တခြားမဟုတ်ဘူး၊ သွေးစားဘီလူးလို့ ခေါ်တယ်"

လှည့်ကြည့်လိုက်တော့ မှောင်နေသောအခန်းထဲမှာ ကြောက်စရာကောင်းသော ရုပ်တုကိုတွေ့ရလေသည်။

"ရုပ်ထုလက်ထဲမှာရှိတဲ့ဓားနဲ့ ခင်ဗျားလက်မောင်းကသွေးကိုဖောက်ပြီး လက်ဝါးပေါ်မှာတင်ထားတဲ့ ငွေဖလားထဲကိုထည့်ပြီး ခင်ဗျားဖြစ်စေချင်တာကို ဆုတောင်းပေးပါ၊ ဆုတောင်းတဲ့အတိုင်း ဖြစ်လာပါလိမ့်မယ်"

"ဟုတ်. . ဟုတ်ကဲ့"

"လုပ်ဝံ့ပါ့မလား"

"လုပ်ဝံ့ပါတယ် ဆရာရယ်၊ ကျွန်မက နွားတောင်သတ်နေတာပဲ၊ လက်မောင်းသွေးဖောက်တာလောက်တော့ မကြောက်



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး"

ဟုပြောလေသည်။

"နောက်တစ်ခု ပြောလိုက်ဦးမယ်၊ ခင်ဗျားပြောတာကို သွေးစားဘီလူးကလက်ခံရင် တစ်ခုခုပြန်ပြောလိမ့်မယ်၊ အဲဒါကိုလည်း သေသေချာချာနားထောင်ကြည့်ပါ၊ သူပြောတဲ့အတိုင်း လုပ်ပေးရင် ခင်ဗျားဖြစ်စေချင်တာ ချက်ခြင်းဖြစ်လာစေရမယ်"

ဟုပြောသဖြင့် ဒေါ်မာနီလည်း စိတ်အားထက်သန်သော အမူအယာဖြင့် ရုပ်တုရှိရာသို့ ထသွားလေသည်။ အနားရောက်ပြီး အသေအချာကြည့်တော့မှ ရုပ်ထုမှာအသက်ဝင်နေသကဲ့သို့ဖြစ်ကာ သူ့ကိုစိုက်ကြည့်နေလေသည်။ တကယ်ဆိုလျှင် ထိုမြင်ကွင်းမျိုးက ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းလေသည်။

တော်ရုံအသည်းငယ်တတ်သူဆိုပါက ထိုနေရာမှပင် ပြန်ထွက်ပြေးလောက်သော အခြေအနေမျိုးဖြစ်သည်။

ဒေါ်မာနီကတော့ ကြောက်ရွံ့တတ်သူမဟုတ်ပေ၊ ဒေါ်မာနီက သွေးစားဘီလူးရုပ်ထုရှေ့တွင် လက်အုပ်ချီလျက် တောင်းပန်ပြီးနောက် ဓားကိုအရင်ယူသည်။ ပြီးမှ သွေးထည့်ရန် ငွေဖလားကိုယူသည်။ ထို့နောက် လက်မောင်းသွေးကို ဖောက်ချလိုက်ပြီး စီးကျလာသောသွေးများကို ငွေဖလားဖြင့် ခံလိုက်လေသည်။ သွေးစက်များက အတော်များများ ဖလားထဲသို့ ရောက်သွားလေသည်။

ထိုသို့ရောက်သွားတော့မှ ဓားကိုမူလနေရာသို့ ပြန်တင်သည်။ နောက်ထပ်သွေးထည့်ထားသော ဖလားကိုသွေးစား





ဘီလူးလက်ဝါးပေါ်သို့ ပြန်တင်လိုက်ပြီး ဆုတောင်းသမှုပြုလေတော့သည်။

"သွေးစားဘီလူး မယ်တော်ကြီးအား ကျွန်တော်မျိုးမ၏ သွေးဖြင့်ပူဇော်ပါ၏၊ ထိုသို့ပူဇော်ရခြင်းကြောင့် အတိုက်အခိုက် အနှောင့်အယှက်တို့ကို ဖယ်ရှားပေးသနားတော်မူပါ။

ရန်သူတို့၏ အသက်ကိုယူပါ၊ အသွေးအသားတို့ကို စားသောက်တော်မူပါ၊ ကျွန်တော်မျိုးမအတွက် အောင်မြင်ခြင်းများစွာကိုလည်း ဆောင်ကြဉ်းပေးသနားတော်မူပါ"

ဟု ဆုတောင်းသမှုလည်း ပြုပေသည်။

ထိုသို့ဆုတောင်းပြီး မရှေးမနှောင်းမှာပင် တိတ်ဆိတ်နေသောအခန်းထဲတွင် ထူးခြားသောအသံများ ပေါ်ထွက်လာသည်။ လေတိုးသောအသံမျိုးကဲ့သို့ အသံများပေါ်ထွက်လာပြီး စကားပြောသံအချို့ ပေါ်လာလေသည်။

"လိုအင်ဆန္ဒပြည့်ချင်ရင် သမီးတော်ဝတ်ထားတဲ့ စိန်လက်စွပ်ကို ငွေဖလားထဲထည့်ပေးထားပါ၊ ဒီလိုလုပ်ရင် ခုနစ်ရက်အတွင်း လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝအောင်မြင်လိမ့်မယ်"

"ဟင်"

ရုပ်တုကြီးရှိရာမှ ဝိုးတဝါးပေါ်ထွက်လာသော အသံကြောင့် ဒေါ်မာနီမှာ အနည်းငယ်အံ့ဩသွားလေသည်။ အချိန်ကလည်း ညဦးပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် အခန်းထဲမှာ မှောင်စပြုလာချေပြီ။

ဒေါ်မာနီက ရုပ်ထုကြီးကိုကြည့်လိုက်တော့ အသက်



www.burmeseclassic.com

www.burmeseclassic.com


ဝင်စပြုလာချေပြီ၊

"ဟုတ်. . ဟုတ်ကဲ့ပါရှင် ပေးပါ့မယ်၊ အောင်မြင်အောင် သာ ကူညီစောင့်မပေးပါ"

ဟု ကဗျာကယာပြောဆိုပြီး ဝတ်ထားသော စိန်လက် စွပ်ကိုချွတ်ပြီး သွေးခွက်ထဲသို့ထည့်လိုက်လေလည်။ ပြီးမှ ရုပ်တု ကြီးအား အရိုအသေပေးကာ နောက်သို့ပြန်လှည့်ထွက်လာ သည်။

ဆရာကြီးနေသာရ ရှေ့ရောက်သောအခါ ထွေထွေ ထူးထူး မေးမြန်းစရာမရှိတော့သဖြင့် ပြောဆိုနှုတ်ဆက်ကာ လောကပါလ ဂမ္ဘီရစံအိမ်မှ ပြန်ထွက်သွားလေတော့သည်။

ထိုအခါ ဆရာကြီးနေသာရက များစွာကျေနပ်သော အမူအယာဖြင့် နေရာမှထကာ သွေးစားဘီလူးရုပ်တုရှိသော နေရာသို့ လျှောက်သွားလေသည်။

အနီးသို့ရောက်သောအခါ သွေးခွက်ထဲမှာ ထည့်ထား ခဲ့သော စိန်လက်စွပ်ကို နှိုက်ယူလိုက်သည်။ ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်က ဖြစ်လာလေတော့သည်။

အခြားမဟုတ်ပေ။

သွေးခွက်ကအောက်သို့ ပြုတ်ကျသွားပြီးနောက် သွေး စားဘီလူးလက်တစ်ဖက်က နေသာရလက်ကို ဖမ်းဆွဲထားလို လေသည်။

"ဟင်"

လန့်ဖျပ်သွားပြီး ကြည့်လိုက်သောအခါ သွေးစားဘီလူး



မှာ အသက်ဝင်နေလေပြီ၊

နီရဲနေသော မျက်လုံးဖြင့် သူ့ကိုပြူးကြည့်နေပြီး ပါးစပ် ဖြဲကာ ရယ်ပြလေသည်။

"ဟီး. . ဟီး. . ဟီး"

"အောင်မယ်လေးဗျ၊ လုပ်ကြပါဦး"

ဟုပြောပြီး အတင်းရုန်းသော်လည်း မလွတ်တော့ပေ၊ ထိုအခိုက်မှာပင် သွေးစားဘီလူးက လက်ထဲမှဓားဖြင့် နေသာရ လည်ပင်းကိုဖောက်ကာ သွေးများစုပ်ယူလိုက်လေတော့သည်။

"အား. . ကယ်ပါဦး"

ထိုအခိုက်မှာပင် အပြင်ဘက်မှာရှိသော တပည့်များက ပြေးဝင်လာကြသည်။ လက်တစ်ဖက်မှာ ဓားတစ်လက်ကိုင်ကာ မားမားကြီးရပ်နေသော သွေးစားဘီလူးကို မြင်သောအခါ မျက် လုံးပြူးသွားကြလေသည်။ နေသာရကတော့ သွေးအိုင်ထဲမှာ ခွေခွေကလေး လဲကျနေလေသည်။ ထိုအခြေအနေကိုမြင်သော အခါမှ အခြေအနေမကောင်းမှန်း သိကြသဖြင့် ခြေဦးတည့်ရာ ထွက်ပြေးကြတော့သည်။

ထိုအခိုက်မှာ ခြံပေါက်ဝသို့ ကားတစ်စင်းရပ်လာသည်။ ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာ၊ ဦးစိုင်းဒီပနှင့် ဦးဗန်ကောင်းတို့အပြင် ပုလိပ်များလည်းပါလာကြသည်။

သူတို့ရောက်သွားတော့ အိမ်ထဲမှပြေးထွက်လာသော လူအချို့ကိုတွေ့ရသဖြင့် အားလုံးခေါ်ထားလိုက်သည်။

"ဘာဖြစ်လာကြတာလဲ"



www.burmeseclassic.com

ကြီးစကွ www.burmeseclassic.com

"ကျွန်တော်တို့ဆရာကြီးတော့ သေပြီထင်တယ်၊ ဟိုမှာ သွေးစားဘီလူးရုပ်ထုကြီး အသက်ဝင်ပြီး အပြင်ထွက်လာပြီဗျ"

ဟုပြောသဖြင့် ခြံဝန်းထဲသို့ ဝင်သွားကြသည်။

ထိုအချိန်မှာပင် အိမ်အတွင်းမှ ဝုန်းဒိုင်းဟူသော အသံများကြားလိုက်ရပြီးနောက် လက်ထဲမှာဓားတစ်လက်ကိုင်ထားသော သွေးစားဘီလူးက ထွက်လာလေသည်။

"ဟိုမှာ ထွက်လာပြီ"

စုံထောက်ကျော်စွာက သေနတ်ကိုဆွဲထုတ်လိုက်သည်။

"မပစ်နဲ့ မောင်ကျော်စွာ၊ သစ်သားနဲ့ထုလုပ်ထားတဲ့အရုပ်ကို သေနတ်နဲ့ပစ်လို့လဲ အကြောင်းထူးမှာမဟုတ်ဘူး"

ဟု ဦးဇန်ကောင်းက လှမ်းတားလိုက်သည်။

သွေးစားဘီလူးကလည်း အိမ်အပြင်သို့ ထွက်လာလေပြီ။

"ဒါ. . အပမှီနေတာပဲ၊ ကျုပ်တို့တစ်ခုခုလုပ်မှဖြစ်မယ် ဆရာကြီး"

ဦးစိုင်းဒီပကပြောသဖြင့် ဦးဇန်ကောင်းက ခေါင်းညိတ်ပြလိုက်သည်။

သို့သော်လည်း ဘယ်လိုလုပ်ရမှန်းတော့ မသိသေးပေ။

"ကျုပ် ဒီအိမ်ကိုတစ်ခေါက်ရောက်ဖူးတယ်၊ အပေါက်ဝမှာ ရုပ်ထုကြီးလေးရုပ်ရှိတယ်၊ ခင်ဗျားက နှစ်ရုပ်အသက်သွင်း ကျုပ်ကနှစ်ရုပ်ကို အသက်သွင်းမယ်၊ ပြီးတာနဲ့ သွေးစားဘီလူးကို ဖျက်ဆီးခိုင်းမယ်"





ဟုပြောဆိုတိုင်ပင်ကာ အရှေ့အနောက်ခွဲကာ တစ်နေရာစီ ထွက်သွားကြလေတော့သည်။ ထိုအခိုက်မှာပင် နေရာမှာကျန်ခဲ့သော ဒေါက်တာမင်းထင်ကျော်တို့ကို မြင်သဖြင့် သွေးစားဘီလူးက တစ်လှမ်းချင်းတိုးလာလေသည်။

ကျော်စွာက သူ့အနီးရောက်လာသော သွေးစားဘီလူးကို သေနတ်ဖြင့်ပစ်သည်။

"ဒိုင်း. . ဒိုင်း"

ကျည်ဆံထိမှန်သောကြောင့် နောက်ဘက်သို့ ယိုင်သွားရုံမှတစ်ပါး ထူးထူးခြားခြား ဘာမှမဖြစ်ဘဲ ပြန်ထလာလေသည်။

"ဟီး. . ဟီး. . ဟီး"

သွေးစွန်းပြီး ဖုတ်ဝင်နေသော သွေးစားဘီလူးမှာ သွားတဖြီးဖြီးနှင့် သွေးရနိုင်သော လူများရှိရာသို့ လာလေသည်။ လူများကလည်း သွေးစားဘီလူးလက်ထဲမှာ ကိုင်ထားသည့် ဓားချက်မမိအောင် ရှောင်ပြေးနေကြရသည်။

တစ်ကြိမ်မှာတော့ ဒေါက်တာမင်းထင်ကျော်ထံ ရောက်လာသဖြင့် ရှောင်ရင်းတိမ်းရင်းဖြင့် အိမ်ကြီးဘက်သို့ပြန်ရောက်လာလေသည်။

သွေးစားဘီလူးကလည်း ခြေကားရား လက်ကားရားဖြင့် နောက်မှလိုက်လာလေသည်။ ထိုအခိုက်မှာပင် လောကပါသဂ္ဂိရစ်အိမ်၏ အပေါက်ဝလေးခုတွင် ချထားသောရုပ်တုကြီးလေးခုမှာ အသက်ဝင်ကာ အပြင်သို့ထွက်လာကြလေပြီ။

ဘီလူးခေါင်းဆောင်းထားသော ရုပ်တု၊


www.burmeseclassic.com

www.burmeseclassic.com



နဂါးခေါင်းဆောင်းထားသော ရုပ်တု၊

ဂဠုန်ဦးခေါင်းဆောင်းထားသော ရုပ်တု၊

နတ်ဦးခေါင်းဆောင်းထားသော ရုပ်တု တို့ဖြစ်ကြလေသည်။ အသက်ဝင်ပြီးထွက်လာသော ရုပ်ထုကြီးများက ဖုတ်ဝင်နေသည့် သွေးစားဘီလူးကို ဝိုင်းထားလိုက်ကြသည်။ သွေးစားဘီလူးရုပ်ထုကလည်း လက်ထဲမှာကိုင်ထားသော ဓားဖြင့် ရန်မူရန်ကြိုးစားလေသည်။ သို့သော် သစ်သားရုပ်ထုချင်း ဖြစ်နေသောကြောင့် ထူးခြားမှုမရှိပေ။

တစ်ကြိမ်မှာတော့ သံလျက်ကိုင်ထားသည့် ဘီလူးလက်ချက်ဖြင့် သွေးစားဘီလူး၏လက်တစ်ဖက်မှာ ပြတ်ကျသွားလေတော့သည်။ ထိုသို့ဖြစ်ပြီး မကြာခင်မှာပင် ဝိုင်းဝန်းလာသော ရုပ်တုလေးခုတို့က တိုက်ခိုက်ကြသဖြင့် ကျန်လက်တစ်ဖက်နှင့် ခြေထောက်များပါ ကျိုးပဲ့သွားလေရာ မြေပေါ်သို့ ပုံကျသွားလေတော့သည်။

အသက်ဝင်နေသေးသော်လည်း ရွေ့လျား၍မရတော့ပေ။ ထိုအခါမှ ကျန်ရုပ်ထုများက ထိုနေရာမှ ပြန်ထွက်သွားကြလေသည်။ မရှေးမနှောင်းမှာပင် ထိုနေရာသို့ ဦးဗန်ကောင်ရောက်လာပြီး ပရိတ်ကြိုး ပရိတ်ချည်များဖြင့် စွပ်ချပေးလိုက်ရာ ဝင်စီးနေသည့် ဖုတ်ဝိညာဉ် ပြန်ထွက်သွားသောကြောင့် သာမန်ရုပ်တုဘဝသို့ ပြန်ရောက်သွားလေတော့သည်။ အန္တရာယ်တပြီးသွားလေပြီ။

အိမ်ပေါက်ဝ၌ထားသော ရုပ်ထုကြီးများမှာလည်း ၎င်း





တို့နေရာသို့ ပြန်ရောက်နေကြပြီး ဆေးစွမ်းအာနိသင် ပြယ်သွားပြီးဖြစ်သဖြင့် ငြိမ်သက်စွာရှိနေကြတော့သည်။

ထိုကိစ္စများပြီးတော့ စုံထောက်ကျော်စွာနှင့် ပုလိပ်များက ဖမ်းထားသောလူများကို စစ်ဆေးမေးမြန်းသောအခါ နေသာရစေခိုင်းသဖြင့် လုပ်ရခြင်းဖြစ်ကြောင်းနှင့် မည်သို့မည်ပုံလိမ်ညာကြသည့် လျှို့ဝှက်ချက်များကိုပါ ပြောပြကြလေသည်။

အကြားအမြင်လာမေးသော သူတို့၏မှတ်တမ်းများ၊ ၎င်းတို့စုံစမ်းရရှိထားသော အချက်အလက်များအပြင် အရေးကြီးသောအချက်များကို သီးခြားမှတ်တမ်းများ ပြုလုပ်ထားလေသည်။

သို့ပြင် ဖန်လုံးကြီးထားသော အခန်းထဲမှာပင် အပြင်ဘက်ကကြည့်လျှင် မမြင်နိုင်ပြီးအထဲမှကြည့်လျှင် မြင်ရသည့်ခန်းခန်းတစ်ခန်းရှိပြီး ထိုအခန်းထဲမှ ကြိုးသွယ်ထားသော အသံမ်းစက်ဖြင့် ပြောပါက လိုသောနေရာမှ အသံထွက်စေခြင်း၊ န်လုံးကြီးအတွင်းမှာ ပုံရိပ်များပေါ်လာစေရန် အသုံးပြုသော ကိရိယာတို့ကိုပါ တွေ့ကြရသည်။ ထိုမျှသာမကပဲ မျက်လှည့်ပွဲများ၌အသုံးပြုသော ပစ္စည်းကိရိယာများကိုလည်း ထိုအခန်းထဲ၌တွေ့ကြရသည်။

“ကိုကျော်စွာရေ တန်ဖိုးကြီးတဲ့ ဗေဒင်ပညာကို ခုတုံးလုပ်ပြီးတော့ လိမ်ညာစားသောက်တဲ့လူတစ်စုတော့ နိဂုံးချုပ်သွားပြီ၊ ဒါတွေကိုခေါင်းဆောင်ပြီး လုပ်နေတဲ့ဆရာကြီးလည်း အရုပ်က သူ့ပြန်သတ်လို့ သေရရှာပြီ၊ အမှုဖွင့်ရင်တော့ တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲကျနေတဲ့ ခြေပြတ်လက်ပြတ်နဲ့ သွေးစားဘီလူးကိုပဲ အမှုဖွင့်ပေတော့"

ဟု ဒေါက်တာမင်းထက်ကျော်က ပြောသောအခါ စုံထောက်ကျော်စွာက လွန်စွာစိတ်ပေါ့ပါးသောအသံဖြင့်. . .

"အမှုမဖွင့်တော့ပါဘူးဆရာရယ်၊ အမှုပိတ်ပစ်ရုံပဲရှိပါတော့တယ်၊ ဒီသပ္ပတ်အူလို ရှုပ်ထွေးလှတဲ့ အရှုပ်တော်ပုံကြီး ပြီးသွားတာပဲ တော်လှပါပြီ"

ဟု ပြောလိုက်လေသည်။

"အမှုက ပြီးသွားပေမယ့်၊ စာရေးဆရာဆီသွားပြီး အကြောင်းစုံ ပြောပြပေးရဦးမယ်၊ ဒါမှ သူဇာတ်လမ်းဝတ္ထုရေးလို့ရမယ်"

"ဒါကတော့ ဆရာပဲတာဝန်ယူပြီး ပြောပြလိုက်ပါတော့၊ ဒါအပြင် ဆရာဆောင်ရွက်ရဦးမယ့် နောက်ထပ်တာဝန် တစ်ခုရှိသေးတယ်၊ ရှုတ်ထွေးပွေလီလှတဲ့ အဖြစ်အပျက်တွေကြောင့် စိတ်အားငယ်နေတဲ့ နန်းမြဝတီကို အားပေးတဲ့အလုပ် လုပ်ပေးစရာ ကျန်သေးတယ်လေ. . ."

"တိုးတိုးပြောပါကိုကျော်စွာရယ်၊ ဟိုမှာ သူ့ဦးကြီး ရှိနေတယ်၊ ကြားသွားမှဖြင့် တစ်မျိုးတစ်မည် ထင်နေပါဦးမယ်"

"သိသွားတော့လည်း ပိုကောင်းတာပေါ့၊ ပြောရရင်တော့ ဆရာတို့နှစ်ယောက်က တကယ့်ကို ရှေ့သွားနောက်လိုက် ညီပါပေတယ်၊ ကျွန်တော်တော့ သတင်းကောင်းကြားရဖို့ပဲ စောင့်နေတော့မယ်"





ဟု ပြောလေသည်။

ထို့နောက် အိမ်ကြီးအတွင်းသို့ ဝင်ရောက်ကာ ရှင်းလင်းစရာများရှင်း၊ သိမ်းဆည်းစရာများ သိမ်းဆည်းရန်အတွက်ကတော့ ပုလိပ်များကပင် လုပ်ကိုင်ကြလေသည်။

လူများအပေါ်၌ အမျိုးမျိုးလိမ်ညာစားသောက်ခဲ့သော အကြားအမြင်ဆရာကြီး နေသာရမှာတော့ သွေးအိုင်ထဲမှာ အသက်ပျောက်နေပေပြီ။

သူ့လက်ချက်ကြောင့် စီးပွားပျက်၊ ဘဝပျက်ကြသည့်အပြင် အသက်ပါသေဆုံးခဲ့ရသူများ၏ ဝင်္ကြွေးကံကြွေးမှာကို တစ်ကျော့ပြန်ခံရခြင်းပင် ဖြစ်ပေတော့သည်။

လူတို့သည် အတိတ်ဟောင်းမှပါလာသော ဝင်္ကြွေး၊ ကံကြွေးများကို မလွဲမသွေ ပြန်လည်ပေးဆပ်ကြရသည်။


ထို့အတူ အသစ်ပြုလုပ်ခဲ့သော ကံကြွေး၊ ဝင်္ကြွေးများကိုလည်း တစ်ချိန်၌ မလွဲမသွေ ပြန်လည်ပေးဆပ်ကြရပေလိမ့်မည်။

ယခုတော့ ယုံကြည်မှုလွန်ကဲသူများနှင့် အပူတစ်ခု ကြုံတွေ့ပါက အားကိုးရှာချင်သူများအတွက် ငရဲခန်းသဖွယ်ဖြစ်ခဲ့သော လောကပါလဂူမ္ဘီရစံအိမ်ကြီးကတော့ အမှောင်ရိပ်များအောက်၌ ငြိမ်သက်စွာနှင့်ပင် ရှိနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၄ ]

# ဘဝအဆက်ရှိသော ဆုတောင်းဖက်ချစ်သူ

တစ်နေ့သ၌ ရွှေတိဂုံစေတီတော်ကြီး ရင်ပြင်ပေါ် စနေထောင့်ရှိသော ညောင်ပင်ကြီးအောက်၌ ဗေဒင်ဟောပြောနေသော ဗေဒင်ဆရာဦးတာရာထံသို့ ဗေဒင်မေးမြန်းမည့်လူနှစ်ယောက် ရောက်လာကြသည်။

အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးဖြစ်ပေ၏။ အမျိုးသားမှာ ကျွန်ုပ်တို့ဇာတ်လိုက်ကျော်ကြီး ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖြစ်ပြီး၊ ကျန်တစ်ယောက်ကတော့ နန်းမြဝတီဆိုသော မိန်းမချောကလေးပင်ဖြစ်ပေ၏။ ၎င်းတို့နှစ်ယောက်မှာ ရှေ့သွားနောက်လိုက် ညီလှပြီး အတူတကွလာကြသော်လည်း ချစ်သူဘဝ ရောက်နေကြသည်တော့ မဟုတ်ကြသေးပေ။

သို့သော် . . တစ်ယောက်၏အတွင်းသဘောကို တစ်ယောက်ကသိနေသည့် အခြေအနေမျိုးအထိတော့ ရောက်ရှိနေကြပေပြီ။ ဗေဒင်မေးမည့်သူမှာ နန်းမြဝတီဖြစ်သောကြောင့် ဦးတာရာက မွေးလ၊ ခုနှစ်၊ သက္ကရာဇ်တို့ကို မေးမြန်းပြီး တွက်ချက်ကာ ဟောပြောပေးလေသည်။ အခြားအကြောင်းအရာများကို အသေးစိပ်ဟောပြောပေးပြီးနောက်မှ . . .

"မိန်းကလေးအတွက် အရေးကြီးတဲ့ ဟောပြောချက်တစ်ခုဟောပြောပေးရဦးမယ်"

ဟုပြောသည်။

"ပြောပါဆရာကြီး"

"တခြားတော့မဟုတ်ပါဘူး၊ ဘဝတစ်လျှောက်လုံးနဲ့ သက်ဆိုင်တဲ့ကိစ္စမျိုးပါ။ မကြာခင် ချစ်သူနဲ့တွေ့ပြီး ရွှေလက်တွဲရတော့မယ့်ကိန်း မြင်ပါတယ်"

"အခုတော့ ကျွန်မမှာချစ်သူမရှိသေးပါဘူး"

"အခုမရှိသေးပေမယ့် မကြာခင်မှာ ရှိလာပါလိမ့်မယ်၊ သူနဲ့ပဲလက်တွဲခွင့်ရမှာပါ"

ဟု ဟောပြောပေးလေသည်။

ထိုသို့ဟောပြောနေသည်ကိုတော့ ဒေါက်တာမင်းထင်





ကျော် မကြားလိုက်ပေ။ နန်းမြဝတီ ဗေဒင်မေးနေသောအချိန်တွင် လွတ်လွတ်လပ်လပ်ရှိစေရန် မင်းငါးပါးဘုရားဘက်သို့ သွားနေသောကြောင့် ဖြစ်ပေသည်။

မင်းငါးပါးဘုရားမှာ ညောင်ပင်ကြီးနှင့် မနီးမဝေးနေလဘုရားအနီး၌ပင် ရှိလေသည်။ သူပြန်လာသောအခါ နန်းမြဝတီက ဗေဒင်မေးခြင်းကိစ္စ ပြီးနေပေပြီ။

သို့ကြောင့် ဗေဒင်ဆရာဦးတာရာအား နှုတ်ဆက်ပြီးနောက် ထိုနေရာထွက်လာကြသည်။

တစ်နေရာရောက်တော့ နန်းမြဝတီကပင် စပြောသည်။

"ဗေဒင်ဆရာကြီးကတော့ ထူးထူးခြားခြားစကား တစ်ခွန်းပြောလိုက်တယ်"

"ဘယ်လိုစကားမျိုးပါလိမ့်"

နန်းမြဝတီက ရှက်ပြုံးကလေးဖြင့် . . .

"မကြာခင်ချစ်သူနဲ့တွေ့ပြီး လက်ထပ်ရမယ်လို့ ပြောတယ်"

ဟုပြောသည်။

"ကောင်းတာပေါ့၊ ရည်ရွယ်ထားတဲ့ချစ်သူကော ရှိနေပြီလား"

"အခုထိတော့ မရှိသေးပါဘူး"

"ဒီလိုဆိုရင်တော့ ကိုယ်ပြောချင်တာလေးတွေ ပြောခွင့်ရသေးတာပေါ့"

"ကိုမင်းထင်ကျော်က ဘာပြောမှာမို့လဲ"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

"တခြားတော့ မဟုတ်ပါဘူး၊ နန်းမြဝတီနဲ့ စတွေ့ကတည်းက စိတ်ဝင်စားနေပြီး မေတ္တာရှိနေမိပါတယ်၊ ရည်ရွယ်ထားသူ မရှိသေးရင်တော့ ကျွန်တော့်မေတ္တာကို လက်ခံစဉ်းစားပေးပါ"

ဟု ပွင့်ပွင့်လင်းလင်းနှင့်ပင် ဖွင့်ပြောလိုက်လေသည်။

"ကိုမင်းထင်ကျော် ဖွင့်မပြောခင်ကတည်းက အတွင်းသဘောကို သိတန်သလောက်တော့ သိပါတယ်၊ တစ်ခုတော့ မေးချင်ပါတယ်၊ ကျွန်မတို့က တွေ့ကြဆုံကြတာမကြာသေးတော့ ကျွန်မအပေါ်မှာ မေတ္တာရှိတယ်ဆိုတာရော အမှန်ဟုတ်ရဲ့လား"

"မေတ္တာတရားဆိုတာ လှည့်စားရမဲ့အရာမျိုးမှ မဟုတ်တာ၊ ကျွန်တော်တို့ အသက်အရွယ်တွေနဲ့ ပေါ့ပေါ့တွေး ပေါ့ပေါ့ပြောရမှာလည်း မဟုတ်ပါဘူး၊ နန်းမြဝတီအပေါ်မှာ တကယ်မေတ္တာစစ်နဲ့ နှစ်သက်မှုဖြစ်နေတယ်ဆိုတာကိုတော့ သစ္စာပြုဝံ့ပါတယ်"

"ဒီလိုပြောရင်တော့ ယုံကြည်ပါပြီ၊ ကျွန်မဘက်ကသာ အဖြေတစ်ခုရအောင် လက်ခံစဉ်းစားပေးပါ့မယ်"

"ကျွန်တော်လိုချင်တဲ့ အဖြေမျိုး မဟုတ်သေးပေမယ့် ဒီအဖြေကြားရတာနဲ့တင် စိတ်ချမ်းသာမိပါတယ်"

ဟုပြောကာ ရင်ပြင်တော်တစ်ပတ်လှည့်ကာ ဘုရားဖူးကြလေသည်။

နန်းမြဝတီက မွှေးနံ့ကြိုင်လှိုင်ထောင့်ရောက်တော့ ပန်းတစ်စည်းဝယ်ပြီး တစ်ဝက်ခွဲပေးသည်။





"အတူတူ ဆုတောင်းဖို့လား"

သူမက ရှက်ပြုံးကလေးဖြင့် ခေါင်းညိတ်ပြသည်။

ဒါကပင် သူလိုချင်သော အဖြေ၏ နိဒါန်းပုံရိပ် ဖြစ်ပေတော့သည်။

ဘုရားမှာ ပန်းကပ်လှူပြီးနောက်မှာတော့. . .

"တစ်သက်လုံး လက်တွဲနိုင်ကြပြီး၊ ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ"

ဟု ဆုတောင်းရုံမှတစ်ပါး အခြားမရှိတော့ပါချေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သွေးစားဘီလူး) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု . . .၊

တပြီးချိန်။ ။၂၀၁၄ ခုနှစ်၊ အောက်တိုဘာ(၂၅)ရက်၊ စနေနေ့၊ နံနက်(၉)နာရီ။



www.burmeseclassic.com